
www.burmeseclassic.com

# ပျိုး

## နွေဦးကာလ မြူထသောအခါ



www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဖျူးစာပေ)
အမှတ်- ၅၂၀(က)၊ အင်း၀ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရင် (မြ-၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ တော/အောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
ကိုပေါက် ☎ : ၀၉ ၄၂၀၂၄၇၇၂၇
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၄ ခုနှစ်၊ ဩဂုတ်လ
တန်ဖိုး - ၁၀၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ဖျူးစာပေ
၀၉ ၅၀၃၀၁၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊ ၀၁ ၈၅၀၀၆၉၆

၈၉၅.၈၃
ဖျူး
နွေဦးကာလမြူထသောအခါ
ဖျူးစာပေ ၊ ၂၀၁၄။
၂၆၄ - စာ ၊ ၁၂ x ၁၈ စင်တီ။
(၁) နွေဦးကာလမြူထသောအခါ

## အခန်း (၁)

“ဟဲ့ ဘာလို့တွန်းချနေတာလဲ၊ နင်တို့ကားပေါ်ဆွဲတင်တုန်းက အဲလိုပုံစံလား။ ငါ့ကိုမတွန်းနဲ့မဆင်းဘူး”

စပယ်ယာရဲ့လက်ကို ဆွဲပုတ်ချရင်း နောက်လူပါဆင်းလို့မရအောင် ကားရဲ့အတက်အဆင်း သံတိုင်ကိုကိုင်၍ မြကျေးညို ပေရပ်နေလိုက်သည်။ စပယ်ယာ အသံရူးရူးနှင့်

“ဟာ အစ်မ ဘယ်လိုလုပ်နေတာလဲ၊ ဆင်းမှာဖြင့်ဆင်းလေ၊ ခုနက မှတ်တိုင်ပါတယ်ဆို၊ မဆင်းရင်လည်း ဘေးကပ် ဖယ် ဖယ်”

“ဟဲ့ နင်တို့ကားကို ပိုက်ဆံပေးစီးတာ၊ ငါ့ကိုအော်လား၊ ငေါက်လားလာမလုပ်နဲ့၊ မဖယ်ဘူး”

“ဟာ ဒီအမျိုးသမီးတော့ ဒုက္ခပဲ၊ အောက်မှာတက်မယ့်လူတွေက စောင့်နေတယ်၊ ဆင်းမယ့်လူတွေက နောက်မှာတန်းစီလို့ ခင်ဗျား ပြဿနာရှာနေတာလား”



www.burmeseclassic.com

www.burmeseclassic.com



"ပြဿနာရှာတာက နင်တို့ဟဲ့၊ ငါတို့က နင်တို့ကားကိုစီးတဲ့ အတွက် နင်တို့ရဲ့ထမင်းရှင်တွေဆိုတာ မသိဘူးလား။ ဘာတဲ့ ကားမှာတော့ ဆောင်ပုဒ်တွေရေးထားပါတယ်၊ ထမင်းရှင်ကို ယဉ်ယဉ်ကျေးကျေး ဆက်ဆံပါတဲ့၊ မကျေနပ်လျှင် တိုင်ကြားပါ ဖုန်းနံပါတ်တွေက ရေးထား သေးတယ်၊ လူတွေကို ဆွဲတင်လိုက် တွန်းချလိုက်နဲ့ တိရစ္ဆာတွေလို ဆက်ဆံနေကြတာ"

"အစ်မရာ မကျေနပ်လည်း တိုင်ချင်ရာသာတိုင်၊ ကျွန်တော် တို့လည်း ရုံးဆင်းချိန် ရုံးတက်ချိန်လေး လုပ်စားရတာ ခင်ဗျားကြောင့် စီးပွားပျက်တော့မယ်၊ ကဲ ဆင်းမယ့်လူတွေ သူ့ကိုတိုးကြိတ်ပြီးသာ ဆင်း တော့၊ တက်မယ့်သူတွေလည်း ခွကျော်ပြီးသာတက်"

"ဟဲ့ ဟဲ့ အမယ်လေး"

လူတွေက ဆင်းဖို့တက်ဖို့ အရေးကြီးနေတာမို့ သူမကို ဂရုမိုက် မနေကြဘဲ တိုးတိုက်တွန်းထိုး၍ ဆင်းကြတက်ကြသည်။ သူမမှာ ဟိုဘက် ရောက်လိုက်နှင့် အသံပေါင်းစုံနှင့်အော်နေရ၏။

သူမမှာ ဒီစပယ်ယာကိုကိုင်ဖို့ ဖုန်းနံပါတ်ရှာဖို့ပင် အခွင့်အရေး မရတော့။

"မောင်း ဆရာရေ ပြဿနာအိုးကို ဂိတ်ဆုံးကျမှ ချပေးမယ်"

"ဟဲ့ ဟဲ့ ငါဆင်းမှာ ငါဆင်းမှာနော်၊ ဒီမှတ်တိုင်မှာ ဆင်းမယ်၊ အခုရပ် ခုရပ်"

"ဟိတ်ကောင်တွေ ရပ်ပေးလိုက်လေ၊ သူဆင်းမယ်လို့ပြောနေ တာ မကြားဘူးလား"

"ဟာင်"





ကယ်တင်ရှင်က အခုမှပေါ်လာသည်။ အသံဩဇာကလည်း ကောင်းလိုက်တာ။ ဒါပေမဲ့ သူမ နောက်လှည့်လို့မရ၍ ဒီလူရုပ်ကိုမမြင်ရ။ အလုပ်အင်တာဗျူးဖြေရမည့်နေရာနှင့် အဝေးကြီးလမ်းလျှောက်ရတော့ မှာပါ။

"ကျို"

"အမယ်လေး"

"ဟာ"

နောက်မှာရှိသောလူရဲ့ရင်ခွင်ထဲ သူမ အိခနဲ ပြိုဆင်းလဲကျသွား သည်။ နောက်ကလူက အလျှင်အမြန် ပွေ့ဖက်ထားလိုက်၍ ရုပ်ပျက်ဆင်း ပျက်ကြီးမဟုတ်သော်လည်း ပုံပျက်ပန်းပျက်တော့ ဖြစ်သွားသည်။

ယောကျ်ားတစ်ယောက်ရင်ခွင်ထဲ ရောက်သွားသော အပျိုဖျန်း လေး ပူထူရှက်ရွံ့မိသွားတာပေါ့။ ရှက်ရှက်နှင့် ရုန်းလိုက်ချိန်မှာပဲ

"ကျို"

"အို"

ဒီတစ်ခါ သူမ ဘယ်လိုမှသည်းမခံနိုင်တော့။ ယောကျ်ားတစ် ယောက်ရဲ့ နှစ်ခါအဖက်ခံရတာ သူမ အရှိန်းကို စိတ်ဆိုးသွားသည်။

"နင်တို့ကားရပ်မပေးဘူးလား၊ ကားရပ်မပေးရင် ငါ ခုန်ဆင်း လိုက်မှာနော်၊ ကားပေါ်က တကယ်ခုန်ဆင်းလိုက်မှာ"

"ရပ်ပေးလိုက်ပါ ဆရာရယ်၊ တကယ့် ပြဿနာအိုးပဲ"

"အေး နင်တို့ကို ဒုက္ခရောက်အောင်ကို လုပ်မယ်၊ ကားနံပါတ် ဒါ မှတ်ထားမှာ"

"ကဲ ဆင်းဆင်း ရှုပ်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘုတ်"

"အင့် အမယ်လေး"

"ဟာ"

သူမကို ဖွတ်တွန်း တွန်းချပြီး ကားကမောင်းပြေးသွားသည်။ သူမ ခွေခနဲ ပြုတ်ကျသွားတာ လုံးဝမထနိုင်။ ကားမှတ်တိုင်လည်း မဟုတ်တာမို့ အနားမှာ သူမကိုထူဖို့ လူတစ်ယောက်မှမရှိ။

"အား ကျွတ် ကျွတ် သေနာလေးတွေ အိမ်ကမိန်းမနဲ့ကွဲပါစေ၊ မိန်းမက ငရုတ်သီးစပ်စပ်ချက်ကျွေးလို့ ထမင်းမစားနိုင်ပါစေနဲ့၊ ရေသောက်ရင်လည်း နင်သေပါစေ၊ အီးပါရင် အီးမထွက်တဲ့ လိပ်ခေါင်းထွက်ပါစေ၊ ဖင်ကိုပျားတုတ်ပါစေ၊ ပါးစပ်မှာ မှတ်ခရုပေါက်ပါစေ၊ ခေါင်းမှာ ဆံပင်တစ်မွေးမှမကျန်ဘဲ ထိပ်ပြောင်ကြီးဖြစ်ပါစေ"

ကျိန်ဆဲနေတာ မပြီးနိုင်။ သူမနောက်က ဆင်းလိုက်လာသော မင်းဂုဏ်ရောင်မှာ ရယ်ချင်တာကို ထိန်းထားသော်လည်း ခွိခနဲအသံထွက်သွားတာမို့ ပါးစပ်ကိုအလျင်အမြန် ပိတ်လိုက်ရသည်။

"အင်း ကျွတ် ကျွတ်"

"မင်းဘာဖြစ်သွားလဲ၊ မထနိုင်ဘူးလား"

"ဟင်"

စပယ်ယာကို အော်ပြောလိုက်သည့်အသံနှင့်လူ၊ သူမ ရုက်လှန်၍ မော့တောင်မကြည့်ရဲ။ ခြေမျက်စိနေရာက နာလွန်း၍ လက်နှင့်ဖိကိုင်ရင်း မျက်နှာလေးရှုံ့မဲ့နေမိသည်။

"ကိုယ်ထူပေးရမလား၊ အရမ်းနာနေတယ်ထင်တယ်"

"နာတယ်၊ ခြေထောက်ထောက်လို့ မရလောက်ဘူး"





သူမပြောလိုက်တော့ ထိုလူက သူမရှေ့ ဒူးထောက်ထိုင်ချလာကာ

"ဟာ ခြေမျက်စိနေရာက ရောင်သွားတာပဲ၊ ဒီကောင်တွေကွာ နမချင်းမစာမနာ၊ ကားနံပါတ်မင်းမှတ်လိုက်သေးလား"

"မမှတ်နိုင်ပါဘူး၊ ဒီမှာ ပစ်ကျပြီး နာသွားတဲ့ဟာကို အဲဒါကြောင့် တန်အောင် ကျိန်ဆဲနေတာပေါ့၊ ဒါနဲ့ ရှင်က မှတ်တိုင်မဟုတ်ဘဲ ဘာလို့ ဆင်းကျန်ခဲ့တာလဲ"

"မှတ်တိုင်မှာဆင်းမယ်လုပ်တုန်းက မင်းပဲရှေ့မှာ ပိတ်ရပ်ထားပြီးတော့၊ အဲဒါကြောင့် အခုမှ ဆင်းရတာ"

"သူများတွေ ဒီလိုပဲ ကျော်ခွဆင်းသွားတာကို"

"မိန်းကလေးတစ်ယောက်ကို အဲလို မညှာမတာ မလုပ်ချင်လို့ပေါ့ကွ၊ မင်းက စကားများလိုက်တာ၊ မင်းဒဏ်ရာက ဆေးခန်းသွားမှ ဖြစ်မယ်ထင်တယ်"

"ဟင် ဆေးခန်း ဆေးခန်းသွားနေရင် ကျွန်မဘယ်လိုလုပ် အင်တာဗျူးဖြေချိန်မီတော့မှာလဲ"

"ဘာ မင်းက အင်တာဗျူးဖြေမလို့"

"ဟုတ်တယ် ရွှေမြင့်မိုရ်ကုမ္ပဏီမှာ အလုပ်လျှောက်ဖို့ ဖောင်တင်ထားတာ၊ ဒီနေ့ အင်တာဗျူးလာဖြေပါဆိုလို့ လာတာ"

"အဲလိုနေ့မျိုးမှာကွာ တက္ကစီလေးနဲ့လာမှပေါ့"

"တက္ကစီသာစီးနိုင်ရင် အဲလို စပယ်ယာတွေရဲ့ အအော်အငေါက် ခံနေပါ့မလား"

"အေး မင်းကလည်း လိုင်းကားစီးပြီး သူတို့ထုံးစံသိနေတဲ့နဲ့



www.burmeseclassic.com

www.burmeseclassic.com



စိန်သွားခေါ်နေတာကိုး''

''ရှင်က ဘာမလို့ ကျွန်မကိုအပြစ်တင်နေတာလဲ''

''ဟင်''

စွာလိုက်သည့် ကောင်မလေး။ စာနာစိတ်နှင့် ကူညီဖို့လုပ်နေသည့်လူကိုတောင် ပြန်အော်ရဲသည်။ အမြင်ကတ်ကတ်နှင့် ဒီအတိုင်းထားခဲ့ရအကောင်းသား။

ဒါပေမဲ့ ရင်ခွင်ထဲရောက်လာသော သူမရဲ့ကိုယ်သင်းရနံ့လေးက သူ့ရင်ဘတ်မှာ အခုထိ စွဲထင်ကျန်နေဆဲရှိသေးသည်။ မိန်းကလေးတစ်ယောက်အပေါ် အခွင့်အရေးယူလိုစိတ်မရှိပေမယ့် သူ ဖေးမကူညီလိုက်ရတာ ရင်ခုန်သံတွေမြန်နေတုန်းပါ။

''ကဲ မင်းဆေးခန်းသွားမှာလား၊ မသွားဘူးလား''

''ကျွန်မ ထကြည့်ဦးမယ်''

''ထလေ''

''ရှင်တွဲထူဦးမှပေါ့၊ အလကား ဒီနားမှာရပ်နေတယ်''

''မင်းကတော့လေ''

အအော်အငေါက်ခံပြီး ကူညီနေရတာ သိပ်တော့မဟန်လှ။ အောင့်သက်သက်နှင့်ပင် သူမလက်မောင်းတစ်ဖက်ကို ဆွဲထူ၍ မ,လိုက်ရသည်။

''အမယ်လေး''

''အိုး''

ခြေထောက်မထောက်နိုင်သော ကောင်မလေး သူ့ရင်ခွင်ပြိုကျလာပြန်တာမို့ အချိန်မီပွေ့ဖက် ဖမ်းထိန်းထားလိုက်ရပြန်၏။ ကောင်မလေး





ရဲ့မျက်နှာ ပန်းသွေးရောင်အဆင့်ထက်ကျော်ကာ နီထွေးရဲတွတ်သွားသည်။ ရက်ရှက်နှင့်ရှန်းတော့ ခြေထောက်လေးက ဆတ်ခနဲတုန်ကာ ယိုင်နဲ့သွား၏။

သူမ လန့်သွားလျက် သူ့လက်မောင်းကိုအားကိုးတကြီး ဆုပ်ကိုင်ထားသည်။ သူလည်း အနေခက်ကာ အသံတွေတုန်လျက်

''မင်း မင်းခြေမျက်စိလည်သွားတာလား၊ အကြောတင်းသွားတာလားမသိဘူး၊ ဆေးခန်းသွားမှဖြစ်တော့မယ်''

''ဆေးခန်းသွားဖို့ ပိုက်ဆံမပါဘူးရှင့်၊ ဒီအတိုင်းဆို တက္ကစီကလည်း ငှားရဦးမယ်''

''ဟား''

''ကျွန်မကို ကားမှတ်တိုင်သာ တွဲပို့ပါ၊ ၄၃ ကားစီးပြီး အိမ်ပဲပြန်တော့မယ်၊ အင်တာဗျူးမဖြေရလို့ အမေတော့ စိတ်ညစ်သွားတော့မှာပဲ''

''တက္ကစီ''

''ရှင်ဘာလုပ်တာလဲ''

သူမရဲ့ညည်းညူသံတွေကို နားထောင်မနေဘဲ တက္ကစီ လှမ်းတားလိုက်တော့ သူမ ခပ်စွာစွာလေးအော်၏။ သူက ဘာမှမပြောဘဲ ကားတံခါးကို ဆွဲဖွင့်၍ သူမကိုပွေ့တင်လိုက်သည်။

''နီးစပ်ရာဆေးခန်းတစ်ခုမောင်းဗျာ''

''ဟုတ်ကဲ့''

ကားလေး မောင်းထွက်သွားတော့ သူမ မျက်စိမျက်နှာပျက်ဖြင့် သူ့ဘက်လှည့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပိုက်ဆံပါမလာပါဘူးဆိုမှ ရှင် ဘာတွေလုပ်နေတာလဲ"

"ငါ့မှာပါပါတယ်"

"ရှင့်မှာပါတော့ ရှင်က ကျွန်မအဖေဖို့ ဆေးကုပေးမှာလား"

"ကူလည်း ကူညီရသေးတယ်၊ မင်းဘာလို့ ဒီလောက်စွာနေတာလဲ၊ ငါနဲ့ဘာမှမဆိုင်ဘဲ မျက်နှာလွှဲမသွားချင်လို့ စေတနာနဲ့ကူညီနေတာ၊ မင်းကိုကူညီဖို့အတွက် ငါလည်း အလုပ်အင်တာဗျူးဖြေဖို့ ပျက်သွားတာပဲကွ"

"ဟင်"

ဒါကျတော့ သူမ တကယ်ပင် စိတ်မကောင်းဖြစ်သွားသည်။ ဟုတ်သားပဲ။ ဒီလူ အကူအညီသာမရရင် သူမ ဘယ်လိုပုံစံနှင့်အိမ်ပြန်မလဲ။ စေတနာနှင့်ကူညီနေသော သူ့ကို သူမ အော်ဟစ်ပြောဆိုမိတာ လွန်များလွန်သွားပြီလား။

"ရှင် ရှင်လည်း အင်တာဗျူးသွားဖြေမလို့လား"

"ဟုတ်တယ် မင်းဖြေမယ့်ကုမ္ပဏီပဲ၊ အခု မင်းကြောင့် အလုပ်လက်မဲ့ဖြစ်သွားရပြီ"

"အဲလိုတော့ မပြောပါနဲ့၊ နောက်ထပ် အလုပ်တွေဖောင်တင်ပြီး လျှောက်လို့ရတာပဲ"

"အဲဒါတော့ မင်းပြောမှလား။ အချိန်တွေနဲ့ငွေတွေ အလဟဿဖြစ်သွားပြီကွ"

"အဲဒါဆို ရှင်ဘာလို့ကူညီသေးလဲ၊ ကိုယ့်လမ်းကိုယ်သွားပါလား"

"ကျွတ်"





မာနကို ထုချေနေသလိုပင်။ အပြောအဆို တကယ်ကို ရင့်သီးရိုင်းစိုင်းသည့်ကောင်မလေး။ ကိုယ်က ခပ်ပေပေ မာနကြီးတတ်သည့်ကောင်ပါ။

"ကားဆရာ ကားခဏရပ်"

"ဟင် ရှင် ဘာလုပ်မလို့လဲ"

"အင်တာဗျူးဖြေဖို့မီလို မီပြေးသွားမလို့၊ မင်းကိုကူညီရတာ အကျိုးယုတ်တယ်"

"ရှင် ရှင်နော် ကျွန်မမှာ ကားခပေးဖို့ ပိုက်ဆံရော ဆေးခန်းပြဖို့ပိုက်ဆံရော မပါပါဘူးဆိုမှ အဲလိုလုပ်သွားလို့ရမလား၊ ရှင်ပဲ စေတနာနဲ့ကူညီတာလို့ပြောပြီးတော့"

"အေး စေတနာမပျက် ကူညီစေချင်ရင် ပြေပြေပြစ်ပြစ် ဆက်ဆံငါ မင်းအလုပ်သမား မဟုတ်ဘူး၊ အော်တာငေါက်တာတွေ မလုပ်နဲ့"

သူ ခပ်မာမာလေသံနှင့် ပြောလိုက်တော့ ကောင်မလေး မျက်နှာငယ်ငယ်နှင့် ငြိမ်သက်သွား၏။ သူမကို မကူညီတော့မှာစိုးလို့ဖြစ်မည်။ ဒီလိုတော့လည်း အပိုးကျိုးပေသားပဲ။ မျက်နှာလေးက အောင့်သီးအောင့်သက်ဖြစ်တာ ရှုံ့မဲ့မဲ့ပါ။

ဒီလောက်စွာသော ကောင်မလေးရဲ့နာမည် အခုထိ မသိရသေး။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"နာမည်"

"မြကျေးညို"

"အသက်"

"နှစ်ဆယ်"

"မိဘအမည်"

"ဦးမြစိုး၊ အဖေက မရှိတော့ဘူး၊ အမေက ဒေါ်ညိုရင်"

"အလုပ်အကိုင်"

"သန်းခေါင်စာရင်း စစ်နေတာလား ဆရာမ၊ ကျွန်မခြေထောက်နာလို့ ဆေးလာကုတာပါ၊ ဒီလောက်အစုံအစေ့ မေးဖို့လိုလို့လား"

ကောင်မလေး စွာလိုက်ပြန်ပြီ။ ဆရာမကလည်း တကာယ့်ကို အရစ်။ အအော်ခံလိုက်ရမှ ပြုံးပြုံးပျာပျာဖြစ်သွားပြီး

"ဒီလိုပါ ဒီဆေးခန်းမှာ တစ်လတစ်ခါ နိုင်ငံခြားက ဆရာဝန်ကြီးတွေလာပြီး ချို့တဲ့တဲ့သူတွေကို ဆေးကုသမှုဒါနလုပ်ပါတယ်၊ တကယ်





လို့ ညီမလေးမိသားစုမှာ ရောဂါကြီးကြီးမားမား ရှိပြီး ငွေကြေးမတတ်နိုင်ရင် ဆေးအလကားကုပေးမလို့ပါ၊ အဲဒါကြောင့် မှတ်တမ်းယူနေတာ"

"အဲဒါက နောက်မှပါ ဆရာမ၊ အခု ကျွန်မခြေထောက်တော်တော်နာနေပြီ၊ ဆေးခန်းထဲမှာ လူနာလည်းရှိတာမဟုတ်ဘူး၊ မြန်မြန်လုပ်ပါတော့"

မြကျေးညိုတဲ့။ နာမည်တော့ သိလိုက်ရသည်။

ဒီကောင်မလေးကတော့ ဆရာမကိုတောင် ကက်ကက်လန်နေ၏။ ဘယ်လိုကောင်မလေးမှန်းကို မသိပေ။ သူကလည်း ဒီလိုဆတ်ဆတ်ကြဲမို့ သူနှင့်စရိုက်တူသည်ဟုပဲ ပြောရတော့မည်လား။

"ကဲ ဝင်သွားလို့ရပါပြီ"

ဆရာမပြောတော့ သူမ ထလို့ရအောင် သူတွဲထူပြီး လူနာစမ်းသပ်မည့်အခန်းထဲလိုက်ပို့ရသည်။

"ရှင်ပြန်ထွက်တော့လေ၊ ဘာရစ်လုပ်နေတာလဲ"

စမ်းသပ်စစ်ဆေးပြီး ဆေးထိုးဖို့လုပ်သည့်အခါမှာ သူ့ကိုခပ်ဆတ်ဆတ်ငေါက်၍ အော်ထုတ်ပြန်သည်၊ အမြင်ကတ်ကတ်နှင့် ဒီအတိုင်းပစ်ထားလိုက်ဖို့တောင် စိတ်ကူးမိသေး၏။

ဒါပေမဲ့ ဒီအထိတောင် ရောက်လာပြီးပြီမို့ အဆုံးထိ သည်းခံကူညီဖို့ ဆုံးဖြတ်လိုက်ရသည်။

"ပြီးရင် ရှင် ပြန်ဝင်ခဲ့ဦးနော်"

"ဟော"

အခန်းထဲက ထွက်မည်ပြင်တော့လည်း အသံစာစာလေးနှင့် လှမ်းအော်လိုက်သေး၏။ သူမကိုတွဲထုတ်ပေးဖို့ပဲ ရှိမည်၊ တကယ်ကို



www.burmeseclassic.com

www.burmeseclassic.com



မလွယ်သည့်ကောင်မလေးပါ။

ခဏနေတော့ သူမကို အခန်းထဲက တွဲခေါ်လာခဲ့ပြီး ဆေးယူဖို့ဆရာမဆီ လာရပြန်သည်။ သူမခြေထောက်မှာ ဆေးပတ်တီး စည်းလို့ပါ။

"ဆေးသုံးရက်စာပေးလိုက်မယ်နော်၊ တစ်နေ့ကို သုံးခွက်၊ ဆေးပတ်လည်းဂရုစိုက်သောက်ပါ။ သက်သာသွားပါလိမ့်မယ်၊ ခြေထောက်ကကိုက်တယ်၊ မသက်သာဘူးဆိုရင် နောက်တစ်ရက်လောက် ထပ်လာခဲ့ပါ"

"အခုတောင် နည်းနည်းသောက်နိုင်နေပါပြီ၊ လာစရာလိုတော့မယ် မထင်ပါဘူး"

"ပေါ့ပေါ့နေလို့တော့ မဖြစ်ပါဘူးရှင်၊ ခြေထောက်ကို လှုပ်လှုပ်ရှားရှားမလုပ်ဘဲ နားနားနေနေလေး နေရပါမယ်"

"ဆေးဖိုး ဘယ်လောက်ကျလဲ ဆရာမ"

"တစ်သောင်းနှစ်ထောင်ပါ"

"ဘာ တစ်သောင်းနှစ်ထောင်၊ အမယ်လေး ဘာတွေလုပ်လို့ တစ်သောင်းနှစ်ထောင်တောင် ယူရတာလဲ၊ ဒီလိုပတ်တီးလေးစည်း ဆေးလေးတစ်လုံးထိုးတာလောက်တော့ ကျွန်မတို့ရပ်ကွက်ဆေးခန်းမှာ သုံးလေးထောင်လောက်ပဲ ပေးရတယ်"

"ဒါက အထူးကုဆေးခန်းပါ၊ ဒီက ညီမကို ဆေးကုပေးလိုက်တာ အထူးကုဆရာဝန်ကြီးပါ၊ သူ့ရဲ့စမ်းသပ်ခက ခုနစ်ထောင်ပါ၊ ဆေးဖိုးက ငါးထောင်ပဲ ကျပါတယ်"

"အမယ်လေး ကြားကြားဖူးပေါင်၊ ရိုးရိုးဆရာဝန်လည်း ဒီလို စမ်းသပ်ပြီး ကုတာပဲ၊ အထူးကုလည်း ဒီလိုပဲလုပ်တာ၊ အထူးကုဆိုပြီး





နေ့ချင်းညချင်း ပျောက်အောင်ကုနိုင်လို့လား"

"အထူးကုဘွဲ့ရဖို့က ပိုက်ဆံတွေပိုကုန်တယ်၊ ပညာတွေပိုသင်ရတယ်လေ ညီမရဲ့၊ ညမတ်ရောရှိုးရိုးဘွဲ့တစ်ခုရရုံနဲ့ လစာများတဲ့အလုပ်ကောင်းကောင်း ရမှာလား၊ ငွေကုန်ကြေးကျအများကြီးခံပြီး စပ်ကင်တွေသင်၊ ကွန်ပျူတာတွေတတ်မြောက်ထားမှ ဝင်ငွေကောင်းတဲ့အလုပ်ကောင်းရမှာမဟုတ်ဘူးလား"

"ဟုတ်ပါ့ ဆရာမ တော်သွားပြီ"

လက်မထောင်ပြီး ဆရာမကို လက်ဆွဲကာ ရှိတ်နေသေး၏။ သူမကိုပြောတာလည်း မနာတတ်ပေ။ ပြီးမှ ပိုက်ဆံရှင်းလိုက်ဆိုသည့်ပုံစံနှင့်မေးငေါ့ပြသည်။

သူ့မှာပါလာသည့်ပိုက်ဆံ ရှင်းလိုက်ရတာ တကျစ်ပိုးတောင် အနိုင်နိုင်ကျန်တော့၏။

"ကဲ သွားမယ်၊ မင်းခြေထောက်ထောက်နိုင်ပြီမဟုတ်လား၊ ကိုယ်တွဲတာသာလျှောက်တော့"

"ရှင်ကလည်း ယောက်ျားလေးဖြစ်ပြီး ငဲ့ညှာရမှန်းကိုမသိဘူး၊ အခုဆေးစည်းပြီး အခုတန်းခနဲ ထောက်နိုင်ပါ့မလား စဉ်းစဉ်းစားစားသည်းပြောဦး"

"ဩော် များပါတယ် ငါကများတာ သိလား"

"ရှင်ယောက်ျားလေးဖြစ်ပြီး အဲလိုရွဲ့တတ် စောင်းတတ်သလား"

"ကျွတ် မင်းကွာ ငါ ဆွဲသာထိုးပစ်လိုက်ချင်တယ်"

"အောင်မာ စမ်းကြည့်လိုက်လေ၊ ရှင်ကတကျစ်ပိုးဆေးဖိုးပေးလိုက်ရတယ်ဆိုပြီး ရှင်အနိုင်ကျင့်တာ ခံနေမယ်ထင်နေလား ရှင့်ပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



ကို ကျွန်မ ပြန်ပေးမှာ သိလား''

''အေး ပြန်ပေးရမှာပါပဲ၊ ငါလည်း မင်းကို အလကားမပေးနိုင်ပါဘူး၊ ပြော ငါ့အကြွေးဘယ်နေ့ပြန်ဆပ်မှာလဲ''

''ရှင်က တကယ်ယူမှာလား''

''တကယ်ယူမှာပေါ့၊ မင်းကိုပိုက်ဆံတွေ အလကားအကုန်ခံပြီး ကူညီရအောင် မင်းကဒုက္ခသည်စခန်းကလား၊ ငါကရော ဒုက္ခသည်တွေကို ကူညီနေတဲ့ ပရဟိတလုပ်နေတဲ့သူမှမဟုတ်တာ''

''ရှင်ကလည်း''

မြကျေးညို မျက်နှာလေး ငယ်သွားသည်။ စွာစွာလန်မာနကြီးသူလေးက ဒီလို မျက်နှာငယ်လေးဖြစ်သွားတော့လည်း သနားစရာ။ ဒါပေမဲ့ ဒီကောင်မလေးကို မျက်နှာသာပေးလို့တော့ မဖြစ်။ ကိုယ့်အခြေအနေကိုယ်မသိဘဲ ကမ်းတက်ချင်သူမဟုတ်လား။

''ကဲ တက္ကစီငှားရမှာလား အဲဒါဖိုးပါ ထည့်ပေါင်းမှာနော်''

''ကျွန်မ ဗိုက်ဆာတယ်''

''ဘာ''

''ကျွန်မကိုတစ်ခုခု လိုက်ကျွေးပါ၊ ဒီဆေးခန်းနားမရောက်ခင်မှာ အသုတ်တွေ အအေးတွေရောင်းတဲ့ဆိုင်ကို ကျွန်မ မြင်ခဲ့တယ်၊ တစ်ခုခုစားပြီးမှ ကျွန်မ အိမ်ပြန်နိုင်တော့မယ်ထင်တယ်၊ ဗိုက်အရမ်းဆာနေလို့''

''ဟား မင်းကတော့လေ၊ မင်းဆပ်ရမယ့်အကြွေးတွေ တအားများနေမှာပေါ့ကွ''

''များများကျွန်မဆပ်ပါ့မယ်''





''မင်း ဘယ်လိုဆပ်မှာလဲ အခု မင်းအိမ်ကိုလိုက်ယူရမှာလား''

''အဲဒါ ဟိုဆိုင်ရောက်မှ စားရင်းသောက်ရင်း ညှိကြတာပေါ့၊ အခု ကျွန်မကိုတွဲပါနော်၊ ရှင်က သဘောကောင်းပါတယ်''

''ဟွန်း မျက်နှာက အမျိုးမျိုး''

အမြင်ကတ်နေပြီမို့ ဆောင့်ကြီးအောင့်ကြီးပင်တွဲလိုက်မိသည်။ ဒီနေ့ ဘယ်လိုကြမ္မာဆိုးနှင့်တွေ့နေပြီမသိ။ အရင်ကဆို ကိုယ်ကပဲ ဂျစ်ကန်ကန်နှင့်ဆိုးခဲ့တာပါ။

ဒယ်ဒီ့ဆီက ပိုက်ဆံကို ချော့တစ်မျိုးခြောက်တစ်မျိုး ဆန္ဒပြ၍တစ်မျိုး ထောင်မကျစေချင်ရင် ဒယ်ဒီသိက္ခာမကျချင်ရင် ဘယ်လောက်ဆိုတာမျိုးနှင့် အမျိုးမျိုးဆိုးသွမ်းခဲ့သည်။ အခုတော့ ကိုယ့်ထက်ဆိုးတဲ့သူနှင့်လာတွေ့နေ၏။ ဒါတောင် မိန်းကလေးမို့ တော်ပါသေးသည်။

''ရှင်ကလေ အကြင်နာတရားကိုမရှိဘူး၊ ဖြည်းဖြည်းသွားပါ၊ ဒီမှာ ခြေထောက်ထော့ကျိုးနဲ့လိုက်နေရတာ''

''ကဲ ငါလည်းတွဲနေတာပဲကွာ၊ မင်းကိုက ရေသာခိုလွန်းတယ်၊ သက်သာရင်လည်း သက်သာသလို ကိုယ့်ကိုယ်ကိုယ် အားကိုးဦးမှပေါ့၊ အခုတော့ ငါ့ပခုံးကို ခိုလိုက်နေတာ ပခုံးလည်းပြုတ်ကျတော့မယ်''

''ကျွန်မကို အဲလိုကြီးမအော်ပါနဲ့၊ ကျွန်မကို ရှင့်ရဲ့အစ်မတွေ ညီမတွေနေရာမှာ ကိုယ်ချင်းစာပြီး စာနာကြည့်စမ်း၊ ရှင့်မိသားစုထဲက ဆိုရင် ရှင် အဲလိုဆက်ဆံမလား''

''အောင်မာ မင်းကတော့ တော်တော်ဆက်ဆံရေးကောင်းတာဆိုတော့ ငါ့ကိုဆရာလုပ်သင်ပြနေသေးတယ် ဟုတ်လား''

''မငေါ့ပါနဲ့ရှင်၊ ကျွန်မက တော်ရုံဆို သူများအကူအညီယူချင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



သူမဟုတ်ပါဘူး။ မတတ်သာလွန်းလို့ ရှင့်ဆီက အကူအညီတောင်းနေရတာပါ''

သူမ အကူအညီတောင်းတာကိုပဲ ဘဝင်မြင့်ရှီးမည်ထင်သည်။ ရှုံ့ရှုံ့မဲ့မဲ့ မျက်နှာငယ်လေးလုပ်နေတာကိုက သနားစရာပါ။

ဆိုင်ရောက်လာတော့ ထိုင်ခုံပေါ်ညင်ညင်သာသာပဲ ထိုင်ပေးလိုက်၏။ သူလည်း သူမကိုတွဲလာရတာမို့ မောမောနှင့်ထိုင်ချလိုက်သည်။

''မောင်လေး ဒီဆိုင်က ဘာတွေရလဲ''

''ဒီမှာ မီနူးပါခင်ဗျ''

''ဩော် ဟုတ်သား''

မြကျေးညိုက မီနူးကို အပြန်ပြန်အလှန်လှန်ကြည့်ပြီး

''အစ်မကို လက်ဖက်ထမင်းသုပ်ရယ်၊ ကြာဇံဟင်းရယ် ထောပတ်သီးဖျော်ရည်တစ်ခွက်ရယ်ပေးနော်''

''ဟုတ်ကဲ့''

''ဟိတ် မင်းပဲမှာနေတယ်၊ ငါ့ကိုလည်း ဘာစားဘာသောက်မလဲဆိုတာ မေးဦးလေ''

''ဟင် ရှင် စားချင်သောက်ချင်တာ စားပွဲထိုးကိုမှာလိုက်ပေါ့၊ ရှင့်ကိုကျွန်မက မေးနေရဦးမှာလား''

''ကောင်းကွာ မင်းက အခုတစ်မျိုး တော်ကြာတစ်မျိုးနဲ့ တော်တော်အမြင်ကတ်စရာကောင်းတာပဲ၊ ဒါနဲ့နေပါဦး မင်းက အစားအသောက်သုံးလေးမျိုးမှာရအောင် ငါ့မှာပိုက်ဆံဘယ်လောက်ကျန်သေးလဲဆိုတာ သိလို့လား၊ မင်းမှာရော ပိုက်ဆံပါလို့လား''

''မပါလို့ ရှင့်ကိုပေါင်းမှတ်လို့ပြောတာပေါ့၊ ကျွန်မက အလကား





မစားဘူး၊ ရှင့်ပိုက်ဆံကိုပြန်ပေးမှာပါ၊ ရှင်ကရော လူပုံကြည့်တော့ရှိုးစမိုးနဲ့ ပိုက်ဆံကို ဒီလောက်လေးတောင် ပြည့်ပြည့်ဝဝ မထည့်လာဘူးလား''

''အဲဒါ ငါ့အကြောင်းနဲ့ငါပါ၊ မင်းကသာ သူများပိုက်ဆံသုံးပြီး အလိုက်သိဖို့ကောင်းတာ၊ ကဲ ညီလေး အစ်ကို့အတွက် ကော်ဖီပလိန်းတစ်ခွက်ပဲပေးပါကွာ၊ သူစားထားတာတွေ ရှင်းရဦးမယ်ဆိုရင် ပိုက်ဆံကလောက်မှာမဟုတ်တော့ဘူး''

''ဟုတ်''

စားပွဲထိုးလေးထွက်သွားတော့ သူမအတွက် ကုန်ထားသည့်ငွေတွေကို ဦးနှောက်နှင့်တွက်ချက်နေလိုက်၏။

''ရှင် ဘာတွေတွေးနေတာလဲ''

''မင်းဆီက ရမယ့်ပိုက်ဆံတွက်နေတာ၊ ဆေးခန်းကိုလာတာ တက္ကစီဖိုးက သုံးထောင်နော်၊ ဆေးခန်းမှာကုန်ခဲ့တာက တစ်သောင်းနှစ်ထောင်၊ အားလုံး တစ်သောင်းခွဲရှိသွားပြီ''

''ရှင်ကလည်း ဆေးခန်းကိုလာတဲ့တက္ကစီဖိုးက ရှင်လည်းစီးတာပဲ၊ တစ်ဝက်ပဲတွက်ပေါ့''

''အဲဒါ ငါ့ကိုစွန့်လာတာလား၊ မင်းကိုစွန့်လာတာလေ''

''အင်း ဟုတ်ပါတယ် ထားလိုက်ပါတော့''

သူမကပဲအရှုံးပေးလိုက်ရသည့်ပုံစံနှင့် အမြင်ကတ်စရာပါ။

''ရပါပြီ''

စားပွဲထိုးလေးက စားစရာသောက်စရာတွေ လာချပေးတော့ သူမမျက်နှာ အငတ်တိုင်းပြည်ကလာသလို အငမ်းမရ ဖြစ်သွား၏။

''လက်ဖက်ထမင်းလေးက မွှေးနေတာပဲ၊ ကြာဆံဟင်းလေးလ



www.burmeseclassic.com

www.burmeseclassic.com



လည်း ကြက်ရိုးလေးတွေနဲ့တော်တော်ကောင်းမယ့်ပုံ၊ ရှင်စားဦးမလား။ သုံးပုံပုံတစ်ပုံစားလေ၊ ဗိုက်ဆံတော့ ကျသင့်သလောက်လျှော့ရမှာနော်''

''မစားဘူး မင်းပဲစား''

ခပ်ချဉ်ချဉ်နှင့်ပြောပစ်လိုက်လည်း သူမအရယ်အပြုံးမပျက်ပေ။ အားရပါးရ မြိန်ရေယှက်ရေနှင့် လက်ဖက်ထမင်းစားလိုက်၊ ကြာဆံဟင်းသောက်လိုက် ကြက်ရိုးကိုက်လိုက် ဆွဲနေ၏။ ကော်ဖီလေးတစ်ခွက်သာ သောက်နေသော သူ့ကိုအားနာပုံလည်း မရပါ။

စားပြီးသွားတော့ ဗိုက်တင်းပုံရသော်လည်း ထောပတ်သီးဖျော်ရည်ကိုတော့ ကုန်အောင်ဆွဲနိုင်သေးသည်။

ဘေလ်ရှင်းရမည့်အခါမှာတော့ သူ့ကော်ဖီက ငါးရာသာကျပြီး သူမစားသောက်ထားတာတွေက ငါးထောင်ကျသည်။

''ဟယ် ဒီဆိုင်က ဈေးကြီးလိုက်တာ၊ အဲလိုမှန်းသိ မစားပါဘူး''

''စားပြီးမှ ပြောမနေနဲ့၊ အခု ငါရှင်းလိုက်ပြီနော်၊ အားလုံးပေါင်း နှစ်သောင်းရှိသွားပြီ၊ အပြန်တက္ကစီဖိုးပါတွက်မယ်ဆိုရင် နှစ်သောင်းသုံးထောင်၊ နှစ်သောင်းလေးထောင်အနည်းဆုံး ဖြစ်သွားမှာပဲ၊ အဲဒါ အခု မင်းအိမ်ကိုလိုက်ယူရမှာလား၊ ဘယ်လိုလုပ်မှာလဲ''

''ဟိုလေ ဒီလိုလုပ်ပါလား''

''ဘယ်လိုလုပ်ရမှာလဲ''

''နောက်မှ အေးအေးဆေးဆေး ပေးလို့မရဘူးလား၊ ကျွန်မ အတိုးပါပေးပါတယ်''

''ငါက အတိုးပေးစားတဲ့ကောင်များမှတ်နေလား၊ အဲဒါငါသုံးဖို့ ထည့်လာတဲ့ပိုက်ဆံ၊ မင်းကိုကူညီလိုက်ရလို့ သုံးစရာမရှိတော့ဘူး၊ အခု





အိမ်လိုက်ယူမှဖြစ်မှာ''

''ဟို ရှင် ရှင်လိုက်ယူလည်း အိမ်မှာပေးစရာပိုက်ဆံမရှိဘူး''

''ဘာ''

''တကယ်ပြောတာပါ ကျွန်မတို့က ဆင်းရဲပါတယ်၊ အဖေရှိတုန်းက စားနိုင်သောက်နိုင် ပြေပြေလည်လည်ဆိုပေမယ့် အခု အမေ မုန့်ဟင်းခါးရောင်းလို့ရတဲ့အမြတ်လေးနဲ့ပဲ မပြည့်မစုံနေရတာပါ''

''ငိုပြနေလည်း မသနားနိုင်ဘူး၊ အဲဒီပိုက်ဆံရမှဖြစ်မှာ၊ မင်းပဲ ဒေးမယ်ပြောပြီး သုံးစွဲထားပြီးတော့ မင်းငါ့ကို ဘတ်တီးရိုက်မလို့လား''

''မဟုတ်ပါဘူးရှင် ကျွန်မ မိကောင်းဖခင် သားသမီးပါ၊ ရှင့်ပိုက်ဆံကို ကျွန်မ မဖြစ်မနေပြန်ပေးမှာပါ၊ ဟိုလေ ကျွန်မ အလုပ်ရတဲ့နေ့ကျရင် ပြန်ဆပ်ပါ့မယ်''

''မင်းဘယ်ကမှန်း ဘယ်လိုမိန်းကလေးမှန်းမသိဘဲနဲ့ ငါ ဘယ်လိုယုံရမှာလဲ''

သူ ယုံကြည်သလို ပြောလိုက်တော့ သူမမျက်နှာခပ်တင်းတင်းလေးဖြစ်သွားသည်။

''ကျွန်မကို အညတရထင်ပြီး ရှင်က မယုံမကြည်ဖြစ်နေတာလား၊ ဒီမယ် ကျွန်မရုပ်က မလိမ့်တပတ်လုပ်မယ့်ပုံပေါက်နေလား''

''မင်းနဲ့ငါနဲ့ အခုမှတွေ့ဖူးမြင်ဖူးတာ မင်းဘယ်လိုအကျင့်စရိုက်ရှိတယ်ဆိုတာ ဘယ်သိပါ့မလဲ''

''ရှင် အဲလို အထင်သေးတဲ့ပုံစံနဲ့မပြောနဲ့နော်၊ အခုတစ်ခါတည်း အိမ်လိုက်ခဲ့၊ ကျွန်မအိမ်ထဲတော့ ဝင်စရာမလိုဘူး၊ အမေက ယောကျ်ားလေးတစ်ယောက်အိမ်ခေါ်လာရပ့်ါမလားဆိုပြီး ကျွန်မကိုသတ်သိမ့်မယ်



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ငါက မင်းဘယ်အချိန်အလုပ်ရပြီး အကြွေးဆပ်မလဲ ဆိုတာ လာစောင့်ကြည့်နေရမှာပေါ့၊ အဲလိုတော့ မဖြစ်နိုင်ဘူး၊ မင်းဖုန်းနံပါတ်ဖြစ်ဖြစ် မှတ်ပုံတင်ဖြစ်ဖြစ် ပေးပါ"

"ရှင့်ပိုက်ဆံမဖြစ်စလောက်လေးနဲ့ အဲဒါတွေပေးမှ ဖြစ်မှာလား"

"တစ်ခါမှ မမြင်မတွေ့ဘူးတဲ့သူကို ကူညီတာ ဒီလိုတော့ လုပ်ဦးမှပေါ့၊ မင်းနဲ့ပတ်သက်ပြီး တစ်ခုခု အာမခံချက်မရလို့မဖြစ်ဘူး"

မြကျေးညို စိတ်ရှုပ်သွားဟန်တူသည်။ ပြီးမှ သူမမှတ်ပုံတင်နံပါတ်လေးကို ထုတ်ပြီး ရွတ်ပြသည်။ သူက အိတ်ကပ်ထဲက စာရွက်နှင့် ဘောပန်ကို ထုတ်ပြီး မှတ်လိုက်သည်။

"ဖုန်းနံပါတ်ကရော"

"အိမ်မှာဖုန်းတစ်လုံးပဲရှိတယ်၊ အိမ်ကလူတွေ အကုန်ကိုင်မှာ"

"မင်းမှာမိသားစုဘယ်နှယောက်ရှိလဲ"

"အမေရယ် မောင်လေးတစ်ယောက်၊ ညီမလေးတစ်ယောက် ရှိတယ်"

"ဘာဖြစ်ဖြစ် ဖုန်းနံပါတ်တော့ ပေးထားပါ"

သူ ညစ်ပြီး ဖုန်းနံပါတ်တောင်းလိုက်သည်။ ဒီကောင်မလေးကို ဒီလိုမလုပ်လို့မဖြစ်။ ကျေးဇူးကို ကျေးဇူးမှန်းမှမသိတာ။

စေတနာကို စေတနာမှန်းမသိ။ တန်ဖိုးဖြတ်ခံချင်တာ စိတ်ကသိကအောက်ဖြစ်အောင် လုပ်လိုက်ရမှကျေနပ်နိုင်မည်။

ဒါမှ သူလည်း စိတ်ကျေနပ်အပြင်းပြေနိုင်မှာပါ။

မင်းက စိတ်ဝင်စားစရာတော့ ကောင်းပါတယ် မြကျေးညို။

■ ■ ■



## အခန်း (၃)

"မြကျေးညို ညည်းကတော့လေ ဖြစ်လိုက်ရင် အဲလိုကြီးပဲ၊ အလုပ်လျှောက်သွားတိုင်း အမျိုးမျိုးအဖုံဖုံကို ဖြစ်နေတော့ဘာ ညည်းတို့ အဖေမရှိတော့လို့ သမီးအကြီးဆိုပြီး အားကိုးရမလားမှတ်တယ်၊ ပညာတွေသင်ပေးရတာ ငွေကုန်တာပဲအဖတတင်ပါလား၊ ညည်းဘယ်အချိန် အလုပ်ရမှာလဲ ပြောပါဦး"

"သမီးလည်းအလုပ်လိုချင်လို့ လျှောက်နေတာပဲ အမေရယ်၊ ဖောင်တွေတင်တယ်၊ အင်တာဗျူးခေါ်တဲ့ကုမ္ပဏီရှိရင် သွားဗျူးတာပဲ၊ အခုက ကားသမားတွေနဲ့ ပြဿနာတက်တာ၊ အမေ့သမီးမသေတာ ကံကောင်း၊ ဒီလောက်လေးဖြစ်ပြီး အိမ်ပြန်ရောက်လာတာ အမေ ဝမ်းမသာဘူးလား"

"သြော် အေး ဝမ်းသာရမှာပေါ့၊ ဒုက္ခိတဖြစ်ပြီး ကျိုးပဲ့သွားလို့ ငါလုပ်ကိုင်ကျွေးရတယ်ဆိုတာ နားထောင်လို့ကောင်းသေးတယ်၊ အခု

www.burmeseclassic.com



တော့ ဒီအမေကိုမှီခိုစားနေတာလည်း မရှက်ဘူးလား''

''ဟင့်အင်း''

''ဘာ''

ယောင်ယမ်းပြီး ခေါင်းရမ်းလိုက်မိတာမို့ သူမ နဖူးကိုလက်စ ပြင်းပြင်းနှင့် အမေ ခေါက်ခနဲ မြည်အောင်ခေါက်သည်။ သူမ မျက်နှာ လေးရှုံ့မဲ့ကာ နဖူးကိုပွတ်နေရ၏။

''အမေကလည်း နာသွားတာပဲ''

''ဒီထက်နာအောင်ကိုလုပ်ချင်တာ၊ အင်တာမဗျူးရတဲ့အပြင် သူစိမ်းယောကျ်ားလေးဆီမှာ အကြွေးကတင်ခဲ့သေးတယ်၊ ညည်းရှက် ကြောပြတ်နေတာလား မြကျေးညို ဟင် ပြောစမ်းပါ''

''မ မဟုတ်ပါဘူး အမေရဲ့၊ အဲဒီလူသာ ကူညီမပေးရင် အမေ့ သမီး အိမ်တောင်ပြန်ရောက်လာမှာမဟုတ်ဘူး။ ဒီလူသဘောကောင်းလို့ သာပေါ့''

''အေး ဘာပဲဖြစ်ဖြစ် နောက်အလုပ်တစ်ခုလျှောက်ဖို့သာပြင် ထား။ အိမ်ရဲ့စီးပွားရေးကို ညည်းအသိဆုံးနော်၊ ငါလည်း သားသမီးကို နိုင်းစားတဲ့မိဘမဖြစ်ချင်ပါဘူး၊ ငါ ငယ်ငယ်ကလည်း မိဘတွေက ဘာမှ နိုင်းခဲ့တာမဟုတ်ဘူး။ ခြေမွေးမီးမလောင် လက်မွေးမီးမလောင် ချမ်းချမ်း သာသာ ပြည့်ပြည့်စုံစုံ ထားခဲ့တာ''

''ဒါဆို အမေ့ကိုယူမှ ဆင်းရဲသွားတာလား''

ဒေါ်ညိုရင် မဖြေနိုင်သေးဘဲ အံကြိတ်ကာ မျက်ရည်ဝဲနေ၏။ စိတ်နာစရာအတိတ်အကြောင်းထဲမှာ မိဘတွေမပါပါ။ မိဘဆိုတာ မိဘ မေတ္တာနှင့် သားသမီးတွေရဲ့ဘဝကို အကောင်းဆုံးဖြစ်စေချင်ကြတာပဲ





မဟုတ်လား။

ဒါပေမဲ့ စိတ်နာသင်သူက သပ်သပ်ရှိနေသည်။ မိမိဘဝတစ်ခု လုံးပြောင်းလဲသွားအောင်လုပ်ခဲ့သူ။ မိဘတွေစွန့်ပစ်ခံရတဲ့သမီးဆိုးဖြစ် အောင် မိဘတွေရဲ့နောက်ဆုံးအချိန်ကိုတောင် သွားတွေ့ခွင့် ကန်တော့ခွင့် မရအောင်လုပ်ခဲ့တဲ့သူ။

ခင်ဝင်းသူ။

''မေမေ ဘယ်သူ့နာမည် ခေါ်လိုက်တာလဲ''

''ဟင်''

စိတ်ထဲမှာ အံကြိတ်ရေရွတ်မိသည့် နာမည်က ပါးစပ်ဖျားကနေ တိုးတိတ်စွာ ထွက်သွားခဲ့သည်ထင်သည်။ သမီးက မိမိပြောမှာကို စိတ် ဝင်စားစွာ နားစွင့်နေ၏။

သမီးကို ခုချိန်မှာ ဒီအကြောင်းတွေ မပြောချင်သေးပါ။

''သမီး''

''ရှင် အမေ''

''ဒီအကြောင်းတွေ အမေမပြောချင်သေးဘူးကွယ်၊ အခု အရေး ကြီးနေတာက သမီး ဝင်ငွေရတဲ့အလုပ်တစ်ခုရမှ သမီးမောင်လေးနဲ့ ညီမလေးက ပညာကောင်းကောင်းသင်ပေးနိုင်မှာ၊ သမီးတုန်းက သမီး အဖေရှိနေတဲ့အတွက် သမီးချို့တဲ့မှုမရှိ တင့်တောင်းတင့်တယ် ပညာသင် နိုင်ခဲ့တယ်၊ အဖေက ပြည့်ပြည့်ဝဝ ရှာဖွေကျွေးမွေးခဲ့တာ သမီးသိတယ် မဟုတ်လား''

''ဟုတ်ကဲ့ သူဌေး သမီးတစ်ယောက်လို ကြွားကြွားဝါဝါနေခွင့် ရခဲ့တာ အဖေကြောင့်ဆိုတာ သမီးသိပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"အေး သမီးအဖေက အိမ်ထောင်ဦးစီးကောင်း လင်ကောင်း ဖခင်ကောင်းပီသခဲ့တဲ့သူပါ၊ ပတ်ဝန်းကျင်မှာ မျက်နှာမငယ်ရအောင် မိသားစုအပေါ် တာဝန်ကျေခဲ့တယ်၊ မိန်းမကိုရော သားသမီးတွေကိုရော အရိပ်ကြည့်ချစ်မြတ်နိုးပြီး ဘာမှမခိုင်းရက် မငြိုငြင်ရက်နေခဲ့ရှာတာ အဲလိုထားနိုင်ဖို့အတွက် သမီးတို့အဖေအရမ်းပင်ပန်းခဲ့တယ် သမီး"

အမေပြောမှ အဖေကိုပိုပြီးအောက်မေ့သတိရလာခဲ့သည်။ အဖေက တက္ကစီမောင်းသလို ကားပြင်ဆိုင်ကယ်ပြင် ဆိုက်ကားပြင်ဖြင့် နေ့နေ့ညည အလုပ်နှင့်လက်မပြတ်အောင် ကြိုးစားခဲ့သည်။ အစားအသောက်ဆိုလည်း စားချင်တာစား၊ အဝတ်အစားဆိုလည်း ဝတ်ချင်တာဝတ်၊ အပန်းဖြေခရီးဆိုလည်း သွားချင်ရာသွား သူဌေးသမီးတစ်ယောက်လို နေနိုင်စားနိုင် သုံးနိုင်ဖြုန်းနိုင်အောင် ထားခဲ့သူပါ။

တကယ်ကို ဝံ့ဝံ့ကြွားကြွား ထင်ထင်ပေါ်ပေါ် နေနိုင်ခဲ့သည်။ အခုလက်ရှိ နေနေသည့် တစ်ထပ်တိုက်လေးကလည်း အဖေကြိုးစားရုန်းကန်မှုဖြင့် ဝယ်ထားသည့် အိမ်လေးပါ။

"အ အဖေက အဲလိုတွေကြိုးစားရုန်းကန်ခဲ့တာတွေကြောင့် အချိန်မတန်သေးဘဲ သေသွားခဲ့ရတာလား အမေ၊ အဖေသေတာ အသက်လေးဆယ်ကျော်ပဲရှိသေးတယ်၊ သက်တမ်းနဲ့ဆိုရင် အရမ်းငယ်သေးတယ်မဟုတ်လား"

"ဟုတ်တာပေါ့ သမီး၊ အမေတို့ကို ဒီအသက်အရွယ်လေးနဲ့ သူ ထားမသွားသင့်သေးဘူး၊ ဒါပေမဲ့ သူအခုလို အနားယူသွားတာ သူ့အတွက်ကောင်းပါတယ်၊ အေးအေးချမ်းချမ်းနဲ့ သက်သောင့်သက်သာ ဖြစ်သွားတာပေါ့ကွယ်၊ အမေတို့တာဝ ဒီလိုမျိုးနေနိုင်ဖို့ သူ အရမ်းပင်ပန်း





ခဲ့ရရှာတာမဟုတ်လား၊ သူ သေသွားတာ အမေ ဝမ်းမနည်းဘူးသမီး၊ သူ့အတွက် အမေစိတ်ချမ်းသာတယ်၊ အမေပျော်တယ်၊ သူ့အတွက် အမေလုပ်ပေးနိုင်တာ ဒါပဲရှိတယ်လေ"

"အမေ"

အမေ့စကားပဟေဠိဆန်လွန်းစွာ စိတ်ဝင်စားစရာကောင်းနေသည်။ အဖေ့ကိုချစ်ပါလျက်နှင့် ဘာကြောင့် သေစေချင်၊ အနားယူစေချင်ခဲ့တာလဲ။ အခုလို ပင်ပန်းဆင်းရဲရတာ အဖေ စောစောသေလို့ဆိုပြီး စိတ်နာကာ အဖေ့ကိုအပြစ်တင်သင့်သေးတာ။

အမေက အဖေ့အကြောင်းပြောတိုင်းတော့ မျက်ရည်ဝဲနေတတ်သည်။ ဘာကြောင့်လဲလို့ မေးတိုင်းတော့ လမ်းကြောင်းလွှဲသွားပြီး အဖေ့အကြောင်းဆိုးကျိုးရတာလည်း မမေးနိုင်။

အဖေ အပင်ပန်းခံခဲ့တာတွေအတွက်လည်း စိတ်မကောင်းဖြစ်နေပါလျက်နှင့် ဘာကြောင့်များ သေစေချင်ခဲ့တာလဲ။

"အမေ မမ"

"ဟော သားနဲ့သမီး ပြန်လာပြီ၊ အဆာပြေစားဖို့ အမေ မုန့်ဖတ်ကျန်တာလေး သုပ်ထားတယ်၊ သမီးကြီး ထည့်ကျွေးလိုက်ပါကွယ်၊ အမေ ငါးဆီသတ်ဖို့လုပ်လိုက်ဦးမယ်"

မောင်လေးနှင့်ညီမလေးရောက်လာတော့ စကားလမ်းကြောင်းတွေ ပြောင်းကုန်သည်။ သူမ သိချင်တာ စိတ်ဝင်စားတာလည်း မမေးရ။

မောင်လေးနှင့်ညီမလေးအလှည့်မှ ချို့ချို့တဲ့တဲ့ ပညာသင်ရသောရနေရတာ သူမလည်း စိတ်မကောင်းပါ။ သူမတုန်းက တကယ်ကို သူဌေးသမီးလို ပြည့်ပြည့်စုံစုံ နေခဲ့ရတာ။



www.burmeseclassic.com

www.burmeseclassic.com



လိုလေသေးမရှိ ကြွားကြွားဝါဝါ ထင်ထင်ပေါ်ပေါ်ပါ။

ဒါကြောင့်လည်း အခု သူမက စကားပြောရင် အောက်ခြေလွတ်ချင်သည်။ အလုပ်ကို လက်ကြောတင်းတင်း မလုပ်ချင်ဘူးလို့ အမေဆူတာပူတာဖြစ်မည်။

အခုတော့ ဟိုလူပိုက်ဆံနှစ်သောင်းကျော် သူမ ဘယ်လိုပြန်ပေးရမလဲ။ အလုပ်ကလည်း လျှောက်ထားပြီး အင်တာဗျူးဖြေဖို့စောင့်နေရတာ အကြာကြီး။ တခြားပေါပေါပဲပဲ အလုပ်မျိုးလည်းမလုပ်ချင်။ သူမက လစာနည်းပြီး ပင်ပန်းတဲ့အလုပ်မျိုးမှ စိတ်မဝင်စားတာ။

အလုပ်ရတဲ့အထိတော့ စောင့်ဦးပေ့ါ မင်းဂုဏ်ရောင်။

■ ■ ■

## အခန်း (၄)

"မင်းဂုဏ်ရောင် ဟိတ်ကောင် လာဦး"

"ဗျာ ဗျာ ဒယ်ဒီ"

နိုးကြောင်နိုးဂုက် အိမ်ထဲဝင်လာမိသည့် မင်းဂုဏ်ရောင် ဆတ်ခနဲ တုန်သွားသည်။ ဒယ်ဒီရဲ့ အဲလိုဒေါသတကြီးအသံကို ရင်မဆိုင်ချင်ဘူး။

"ရှင်ကလည်းလေ သားကိုညင်ညင်သာသာ ခေါ်စမ်းပါ၊ သားကိုများ မယားပါသားလို ဆက်ဆံချင်တယ်၊ အဲဒါ ရှင်နဲ့ရပြီးမွေးထားတဲ့သား"

"ငါသိတယ် မင်းဝင်ပြီး ကာဆီးကာဆီးလုပ်ဖို့ မစဉ်းစားနဲ့၊ ဒီကောင်က မင်းကြောင့် အပိုးမကျိုးဖြစ်နေတာ၊ ဘွဲ့ရပြီးတာတောင် သားလားဝါးလားနဲ့ ကမ္ဘာမှာ ဝင်လုပ်ဆိုတော့လည်း လက်ကြောမတင်းဘူး"

ဖျူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"တင်းပါ့မလား ရှင်က အမြဲတမ်း ဒေါသနဲ့ဆက်ဆံပြီး အော်ဟစ်ငေါက်ငမ်းနေတာကို၊ သားသမီးကို သားသမီးလို့မှ မဆက်ဆံတတ်တာ"

"မင်းပြောလိုက်ရင် ငါပဲအပြစ်ဖြစ်တယ်၊ မင်းသားက ငွေကုန်ကြေးကျခံ ပညာတွေသင်ပေးရပြီး ဘယ်နေရာမှာ အသုံးကျလို့လဲ၊ လတ်လျားလတ်လျားနဲ့ အဲဒါကြောင့် ခြေငြိမ်သွားအောင် မိန်းမပေးစားမယ်လို့ ပြောနေတာ၊ ဦးအောင်တင်တို့က သူ့သမီးနဲ့ပေးစားချင်နေပြီ၊ ငါတို့က သူ့ကြောင့် စီးပွားရေးလောကမှာ ဒီလိုမျိုး အောင်မြင်နေတာ"

"ဒါကတော့ ဟုတ်တယ်၊ လာ ထိုင်ဦး သား"

မာမီခေါ်တော့ မင်းဂုဏ်ရောင် မနေသာ။ မာမီ့ဘေးက ဆိုဖာခုံမှာ မဝံ့မရဲ ဝင်ထိုင်ပြီး ဒယ်ဒီ့ကို ကြောက်ချင်ယောင်ဆောင်နေလိုက်၏။ ဒါမှ မာမီက သူ့ဘက်ကနေ တိုက်ခိုက်ပေးမှာ။

"ဟိတ်ကောင် မင်းမိန်းမယူမယ်ဆိုရင် ငါ့ကုမ္ပဏီကို လုပ်ပိုင်ခွင့်လွှဲပေးမယ်၊ မင်းဘာလုပ်မှာလဲ"

"ဘာမှမလုပ်ချင်ပါဘူး ဒယ်ဒီ"

"ဘာ"

"ဟို သားမိန်းမ မယူချင်ဘူးလို့ ပြောတာ"

"မင်းမိန်းမမယူရင် ငါက ကုမ္ပဏီကိုလွှဲပေးမယ် ထင်လား၊ လုပ်ပိုင်ခွင့်တွေပေးမယ် ထင်လား"

"ဘာ မင်း မင်း ငါ့ကို သိက္ခာချနေတာလား၊ နဂါးမင်းကုမ္ပဏီပိုင်ရှင် ဦးနေဂုဏ်ရောင်ရဲ့သားက တခြားကုမ္ပဏီမှာလုပ်ဖို့ အလုပ်လျှောက်တယ်၊ ဟား မင်း ငါ့ကိုအရှက်ခွဲနေတာလား မင်းဂုဏ်ရောင်





ဟင် ဟိတ်ကောင်"

"ဒယ်ဒီ့သားပါလို့ ပြောပြီး အလုပ်လိုက်တောင်းနေတာမှ မဟုတ်ဘဲ ဒယ်ဒီရာ၊ သူငယ်ချင်းတစ်ယောက် မှတ်ပုံတင်နဲ့အလုပ်လျှောက်တာပါ၊ မှတ်ပုံတင်အစစ်ပြပါဆိုရင် ပျောက်သွားလို့လျှောက်ထားဆဲလို့ ပြောမှာပေါ့၊ ဒယ်ဒီ့အကူအညီ လုံးဝမယူပါဘူး"

"ရှဦးမယ် အလုပ်က၊ ကုမ္ပဏီတွေက အကပ်ရှိမှ၊ သူ့အကပ်နဲ့သူခေါ်တာကွ၊ မဟုတ်ရင် နေရာကောင်းရမယ်ထင်လား၊ သူ့လူနဲ့သူ နေရာကောင်းတွေ သွင်းပြီး အဲဒီလူတွေ မလုပ်ချင်တဲ့အလုပ်မှ တခြားသူတွေကိုခန့်တာ"

ဦးနေဂုဏ်ရောင်က စိတ်ကုန်အောင်ပြောသော်လည်း မင်းဂုဏ်ရောင်က ခေါင်းမာစွာနှင့်

"အဲဒါဆိုလည်း ရတဲ့အလုပ်လုပ်ရုံပေါ့ ဒယ်ဒီ၊ ဒယ်ဒီ့ဒေါသအောက်မှာတော့ တကယ်မလုပ်ချင်တာပါ၊ ဒယ်ဒီက စိတ်မထင်ရင်မထင်သလို ဝန်ထမ်းတွေရှေ့မှာလည်း အော်ချင်အော် ပေါက်ကွဲချင်ပေါက်ကွဲနေမှာ၊ အဲလိုဆိုရင် သားက အဲဒီဝန်ထမ်းတွေကို ဘယ်လိုအုပ်ချုပ်ရမှာလဲ"

"အဲဒါကြောင့် မိန်းမယူလိုက်လေ၊ မိန်းမယူရင် ကုမ္ပဏီကိုဒါ မလာဘူး၊ လုပ်ပိုင်ခွင့်အားလုံး မင်းကိုလွှဲလိုက်မယ်"

"မိန်းမမယူဘဲ ကုမ္ပဏီကိုလွှဲပေးလိုက်တော့ ဘာဖြစ်လို့လဲ ဒယ်ဒီ"

"မင်းလိုကောင်ကို ဘယ်လိုလုပ်စိတ်ချရမှာလဲ၊ အပေါင်းအသင်းတွေနဲ့ အပေအတေလိုနေချင်တဲ့ကောင်၊ လတ်လျားလတ်လျား ပေါ့



www.burmeseclassic.com

www.burmeseclassic.com



ပေါ့နေ ပေါ့ပေါ့စား၊ နေဂုဏ်ရောင်ရဲ့သားလို့ပြောရမှာတောင် ရှက်ဖို့ကောင်းတယ်၊ မင်းအမေရဲ့ဘက်ကစရိုက်တွေ ညာဉ်တွေပါလာတာ''

''ဘာ ဘာပြောတယ် ကိုနေဂုဏ်ရောင်''

ဒေါ်ကျော့နန္ဒာ ဆတ်ဆတ်ခါသွားသည်၊ ဒီယောကျ်ားက အမြဲတမ်း စကားများပြီဆို ဆွေဂုဏ်မျိုးဂုဏ်ကို ထိခိုက်လိုက်ရမှ။

သူတို့မျိုးရိုးလောက်မချမ်းသာဘူး၊ အဆင့်အတန်းမရှိဘူးလို့ နှိမ့်ချချင်နေတာပါ။ မိမိကလည်း သည်းမခံနိုင်တာ။

လင်ရယ်မယားရယ် အိမ်ထောင်တစ်ခု၊ မိသားစုတစ်စု ဖြစ်လာပြီးမှ သားသမီးအထင်သေးအောင် ဒီလိုပဲ ပြောနေတော့မှာလား။ ဒေါသဖြစ်လာသည်မို့ ဦးနေဂုဏ်ရောင်ကို မျက်စောင်းဝင့်၍ကြည့်ပစ်လိုက်ကာ

''ရှင်က သိပ်ကိုအမျိုးဂုဏ်မြတ်နေတော့ ပြောအားရှိတာပေါ့လေ၊ ဆင်းရဲနွမ်းပါးတဲ့ကျွန်မက ဆင်းရဲချို့တဲ့တာပဲရှိတယ်၊ အကျင့်စာရိတ္တပျက်တဲ့မိန်းမမဟုတ်ဘူး ဦးဂုဏ်ရောင်၊ ရှင့်အပေါ်ဖောက်လွဲဖောက်ပြန်လုပ်ခဲ့ဖူးလား။ အိမ်ထောင့်တာဝန်ရော မကျေခဲ့တာရှိလား''

''အေး အဲဒါတွေကြောင့် ငါကလည်း သစ္စာရှိရှိ ပေါင်းသင်းနေတာပေါ့၊ မင့်သားကသာ မင်းတို့စရိုက်လို အဆင့်အတန်းမြင့်မြင့်မနေတတ်လို့ပြောနေရတာ''

''သားက ရှင့်လိုအမြဲတမ်းဒေါသကြီး အော်ငေါက်မာန်မဲနေတဲ့ဖအေနဲ့ အလုပ်အတူတူလုပ်ချင်ပါ့မလား၊ အဲဒါကြောင့် သူများဆီမှာလုပ်ရတာကမှ စိတ်ချမ်းသာဦးမယ်ဆိုပြီး ဆုံးဖြတ်လိုက်တာနေမှာပေါ့၊ တော်ရုံဆို သူဌေးသားတစ်ယောက်က အဲလိုလုပ်ပါ့မလား၊ ရှင် စဉ်းစားပြီးဆုံးဖြတ်သင့်တာ ဆုံးဖြတ်ပေးလိုက်ဦး''





''ဟ မိန်းမရသွားရင် သူ့အိမ်ထောင်နဲ့သူဖြစ်သွားရင် ဒီကောင်ခြေငြိမ်သွားမယ်၊ သူ့မိသားစုသူ့ဘဝအတွက် ကြိုးစားချင်စိတ်ရှိလာမယ်၊ ငါက သူ့ကိုယ်သူ တိုးတက်အောင်မြင်ချင်စိတ်ရှိအောင်လို့ လုပ်ပိုင်ခွင့်တောင်လွှဲပေးမယ်လို့ပြောနေတာ၊ သူ့ကိုယ်ကိုယုံကြည်စိတ်ချရပြီဆိုရင် ကုမ္ပဏီကိုတောင် ငါမသွားဘဲနေလိုက်ဦးမယ်''

ဦးနေဂုဏ်ရောင် ပြောနေတာကို မယုံနိုင်သလို မင်းဂုဏ်ရောင် နှာခေါင်းရှုံ့သွားလျက်

''ဒယ်ဒီက တစ်သက်လုံး သားကိုယုံကြည်စိတ်ချရမှာမဟုတ်ဘူးဆိုပြီး စိမ်ခန့်ခွဲမှုတွေနဲ့ အမိန့်တွေပေးနေဦးမှာမဟုတ်လား၊ စိတ်တိုင်းကျမှာလည်း မဟုတ်ဘူး၊ အဲဒါဆိုရင် လူရှေ့သူရှေ့ အော်ဟစ်ပြောဆိုနေတာနဲ့ သားလည်း ဘာဂုဏ်သိက္ခာမှ ကျန်မှာမဟုတ်ဘူး''

''အဲလိုအလုပ်မခံချင်ရင် မာနနဲ့ကြိုးစားပေါ့ကွ၊ လူဆိုတာ မခံချင်စိတ်ရှိရင် သူများထက်တော်အောင် လုပ်နိုင်ရတယ်၊ မင်းလိုမျိုးရှောင်ပြေးနေတဲ့ကောင်က ဘယ်တော့မှ အသုံးကျမှာမဟုတ်ဘူး''

''ရှင် ကျွန်မသားကို အဲလောက် မှိုချိုးမှျစ်ချိုး မပြောပါနဲ့၊ လူငယ်ဆိုတာ ဒီလောက်တော့ လွတ်လပ်မှုရှာမှာပဲ''

''အေး မင်း အဲလိုပဲ မြှောက်ပင့်ပေး၊ ဟွန်း၊ စရိုက်ကိုက ဘယ်တော့မှ မြင့်တင်ပေးလို့မရဘူး၊ မင်းတောင်မှ ငါ့ကိုယူလို့ လူတစ်လုံးသူတစ်လုံးဖြစ်နေတာ''

''ဟုတ်တယ် ဟုတ်ပါတယ်ရှင်၊ ရှင့်ကိုသာ မယူဖြစ်ရင် ကျွန်မက ဆင်းရဲသားဘဝက လွတ်မှာမဟုတ်ပါဘူး၊ သူများကကျောင်းထားပေးမှ ကျောင်းနေရတဲ့ဘဝပါ၊ မိဘကမကျွေးနိုင်လို့ အဲဒီအိမ်မှာ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်ပြီး ထမင်းတောင်းစားရတဲ့တဝက ကျွတ်မှာမဟုတ်ပါဘူးတဲ့ရှင် ကျေးဇူးရှင်ကြီးရဲ့''

ဒယ်ဒီနှင့်မာမီက ထုံးစံအတိုင်း ငယ်ကျိုးငယ်နာတွေ ဖော်ကာ ပြဿနာတက်ရန်ဖြစ်နေကြပြန်သည်။ သူလည်း ဒါတွေကို စိတ်ကုန်တာ။ အမြဲတမ်း ရန်ပွဲကမပြီးဆုံးနိုင်။

ကြွရင်ကြွသလို စားပွဲသောက်ပွဲမှာလည်း ပြဿနာထဖြစ်ချင် ဖြစ်ကြသည်။ ညအိပ်ရာဝင်လည်း ဆူသံညံသံတွေကြားချင်ကြားရတတ်တာပါ။ ဒါကြောင့်လည်း သူ့အိမ်မှာသိပ်မနေဖြစ်သလို အပြင်မှာ သူငယ်ချင်း ဖော်တူးနှင့် စားသောက်လာခဲ့သည့်နေ့က များသည်။ ဒယ်ဒီရှိသည့် နေ့ဆို အိမ်မှာကိုမနေချင်။

သူ့ကိုမြင်တိုင်း မိန်းမပဲပေးစားချင်နေတာ။ ဘာလုပ်ဖို့လဲ၊ မိန်းကလေးတွေကို စိတ်ကိုမဝင်စားချင်။

အင်း မဝင်စားဘူးဆိုကာမှ ကောင်မလေးတစ်ယောက်ကတော့ စိတ်ဝင်စားစရာကောင်းနေခဲ့သည်။ တကာယ့်ကို ဆတ်ဆတ်ကြဲပါ။ မြကျေးညိုတဲ့။ နာမည်လေးက သိမ်မွေ့ညင်သာနူးညံ့သလို လှကဝင်းဝါနုညက်သော အသားအရေနှင့် ဆွဲဆောင်မှုချောလှပါလျက် ဘာကြောင့်များ ဒီလောက်ကြီး ကြမ်းတမ်းရပါသလဲ။

အဲ ကြမ်းတမ်းတာမဟုတ်တဲ့ ရှင်းရှင်းဘွင်းဘွင်း ပွင့်လင်းသည့် မိန်းကလေးလား။ ဒီကောင်မလေးဆို အကြွေးတောင်းရဦးမှာပါ။ ဟား ဟား နှစ်သောင်းကျော်ကြီးများတောင်။ သူ့လိုတစ်နေ့သိန်းချီသုံးနေသည့် လူအတွက် ပိုက်ဆံနှစ်သောင်းကျော်က ဘာမှမဖြစ်လောက်ဘူးဆိုပေမယ့် တမင်ညစ်ပြီး ရအောင်ကိုတောင်းမှာ။





''ဟိတ်ကောင် မိဘတွေရန်ဖြစ်နေတာကို မင်းက ဘာပြုံးစိစိ လုပ်နေတာလဲ၊ အရမ်းကို ရန်ဖြစ်စေချင်နေတယ် ဟုတ်လား''

''ဟာ မ မဟုတ်ပါဘူး ဒယ်ဒီ၊ ရယ်စရာတစ်ခု တွေးမိလို့ပါ''

''အေး သူငယ်ချင်းအကြောင်း တွေးတာကိစ္စမရှိဘူး၊ ရည်းစားအကြောင်းတော့ မတွေးမိစေနဲ့နော်၊ ငါ မင်းကို ဦးအောင်ဇင်သမီးနဲ့ ပေးစားမှာ''

''ဒယ်ဒီတို့ ဖွတ်လုပ်ရင် သား ဒီအိမ်က ဆင်းမယ်''

''အောင်မာ မင်းကများ စိန်ခေါ်နေသေးတယ်၊ ဟိတ်ကောင် ကြိုက်သလိုလုပ်၊ မိဘက ကောင်းစေချင်လို့ စီမံတာကို မနာခံလည်း မင်းသဘောပဲ''

''သား မင်းစိတ်ထင်ရာမလုပ်နဲ့နော်၊ မင်းဒယ်ဒီကို အရွဲ့တိုက်ပြီး မာမီကို စိတ်ဆင်းရဲအောင်တော့ မလုပ်နဲ့''

''မသိတော့ဘူးဗျာ၊ စိတ်ညစ်တယ်''

''ကြည့် ကြည့် ဒီကောင် သောက်ချိုး။ အဲဒါ မင်းအလိုလိုက်လို့ ဖြစ်တာ''

''အဲဒါ ရှင့်ကြောင့် ရှင့်ကြောင့်''

အိမ်ပေါ်မတက်တော့ဘဲ ပြန်ထွက်လာတော့ နောက်မှာအသံဗလံတွေ တိုးတိတ်စွာ ကျန်ရစ်ခဲ့သည်။ ဒီလိုပူညံပူညံ စိတ်ညစ်စရာတွေကြောင့် သူ အိမ်မကပ်ချင်တာပါ။

ဒါကြောင့် သူသွားနေကျနေရာကိုပဲ . . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

“ဟကောင်ကြီး စောလှချည်လား”

“စောမနေနဲ့ ဆိုင်ဒိုးမယ် လာ”

“အေးပါ ငါလည်းမင်းစောင့်နေတာပါ၊ ဒေါ်လေးရေ မင်းဂုဏ်လာလို့ သွားပြီဗျို့”

“အေးဟေ့ အပြန်ကျ ငါ့ဖို့ ခေါက်ဆွဲကြော်လေးဆွဲခဲ့ဦး”

“ဟုတ်ပြီ ဒေါ်လေးရေ၊ ဇော်တူးနဲ့ဝယ်ထည့်ပေးလိုက်မယ်”

ရှေ့နှင့်နောက် အော်ဟစ်ပြောဆိုကြပြီးမှ အိမ်ရှေ့မှာ ငှားလာခဲ့သော တက္ကစီကားနှင့်ထွက်လာခဲ့ကြသည်။ ဇော်တူးနှင့်ချိန်းဖို့က ဖုန်းဆက်ပြောလျှင်ရသော်လည်း တစ်ခါတစ်ရံ အိမ်ကို ဒီလိုမျိုးလာခေါ်နေကျပင်။ ဇော်တူးက မိဘတွေမရှိတော့တဲ့ ဒေါ်လေးမိသားစုနှင့်နေပြီး ဘွဲ့ရပြီးတည်းက စက်ရုံတစ်ခုမှာ အလုပ်ဝင်ခဲ့သည်။ ဒါကြောင့်မို့ ကျောင်းတုန်းကလို ဇော်တူးနှင့်အချိန်တိုင်း တွေ့ချင်သလိုတွေ့လို့မရ။





ဇော်တူး ရုံးပိတ်ရက်နှင့် ရုံးပြန်ချိန်လောက်သာ ဘီယာဆိုင်ထိုင်ဖြစ်ကြသည်။

“ဟိတ်ကောင် မင်းမျက်နှာတင်းနေပါလား၊ ဒီနေ့ရောသီဥတုအခြေအနေမကောင်းဘူးလား”

“ထုံးစံအတိုင်းပေါ့ကွာ၊ ညစ်လို့ထွက်လာတာ”

“မင်းမညစ်တဲ့နေ့ကိုမရှိဘူး”

“ငါ့ဘဝက အဲလိုကို ဖြစ်နေတာ၊ နောက်ဘဝကျရင် အဘွားကြီးဘဲ့မိဘတွေနဲ့ မတွေ့ရပါစေနဲ့လို့ ဆုတောင်းတယ်”

“ဟား မင်းကတော့ ပြောင်းပြန်ပြောနေပြန်ပြီ၊ မင်းရဲ့မိဘတွေက မင်းလိုသားမျိုးနဲ့မတွေ့ပါစေနဲ့လို့ ဆုတောင်းရမှာ၊ မွေးရကျွေးရကျိုးနပ်လို့လေ၊ သူတို့စကားကို မင်းဘာတစ်ခွန်း နားထောင်ဖူးလို့လဲ”

“ဟ လူငယ်တစ်ယောက်လုပ်ပိုင်ခွင့်မှန်သမျှ အကုန်ပိတ်ပင်ဘားဆီး အမိန့်အာဏာတွေသုံးနေတာ၊ ဘယ်သူက ခံနိုင်မှာလဲ၊ မင်းက မိဘတွေကောင်းကျိုးဆိုးကျိုးကို မခံစားရတာ၊ အရမ်းကံကောင်းတယ်”

မင်းဂုဏ်ရောင် ပြောနေပုံက တကယ်ကိုစိတ်ကုန်လို့ ခြေလွှတ်သက်လွှတ်ပြောနေသလိုပင်။ ထိုင်နေကျဆိုင်ကို ရောက်လာတော့ စားပွဲထိုးလေးက ထုံးစံအတိုင်း ဘီယာနှင့်အမြည်းတွေလာချ၏။

“မင်းက ဘယ်လောက်စိတ်ညစ်ညစ် အရက်တော့ မသောက်ဘူးနော်”

“ဒါတောင် ကြိုက်လို့မဟုတ်ဘူး၊ စိတ်ထွက်ပေါက်အနေနဲ့သောက်တာ၊ ကျောင်းတုန်းကလို တခြားသူငယ်ချင်းတွေနဲ့လည်း တွဲစရာမရှိဘူး၊ အဲဒီကောင်တွေနဲ့တွဲလို့ရသေးရင် ဒီထက်တောင် ပိုကဲလိုက်



www.burmeseclassic.com

www.burmeseclassic.com



ချင်တယ်''

''စိတ်လျှော့ စိတ်လျှော့ ငါ့ကောင်၊ အသက်တွေကြီးနေပြီ၊ အသိတရားလေးဘာလေးရဦး၊ မင်းအလုပ်လုပ်ဖို့ စိတ်မကူးဘူးလား၊ မင်းအဖေကုမ္ပဏီမှာ မလုပ်ချင်လို့တခြားကုမ္ပဏီမှာ ငါ့မှတ်ပုံတင်နဲ့ ဖောင်တင်ထားတယ်မဟုတ်လား''

''အေး အဲဒါ ငါပြောမလို့၊ ဒီနေ့ အင်တာဗျူးဖို့ဖုန်းဆက်လို့သွားတယ်''

''ဟုတ်လား အခြေအနေ၊ ဘယ်နေ့အလုပ်ဆင်းရမှာတဲ့လဲ''

''မပြောချင်တော့ပါဘူးကွာ''

''ဘာလဲ မင်းအောင်လက်မှတ်တွေနဲ့ သူတို့လိုတဲ့အရည်အချင်းနဲ့ အဆင်မပြေလို့လား''

''မဟုတ်ဘူး ကောင်မလေးတစ်ယောက်ကြောင့် သွားကိုမဖြေလိုက်ရတာ''

''ဘာ ကောင်မလေးတစ်ယောက်ကြောင့်၊ ဘာလဲဟ စိတ်ဝင်စားစရာပဲ ပြောစမ်းပါဦး''

အရမ်းကိုပြောပြချင်နေသော မင်းဂုဏ်ရောင်က ဘီယာကို တစ်ဝက်လောက် မော့သောက်ပြီးမှ ပြုံးဖြဲဖြဲမျက်နှာနှင့်

''ချောတော့ ချောသားကွ''

''ဘယ်မှာဆုံတာလဲ''

''ကားပေါ်မှာ''

''ဟာ မင်းထောက်လှမ်းရေးလုပ်ရင်းနဲ့လား''

''အာ ပါးစပ်ကြီးက စည်းမရှိကမ်းမရှိနဲ့''





''မသိဘူးလေ မင်းဝါသနာပါလို့ လိုင်းကားစီးနေတာလားလို့''

''ဒယ်ဒီက သူ့စကားနားမထောင်လို့ ကားသိမ်းထားတာ သိရဲ့သားနဲ့ သွားလေရာ တက္ကစီစီးနေရင်လည်း ငါ့အသုံးစရိတ်ကလောက်မှာ မဟုတ်ဘူး၊ ဒယ်ဒီ့ဆီက အမြဲတမ်း ပိုက်ဆံတောင်းလို့မရဘူးကွ၊ မာမီ့ဆီက တောင်းနေတာ သိတော့လည်း မာမီ့ကိုငွေစာရင်းစစ်တယ်၊ အဲဒါကြောင့် ငါလည်း အလုပ်အရမ်းလုပ်ချင်နေတာ၊ အိမ်ကနေ အောက်ကျခံပြီးကို ပိုက်ဆံမတောင်းချင်တော့ဘူး''

''လွတ်ကင်းသေးတာလည်းမဟုတ်ဘဲနဲ့ မာနကကြီးချင်သေးတယ်၊ အခုထိ မိဘဆီက လက်ဝေခံပဲရှိသေးတာ မဟုတ်လား၊ သုံးဖို့ဖွဲ့ဖို့ အမျိုးမျိုးလှည့်ပတ်တောင်းနေပြီးတော့''

''အေး ဒီနေ့တော့ တောင်းချိန်ကို မရခဲ့တာ၊ မင်းဒီနေ့ လစာထုတ်တယ်မဟုတ်လား၊ မင်းတိုက်ရမှာနော်''

''အေးပါ သူဌေးသားရယ်၊ မင်းကျွေးမွေးလာတာ စားသောက်လာခဲ့လို့ ဒီလောက်တော့ ငါမနှမြောပါဘူး၊ စိတ်ကြိုက်သုံးဆောင်ပါကွာ၊ ဒါနဲ့ မင်းလက်ထဲအခုလိုမျိုး ပိုက်ဆံတစ်ခါမှ မပြတ်ဖူးပါဘူး''

''အေး လုံးဝပြတ်သွားတာ ဟိုကောင်မလေးကြောင့်ကွ''

''ဘယ်လို''

သောက်လက်စ ဘီယာခွက် စားပွဲပေါ်ပြန်ချမိသောက်အောင် ဆော်တူး စိတ်ဝင်စားသွားသည်။ မင်းဂုဏ်ရောင်က အသားကင်တစ်ဖတ်ကို မြိန်ရေယှက်ရေ ဝါးပြီးမှ

''အဲဒီကောင်မလေး တကယ်ကို ချစ်စရာကောင်းလေးကွ၊ သူ့ကိုယ်သူ သူဌေးသမီးကျနေတာပဲ စတိုင်နဲ့မလိုင်နဲ့ ကြီးကြီးကျယ်ကျယ်တွေလည်း



www.burmeseclassic.com

www.burmeseclassic.com



လျှောက်အော်သေးတယ်၊ ပြီးတော့ စလင်းဘတ်အိတ်ထဲမှာ တက္ကစီဖိုး တောင် မပါဘူး''

''ဟာ ဟုတ်လား။ မင်းလိုသူဌေးသားက အခန့်မသင့်လို့ ရာထူး ကျတာမျိုးလား''

''ဟင့်အင်း အထည်ကြီးပျက်ဖြစ်ရမယ်၊ မာနကြီးတာလိုလို ကြီးကျယ်တာလိုလိုနဲ့ ငါ့ပိုက်ဆံတောင် ချက်ချင်းအကြွေးမဆပ်နိုင်ဘူး၊ အလုပ်ရပြီး လစာထုတ်မှ ဆပ်ပါရစေတဲ့''

''ဟာ မင်းဆီက ပိုက်ဆံချေးတာလား။ မင်းနဲ့ဘယ်လိုပတ်သက် သွားပြီး''

''ဒီလို''

ဘီယာလေးငုံပြီး မင်းဂုဏ်ရောင် နောက်ကြောင်းပြန်ရှင်းပြလိုက် သည်။ ဇော်ထူးက နားထောင်ပြီး ဟက်ဟက်ပက်ပက် ရယ်ချ၏။

''ဟား ဟား မင်းဂုဏ်ရောင်တို့က ဖြစ်ရမယ်၊ အဲဒီကောင် မလေးက မင်းကိုအချဉ်ဖမ်းသွားတာမဟုတ်ဘူးလား''

''မဟုတ်ဘူးကွ၊ သူ့အိမ်ကို ငါလိုက်ကြည့်ခဲ့တယ်၊ ငါထင်သလို အထည်ကြီးပျက်ပဲဖြစ်ရမယ်၊ တစ်ထပ်တိုက်လေးနဲ့ကွ၊ အိမ်ရှေ့မှာ သူ့ အမေက မုန့်ဟင်းခါးရောင်းတယ်၊ သူပြောတာက သူ့မှာမောင်လေးတစ် ယောက် ညီမလေးတစ်ယောက်ရှိတယ်တဲ့၊ သူ့အဖေရှိတုန်းက သူတို့က အဆင်ပြေပြေဆိုပဲ၊ သူလည်း အဲဒီနေ့က ငါလျှောက်တဲ့ကုမ္ပဏီမှာ အင်တာဗျူးဖြေဖို့လာတာ''

''နာမည်က''

''မြကျေးညို''





''နာမည်ကတော့ ယဉ်သားပဲ''

''လူကလည်း နုဖတ်ပြီးလှပါတယ်၊ မရင့်ကျက်သေးတော့ ကလေးဆန်တယ်ပဲပြောရမလား။ ဒါပေမဲ့ အလန်းနော် စွာလိုက်တာမပြော နဲ့ အစားအသောက်ဆွဲတာလည်း အငတ်တိုင်းပြည်က လာတဲ့အတိုင်းပဲ၊ အငမ်းမရကို ဆွဲတာ''

''အေးပါ ငါကတော့ မင်းကိုနိုင်မယ့်သူ ပေါ်လာတယ်လို့ အောက်မေ့တယ်၊ ဖူးစာဖြစ်နေမလားတောင် မပြောတတ်ဘူး''

''ထင်မနေနဲ့၊ ငါ့ကိုအိမ်က မိန်းမပေးစားမှာ ရည်းစားထားဖို့ တောင် မစဉ်းစားနဲ့တဲ့''

''သြော် မင်းကမိဘစကား နားထောင်မယ့်ကောင်ကိုး''

ဇော်ထူးပြောတော့ ကိုယ့်ကိုယ်ကိုယ် သဘောကျသွားသည်။ အမှန်ပင်။ သူ့ကို ဘယ်သူမှ ချုပ်ကိုင်လို့ရမှာမဟုတ်။ ကိုယ့်လမ်းကိုယ် လျှောက်ပြီး ကိုယ့်ခြေထောက်ပေါ်ပဲ ကိုယ်ရပ်ချင်တာ။ မိဘအားထားမိလို့ ဘဝကိုလိုသလို ပုံသွင်းအသုံးချမှာတော့ မခံနိုင်။ ကားမောင်းခွင့်မပေး သည်းနေ။

ငွေမသုံးရလို့ အမိန့်ထုတ်လည်း ကိစ္စမရှိ၊ ရာထူးနေရာရဖို့ထက် စိတ်ချမ်းသာစွာနေခွင့်ပဲရချင်သည်။

''မင်းဂုဏ်''

''ဘာလဲ''

''ဘာတွေတွေးပြီး ပြုံးနေတာလဲ စပ်ဖြဲဖြဲနဲ့''

''မြကျေးညိုကို သတိရလို့ကွ၊ ကောင်မလေးက တော်တော် နုပ်စရာကောင်းတယ်၊ ဒါပေမဲ့ စွာတာကလည်း အမြင်ကတ်စရာကောင်း



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ကူညီတာကို ကျေးဇူးတင်ရကောင်းမှန်းမသိ ကက်ကက်လန်နေတာပဲ၊ အဲဒါကြောင့် ငါအမြင်ကတ်ပြီး ပိုက်ဆံရအောင် တောင်းမယ်လို့ ဆုံးဖြတ်လိုက်တာ''

''မင်းစိတ်က နှစ်မျိုးပါလား၊ ချစ်စရာကောင်းတယ်ပြောလိုပြော၊ အမြင်ကတ်တယ်ပြောလိုပြောနဲ့၊ ဒီကောင်မလေး ဆွဲဆောင်မှုရှိလို့ဆိုတာ ငါ ယုံသွားပြီ''

''ဟ ဘာကိုဆွဲဆောင်မှုရှိတာလဲ''

''ဆွဲဆောင်မှုတစ်ခုခုမရှိဘဲ ဘာဖြစ်တယ် ညာဖြစ်တယ် ခံစားမိပါ့မလား၊ ဟိတ်ကောင် ငါနဲ့တစ်ခါလောက် တွေ့ပေး''

''ငါတောင် နောက်ထပ် ဘယ်လိုတွေ့ရဦးမလဲ စဉ်းစားလို့မရဘူး''

''အကြွေးသွားတောင်းပေါ့၊ အကြောင်းရှာလို့ လွယ်နေတာပဲ''

''ဟုတ်သားကွနော်''

မင်းဂုဏ်ရောင် မျက်နှာ မှိုရသလို ပြုံးရွှင်သွားသည်။ ဘီယာခွက်ကို အမှတ်မရတော့သလို သောက်လည်းမသောက်၊ အမြည်းလည်း မစားတော့ဘဲ စပ်ဖြဲဖြဲမျက်နှာကြီးနှင့်

''အဲဒီကောင်မလေးနဲ့တွေ့တာ ငါ့ရင်ထဲမှာ တစ်ခုခုတော့ ထူးခြားတယ်ကွ၊ ငါ့ရင်ခွင်ထဲ မိန်းကလေးတစ်ယောက်ကို တစ်ခါမှ မဖက်ပွေ့ဖူးဘူးလေ၊ မိန်းကလေးရဲ့ကိုယ်သင်းရနံ့ဘယ်လိုမှန်းတောင် မသိဘူး အခုက တစ်နေ့တည်းနဲ့ သုံးခါလောက်ကို ဖက်လိုက်ရတာ၊ ပြီးတော့ တစ်ချိန်လုံး သူ့ကိုယ်လေးကိုတွဲဖက်ထိန်းထားရတယ်၊ သူတော့ ဘယ်လိုနေမယ်မသိဘူး၊ ငါတော့ ရင်ခုန်သလိုလို ထူပူလှုပ်ရှားနေတာပဲ''





''လူပျိုပေါက်လေးလည်း မဟုတ်တဲ့နဲ့ အဲလောက်ကြီး စိတ်လှုပ်ရှားနေရလားဟ အရူးရ''

''ငါမှ မိန်းကလေးနဲ့ထိတွေ့ဆက်ဆံဖူးတာမှ မဟုတ်ဘဲကွာ၊ ဒါပထမဦးဆုံးပဲ၊ ဒါပေမဲ့ နည်းနည်းတော့ တစ်မျိုးပဲ''

''ဘာတစ်မျိုးလဲ''

''စွာတယ်ကွ ဟို''

''အမယ်လေးကွာ စွာတာ ဘာဖြစ်လဲ ရင်ခုန်မှုတောင် ပိုကောင်းသေး၊ သဘောကောင်းနေရင်မှ စိတ်ညစ်ရဦးမယ်''

''ဒီမှာ''

''ဟင်''

သူတို့ကို လက်တို့ခေါ်လိုက်ပြီး စားပွဲဝိုင်းမှာ ဝင်ထိုင်လိုက်သူက အခြောက်မနှစ်ယောက် ဖြစ်နေသည်။ တခြားစားပွဲဝိုင်းမှာ ရှိနေသလားတောင် သတိမထားမိဘဲ ဘယ်လိုရောက်လာသည်မသိ။

မျက်နှာတွေက ပြိတ်တီနှင့်အရော ဝင်ချင်သည့်ပုံစံမို့ မင်းဂုဏ်ရောင် ခပ်တင်းတင်းနေလိုက်သည်။ ဇော်တူးကတော့ ဒီလိုအခြောက်တွေကိုမှ စိတ်ဝင်စားတတ်သည့်အကျင့်ရှိသူပီပီ ငမ်းကြောထနေသည်။

''ဟိုလေ ခုနကပြောနေတာ မိန်းကလေးတွေနဲ့ တစ်ခါမှ ထိတွေ့မဆက်ဆံဖူးဘူးဆို''

''ဟုတ်တယ်လေ ဘာဖြစ်လို့လဲ''

''ဟယ် သေချာအောင်လို့ လာမေးတာ၊ တို့ကလေ အဲလိုလူမျိုးနဲ့မှ တွေ့ချင်တာ သိလား၊ တို့ကလေ မိန်းကလေးစစ်စစ်တွေထက် အပြုစုကောင်းပါတယ်၊ တို့နဲ့တွဲပါလားဟင် ဟင်လို့''



www.burmeseclassic.com

www.burmeseclassic.com



“ဟာ ဘာကြီးလဲ၊ ဖော်တူး မင်းဟာတွေ မင်းကြည့်ရှင်း”

“အာ ဘယ်ကငါ့ဟာရမှာလဲ၊ ငါနဲ့မသိပါဘူး”

“ဘာမသိရမှာလဲ၊ မင်းပဲ ဒါမျိုးတွေနဲ့ပေါင်းတတ်တာ”

“တကယ်ပါကွာ ငါတကယ်မသိပါဘူး”

“အဲဒါဆိုလည်း ရှေ့မယ်ကွာ၊ အာရုံနောက်တယ်”

“ဟယ် အဲလိုထွက်သွားလို့တော့ မရဘူးနော်၊ သူစိမ်းဆန်ရင် စိတ်ဆိုးလိုက်မှာ”

“ဟုတ်တယ် တို့ဝိုင်းအတွက်ပါ ရှင်းပေးပြီးမှ ပြန်လို့ရမှာနော် မဟုတ်ရင် ရေဆုံးမြေဆုံးထိ တို့ကလိုက်မှာ”

“ဖော်တူး လုပ်ကွာ၊ ရှင်းလိုက် ရှင်းလိုက်၊ တကယ်မြွေဖမ်းတာပဲ”

မင်းဂုဏ်ရောင် အိမ်ကပြဿနာထက်ပိုပြီး အာရုံနောက်သွားသည်။ ဒီလိုမျိုး ဗရုတ်ဗရက်မနေတတ်ပါ။ သူငယ်ချင်းအပေါင်းအသင်းတွေနှင့်ပျော်ပျော်နေတတ်ပေမယ့် ပျက်သည်အထိတော့ စိတ်တို့က မယိုင်နဲ့ပေ။

ဒီအခြောက်တွေ ဘယ်လိုက ဘယ်လို သူ့ကိုလာရောကြတာလဲ။ ဒီလိုမျိုး တစ်ခါမှ ပရောပရီ အလုပ်မခံရဘူးပေ။ ဖော်တူးကတော့ ပြုံးစိစိ။ ဒီကောင်က ဒါမျိုးမှ စိတ်ဝင်စားတတ်သူကိုး။

သူကတော့ ကြက်သီးတဖြန်းဖြန်းထလျက် . . . ။



## အခန်း (၆)

“ဟယ် တကယ်၊ ချိုချိုတို့နဲ့တွေ့ခဲ့တာ”

“ဟုတ်ပ့ါ မြကျေးညိုဆိုတဲ့အသံကြားကတည်းက ချိုတို့က နားစွင့်နေခဲ့တာ၊ အမယ်လေး ပြောနေလိုက်တာများလေ မြကျေးညို ချစ်စရာကောင်းတာလည်းပါတယ်၊ အမြင်ကတ်စရာကောင်းတယ်လို့ လည်းပြောတယ်၊ စွာလိုက်တာ ကက်ကက်လန်လိုက်တာနဲ့ သိလား ပြောတာများစုံနေတာပဲ”

“ချိုချိုက ဘယ်သူနဲ့သွားတာလဲ၊ သူငယ်နဲ့လား”

“မဟုတ်ပါဘူးနော် တို့ဘော်ဘော်နဲ့ပါ၊ သူက သူ့မွေးနေ့မို့ တို့ကိုတိုက်ချင်ကျွေးချင်ဘယ်ဆိုလို့ အဲဒီစားသောက်ဆိုင်ကို လိုက်သွားတာ၊ အံမယ် လုပ့်ကြ အလန်းနော်၊ စမတ်တော့ကျသလားမမေးနဲ့၊ သူငယ်ဖမ်းဖို့တောင် စဉ်းစားမိသေးတယ်”

“ဖမ်းလိုက်တာမဟုတ်ဘူး၊ ချိုချိုရုပ်ကို သူက ကြွေမှာပါ”



www.burmeseclassic.com

www.burmeseclassic.com



''ဟင့် တကယ်''

ချိုချိုက မေးထောက်ကာ နွဲ့ပြီးမေးနေသည်။ ချိုချိုကိုတော့ သူမ ခင်မင်သံယောဇဉ်ရှိ၏။ တစ်ရပ်ကွက်တည်းနေကြသလို အမေ မုန့်ဟင်းခါးဆိုင်မှာ အမြဲတမ်းဖောက်သည်ဖြစ်နေ၍ တစ်ယောက်အကြောင်းလည်း တစ်ယောက်သိကြသည်။

သူမမှာက အပေါင်းအသင်းလည်းများများမရှိပါ။ ကျောင်းမှာ ခင်ခဲ့သော သူငယ်ချင်းတွေကလည်း အိမ်ထောင်တွေကျ အလုပ်တွေရမှ အဆက်အသွယ်ပြတ်သွားကြသည်။ ရပ်ကွက်ထဲမှာပေါင်းဖြစ်တာဆိုလို့ ချိုချိုတစ်ယောက်သာရှိ၏။

ဒါတောင် ချိုချိုက အလှပြင်ဆိုင်မှာအလုပ်လုပ်နေတာမို့ အမြဲတမ်းတွေ့ဖြစ်တာမဟုတ်။ တစ်ခါတစ်ရံ သူမအပြင်ထွက်သည့်အခါမျိုးမှာ ချိုချိုက လိုက်ပေးတတ်သလို ဆိုင်မှာတော့ ခဏတစ်ဖြုတ် စကားပြောဖြစ်ကြသည်။

''ဟဲ့ မြကျေး ချိုချိုဖို့မုန့်ပွဲ လာယူဦးလေ၊ ဘာတွေများပြောနေကြတာလဲ၊ မုန့်စားဖို့တောင် မေ့နေတယ် ဟုတ်လား ချိုချို''

''မတွေ့ရတာကြာလို့ပါ အန်တီညိုရယ်၊ နောက် မြကျေးအလုပ်ရရင် ပိုတောင်တွေ့ဖြစ်တော့မှာမဟုတ်ဘူး''

''ညည်းဟာမအလုပ်ရော ဒီတစ်သက်ရပါဦးမလား၊ အင်တာဗျူးသွားဖြေတာတဲ့ ကြည့်ပါဦး ခြေထောက်မှာ ပတ်တီးနဲ့၊ နောက်ထပ် အလုပ်ခေါ်စာ အင်တာဗျူးကို ဘယ်နှလစောင့်ဦးမလဲ မသိဘူး''

''အမေကလည်း သူများတွေရှေ့မှာ အရှက်ရအောင်မပြောစမ်းပါနဲ့၊ ပေး ပေး ချိုချိုဖို့မုန့်ပွဲ၊ ခြေထောက်နာလို့ ချိုချိုနဲ့ခဏထိုင်စကားပြောလိုက်ဦးမယ်နော်''





''ဟွန်း မပြောလိုက်ချင်ဘူး၊ ဒဏ်ရာမဖြစ်စလောက် အကြောင်းပြပြီး ရေသာနိုဦးမယ်''

အမေ့မျက်စောင်းကို အပြုံးလေးဖြင့် ဥပေက္ခာပြုရင်း ချိုချိုကို မုန့်ပွဲပေးကာ အနားမှာဝင်ထိုင်လိုက်သည်။

''ချိုချို စားနေကျအတိုင်း ပဲကြော်နဲ့အမေထည့်ပေးလိုက်တယ်တား ချိုချို''

''အင်း အန်တီညိုလက်ရာကတော့ ကောင်းပြီးသားပါ၊ ဒါနဲ့ အဲဒီသူငယ်လေးနဲ့ ဘယ်လိုဆုံခဲ့ကြတာလဲ မြကျေး''

''ဟင် သူတို့ပြောတာ အကုန်ကြားတယ်ဆို၊ အဲဒါပဲထည့်ပြောဘူးလား''

''ဩော် သူတို့ထိုင်နေတာကြာမှ တို့တွေက ရောက်သွားတာဆ၊ အပြည့်အစုံကြားသင့်သလောက် မကြားရဘူးပေါ့၊ မြကျေးညိုဆိုတဲ့ အသံကြားမှပဲ နားစိုက်ထောင်လိုက်တာ၊ ဒါတောင် မကြားတစ်ချက်ကြားတစ်ချက်နဲ့ စိတ်မရှည်တော့လို့ သွားဝုန်းလိုက်တာလေ၊ တစ်ခါတည်း ပြေးလိုက်တာ တန်းနေတာပဲ''

ချိုချိုအပြောကြောင့် အမေ့မျက်စောင်းကို ဂရုမစိုက်နိုင်တော့ဘဲ မျက်ထိုးခွက်လန် အားရပါးရ ရယ်ချလိုက်မိသည်။

ရပ်တည်ကြီးနှင့် ကြီးကျယ်သော ထိုလူပုံစံကို မြင်ယောင်ပြီး မရယ်ဘဲမနေနိုင်တော့လို့ပါ။

''ဘီယာမိုးပါ ရှင်းနိုင်းလိုက်သေးတယ်၊ ချိုချိုပညာကတော့ အံ့ခန်းပဲ၊ နောက်လည်း အဲဒီလူနဲ့တွေ့ရင် အဲလို ပညာတွေထုတ်သုံး

လိုက်ဦးနော် မညှာနဲ့ သိလား''

''အသည်းပေါက်လေးကို မညှာမတာ ဘာတွေခိုင်းနေတာလဲ မြကျေးရယ်၊ တို့က သူစိတ်ညစ်အောင် တမင်လုပ်ချင်လို့ မဟုတ်ပါဘူး၊ နော်၊ သူ့ကိုကြည့်ပြီး အသည်းတွေယားလို့ သူငယ်ထောင်ချင်စိတ်ပေါက်လာတာပါ။ သူသာ ကြည်ဖြူရင် တို့က တစ်ဘဝလုံးပုံပေးလိုက်ချင်တာ''

''စိတ်ဝင်စားရင် ရအောင်ချဉ်းကပ်ပေါ့ ချိုချိုရယ်''

''အမယ်လေး မလုပ်ပါနဲ့၊ သူ့မျက်နှာကတင်းတင်းနဲ့ အော်လိုက်တာများ ရင်တွေကိုခုန်သွားတာပဲ၊ ဒါနဲ့ပြောဦးလေ သူနဲ့ဘယ်လိုဆုံတာလဲဆို''

ချိုချိုက မုန့်ဟင်းခါးတောင် မစားနိုင်ဘဲ မင်းဂုဏ်ရောင်အကြောင်း စိတ်ဝင်စားလျက်ရှိသည်။ မြကျေးညိုက အမေမကြားအောင် အစအဆုံး တိုးတိတ်စွာ ရှင်းပြလိုက်၏။

မင်းဂုဏ်ရောင် ရင်ခွင်ထဲရောက်ခဲ့ရသည့်အဖြစ်ကို ပြန်မြင်ယောင်ပြီး ရှင်းပြနေရသည့်အတွက် သူမ မျက်နှာလေး ရှက်သွေးများဖြင့် နီထွေးနေခဲ့သည်။

''အဟွတ် အဟွတ် အဟင်း''

''ဟဲ့ ဟဲ့ ချိုချို သီးသွားပြီ၊ ရေနွေးငှဲ့ပေးလိုက်ဦးလေ၊ မြကျေးရဲ့ ဒီကလေးမနှယ် ခက်လိုက်တာ၊ ငရုတ်သီးတွေအများကြီး ထည့်စားရင် အဲလိုဖြစ်တတ်တယ်၊ ဒုက္ခပဲနော် ဒီကလေးတွေ''

အမေ လှမ်းဆူတာကြောင့် ချိုချိုအတွက် ရေနွေးအမြန်ငှဲ့ပေးလိုက်ရသည်။

''ရော့ ချိုချို မြန်မြန်သောက်လိုက်''





''အင်း''

မြကျေးညို ငှဲ့ပေးသော ရေနွေးကို ပူမှန်းအေးမှန်းမသိ မော့သောက်လိုက်သော ချိုချိုမြာ

''အမယ်လေး အမယ်လေးတော် ပူလိုက်တာ မြကျေးရယ်၊ ဘယ်လိုလုပ်လိုက်တာလဲ သေတော့မှာပဲ''

''အမေက ငှဲ့ပေးဆိုလို့ ငှဲ့ပေးလိုက်တာလေ၊ ကိုယ့်ဘာသာ မပူအောင်မှုတ်သောက်ပေါ့၊ ရေနွေးကိုမှုတ်သောက်ဖို့တော့ သတိမရဘဲနဲ့''

''ရေနွေးကို မှုတ်သောက်ဖို့ သတိရပါ့မလား၊ ဟို တို့မှုတ်ချင်ဘာက''

''ဘာလဲ ဘာမှုတ်ချင်တာလဲ''

''အဟင်း ဘာ ဘာမှမမှုတ်ဘူး၊ မင်းဂုဏ်ရောင်ရဲ့ရင်ခွင်ထဲ သုံးခါတောင်ရောက်သွားတယ်ဆိုတာကို ရင်တွေခုန်လို့ပါ''

''ရင်ခုန်စရာလား၊ ချိုချိုရောက်တာမှ မဟုတ်တာ''

''ဩော် မြကျေးအစား ရင်ခုန်တာပေါ့ဟယ်၊ သူ့ရင်ခွင်ကြီးက အကျယ်ကြီးလားဟင် နွေးပြီးအေးနေတာပဲလား''

''နွေးတာတွေ အေးတာတွေ ဘာတွေလျှောက်ပြောနေတာလဲ၊ ဘယ်လိုမှန်းတောင်မသိဘူး''

''အဲဒါတော့ မြကျေး ပေါ်တင်ကြီးကိုညာတာပဲ၊ တို့လို အချင်းချင်းတောင် အဲလိုဖြစ်ရင် ရင်ခုန်သေးတာ၊ ဆန့်ကျင်ဘက်မိန်းကလေးက ဘယ်လိုမှမနေဘူးဆိုတာ ဖြစ်နိုင်ပါ့မလား''

''ချိုချိုနော် ဘယ်လိုမှမနေပါဘူးဆိုတာကို''

''ဟုတ်ရဲ့လားဟယ်''

www.burmeseclassic.com



"ဟုတ်ပါတယ်ဆို"

သူမတို့ငြင်းခုန်နေတာကို အမေကြားသွားသည်ထင်သည်။ မုန့်ဟင်းခါးလာစားတဲ့သူတွေ ရှင်းသွားတော့ အနားမှာလာထိုင်၏။

"ဟုတ်တယ် မဟုတ်ဘူးနဲ့ ဘာတွေငြင်းခုန်နေကြတာလဲ၊ အရေမရ အဖတ်မရတွေပြောနေကြတာလား"

"မ မဟုတ်ပါဘူး အန်တီညို၊ အလုပ်ကိစ္စ အဆင်မပြေသေးဘူးလားလို့ မြကျေးကို မေးနေတာ၊ အဲဒါ ဟိုနေ့က အင်တာဗျူးသွားဖြေတဲ့အကြောင်းပြောနေတာလေ၊ အဆင်မပြေခဲ့ဘူးတဲ့ ဟင်း ဟင်း"

"ပြေစရာအကြောင်းရောရှိပဲ့မလား၊ ကိုယ်ပိုင်ကားမစီးနိုင်ဘဲလိုင်းကားတိုးစီးပြီး သူက သွားကြိုးကျယ်နေတယ်၊ ဟိုက ကားနဲ့ဖိကြိတ်နင်းပြီး သတ်မသွားတာကံကောင်း၊ လူဆိုတာ သူ့အကျိုးပေးနဲ့သူ လုပ်ကိုင်စားသောက်နေကြရတာ၊ သူတို့မှာလည်း သူတို့မိသားစုအတွက် လောက်အောင်ရှာနေရတာလေ၊ အုံနာကြေးနဲ့လမ်းကြေးနဲ့ အဲလိုမရှာလို့ ဖြစ်မလား၊ ကိုယ်ချင်းစာတရားရှိကြမယ်ဆိုရင် ဘယ်သူ့ကိုမှ မတရားဘူးလို့မထင်ကြတော့ပါဘူး၊ အမိကက ငါတို့ရော ဘာလုပ်စားမလဲ၊ မိသားစုအတွက် ဘယ်လိုတာဝန်ယူရမလဲ အဲဒီအသိစိတ်လေးဝင်ဖို့ပဲ"

"အမေရယ် သမီးလည်းအလုပ်အရမ်းလုပ်ချင်လို့ လျှောက်နေတာပါပဲ"

"ဟဲ့ အလုပ်ရွေးတဲ့သူအတွက် အလုပ်ရှားမှာပဲ၊ ကိုယ်တတ်ထားတဲ့ပညာနဲ့မတန်ဘူး မလုပ်နိုင်ဘူး ဘဝင်မြင့်မနေဘဲ ရတဲ့အလုပ်ဝင်လုပ်မှဖြစ်မှာပေါ့။ ကဲ ချိုချို ညည်းကိုငါအကူအညီတစ်ခုတောင်းချင်တယ်၊ ညည်း ကူညီပေးနိုင်မလား"





"ရှင် ဟုတ်ကဲ့ ပြောပါ အန်တီညို"

"သူ့ကိုစပွန်ဆာတစ်ယောက်လောက် ရှာပေးလိုက်စမ်းပါအေ"

"အမေ"

အမေရွဲ့နေပြီဆိုတာ သူမ သိလိုက်သည်။ အသိတ်တလန့်အော်လိုက်တာကို အမေဂရုမစိုက်။ နဖူးကချွေးစကို လက်ဖမိုးနှင့်ခပ်ကြမ်းကြမ်း ပွတ်သုတ်လိုက်ပြီး

"ညည်းက မြို့ထဲကအလှပြင်ဆိုင်မှာလုပ်တော့ လူချမ်းသာသူဌေးတွေ ရာထူးကြီးတဲ့သူတွေနဲ့ အမြဲတွေ့နေရမှာပဲ၊ အဲဒီထဲက ကောင်းတဲ့လူတစ်ယောက်နဲ့ တွေ့ပေးလိုက်စမ်းအေ၊ ကောင်းကောင်းမွန်မွန် လက်ထပ်တောင်းရမ်းယူမယ့်သူဆိုရင် ငါလက်ခံမယ်"

"တကယ်လား အန်တီညို၊ အဲဒီလူတွေကတော့ ရှိတာပေါ့ အန်တီညိုရယ် တချို့ဆို ပိုက်ဆံကရှိပေမယ့် မိန်းမပိုးချင်တဲ့အစွမ်းအစကမရှိဘူးလေ၊ လူပျိုကြီးတွေဆိုတော့ ရှက်ကလည်းရှက်တတ်ကြသေးတယ်၊ ချိုတို့က သူငယ်ထောင်ချင်လို့ စမ်းတော့လည်း ချိုတို့ကို စိတ်ဝင်စားတာမဟုတ်ဘူး၊ သူတို့က မိန်းမလိုချင်တာတဲ့"

"ဟုတ်လား အဲလိုလူမျိုးထဲက ကောင်းတဲ့တစ်ယောက်လောက်ညည်းဟာမနဲ့ ချိတ်ဆက်ပေးလိုက်စမ်း၊ ငါတစ်ယောက်တည်း ဒီမိသားစုဝန်ကိုထမ်းနေရတာ မနိုင်တော့ဘူး၊ အလုပ်ရအောင်ရှာပါဆိုလည်း အကြောင်းအမျိုးမျိုးနဲ့လေ၊ အဲဒါကြောင့် အိမ်ထောင်ပြုပြီး သူ့ဘဝသူကြောင်းနိုင်းလိုက်တော့မယ်၊ အဲဒါမှ မိဘနေရာရောက်ပြီး မိဘကို ကိုယ်ချင်းစာတတ်လာလိမ့်မယ်"

"အမေ တကယ် သမီးကိုယောက်ျားပေးစားချင်တာလား"



www.burmeseclassic.com

www.burmeseclassic.com



သူမ မေးတော့ အမေက တက်ကြွစွာ ခပ်မြန်မြန်ခေါင်းညိတ်ပြီး

''တကယ်ပေါ့ လတ်လျားလတ်လျား မြင်နေရမှာထက်စာရင် ကိုယ့်အိမ်ထောင်လေးနဲ့ကိုယ် အတည်တကျလေးမြင်ရတော့ စိတ်ချမ်းသာရသေးတာပေါ့၊ ညည်းမှာ ရည်းစားရှိရင်လည်းပြောလေ၊ ကောင်းတယ်ဆိုရင် ငါကြည့်ပြီးပေးစားမယ်''

''ရည်းစားလား ရှိပါဘူး ဘာလုပ်ဖို့ထားရမှာလဲ''

''အေး အဲဒါဆို ချိုချိုကို ငါရှာနိုင်းထားတယ်၊ ကောင်းတဲ့လူဆိုရင်တော့ ညည်း တွေ့ကြည့်ရမယ်၊ နောက်မှလက်ထပ်ဖို့ မထပ်ဖို့ ညည်းဘာသာ ဆုံးဖြတ်၊ အလုပ်မှမလုပ်ချင်ရင် ယောကျ်ားယူပြီး အိမ်နေဖို့စဉ်းစားပေါ့အေ''

''အမေကတော့လုပ်ပြီ၊ စိတ်ညစ်တာပဲ''

အမေထသွားမှ တိုးတိတ်စွာ ရှုံ့မဲ့၍ ညည်းညူဖြစ်သည်၊ ချိုချိုက စပ်ဖြဲဖြဲပြောင်ချော်ချော် မေးငေါ့ကာ ရယ်နေ၏။

သူမ နှုတ်ခမ်းစူသွားကာ

''ဘာရယ်တာလဲ ချိုချိုနော် မခေါ်ဘဲနေလိုက်မှာ''

''ယောကျ်ားပေးစားမှာကို စိတ်ဆိုးစရာလား၊ အတွေ့အကြုံလည်းရတယ်၊ အဖော်လည်းတင်တယ်၊ ချိုချိုတို့များ ယူချင်လို့လည်းမရ၊ ပေးစားမယ့်သူလည်းမရှိ၊ အရမ်းကိုကံဇာတာမကောင်းတဲ့ မျက်နှာငယ်အခြောက်မလေးတွေပါ''

ချိုချို အမူအရာနှင့်အပြောကြောင့် မြကျေးညို ဟက်ဟက်ပက်ပက် ပေါ့ပေါ့ပါးပါးပင် ရယ်လိုက်မိသည်။ သူမက ကြာရှည်လည်း





စိတ်မညစ်တတ်ပါ။ ပျော်ပျော်ရွှင်ရွှင်လေးပဲ ဘဝကိုဖြတ်သန်းချင်သည်။

အမေရှိတုန်းက အရမ်းကိုပျော်ရွှင်စရာကောင်းခဲ့တာပါ။ သူမ ဆာသမျှ ပြည့်စုံရအောင် ဖန်တီးပေးနိုင်ဖို့ အဖေဘယ်လောက်ပင်ပန်းခဲ့သည်ဆိုတာလည်း သူမ မသိခဲ့။

ဆိုးသွမ်းသည့် သမီးမဟုတ်ပေမယ့် မှုန်နွဲ့ဂျီတိုက်သည့် သမီးဘစ်ယောက်တော့ဖြစ်ခဲ့သည်။ အမေဆိုလည်း ဒီလိုပင်ပန်းသည့်အလုပ်တွေ မလုပ်ခဲ့ရပါ။ အခုမှ အမေ ပင်ပင်ပန်းပန်း ရုန်းကန်နေရရှာတာ။ အမေ့ကို ကူညီဖို့ သူမ ဘာလုပ်ရမလဲ၊ အထောက်အပံ့ရအောင် ဘယ်လိုငွေရှာပေးရမလဲ။

အခုလောလောဆယ်တော့ အမေ မုန့်ဟင်းခါးဆိုင်လေးကို ကူညီရင်းနှင့်သာ . . .။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

''မြကျေးညို ငါ ဈေးပြေးလိုက်ဦးမယ်၊ ဆိုင်ကြည့်ထားဦး။ ကလေးတွေကျောင်းသွားမှာ ထမင်းဘူး ထည့်ပေးပြီးပြီနော်၊ ဒီမုန့်လေး ကုန်အောင် ဂရုစိုက်ရောင်းထားဦး။ ငါပြန်လာမှ နေ့လယ်စာချက်မယ်၊ ဟင်းရည်ကုန်ရင်လည်း အိုးတွေဆေးထားဦး၊ ငါမှာတာတွေ မှတ်ရော မှတ်မိရဲ့လား''

''မှတ်မိပါတယ် အမေရယ်၊ နားထဲမှာ အကုန်ကြားပါတယ်''

''မှတ်မိရုံကြားရုံနဲ့ မရဘူးနော်၊ သေချာလည်းလုပ်ဦး၊ အသုပ် သုပ်နိုင်းရင်လည်း မငန်မစပ်စေနဲ့ ညည်းအသုံးမကျတာ ငါဖောက်သည် ပျက်မယ်၊ ဒါလေးရောင်းနေရလို့ ထမင်းနပ်မှန်နေတာ၊ ညည်းလိုလက် ကြောမတင်းပုံနဲ့ဆို ငတ်တောင်သေဦးမယ်၊ ညည်းယောကျ်ားယူသွားတာ ပဲကောင်းပါတယ်၊ ငါတို့ပါ အားကိုးလို့ရမယ်၊ လောက်လောက်လားလား ယောကျ်ားကိုယူ ကြားလား''

''အမေကလည်း ယောကျ်ားပဲ ပေးစားနေတော့တာပဲ''

''ဝင်ငွေရအောင် အလုပ်မလုပ်ချင်ရင်တော့ ယောကျ်ားယူပေါ့





အေ၊ ယောကျ်ားလုပ်စာအေးအေးဆေးဆေး ထိုင်စားပေါ့၊ ညည်းက သူဌေးကတော်ဇာတာနဲ့ ဘဝင်မြင့်ချင်နေတာမဟုတ်လား၊ ဆန်မရှိ သောက်စားကြီးနေတာ ညည်းမှအစစ်၊ မပြောလိုက်ချင်ဘူး''

အမေက ဈေးခြင်းယူကာ ထွက်သွားရင်း တစ်လမ်းလုံး ဗျစ် တောက်ဗျစ်တောက် ပြောသွားသည်။ အမေ့ကို သူမသနားလည်းသနား ်သည်။ အဖေရှိတုန်းက အိမ်အတွက်ဈေးဝယ်ရအောင် အသွားအပြန် ဆိုက်ကားငှားသွားတာ။ များများဝယ်ရမည့်နေ့ဆို အဖေက သူ့မောင်း သည့်တက္ကစီနှင့်ကုန်တိုက်အထိ အပို့အကြိုလုပ်ပေးသည်။

မိန်းမနှင့်သားသမီးတွေကို ပင်ပန်းမှာအရမ်းစိုးရိမ်ရှာတာ။ အဖေမရှိမှ အမေ့ရဲ့တန်ဖိုးကို ပိုပြီးနားလည်လာသည်။ အမေနဲ့မောင် လေး ညီမလေးတို့ကို စောင့်ရှောက်ဖို့ သမီးကိုလည်း ခွန်အားတွေပေး ါအဖေ။

''အသုပ်တစ်ပွဲပေးပါ ဘူးသီးကြော်နဲ့''

''ဟုတ် ခဏလေးစောင့်ပါနော် ဟင်''

ပြောပြီး စားပွဲဝိုင်းမှာကျောပေးကာ ဝင်ထိုင်လိုက်သောလူကို နောက်ကနေကြည့်ရင်း စိတ်ထဲထင့်ခနဲ ဖြစ်သွားသည်၊ ဒီအသံက ကြားဖူး နေကျမဟုတ်သော်လည်း နားထဲမှာ စွဲနေသောအသံဖြစ်သည်။

''ဟင် မင်း မင်းဂုဏ်ရောင်''

နောက်ကနေ အတွေးနှင့်ကြည့်နေမိရင်း သေချာသွားခဲ့သည်။ ဒီလူဘာလာလုပ်တာလဲ။ အကြွေးလာတောင်းတာလား။

အိမ်မှာတစ်ယောက်ယောက်ရှိနေသည်အထင်နှင့် မသိသလို ဘုပ်နေတာနေမှာ။ ဒီလောက်ငွေလေးနှင့် ဆိုင်တိုင်ရာရောက် လာရသလဲ



www.burmeseclassic.com

www.burmeseclassic.com



လား။ ဆိုင်မှာဘယ်သူမှမရှိလို့ ထွက်ပြေးလို့လည်းမဖြစ်။ သူမ ဘယ်လို လုပ်ရမလဲ။

နောက်တစ်ခါ မလာရဲအောင်။ ဟင်း တွေကြွေသေးတာပေါ့ မင်းဂုဏ်ရောင်။

"ဒီမှာမုန့်ပွဲရပါပြီ၊ သုံးဆောင်ပါ"

"ဩော် ကောင်းကောင်းသုပ်ခဲ့ရဲ့လား"

"စျေးသည်ပဲရှင် ကောင်းကောင်းသုပ်တာပေါ့၊ ရှင့်ပါးစပ်နဲ့ အရသာက အဆင်ပြေချင်မှပြေမှာ မြည်းကြည့်ပါဦး"

"ဒီမုန့်ဖိုးရှင်းဖို့ ငါ့မှာပိုက်ဆံမပါဘူးနော်၊ အကြွေးနဲ့နိမ့်မှာ"

"ဘာ ဩော် ရပါတယ် စားပါ စားပါ"

သူမ ဇက်ကလေးပုကာ ဒီလူမမြင်အောင် ပြုံးလိုက်မိ၏။ ဒီလူ နောက်တစ်ခါမလာအောင် သူမ ပညာပြထားတာပဲ။

"အား စပ်လိုက်တာ ငန်လိုက်တာ၊ ဟိတ် ဟိတ် မြကျေးညို လာဦး အားရှူး ရှူး"

ပူးပူးဝါးဝါးအော်ပြီး ထိုလူမျက်နှာကြီး ချွေးတွေပြန်ကာ နီရဲ နေသည်။ သူမ ဟင်းချိုတစ်ခွက်ယူကာ ထိုလူအနား ခပ်တည်တည်နှင့် သွားရပ်လိုက်၏။

"ဘာလဲ မုန့်ကိုအငမ်းမရစားရသလား။ ရော့ စပ်ရင် ဟင်းချို နဲ့သောက်လိုက်"

"မင်း တမင်လုပ်တာမဟုတ်လား မြကျေးညို၊ အား ငန်လည်း ငန် စပ်လည်းစပ်နဲ့ မင်းတော်တော်ဆိုးတာပဲ၊ နောက်တစ်ပွဲထပ်လုပ်ပေး"

"ဒါဆိုလည်း နှစ်ပွဲစာအကြွေးနိမ့်ရမှာနော်၊ ဒီပွဲက ရှင်စားပြီး





သားကြီး ဘယ်သူ့ကိုမှလည်း ထိုးရောင်းလို့မရဘူး"

"ကျွတ် မင်းကွာ"

ပူလောင်စပ်ဖျဉ်း ငန်ဖောက်နေတာမို့ ဒေါသဖြစ်စိတ်တိုသွား သော်လည်း မင်းဂုဏ်ရောင် ဘာမှမတတ်နိုင်ပေ။ ဒီကောင်မလေးမှာ ကျေးဇူးရှင်ကို စော်ကားရဲသည့်စိတ်တွေရှိနေတာ အံ့သြစရာပင်။

သူမဆီ အကြွေးလာတောင်းသည်ထင်လို့ ဒီလိုလုပ်တာနေမှာ။ ရည်ရွယ်မထားသော်လည်း သူမကို စိတ်ကသိကအောက်ဖြစ်အောင် ဖြန့်လုပ်ရမည်။ အစက သူမကိုအကြွေးအကြောင်း သတိပေးရုံသက်သက် သာတာပါ။ ပြီးတော့ သူမကို တွေ့ချင်တာကြောင့်လည်းပါသည်။

"ဒီတစ်ခါ စပ်တာတွေ ငန်တာတွေဖြစ်ရင် အကြွေးနဲ့မနိမ့်နိုင် ဘူးနော်၊ အပြည့်ပြန်ဆပ်ရမှာ၊ အရသာရှိအောင်လုပ်ပေး၊ စားလို့မကောင်း ရင် အကြွေးနဲ့ထပ်ပေါင်းမယ်"

"ဟွန်း"

ဒီလူ ပြန်ညစ်ပတ်တာ မသိဘူးမှတ်လို့၊ အမေက ခုန့်တွေကုန် ပြီး ပိုက်ဆံမရလျှင် အဆဲအဆိုခံရမှာသေချာသည်။

သူမ ဘယ်လိုလုပ်ရမလဲ၊ ဒါလေးရောင်းရမှ ထမင်းနပ်မန်တာ သို့ အမေပြောသွားသည်။ ဒီလူ ဒီတစ်ပွဲနှင့်ပြီးပါ့မလား။

သူမက စားကောင်းအောင်သုပ်တတ်သူမဟုတ်ပါ။ မကောင်းလို့ နောက်တစ်ပွဲပြီးတစ်ပွဲ ထပ်လုပ်ခိုင်းလျှင် အရင်းပါပြုတ်သွားနိုင်သည်။

"ဒီမယ်"

"ဘာလဲ"

မင်းဂုဏ်ရောင် အစပ်မပြေသေးတာမို့ ဒေါသနှင့်ဆောင့်အော်



www.burmeseclassic.com

www.burmeseclassic.com



ကာ တုန့်ပြန်လိုက်သည်။ သူမ မျက်နှာက မချိုမချဉ် မျက်နှာချိုသွေးသည့်ပုံစံပါ။

"ဟိုလေ ကျွန်မက အသုပ်ကောင်းကောင်းမသုပ်တတ်ဘူး၊ မုန့်ဟင်းခါးစားပါလားဟင်၊ အဲဒါက မုန့်ဖတ်နဲ့မုန့်ဟင်းခါး ရောလိုက်ရင် ပြီးပြီ"

"ငါ မုန့်ဟင်းခါးမကြိုက်ဘူး၊ အစုံသုပ်တောင် သိပ်စားတတ်တာ မဟုတ်ဘူး၊ မင်းအကြွေးမဆပ်နိုင်ရင် ငါ့ပိုက်ဆံတွေဆုံးမှာစိုးလို့ လာစားရတာ၊ ငါ့ပိုက်ဆံတွေ အဆုံးမခံနိုင်လို့ ရှင်းပြီလား"

"ရှင်ကလေ ယောက်ျားကြီးဖြစ်ပြီး သိပ်တွက်ကပ်တာပဲ၊ ရှင့်ပိုက်ဆံနှစ်ပဲခြောက်ပြားကိုများ ကျွန်မမဆပ်နိုင်ဘူးထင်နေလား၊ အလုပ်ရတာနဲ့ တန်းခနဲဆပ်မှာ"

"အဲဒါ ဘယ်တော့လဲ၊ မသေချာတာကို အချိန်ကုန်ခံ မစောင့်နိုင်ဘူး၊ အခု သေချာတာ နေ့တိုင်း မုန့်လာစားရင် ဘယ်နရက်ဘယ်နလစားရမလဲ"

"ဒီမယ် ဒီမယ် တွက်မနေနဲ့၊ ရှင်နဲ့ဆွေးနွေးစရာရှိတယ်"

သူမ ပြုံးပြုံးဖြိုင်းဖြိုင်း သူ့ရှေ့က ခုံမှာဝင်ထိုင်လိုက်သည်။ မျက်နှာက စိုးရိမ်ကြောင့်ကြနေသလိုပါ။

"ဟိုလေ ရှင် ဒီလိုမျိုး လာစားသောက်ပြီး အကြွေးနဲ့နှိမ်နေရင် ကျွန်မတို့တာနဲ့ထမင်းစားရမလဲ၊ ဒီနေ့ ရောင်းရမှ နောက်နေ့ရင်းဖို့ရှိတာ၊ ဒီကအမြတ်အစွန်းနဲ့ အိမ်မိသားစုစားဝတ်နေရေး ညီမလေးနဲ့မောင်လေးတို့ရဲ့ပညာရေး"

"ဟော့ ဟော့ မုန့်တစ်ပွဲစာက အဲလောက်တောင် အရေးပါသွား





သား၊ မင်းကူလီကူမာတော့ မလုပ်နဲ့၊ မင်းသူများအကြွေးဆပ်ရမယ်မှန်းသိရင် အလုပ်လုပ်ပေါ့ကွ"

"လုပ်ချင်တာပေါ့၊ ခြေထောက်က ဒဏ်ရာမှမပျောက်သေးဘာ"

"ဩော် ဟုတ်သား"

အသံမထွက်ဘဲ ပတ်တီးမဖြေရသေးသော ခြေထောက်ကို အကြည့်ရောက်သွားသည်။ ထော့နင်းထော့နင်းမဖြစ်တော့ပေမယ့် ဒဏ်ရာက အရှင်းသက်သာသေးဟန်မတူ။

"မင်းခြေထောက်က ဘယ်တော့သက်သာမှာလဲ"

"သက်တော့ သက်သာနေပါပြီ၊ နည်းနည်းမျက်တက်တက်ဖြစ်နေသေးလို့ အလုပ်မလျှောက်ဖြစ်သေးတာ"

"မင်းက ဘယ်တော့အလုပ်လျှောက်ပြီး ဘယ်တော့အလုပ်ရမှာလဲ၊ ငါ အကြာကြီးမစောင့်နိုင်ဘူး၊ မင်းကအကြွေးနှိမ်လည်း မခံချင်ဘဲ ဘယ်လိုမိန်းကလေးလဲ၊ သွားကွာ မုန့်တစ်ပွဲသွားပြင်ချည်"

"ရှင် ပိုက်ဆံပေးရမှာနော်"

"အခုပွဲမှိုးပဲပေးမှာနော်၊ ခုနတစ်ပွဲက သုပ်တာလည်းမကောင်းဘူး၊ အကြွေးနဲ့နှိမ်မှာ"

"လူကတ်သတ်ကြီး မုန်းစရာကောင်းလိုက်တာ"

နှုတ်ခမ်းစူစူနှင့် သူမအပြောကို သူရယ်ချင်ပေမယ့် ခပ်တည်တည်ပဲ နေလိုက်သည်။ ဒီကောင်မလေးက အလျှော့ပေးလို့မကောင်းပါ။ အရမ်းရောင့်တက်ကမ်းတက်ချင်တာ။

"မုန့်ပွဲပြင်ပြီးပြီ"

"ပြင်ပြီးရင် စားပွဲပေါ်ချလေ၊ ဘာလို့ကိုင်ထားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပိုက်ဆံပေး"

"ဘာ"

မုန့်ပွဲကိုလက်တစ်ဖက်ကကိုင်ပြီး လက်တစ်ဖက်က သူ့မျက်နှာရှေ့ လက်ဝါးဖြန့်နေတာမို့ သူစိတ်တိုသွားသည်။ ဒီကောင်မလေး တကယ်ကို ရွတ်တွတ်တွတ်နိုင်လွန်းသည်။

သူက မြကျေးညိုရဲ့လက်ဝါးကို ဖြန်းခနဲ ရိုက်ပစ်လိုက်ပြီး

"အဲဒီလက်ဝါးက ဘာလုပ်တာလဲ၊ စားပြီးရင် ပေးမှာပေါ့"

"ရှင်က ယုံရတာမဟုတ်ဘူး။ စားပြီးမပေးဘဲ အကြွေးနဲ့နှိမ်ရင် ဘယ်လိုလုပ်မလဲ"

"မင်းကွာ သူများပိုက်ဆံသုံးထားတုန်းက ဒီလိုမျက်နှာမဟုတ်ဘူး၊ ဒီမုန့်လေးတစ်ပွဲတောင် ငါ့ကိုမယုံကြည်ဘူးလား"

"မယုံကြည်တာ ယုံကြည်တာ ပြောမနေနဲ့ ပိုက်ဆံပေးမှ မုန့်ပွဲချမယ်"

"ဘယ်လောက်လဲ ပြောကွာ"

"ငါးရာ"

သူ ငါးရာတန်တစ်ရွက် ထုတ်ပေးလိုက်မှ မုန့်ပွဲကိုချပေးသည်။ ပိုက်ဆံပေးပြီးမှတော့ မကောင်းလည်း စားရတော့မှာပါ။

ဒီကောင်မလေး အဲလောက်ကိုလည်တာ။ သူ မခံချိမခံသာဖြစ်နေလျက်မှ သူမကိုမြင်တွေ့ရတာ စိတ်ချမ်းသာမိသလိုပင်။

မြကျေးညိုဆိုသည့် ဒီကောင်မလေး ဆွဲဆောင်မှုတစ်ခုခု ရှိနေသည်ဆိုတာကတော့ အမှန်ပါ။ မင်းနဲ့ခဏခဏတွေ့ပြီး ရန်ဖြစ်ချင်ပါတယ် မြကျေးညို။

■ ■ ■



## အခန်း (၈)

"တကယ်ကို သုံးဖို့မရှိတော့လို့ပါ မာမီ၊ သားကိုမုန့်ဖိုးပေးပါဦး"

"မာမီလည်း သားကိုရှိသလောက်ပေးနေတာပဲ၊ သား ဒယ်ဒီက မာမီဘဏ်စာအုပ်တွေ ကဒ်တွေ အကုန်သိမ်းထားတယ်၊ လိုအပ်သလောက်ပဲ ထုတ်ပေးနေတာ၊ အဲဒီထဲကမှ မာမီက ပိုသလောက်သားသုံးဖို့ပေးနေတာပဲလေ သား‌ရဲ့၊ ခဏခဏကြီးဆိုတော့ ဘယ်ရှိမှာလဲ"

"ဒယ်ဒီကလျှာ မမိုက်ပါဘူး၊ ကားလည်းပေးမသုံး၊ မုန့်ဖိုးလည်း ပေးမသုံးနဲ့၊ သားက သူ့သားအရင်းရော ဟုတ်ရဲ့လား၊ မယားပါသား ဆင်ပြီး အရမ်းကိုနှိမ့်ကွပ်နေတာ မဟုတ်ဘူးလား မာမီ"

"အင်း သားပြောလည်း ပြောချင်စရာပဲကွယ်၊ မာမီလည်း မပြောတတ်တော့ပါဘူး၊ မာမီလည်း သူ့ကိုစိတ်ကုန်နေပါပြီ"

"အဲဒါဆို ဒယ်ဒီနဲ့ကွာရှင်းလိုက်ပါလား ကွဲလိုက်ပါလား မာမီ"

သူ မာမီ့ကို တိုးတိုးတိတ်တိတ် တိုက်တွန်းလိုက်သည်။ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



မပြောသင့်မှန်းသိပေမယ့် ရင်မှာခံစားရတာ ပြင်းထန်လွန်းလို့ပါ။

မာမိက သူဒီလိုပြောတာကို မကြိုက်သည့်ပုံစံနှင့် မျက်နှာပျက်သွားပြီး

''သားရယ် စိတ်ဆိုးရင်ဆိုး စိတ်နာရင်နာ အဲလိုတော့ မပြောသင့်ဘူးလေ၊ အဲဒါ သားအဖေပဲ၊ သူက ဗိုဖမ့်ပါကွယ်၊ သားအပေက သားကိုချစ်ပါတယ်၊ ချစ်လို့လည်း ဖြစ်စေချင်စိတ်တွေများနေတာ''

''မာမီရာ သားသမီးကိုချစ်ရင် အတ္တတွေနဲ့ မအုပ်ချုပ်ရဘူးဗျ၊ ကိုယ်ဖြစ်စေချင်သလို ဖြစ်အောင် ပုံသွင်းမွေးမြူတယ်ဆိုတာ အတ္တတွေနဲ့ စိမ်းကိန်းချတယ်လို့ခေါ်တယ်၊ မိဘဆိုတာ အပေးပဲရှိတဲ့မေတ္တာသမားသက်သက်လို့ စာအုပ်ထဲမှာဖတ်ဖူးတယ်၊ မျှော်လင့်ချက်နဲ့ပြုစုပျိုးထောင်တာ၊ ဖြစ်စေချင်သလို မဖြစ်ရင် ဒေါသနဲ့ပေါက်ကွဲတာ ဘယ်လိုလေးစားကြည်ညိုရမလဲ မာမီ''

''မိဘကို အဲလိုမပြောရဘူး သား၊ မိဘတွေက မှားမှာမှန်မှန် နွေးထွေးညင်သာမှုနဲ့ အုပ်ချုပ်ချုပ်၊ မာန်မဲဆူပေါက်အော်ဟစ်ပြီးပဲ အုပ်ချုပ်ချုပ် သားသမီးကိုချစ်မြတ်နိုးတဲ့မေတ္တာကတော့ အတူတူပဲ''

''ဒါပေမဲ့ နားလည်မှုရှိရင်တော့ စိတ်ချမ်းသာရသေးတာပေါ့ မာမီ''

အဲဒါလည်း ဟုတ်တာပါပဲလို့ သားကိုမထောက်ခံမိ။ ဖအေကို စိတ်ဆိုးနေတာ အားပေးရာရောက်မှာစိုးလို့ပါ။ တကယ်လည်း သားအဖေက မချစ်လို့မှမဟုတ်တာ။ သားအဖနှစ်ယောက် အမြင်ချင်း အတွေးချင်း မတူလို့ နားလည်မှုလွဲနေကြတာ။

တကယ်ဆို သားနေချင်သလို လိုက်လျောသင့်သလို အပေ





ဖြစ်စေချင်သည့်ဆန္ဒကိုလည်း သားကနားလည်သင့်၏။ အခုတော့ စိတ်တိုင်းမကျတိုင်း ကားမောင်းခွင့်မပေး၊ ငွေသုံးခွင့်မပေးတော့ သားစိတ်ဆိုးစိတ်နာတော့မှာပေါ့။

ဒါပေမဲ့ သားက မာနရှိသူပါ။ ဖအေဖြစ်သူက ကားမောင်းမခိုင်းတာနှင့် ဂိုထောင်ထဲက ကားကို လုံးဝလှည့်မကြည့်။ ငွေဆိုလည်း မုန့်ဖိုးလောက်ပဲ မဖြစ်မနေတောင်းသုံးတာ။

ဒါတောင် မသထာရေစာ တောင်းသုံးရသလိုဖြစ်လာတော့ ဘခြားကုမ္ပဏီတွေမှာ အလုပ်လုပ်ဖို့ ကြိုးစားနေသည်ဟု ပြောသည်။

''သား''

''ဗျာ မာမီ''

''တခြားကုမ္ပဏီတွေမှာ မလုပ်ပါနဲ့လား သားရယ်၊ သားလည်း သိက္ခာကျ၊ သားဒယ်ဒီလည်း သိက္ခာကျပါတယ်''

''သားဒယ်ဒီ့လက်အောက်မှာ မလုပ်ချင်ဘူး မာမီ၊ ဒယ်ဒီပြောဆို နှိမ်ချတာတွေက သားမာနကို ပိုပြီးထိနိုက်တယ်၊ သားက တုန့်ပြန်ချင်တာ တိုက်ခိုက်ချင်တာ မဟုတ်ပါဘူး၊ အချုပ်အနှောင်ကင်းကင်းနဲ့ ကိုယ့်ဘာသာရပ်တည်ချင်တာပါ''

''မာမီကြားတဲ့သတင်းသဲ့သဲ့တစ်ခုပြောရင် သားဒယ်ဒီကို သား ပိုပြီး စိတ်နာသွားမလား မသိဘူး''

''ဘာများလဲ မာမီ''

''သား ဒယ်ဒီက သားကို တခြားကုမ္ပဏီတွေမှာဝင်လုပ်လို့ မရအောင် ပြောထားတယ်''

''ဗျာ ဘယ်လိုပြောတာလဲ မာမီ''



www.burmeseclassic.com

www.burmeseclassic.com



"နာမည်ကြီးတဲ့ကုမ္ပဏီတွေမှန်သမျှ သားဓာတ်ပုံပေးပြီး တခြာ
မှတ်ပုံတင်နဲ့ အလုပ်လာလျှောက်ရင် မခန့်ဖို့ပေါ့၊ အချင်းချင်းတွေဆိုတော့
သူ့ကို ဘယ်သူမှ လွန်ဆန်ကြမှာမဟုတ်ဘူး သား"

"ဟား ဒယ်ဒီက တကယ်ကျွတ်ကျဲတယ်ဗျာ၊ ဘာလို့ အဲလိုလုပ်
တာလဲ၊ ဒယ်ဒီ့ကိုထိခိုက်အောင် သားက ဘာတွေလုပ်နေလို့လဲ"

"သူ့ကုမ္ပဏီ သူ့လက်အောက်မှာပဲ သားကိုလုပ်စေချင်လို့ပေ့
ကွယ်၊ သူများဆီမှာ အောက်ကျခံလုပ်ရမှာစိုးလို့ပေါ့၊ အကျပ်အတည်း
အခက်အခဲဖြစ်မှ သားက ဒီအဖေကို တွယ်ကပ်မှာမဟုတ်လား"

"ဝေးသေးတယ်၊ သားဘယ်တော့မှ ဒယ်ဒီအောက်ကို ခေါင်း
လျှိုမဝင်ဘူး မာမီ၊ သူ လက်ထပ်စေချင်တဲ့မိန်းမကိုလည်း ဘယ်တော့
မယူဘူး"

"သားရယ် အဲလိုကြီးမာနနဲ့တင်းမခံစေချင်ဘူး၊ သားနဲ့လက်
ထပ်ပေးမယ့် ဥမ္မာခင်က အမွေတွေလည်းအများကြီးရမှာ၊ သူ့အဖေ
ကုမ္ပဏီတိုင်းမှာ ရှယ်ယာဝင်ထားတာ နည်းတာမဟုတ်ဘူး၊ ကိုယ်ပိုင်
လုပ်ငန်းတွေဆိုလည်း အောင်မြင်နေတာ"

သူ ခေါင်းကိုဖျပ်ဖျပ်ခါအောင် ယမ်းပစ်လိုက်သည်။ မခံချိ
သာ ဝေဒနာများကြောင့် ရင်မှာတင်းတင်းကျပ်ကျပ်တောင် ဖြစ်လာ

"သား အဲဒါတွေ စိတ်မဝင်စားဘူး မာမီ၊ ငွေချမ်းသာဖို့ထက်
စိတ်ပဲချမ်းသာချင်တယ်၊ ပြည့်စုံဖို့တစ်ခုတည်းဆိုရင် ဒယ်ဒီလက်အောက်
မှာ ခေါင်းလျှိုဝင်ပြီး စည်းစိမ်အပြည့်နဲ့နေလိုက်မှာပေါ့၊ တခြားသူဆီက
ဘာကိုမျှော်လင့်နေရမှာလဲ"

"ဒါပေမဲ့ သားဘဝရှေ့ရေးအတွက် ဒယ်ဒီက မျှော်လင့်ချက်





ထားထားတာလေ၊ သူများထက်သာစေချင်တယ်၊ အောင်မြင်စေချင်
တယ်"

"အဲဒါ သူများကိုမှီခိုစရာလိုလို့လား"

"သားကိုမယုံကြည်လို့ မိန်းမရမှခြေငြိမ်မယ်ဆိုပြီး သားဒယ်ဒီ
က စီစဉ်တာ၊ ဟိုဘက်ကိုလည်း စကားလွှန်ထားတယ်ထင်ပါတယ်"

"အယုံကြည်နည်းနေလည်း ဘာအမွေမှကိုမပေးဘဲ နေလိုက်
တော့ပေါ့၊ မိန်းမယူမှ လုပ်ငန်းလွှဲပေးမယ်ဆိုတာက ဟုတ်ကိုမဟုတ်တာ၊
အမွေလိုချင်တာနဲ့ ကိုယ်မချစ်တဲ့မိန်းမကို တစ်သက်လုံး ပေါင်းသင်းရမှာ
သား"

"တစ်ခါတည်း လက်ထပ်ပေးသေးမှာမဟုတ်ဘူးထင်ပါတယ်
သားရယ်၊ စေ့စပ်ရုံလောက်နဲ့ သားတို့ချင်း ရင်းနှီးအောင်လုပ်လည်း
ခတာပဲ၊ သားတစ်ခုခုလိုချင်ရင်တော့ ဒီလောက်တော့ ပေးဆပ်ရမှာပေါ့"

"သား ဘာမှကိုမလိုချင်ဘူး မာမီ"

"သား"

"ဒယ်ဒီနဲ့မလွတ်ကင်းတဲ့အရာမှန်သမျှ ဘာမှကို မလိုချင်တော့
ဘာ၊ ဒီမိန်းမနဲ့စေ့စပ်လိုက်မယ်၊ ကုမ္ပဏီမှာလုပ်ပိုင်ခွင့်နေရာရမယ်၊ ဒါပေမဲ့
ဒယ်ဒီကြောင့် မွန်းကြပ်ရဦးမှာပဲ၊ သားဘဝကို တစ်သက်လုံးချုပ်ကိုင်
ချွမ်းမိုးထားဦးမှာ"

"သားရယ်"

သားဘာဖြစ်ချင်ပြီး ဘာကိုမဖြစ်ချင်သလဲဆိုတာ ဒေါ်ကျော့နန္ဒာ
နားလည်ပါသည်။ တကယ်ဆို တစ်ဦးတည်းသောသားလေးကို ဒီလိုမျိုး
ဆွဲ ဖိအားမပေးစေချင်။ သားလေး လွတ်လွတ်လပ်လပ် ပျော်ပျော်နေ



www.burmeseclassic.com

www.burmeseclassic.com



ပါစေလား။ အခုတော့ နိမ့်ပါးတဲ့မိမိကိုယူပြီး သားကိုပါအညွန့်တုံး အစတုံးလို နှိမ့်ချဆက်ဆံသလို ဖြစ်နေတာတော့ မကောင်းပေ။

ချစ်လို့လက်ထပ်ခဲ့ပြီး အပြစ်အနာအဆာတစ်ခုလို လက်ညှိုးထိုး ပြဿနာရှာနေတာ မိမိလည်းသည်းမခံချင်ပါ။ ဆင်းရဲချို့တဲ့ခဲ့တာ မိမိရဲ့အားနည်းချက်ဆိုပေမယ့် အကျင့်စရိုက်တွေ ဘာတွေပျက်ပြားနေလို့လဲ။

ဒီအဖေနှင့်ဒီသားကြားမှာ ရင်လေးလွန်းလှပါသည်။ သားက စိတ်ကောက်ပြီး အိမ်ပေါ်ထပ်တက်သွားသည်။ ဖအေဖြစ်သူ ပြန်လာပြီး ညစာစားချိန်တောင် ပြန်ဆင်းမလာတော့။

"မင့်သား ဘယ်သွားလဲ၊ ထုံးစံအတိုင်း အပြင်ကို သောက်ဖို့စားဖို့ ထွက်သွားပြီမဟုတ်လား"

ထမင်းဝိုင်းမှာမေးပုံက ခပ်ငေါ့ငေါ့။ ဒေါ်ကျော့နန္ဒာကလည်း မကြည်မလင်ဖြစ်နေသည်မို့

"သားက အပြင်ထွက်ချင်တာတောင် ပိုက်ဆံမရှိလို့ အခန်းအောင်းနေရရှာတယ်၊ ရှင်သွားစေချင်တောင် မသွားနိုင်ပါဘူး"

"မင်းက မုန့်ဖိုးမပေးဘူးဆိုတာ သက်သေထူနေတာပေါ့လေ"

"ကျွန်မကိုလည်း ရှင်အကန့်အသတ်နဲ့ ပေးနေတာမဟုတ်လား၊ ဘဏ်စာအုပ်တွေလည်း သိမ်းထားတယ်၊ သုံးဖို့စွဲဖို့တောင် မလောက်မငနဲ့ သားကို ဘယ်လိုလုပ်ပေးနိုင်မှာလဲ၊ ကျွန်မတို့သားအမိနှစ်ယောက်တာက သူဆင်းရဲသားသာပဲ ရှိတော့တယ်၊ သူဌေးကြီး ဦးနေဂုဏ်ရောင်အရမ်းကို ဂုဏ်သိက္ခာတွေမြင့်မားသွားမှာပဲ"

"မင်း ငါ့ကိုငေါ့ပြီး မပြောနဲ့၊ ဒီလိုတွေလုပ်နေတာ ဘာကြောင့်





ဆိုတာ မင်းသိတတ်၊ မင့်သား အဲလိုငတ်ငတ်ပြတ်ပြတ် မဖြစ်သရွေ့ ဒီအဖေကိုတယ်တော့မှ ဦးညွတ်အောက်ကျို့ခံလာမှာမဟုတ်ဘူး"

"အခုလို ဖြစ်တော့ရော ရှင့်သားက ရှင့်ကိုဦးညွတ်အောက်ကျို့ခံလာမယ်ထင်လို့လား။ ရှင့်ကို စိတ်ဆိုးစိတ်နာပြီး ဖအေရာထူးကနေတောင် စွန့်လွှတ်ပစ်လိုက်လိမ့်မယ် သိလား"

"ဘာ"

ဦးနေဂုဏ်ရောင် ထိတ်ခနဲ တုန်လှုပ်သွားသည်။ ဒီမိန်းမ စကားပြောရင် လက်လွှတ်စပယ်ပါ။ ဖအေက ဖအေပေါ့။

ဖအေရာထူးက စွန့်လွှတ်ခံရမယ်ရှိသေး။ ဒေါ်ကျော့နန္ဒာက ထောရှဲ့ကာဖြင့်

"ဟုတ်တယ် မယားပါသားလို ဆက်ဆံခံရတာ စိတ်နာနေပြီ ဒဲ့ ဒယ်ဒီကို ဖအေရင်းလို့တောင် မသတ်မှတ်ချင်တော့ဘူးတဲ့၊ ငါ့ဘဆိုတာ ပေးပဲရှိတဲ့ အယူကင်း မျှော်လင့်ချက်ကင်းတဲ့မေတ္တာသမားသက်သက်မဟုတ်ဘူးလားဆိုပြီး ပြောနေတာ၊ သားရင်ထဲမှာ ဝေဒနာတွေရနေပြီ၊ အဲဒါ ရှင် ဘယ်လိုလုပ်မှာလဲ"

"ကျော့ မင့်သား သုံးဖို့ အံဆွဲထဲမှာ ပိုက်ဆံရှိတယ်၊ အဲဒါယူပေးလိုက်၊ ခဏခဏတော့ မရဘူး"

ဦးနေဂုဏ်ရောင် တစ်ထစ်တော့လျှော့သွားသည်။ သားမုန်းတာခံနိုင်မှန်းသိလို့ တမင်ပြောလိုက်တာပါ။ ဒါပေမဲ့ ဒီထက်ပျော့ပျောင်းမှာဘူးဆိုတာလည်း မိမိသိနေသည်။

ဦးနေဂုဏ်ရောင်က မိန်းမနှင့်သားအပေါ်မှာတောင် မာနနှင့်အာဏာမှုနှင့် အပေါ်စီး အထက်စီးက နေချင်သူပါ။



www.burmeseclassic.com

www.burmeseclassic.com



''ကိုဂုဏ်ရောင်''

''ဘာလဲ''

''သားကို နူးနူးညံ့ညံ့ ညင်ညင်သာသာလေး ဆက်ဆံပေးလို့ မရဘူးလား ကိုဂုဏ်ရောင်ရယ်၊ သားက လူဆိုးလူပေလေး မဟုတ်ရှာပါဘူး၊ ရှင့်ကြောင့် စိတ်ရိုင်းတွေဝင်ပြီး သားဆိုးတစ်ယောက် ဖြစ်သွားမှာ ကျွန်မ စိုးရိမ်တယ်''

''ငါ သူ့ကို ဘာတွေများယှဉ်းပြီး ချစ်နေမိလို့လဲကျော့၊ သူ့ကို ငါက ငါတို့အသိုက်အဝန်းလိုမျိုး စီးပွားရေးလုပ်ငန်းရှင်ကြီး အောင်မြင်တဲ့ လုပ်ငန်းရှင်ကြီး ဖြစ်စေချင်တာ၊ ငါ ပြုစုပျိုးထောင်နေတာ အဲဒါကြောင့်ပဲ သူကတော့ လတ်လျားလတ်လျား ပေါ့ပေါ့နေ ပေါ့ပေါ့စားနေချင်တယ် ရှင်းရှင်းပြောရရင် ဒီကောင်က မင်းတို့အသိုက်အဝန်း အကျင့်စရိုက်နဲ့ သွားတူနေတာ''

''ရှင် ကိုဂုဏ်ရောင်''

''မင်း မနာသင့်ဘူး ကျော့၊ ဒီလို စရိုက်ရှိတဲ့အသိုက်အဝန်းထဲက ငါခေါ်ထုတ်လာခဲ့လို့ မင်း ဒီလိုအဆင့်အတန်းရှိရှိနေနိုင်နေတာ မဟုတ်ဘူးလား၊ မင်းရဲ့မောင်တွေ အစ်ကိုတွေ မိသားစုတွေအားလုံး အရက်သမား ဖဲသမား၊ အပေါင်းအသင်းမက်ပြီး ကလေကချေတွေလိုနေကြတာ မဟုတ်ဘူးလား၊ အလုပ်ကို လက်ကြောတင်းအောင်မလုပ်ကြလို့ ထမင်းတောင်နပ်မှန်အောင် စားခဲ့ကြရလို့လား၊ မင်းတောင်မှ သူငယ်ချင်းမိဘတွေ ကျောင်းထားပေးလို့ ပညာရေးဆုံးခန်းတိုင်ခဲ့တာ၊ အဲဒီအိမ်ကခေါ်ပြီး ကျွေးမွေးစောင့်ရှောက်ခဲ့လို့ လူတစ်လုံး သူတစ်လုံးဖြစ်ခဲ့တာလေ၊ အမှန်အတိုင်းပြောရရင် မင်းကို သူတို့အသိုက်အဝန်း ဆွေမျိုးသားချင်းထဲက





အောက်မေ့လို့ ငါ အရဲစွန့်လက်ထပ်ခဲ့တာ၊ စရိုက်ရှိတဲ့မိသားစုထဲကလို့ ကာသိခဲ့ရင် မင်းကိုချစ်မိမှာလည်းမဟုတ်ဘူး၊ လက်ထပ်ဖို့အထိလည်း ကြားခဲ့မိမှာမဟုတ်ဘူး၊ အဲဒီမိသားစုက မင်းရဲ့တကယ်ကျေးဇူးရှင်တွေ း ကျော့''

ဦးနေဂုဏ်ရောင်ပြောတာကို ထောက်ခံမိသလို ခေါင်းက တ်ခနဲညိတ်မိသွားသည်။ ဒါဟာအမှန်တရားပဲလေ။ ဘာလို့ငြင်းနေရမှာ ဲ နှိုတည်းက အသိုက်အဝန်းမြင့်မားပြီး ဆွေဂုဏ်မျိုးဂုဏ် ကြီးကွယ် သော ဦးနေဂုဏ်ရောင်က မိမိကိုလူချမ်းသာအဆင့်အတန်းရှိသည့် မိသား ာမှတ်၍ ချစ်ရေးဆိုခဲ့တာပါ။

မိမိကလည်း ထိုအချိန်က သူ့ကိုချစ်မိနေ၍ အမှန်တရားတွေ ဖွင့်ထုတ်ဝန်မခံရဲ၊ သူထင်နေသည့်အတိုင်း ရောယောင်ကာ ဖုံးကွယ် ခဲ့ကာထားခဲ့သည်။

နိမ့်ပါးသောဘဝကို စိတ်နာ၍ မြင့်မားသောအခြေအနေတစ်ခု နေသွပ်မက်မောခဲ့တာကြောင့်ဆိုလည်း မမှားပေ။ နောက်ပိုင်း ဦးနေ ဏ်ရောင် သိသွားပြီး စိတ်အရမ်းဆိုးသွားသော်လည်း အလွန်အကျူး ချစ်ပြီးပြီဆိုတော့ ဘာမှမတတ်နိုင်ဘဲ မိမိကို လက်ထပ်ခဲ့သည်။

ဒါပေမဲ့ ဒါကို စိတ်ဒဏ်ရာတစ်ခုကို ခံစားနေခဲ့သော ဦးနေဂုဏ် ောင်က သားကိုအစွန်းရောက်ချစ်ခြင်းတွေနှင့် အတ္တကြီးစွာ ကိုင်တွယ် ်ချုပ်ခဲ့၏။ သားက ခေတ်လူငယ်ပီပီ ဒီလိုအုပ်ချုပ်မှုများကို တော်လှန် တော့ ပြဿနာက ညှိနှိုင်းမရဘဲ ကြီးထွားနေခဲ့ခြင်းဖြစ်၏။

''ကျော့ မင်းဘာကိုခေါင်းညိတ်ပြီး ငြိမ်သွားတာလဲ''

''ရှင်ပြောသလို ကျွန်မက သူများက ကျွေးမွေးစောင့်ရှောက်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းထားပေးလို့ ဒီလိုမျိုး ရှင်နဲ့ရပြီး အခြေအနေကောင်းနေတယ်ဆိုတာ အမှန်ပဲလို့ တွေးမိလို့ပါ''

''အေးလေ အဲလိုမျိုး ကိုယ့်ဘဝကိုယ်မမေ့ဘဲ သတိရနေတယ်ဆိုရင် သားကို ငါ ဘာကြောင့် ဖြစ်စေချင်တယ်၊ ဘာကိုမျှော်လင့်တယ်ဆိုတာ မင်းသိသင့်တာပေါ့''

''မသိလို့မဟုတ်ပါဘူး၊ ဒါပေမဲ့ သားကိုကြမ်းကြမ်းတမ်းတမ်းမကိုင်တွယ်စေချင်ဘူး၊ မိဘမေတ္တာကို အထင်မြင်လွဲမှားသွားရင်မကောင်းဘူးလေ''

''အဲဒါ ငါ့ကိစ္စပါ၊ ငါ့သားကိုအဆိုးဝါးဆုံးဖြစ်အောင် ငါလုပ်နေတာမဟုတ်ဘူး၊ သူ့ဘဝကိုအမြင့်မားဆုံးဖြစ်စေချင်တာ၊ အတ္တတော့ပါချင်ပါမယ်၊ ဒါပေမဲ့ မိဘကွ၊ မေတ္တာမရှိလို့မှ မဟုတ်တာ''

သားနားလည်ရင် ကောင်းတာပေါ့လို့ ပြောမနေချင်တော့၊ ပြောလည်း ဦးနေဂုဏ်ရောင် နားလည်မှာမှမဟုတ်တာ၊ သားက ကွဲလိုက်ပါလားလို့တောင် တိုက်တွန်းနေတာဟု ပြောလိုက်လျှင် ဦးနေဂုဏ်ရောင်ဆတ်ဆတ်ခါသွားပေလိမ့်မည်။

မိမိကလည်း အားနည်းချက်ရှိထားသူမို့ သားကိုပဲ ဖျောင်းဖျမှဖြစ်မှာပါ။

ဒီအမေမှာတော့ ရင်တွေမောလို့ပါ သားရယ်။

■ ■ ■



## အခန်း (၉)

''အစုံသုပ်တစ်ပွဲ အချဉ်အငန်အစပ်လျှော့ပြီး ပဲကြော်နဲ့သုပ်ပေးဦး''

ဝိုင်းအလွတ်တစ်ခုမှာ ဝင်ထိုင်ပြီး မင်းဂုဏ်ရောင် မှာလိုက်တာကို မြကျေးညို သိပါလျက်နှင့် မကြားချင်ယောင်ဆောင်ကာ ဟိုဝိုင်းဒီဝိုင်းအတွက် လိုအပ်တာတွေ လုပ်ပေးနေသည်။

အမေရှိနေ၍ ပြဿနာဖြစ်မှာစိုးပြီး အလုပ်များချင်ဟန်ဆောင်နေခြင်းဖြစ်၏။ မနေသာသော ဒေါ်ညိုရင်ကသာ

''ဟဲ့ မြကျေး ဟိုဝိုင်းက မှာနေသံကြားလား၊ ဒီမှာသုပ်နေပြီ၊ ဟင်းခါးအရင်ချပေး၊ ပြီးရင် ဒီကစားပွဲလာယူ၊ ယောင်တောင်တောင်သုပ်မနေနဲ့၊ လူသစ်ကို ဦးစားပေးစမ်း''

အမေက မင်းဂုဏ်ရောင်ကို တစ်ခါမှမမြင်ဖူး၍ ဧည့်သည်အသစ်ဆိုပြီး ဂရုစိုက်နိုင်းနေသည်။ ဝေးဝေးလံလံကနေ မင်းဂုဏ်ရောင်ဘာစားချင်လို့ လာစားနေတာ မဖြစ်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူမကိုမယုံလို့ အကြွေးတောင်းဖို့အတွက် တကူးတကလာနေတာပဲဖြစ်မည်။

"ဟဲ့ မုန့်ပွဲရပြီ လာယူ"

"ဟုတ်ကဲ့ အမေ"

"ဟင်းခါးရော ချပြီးပြီလား"

"တစ်ခါတည်း ယူသွားလိုက်ပါမယ်"

အမေ့ရှေ့မှာမို့ သူမမျက်နှာကို တော်တော်လေး သိမ်မွေ့အောင် အချိုးပြင်ထားရသည်။ စိတ်ရှိသလောက်သာဆို ဒီလူ့ကျောပြင်ကို တအုန်း အုန်းထုပစ်မှာပါ။ အခုတော့ မင်းဂုဏ်ရောင်အနားရောက်လာခဲ့ပြီး တိုး ကြိတ်ကြိတ်လေသံဟာဟာဖြင့်

"ဒီမှာ မြန်မြန်စားပြီး မြန်မြန်ပြန်၊ အကြွေးတောင်းဖို့ နှမ်ဖို့ မစဉ်းစားနဲ့ မြန်မြန်ပြန်"

"အကြွေးရှင်ကို မင်း အဲလိုပဲ နှင်ထုတ်ရသလား။ မသေချာတဲ့ အကြွေးကို ငါ ခဏခဏ လာမတောင်းချင်ဘူးနော်၊ မင်းရက်တတ်ရင် ရတဲ့အလုပ်ဝင်လုပ်ပြီး မင်းပြန်ဆပ်သင့်တယ်"

"ဆပ်မယ်လို့ ရှင့်ကိုပြောပြီးပြီလေ၊ အလုပ်မရသေးတာ ဘယ်လိုလုပ်ရမှာလဲ၊ ရှင် ဒီလောက်ကြီး ဇော်ကြီးကျမနေနဲ့"

"ဟိတ် ငါ ဇော်လို့မဟုတ်ဘူးကွ၊ ကိုယ်ရဖို့ရှိတာ ကိုယ်တောင်းနေတာ"

"ရှူး ရှင်ဘာလို့ အသံဒီလောက်ကျယ်ရတာလဲ၊ အမေ ကြားသွားတော့မယ်"

သူမပြောတာနောက်ကျသွားသည်။ အမေ့မျက်လုံးများက သူမ





နှင့်သူ့ဆီစူးစမ်းသလို ဒိုင်းခနဲ ရောက်လာလျက်

"ညှော်သည်ကို ဘာတွေပြဿနာသွားရှာနေတာလဲ မြကျေး၊ ကလေးတွေကျောင်းသွားတော့မယ်၊ ထမင်းဘူးလာထည့်စမ်း၊ ညက ချန်ထားတဲ့ ချဉ်ပေါင်ကြော်လေးနဲ့ ထည့်ပေးလိုက်"

"ဟုတ် ဟုတ်ကဲ့"

အမေ့ဆီပြန်ပြေးလာလျက် မောင်လေးနှင့်ညီမလေးအတွက် ထမင်းဘူးထည့်ပေးလိုက်သည်။

"မောင်လေးနဲ့ညီမလေး စာကောင်းကောင်းသင်ခဲ့နော်"

"ဟုတ်ကဲ့"

"မမ မောင်လေး ကျောင်းဝတ်စုံလျှော်ထားပေးပါဦးနော်၊ နှစ်စုံ ဘည်းဆိုတော့ လဲစရာမရှိတော့လို့ပါ"

"အေး အေး မောင်လေး"

"ညီမလေးဖို့ အလုပ်ရရင် ကျောင်းဝတ်စုံဝယ်ပေးမယ်ဆို၊ အခု ထိအလုပ်လည်းမရသေးဘူး"

"အေး အလုပ်ရတာနဲ့ ဝယ်ပေးမှာပေါ့ ညီမလေးရယ်နော်"

"အေး နင်တို့အစ်မ အလုပ်ရဖို့တော့ နင်တို့ကျောင်းပြီး ဘွဲ့ရ အိမ်ထောင်တွေကျတောင် ဖြစ်ပါ့မလားပဲ၊ ပညာမာန်တက်ပြီး အလုပ် ရွေးများနေတာနဲ့ ဘာအလုပ်မှလည်းလုပ်ဖြစ်မှာမဟုတ်ဘူး၊ လူနေခြုံ ကြား စိတ်နေဘုံဖျားဖြစ်နေတာ၊ ဘဝင်မြင့်ပြီး ဟိုအလုပ်မလုပ်နိုင်ဘူး၊ ဒီအလုပ်က သူနဲ့မတန်ဘူးနဲ့ အလုပ်မလုပ်ချင်တိုင်း အင်တာဗျူးဖြေလည်း ဘာလွဲချည်းပဲ၊ ငါတော့ သူ့အားမကိုးတော့ဘူး၊ နင်တို့အစ်မကို ယောက်ျား ပေးစားလိုက်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါနဲ့ အမေရာ၊ မမက ငယ်ငယ်လေးရှိပါသေးတယ်"

"ဟဲ့ နင်တို့အစ်မ ငယ်သေးလား၊ အသက်ပဲနှစ်ဆယ်ကျော်နေပြီ၊ တချို့ဆို ဒီအရွယ် ကလေးနှစ်ယောက်လောက်တောင် ရနေပြီ၊ နင်တို့ဝန်ကို ငါတစ်ယောက်တည်း မထမ်းနိုင်တော့ဘူး၊ နင်တို့အစ်မ ယူမယ့်ယောက်ျားကို မှီခိုရအောင်လုပ်ရမယ်ဟေ့"

"အမေရယ် ဘာလို့လျှောက်ပြီးအော်ပြောနေတာလဲ၊ သူများတွေ စားသောက်နေတဲ့ဟာကို"

မင်းဂုဏ်ရောင် ကြားလောက်သည်မို့ မြကျေးညို အရှက်သည်းသွားကာ အမေ့ကိုမျက်နာနီနီလေးဖြင့် ပြောလိုက်မိသည်။ အမေက ကိုယ့်ဆိုင်မှာ တစ်ခါမှ လာမစားဘူးသော ဧည့်သည်ရောက်နေတာ သတိထားမိသွား၍ ဘာမှဆက်မပြောတော့ဘဲ အသံတိတ်သွားသည်။

မြကျေးညို မောင်လေးနှင့်ညီမလေးကို ခပ်လှမ်းလှမ်းထိ လိုက်ပို့ချိန်မှာ ဆိုင်ထဲကို အခြောက်မ ချိုချိုလွင် ဝင်လာသည်။ မြကျေးညိုမှာ မောင်လေးတို့လက်ထဲ ထမင်းဘူးထည့်ပေးလိုက်ပြီး

"ဟိတ် ချိုချို ခ ခဏလေး ဒီကိုလာဦး"

"ဘာလဲဟဲ့"

အကွယ်တစ်နေရာကိုခေါ်လိုက်၍ ချိုချိုလွင် မျက်လုံးလေး ပြူးသွားပြီး မြကျေးညိုဆီသွားလိုက်သည်။ မြကျေးညိုက မင်းဂုဏ်ရောင်ကို မေးငေါ့ပြ၍

"ဟိုမှာတွေ့လား"

"ဘာလဲ"

"ဟိုမှာလေ သေချာကြည့် ဘယ်သူလဲလို့"





"ဟယ် သူငယ်အသစ်လေးပါလား၊ ဘယ်သူလဲဟင် တို့ရပ်ကွက်ထဲမှာ ဒီလိုလန်းတဲ့သူငယ်တစ်ခါမှ မမြင်ဖူးပါဘူး"

"ဘယ်က သူငယ်အသစ်ရမှာလဲ၊ ချိုချိုနဲ့တစ်ခါဆုံဖူးတယ် သေချာကြည့်"

အကွယ်ကနေ ချိုချို သေချာရှုံးသည်။ ပြီးမှ မျက်နာကြီးအံ့သြဘကြီးဖြစ်သွားကာ

"ဟို ဟိုတစ်ခါ မြကျေးနဲ့"

"ဟုတ်တယ် မြကျေးနဲ့ကွိုင်ပြီး ချိုချိုတို့နဲ့ ရေစက်ဆုံခဲ့တဲ့သူလေ၊ အဲဒါ အကြွေးတောင်းဖို့လာတာဖြစ်မယ်၊ အမေ့ရှေ့မှာ ပြဿနာဖြစ်လို့မဖြစ်ဘူး ချိုချို ထိန်းပေးပါလား"

"ထိန်းပေးရမယ် ဟို ဘီယာဆိုင်မှာတုန်းကလို ထွက်ပြေးသွားအောင်လား"

"ဟုတ်တယ် ဟုတ်တယ် နောက်မလာရဲအောင်လုပ်လိုက်"

"အိုကေ စိတ်ချ လွှင့်သွားစေရမယ်၊ ဒါပဲနော် မြကျေးဆီကသွင့်ပြီး တို့ရင်ဘတ်မှာလာငြိရင်တော့ မနာလိုမဖြစ်နဲ့"

"အမယ်လေး ဝေးလေကောင်းလေပဲ၊ အကြွေးရှင်မြင်ရတာ ရင်တွေတုန်ပြီး ဘယ်ပြေးပုန်းရမလဲစဉ်းစားမရ ဖြစ်နေတာ၊ တစ်ခါတည်း ပါအောင်သာဆွဲသွား"

"ရင်တုန်တာလား၊ ရင်ခုန်တာလား ရှင်းအောင်ပြော"

"ကဲ သွားစမ်းပါ"

ချိုချိုကို မင်းဂုဏ်ရောင်ထိုင်နေသော စားပွဲဆီတုန်းလွှတ်ပြီး သူမက အမေ့ဆီမင်သေသေနှင့်လျှောက်လာခဲ့သည်။ မင်းဂုဏ်ရောင်



www.burmeseclassic.com

www.burmeseclassic.com



စားပွဲဝိုင်းမှာ ချိုချိုဝင်ထိုင်လိုက်တာမြင်တော့ မြကျေးညို ကြိတ်၍ပြုံးနေလိုက်မိသည်။

"တို့ထိုင်မယ်နော်"

"ဟင် ခင်ဗျား"

ဆုံခဲ့ဖူးသော အခြောက်မကြီးကို မြင်လိုက်ရ၍ မင်းဂုဏ်ရောင် ပြူးပျာထိတ်လန့်သွားသည်။ ပြုံးနေသော မျက်နှာကြီးကိုက အကြံအစည်တွေနှင့်ပါ။

ဒါနဲ့ အခြောက်မကြီးက ဘယ်လိုလုပ် မုန့်ဟင်းခါးဆိုင်ကို ရောက်လာတာလဲ။ သူ့ကိုနောက်ယောင်ခံပြီးများ လိုက်လာတာလား။ ဒီလိုလည်း မဖြစ်နိုင်ပါ။ ဒါဆို ဒီနေရာမှာ ဘာလို့ရောက်လာတာလဲ။

"ဟင် သူက စားတော်ပြီးတော့မှာလား။ တို့က အခုမှစားမှာ တို့ကိုစောင့်ဦးနော်၊ ပြီးမှ အတူတူပြန်ရအောင်"

"ဘာလို့ တူတူပြန်ရမှာလဲ မပြန်ပါဘူး၊ ခင်ဗျားကိုယ့်ဘာသာ တခြားဝိုင်းသွားထိုင်ရင် ကောင်းမယ်နော်"

"အို သူ့ဝိုင်းမှာ အကျယ်ကြီးဥစ္စာ၊ ထိုင်တော့ဘာဖြစ်လဲ၊ သူ့ကို တို့က ကိုက်မစားပါဘူး။ အန်တီညိုရေ ချို့ဖို့မုန့်ဟင်းခါးဘူးကြော်လေးနဲ့ ပေးပါနော်၊ ဘူးကြော်အရမ်းကြိုက်လို့ ဟင်း ဟင်း"

ချိုချို အော်သံကြားတော့ အမေက မုန့်ပွဲပြင်ပြီး မြကျေးညိုကိုပို့ခိုင်းသည်။

"ဟဲ့ ချိုချို သွားပေးချည်ဦး၊ အချဉ်စိတ်လေးပါ ညှစ်ထည့်ပေးခဲ့၊ ချိုချိုက အချဉ်ကြိုက်တယ်"

"ဟုတ်ကဲ့ အမေ"





သံပုရာသီးစိတ်လေးပါ ယူ၍ မင်းဂုဏ်ရောင်တို့စားပွဲဆီ လာခဲ့သည်။

"ချိုချိုရေ့ အမေက ချိုချို့စိတ်ကြိုက် လုပ်ပေးလိုက်တယ်"

"ကျေးဇူးပဲ မြကျေး၊ ဟိုလေ သူ့အတွက် မုန့်ဖိုးကိုတို့ရှင်းမယ်နော်"

"ဟာ ဘာလို့ရှင်းရမှာလဲ၊ မရှင်းပါနဲ့"

"သူ မရှင်းစေချင်ရင် ရှင်ကပေးမှာလား"

"ပေး ပေးမှာပေါ့၊ ငါစားတာ ငါရှင်းမှာပေါ့"

"အဲဒါဆို ခုပေးလေ၊ မပေးရင် ချိုချိုဆီက တောင်းလိုက်မယ်"

"ဟာ ပေးမယ် ပေးမယ် ရော့ ရော့"

မင်းဂုဏ်ရောင် ပျာပျာသလဲပင် ပိုက်ဆံထုတ်ပေးသည်။ ချိုချိုက နှုတ်ခမ်းကြီးစူလျက်

"ဟွန်း တို့အတွက်တောင် ရှင်းမပေးဘူး ရပါတယ်၊ တို့ကတော့ ခလ သူနောက်နေ့ လာစားလည်း၊ သူမရှင်းနိုင်ရင် ရှင်းပေးမှာပါ"

"ဘာ ခင် ခင်ဗျားက ဒီရပ်ကွက်ထဲမှာနေတာလား"

"ဟုတ်ပ့ါ တို့နဲ့မြကျေးက သူငယ်ချင်းလေ၊ သူ့မုန့်ဟင်းခါးဆိုင်ကို အမြဲတမ်း လာအားပေးတယ်၊ သူလည်း အမြဲတမ်း လာနော်၊ ဒါမှ သူ့မျက်နှာလေးကို တို့အမြဲတမ်း ကြည့်ရမှာ"

"ဟာ မ မလာတော့ဘူး၊ သွားပြီ သွားပြီနော်၊ ဟိတ် မင်းငါ့အကြွေးဆပ်ဖို့ မမေ့နဲ့"

"အဲဒါဆို နောက်နေ့တွေ လာတော်ဦးမှာလား"

"ကျွတ် အေး လာမယ်၊ အာ မ မလာဘူး၊ မင်း ငါ့ကိုလာ



www.burmeseclassic.com

www.burmeseclassic.com



ပေး''

မင်းဂုဏ်ရောင် အယောင်ယောင်အမှားမှား ပြောပြီး ခပ်သုတ်သုတ်လစ်ပြေးတော့ ချိုချိုနှင့်သူမ လက်ဝါးချင်းရိုက်ကာ တဟားဟား အော်ရယ်လိုက်ကြသည်။

''ဟဲ့ မိန်းကလေးတွေဖြစ်ပြီး ကျွန်မျက်အော်ကြီးဟစ်ကျယ် ရယ်နေရလား၊ သိက္ခာကိုမရှိကြဘူး''

အမေ့အော်သံကြားတော့ နှစ်ယောက်လုံး မျက်နှာပိုးသတ်လိုက်ကြပေမယ့် အရှိန်မပြေစွာ ပြုံးစိစိဖြစ်နေကြသည်။ ဒီလိုလူမျိုးက ဒီလိုလုပ်ပေးမှ ကောင်းကောင်းကြီးနောင်တရမှာ။

နောက်တစ်ခါ ပိုက်ဆံလာတောင်းလျှင် ချိုချိုနှင့်တွေ့ပေးမှ တီကောင်ကိုဆားနှင့်တို့သလို ထွန့်ထွန့်လူးပြီးပြေးမှာ။

ရယ်စရာကောင်းလိုက်တာ မင်းဂုဏ်ရောင်ရယ်။

■ ■ ■

## အခန်း (၁၀)

''ဟား ဟား ဖြစ်ရမယ် မင်းဂုဏ်ရယ်၊ မင်းကို အဲဒီအခြောက်ကာ ဆွဲစိချင်လို့ နောက်ယောင်ခံလိုက်နေတာနေမှာပေါ့၊ မင်းကိုသူငယ်ာင်နေတာဖြစ်မယ် ဟား ဟား''

ဖော်တူးရယ်လို့လျောင်လို့မဆုံး၊ သူကတော့ ရယ်ပင်မရယ်နိုင်ပါ။ ထိ ထူပူလျက် မျက်မှောင်ကြီးကြုတ်ထားမိသည်။ ဘီယာကို တစ်ရှိန်မော့သောက်ချလိုက်ပြီးမှ တက်တစ်ချက်ခေါက်လျက်

''ဒါ သွေးရိုးသားရိုး မဟုတ်နိုင်ဘူး၊ မြကျေးညို အကွက်ဆင်တာဖြစ်မယ်''

''မင်းကလည်း ဟိုတစ်ခါဆုံတာက ဘလိုင်းကြီးဝင်ရောတာပါ၊ ကျေးညိုနဲ့မှ တွေ့ခါစရှိသေးတယ်''

''အေး သူတို့က သူငယ်ချင်းတဲ့၊ ငါတို့မြကျေးညိုအကြောင်း ာနေတဲ့အသံကြားလို့ ဝင်လုံးပြီးဆွဲတာဖြစ်နိုင်တယ်၊ ငါတော့ကွာ အဲဒီ ာင်မလေးကို တော်တော်ချဉ်လာပြီ၊ ငါ့ကိုအခြောက်မနဲ့အချဉ်ထည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အနံ့ထွက်အောင် လုပ်နေတာ၊ သူပေးရမယ့်အကြွေးကို ငါမတောင်း အောင် ဖြစ်ခြောက်နေတာကွ၊ ငါ ရေလည်တင်းတယ်''

''အေး တင်းရင်လည်း လမ်းကြောင်းပြောင်းပြီး တောင်းပေါ့ ကွာ''

''ဘယ်လိုလမ်းကြောင်းပြောင်းတောင်းရမှာလဲ''

''သူအပြင်ထွက်မယ့်အချိန်စောင့်ပြီး တောင်းပေါ့၊ မင်းလည်း ဒီငွေလောက် စာရင်းထဲမထည့်ပေမယ့် လူကိုတွေ့ချင်လို့အခွင့်အရေးရှာ နေတယ်ဆိုတာ ငါသိပါတယ်''

''အဲဒါကြောင့်လည်း မဟုတ်ပါဘူးကွာ''

''ဟုတ်တယ်လို့ ဝန်ခံလိုက်ကွာ၊ အချင်းချင်းကို ပုန်းချင်သေး ဘယ်၊ ဒီမယ် ဟိတ်ကောင် မြကျေးညို မဟုတ်ရင် ချိုချိုဆိုတာ မင်းရင် ခုန်နေတာလို့ မှတ်လိုက်မယ်နော်''

''အာ ရှုပ်ရာကြီးကွာ၊ မင်းပဲ အဲဒါတွေစိတ်ဝင်စား၊ ငါကတော့ အစစ်ပဲကြိုက်တယ်''

''သူတို့မှာလည်း ချစ်တတ်တဲ့အသည်းနှလုံးရှိတာပဲကွာ၊ ငါက တော့ သူတို့သိမ်ငယ်တာမျိုးမဖြစ်အောင် စာနာပေးချင်တယ်၊ သူတို့ လည်း လူ၊ ကိုယ်လည်းလူ၊ မိန်းမယောက်ျား လူကလူပဲကွ၊ လူဖြစ်ရ မည်းယောက်ျားမိန်းမ ခွဲခြားတာကို ငါတော့မကြိုက်ဘူး၊ လူဆိုတာ သူ့ ဘဝအကျိုးပေးနဲ့သူလာတာ၊ အဲဒါကို နှိမ်ချဆက်ဆံရင် လူပီသ ပါတော့မလား၊ ညာတာစိတ်နဲ့တွေးကြည့်ရင် သူတို့ဘဝလေးတွေက သနားစရာ ကောင်းပါတယ်''

''အား လူပီသတဲ့ကောင်ကြီး ပြောကြည့်စမ်းပါဦး၊ ဘာလို့





သနားရတာလဲ''

''ဟ သူတို့မှာ သူတို့အကြောင်းအကျိုးတွေရှိတယ်၊ လူစဉ်မမီ တို့တွေက သနားစရာကောင်းတာတစ်မျိုး၊ အတိတ်ဘဝကံအကျိုး ကောင်းလို့ ယောက်ျားမဟုတ် မိန်းမမဟုတ်ဖြစ်ရတာတစ်မျိုး၊ သိမ် ငယ်မှုတွေရှိကြရတာပဲ၊ ဟော်မုန်းဓာတ်တွေရဲ့ပုံမမှန်တဲ့ပြုပြင်ပြောင်းလဲ မှုတွေကြောင့် ဒီလိုဖြစ်နေရတာ ဘယ်လောက်စာနာဖို့ကောင်းလဲ၊ လူသား ချင်း စာနာထောက်ထားရမယ့်အထဲမှာ သူတို့ကိုလည်း ထည့်သင့်တယ်၊ ပြီးတော့ သူတို့က တန်ဖိုးမရှိတဲ့သူတွေမဟုတ်ဘူး၊ ယောက်ျားစင်စစ်တွေ ဖြစ်ပြီး မိသားစုကိုလုပ်ကိုင်မကျွေး မူးရူးသောက်စား လောင်းကစား ဆိုး အသုံးမကျ လူမှုဖိုးလူညံ့တွေထက်စာရင် မိသားစုတာဝန်ကို သူတို့ ထမ်းနိုင်သရွေ့ ထမ်းနေကြတဲ့သူတို့ကမှ ပိုတန်ဖိုးရှိတယ်လို့ ထင်တယ်''

''မင်း ငါ့ကိုရွဲ့နေသလိုပဲနော်''

အိုးမလုံ အဲ့ပွင့်စွာပြောမိတော့ ဇော်တူး စပ်ဖြဲဖြဲနှင့်ရယ်သည်။

''မရည်ရွယ်ပါဘူးကွာ၊ တိုက်ဆိုင်မှုရှိရင် ခွင့်လွှတ်ပါ''

''မင်း အဲဒီစပ်ဖြဲဖြဲမျက်နှာကြီး ပြင်လိုက်ဦး''

''ဘာတွေမလုံဖြစ်နေတာလဲ၊ မင်းက သားဆိုးတစ်ယောက် မဟုတ်ပါဘူး၊ မိဘကိုကန့်လန့်တိုက်ရုံလေးပါ''

''ကန့်လန့်တိုက်တယ်ဆိုတာ အကြောင်းရှိလို့ပါကွာ၊ ဒယ်ဒီက ကြင်ကြင်နာနာ မဆက်ဆံဘူး၊ မာမီက ဆင်းရဲတယ်ဆိုပြီး ငါ့ကိုပါနှိမ် တယ်၊ ငါ ဒီလိုနေတာ မာမီဘက်က စရိုက်တွေ သွားတူတာတဲ့၊ မာမီလည်း အဲဒီအတွက်တော့ ခံစားမှုတွေရှိနေတယ်၊ ဒါပေမဲ့လည်း ဆင်သားဖြစ်နေတော့ မပြတ်နိုင်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ မိသားစုတစ်စုဖြစ်လာရင် ပြတ်ဖို့ကွာဖို့ဆိုတာတွေက သိပ်မလွယ်တော့ဘူး။ သည်းခံမှုတွေ နားလည်မှုတွေနဲ့ နေရတော့တာပဲ"

"ဒယ်ဒီကတော့ အဲဒီနားလည်မှုမျိုးကို မရှိဘာ၊ သူဖြစ်ချင်တာပဲ သူသိတယ်"

"မင်းကကွာ မိန်းမယူတာ ဘာခက်တာမှတ်လို့ စည်းစိမ်ဥစ္စာအပြည့်နဲ့နေရမှာ၊ လုပ်ငန်းအမွေလည်းရဦးမယ်"

"မင်းသိတာ ဒီလောက်ပါပဲကွာ"

စိတ်ပျက်စိတ်ကုန်သလိုနှင့် မင်းဂုဏ်ရောင် လေသံတွေက ပြင်း ရှတုန်ခါနေခဲ့သည်။ ဒီနေ့ကျမှ ဘီယာတွေကို ထူးထူးခြားခြား ပိုသောက် နေ၏။

"ဟိတ်ကောင် စွတ်ထည့်နေတော့တာပဲ ဘာတွေလောဝ်နေတာလဲ"

"အဆင်မပြေတာချည်း ဖြစ်နေတယ်ကွာ၊ ဘာတွေမွန်းကျပ်နေမှန်း မသိဘူး"

"မြကျေးညိုနဲ့အဆင်ပြေချင်နေတာ မဟုတ်လား၊ အဲဒါကငါ ပြောသလိုလုပ်စမ်းပါ၊ အပျော်ရှာချင်ရင် ဒီလောက်တော့ ရင်းရမှာပေါ့"

"ဟာ စကားပြောတာလေးလေးနက်နက်ပြောစမ်းပါ၊ အပျော်ရှာတယ်ဆိုတာက တန်ဖိုးမဲ့လွန်းပါတယ်"

"မင်းက မြကျေးညိုကို တန်ဖိုးတောင်ထားနေပြီလား"

"တန်ဖိုးမဲ့မဟုတ်တာတော့ အသေအချာပဲ၊ တွေးကြည့်ရင် ဘဝလေးက သနားစရာလေး၊ မိသားစုက ချို့တဲ့တယ်၊ ဒါပေမဲ့ မပြည့်စုံ





တာကို သူ ဘာလို့ တာဝန်မဲ့သလိုဖြစ်နေတာလဲဆိုတာတော့ ငါမတွေးတတ်ဘူး"

"ဘယ်လို တာဝန်မဲ့တယ်ပြောတာလဲ"

"သူ့အမေပြောနေတာကို ငါကြားတာပါ၊ ဘဝင်မြင့်ပြီး အဲလုပ်ကို ချေးများနေလို့ ယောက်ျားပေးစားတော့မယ်တဲ့"

"ဟာ အဲဒါကြောင့် အူနုကျွဲခတ်ခံရပြီး ဘီယာတွေစွတ်သောက်နေတာလား၊ အခုမှပဲ သိတော့တယ် မင်းဂုဏ်ရာ၊ မင်း အဲလိုတောင်ဖြစ်နေပြီလား"

"အာ မ မဟုတ်ပါဘူးကွာ မင်းကလည်း"

မင်းဂုဏ်ရောင် အသားကင်တစ်ခုကို တူနှင့်ညှပ်ကာ သူ့ပါးစပ်ထဲထည့်ပြီး

"ရော့ အမြည်းစားလိုက်ဦး၊ ရင်ပူနေဦးမယ်"

"ဒီနေ့ မင်းငါ့ကို တောက်လျှောက်လှောင်လိုက် ရွဲ့လိုက်လုပ်နေတယ်နော်၊ ဒီနေ့ပွဲကို ငါရှင်းမှာ၊ ဒယ်ဒီက မုန့်ဖိုးပေးလိုက်တယ်၊ ကျေးဇူးရှင်လို ဆက်ဆံ"

"ဟ တယ်ဟုတ်ပါလား၊ မင်းဒယ်ဒီက အဲလိုဆိုတော့လည်း တော်သားပဲ"

"မာမီ ပေါက်လိုက်လို့ မသထာရေစာ စွန့်တာပါကွာ၊ အကန့်တွေနဲ့ပါ၊ ခဏခဏ မရဘူးတဲ့"

"သူ့စကားမှ နားမထောင်တာ၊ ဒီလောက်တော့ ရှိမှာပေါ့ကွာ၊ မင်းက ငါ့ဘဝထက်စာရင် အများကြီးသာပါတယ် ကောင်းပါတယ်၊ ငါ့မှာဆို အဖေအမေ ခေါ်စရာမရှိဘူး၊ ဆိုးနွဲ့စရာ ဂျီတိုက်စရာ အမွေပေး



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ မပေးဘူး မိန်းမပေးစားမယ် မပေးစားဘူးလို့ အမိန့်တွေထုတ်မယ့် အာဏာတွေသုံးမယ့်မိဘမရှိဘူး။ မင်းမှာ အဲလိုလုပ်မယ့်မိဘတွေရှိနေ သဘော အရမ်းကောင်းပါတယ်၊ မင်းအသက်နှစ်ဆယ့်သုံးထားပါဦး မင်းအသက်နဲ့အမျှ သူတို့ကျွေးမွေးပြုစုစောင့်ရှောက် ပညာတွေသင်ပေး ထဲ့ကာမှာ သက်သက်သာသာ ချောင်ချောင်ချိချိနေလာရတာ မဟုတ်လား မင်းသုံးနှစ်လောက်ပဲ သူတို့စိတ်ချမ်းသာအောင် ထားကြည့်စမ်းပါ''

''အင်း''

ဇော်တူး ပြောတာ တွေဝေစွာနားထောင်ဖြစ်ရင်း လေးပင်စွာ သက်ပြင်းတွေချမိ၏။ တုန့်ပြန်စရာ စကားလုံးမရှိလို့မဟုတ်ပါ။ ရင်ထဲမှာ တင်းကျပ်နေတာ ဖြေသိမ့်စရာနေရာမှ မရှိဘဲ။

''ဇော်တူး''

''ဘာလဲ''

''မိဘတွေက သားသမီးကို ဘာလို့မွေးလာတာလဲ''

''ဟင်''

''သူတို့ဆန္ဒတွေအတိုင်း ဖန်တီးဖို့လား၊ သူတို့ကရော သူတို့ မိဘတွေရဲ့ဖန်တီးမှုတွေကို နာခံခဲ့ရဲ့လား၊ မဆန့်ကျင်ဘဲ မိဘတွေသဘော အတိုင်း နေခဲ့ကြသူတွေလား''

''အေး အဲဒါတော့''

''မာမီက ဆင်းရဲလို့ သဘောမတူခဲ့ဘူး၊ အမျိုးမျိုး ရိုက်ပုတ် ဆုံးမနှင်ချပြီး ဖြတ်နိုင်းခဲ့တယ်တဲ့၊ ရောဂါတွေရကြ စိတ်ထိခိုက်ပြီး အတို့ ဆို အဲဒီစိတ်နဲ့သေသွားခဲ့တာတဲ့၊ ဒါပေမဲ့ ငြိစွန်းမိတာကိုအကြောင်းပြပြီး မာမီ့ကို အခုထိ ပေါင်းသင်းနေခဲ့တယ်''





''ငါ့ကိုဘာလို့ မင်းမိဘတွေအကြောင်း လာပြောနေတာလဲ''

''မိဘတိုင်းက အဲလိုအတ္တတွေရှိတတ်ကြပေမယ့် သားသမီး တိုင်းကလည်း မနာခံတတ်ကြဘူးဆိုတာ မင်းသိအောင်ပြောပြတာ၊ ဘာကိုပိုပြီး အတိုက်အခံလုပ် ဆန့်ကျင်ခဲ့တဲ့သားသမီးတွေက သူတို့မိဘ အလှည့်ရောက်သွားပြီဆိုရင် မွေးလာတဲ့သားသမီးတွေ သူတို့ဝင့်မလိုက် အောင်ဆိုပြီး အတ္တတွေနဲ့ပိုပြီး ချုပ်ကိုင်အုပ်ချုပ်ချင်ကြတယ်၊ ဆင်စီးပြီး မြင်းရံစေချင်တဲ့ မိဘမေတ္တာကွလို့ ကြွေးကြော်ချင်ကြတယ်''

နာကြည်းမှုတွေ ယှိစိမ့်နေသော မင်းဂုဏ်ရောင်မျက်လုံးများက ချက်ရည်ရိပ်များဖြင့် အရောင်လဲ့နေခဲ့သည်။ ဇော်တူးက ပေါက်ကွဲချင် ပေါက်ကွဲပါစေတော့လို့ နားလည်ပေးကာ ဘီယာကို ဖြည်းညင်းစွာ သောက်ရင်း နားထောင်ပေးလိုက်၏။

မင်းဂုဏ်ရောင်က ဘီယာကိုတစ်ကျိုက်မော့သောက်ပြီး

''မင်း စိတ်ညစ်မလားတော့ မသိဘူး၊ ငါလည်း ရင်ဖွင့်စရာ မင်းတစ်ယောက်တည်းရှိလို့ပါ''

''ရပါတယ်ကွာ မင်းရင်ဖွင့်တိုင်း ငါ့နားထောင်ပေးနေကျပဲ၊ အခုနောက်ပိုင်း မင်းကိုကားပေးမသုံး ငွေပေးမသုံးကတည်းက မင်းခံ စားချက်တွေ ပိုပြီး ပြင်းထန်လာတယ်ဆိုတာ ငါသိပါတယ်''

''အဲဒါ ပါးပါးလေးလို့ မင်းထင်လား၊ ငါလည်း ပျော်ပျော်နေ သတ်တဲ့ကောင်ပဲ၊ ဘာမှမဖြစ်ပါဘူးလို့ ပေါ့ပေါ့လေးပဲ နေလိုက်ချင်တယ်၊ ဒါပေမဲ့ ဒီလိုချို့ချို့တဲ့တဲ့ မနေနိုင်ရင် ငါ့စကားနာခံလာလိမ့်မယ်ဆိုတဲ့ ခိုင်ဒီယာက ငါ့မာနကို ထိခိုက်တယ်ကွ၊ ငါ အဲဒါကြောင့် ပိုတင်းတာ''



www.burmeseclassic.com

"အေးပါ ငါလည်းသိပါတယ်၊ ဒါပေမဲ့ မိဘပဲကွာ၊ မေတ္တာ
ဖောင်ဒေးရှင်းခံပြီး အတ္တကြီးနေတာ မနာခံချင်နေ မစော်ကားမိစေနဲ့
မင်းက မင်းကြိုက်တာမင်းလုပ်မယ့်ကောင်ပဲ"

"ဟူး ဒယ်ဒီကို ငါ အဲလောက် အတိုက်အခံမလုပ်ချင်ပါဘူး
မာနက ခွင့်မပြုလို့ အပေအတေလိုပဲနေလိုက်တာ"

"မြကျေးညိုကတော့ မင်းကိုသူ့ဒွေးသားမှန်းမသိဘူးထင်တယ်
နော်"

ဖော်တူးရဲ့တွေးဆမှုမှန်ကန်ကြောင်း ထောက်ခံသည့်အနေဖြင့်
သူ ခေါင်းခါပြလိုက်၏။

"ဖြစ်နိုင်တယ် သူမသိလောက်ဘူး၊ ငါ့ကိုငွေတစ်ကျပ်နှစ်ကျ
မှတ်ချာနေတဲ့ ချစ်တီးလို့ထင်နေလားမသိပါဘူး၊ ကြံ့လို့ကူညီတာ အဓိ
ချေးစားတဲ့ကောင်လို့ ငါကလည်း ဖွတ်တောင်းနေတာကိုးကွ၊ အဟ
ရယ်တော့ရယ်ရတယ်"

"မင်းကလည်း မြကျေးညိုအကြောင်းပြောမှ မျက်နှာက ပြ
တော်မူတော့တယ်"

ဖော်တူးပြောလည်း ပြောချင်စရာပင်၊ မြကျေးညိုဆိုသည့် အ
ကြားလိုက်တာနှင့် သူ့ရင်က လှိုက်ဆူလာလျက် ကြည်နူးအေးချမ်းမှုတွေ
ဖြစ်လာ၏။ ရီဝေနေပြီဖြစ်ပေမယ့် ဘီယာခွက်ကို ကောက်မော့လိုက်ပြ

"သူ့အမေက ယောက်ျားပေးစားမယ်ဆိုတာ တကယ်လာ
မသိဘူးနော်"

"မသိဘူးလေ၊ ဟုတ်ချင်ဟုတ်မှာပေါ့"

"သူ့အမေက သူအလုပ်မလုပ်လို့ စိတ်ကုန်နေတာထင်တယ်





ဒီကောင်မလေးကလည်း ဘာလို့အလုပ်မလုပ်တာလည်း မသိဘူး"

"သိချင်မေးကြည့်ပေါ့ကွာ၊ မင်းကလေ ပြောတော့ကျ မဟုတ်
ဘူး မဟုတ်ဘူးနဲ့ မြကျေးညိုကို မင်းကြွေနေတာ မဟုတ်လား"

"ငါ့အတွက် အပြုံးတွေ စိတ်ချမ်းသာမှုတွေ ဖန်တီးပေးနိုင်တာ
တော့ အမှန်ပဲ"

"အဲလောက် ဝန်ခံတာလည်း မဆိုးပါဘူး၊ မင်း ဒီထက်သတ္တိ
ရှိလာတဲ့အချိန်ထိ ငါစောင့်ကြည့်ဦးမယ်"

"အေး အေး စောင့်ကြည့် စောင့်ကြည့်"

သူပျော်ရွှင်လာသလိုရှိပြီး ဘီယာတွေမူးအောင်သောက်ပြီး အိမ်
ပြန်လာခဲ့သည်။ လိုင်းကားတိုးစီးလာခဲ့တာမို့ လူက ချွေးအလိမ်းလိမ်းဖြင့်
ဆာစုတ်ညစ်ပတ်နေ၏။

သူ ယိုင်ထိုးစွာဖြင့် အိမ်ထဲဝင်အလာမှာ

"မင့်သားတွေ့လား ကျော့၊ ငွေလေးပေးလိုက်တာနဲ့ အငမ်း
မရ သောက်စားမူးယစ်လာပြီ၊ လူက အပေအတေ လူဆိုးသူခိုးလိုလိုနဲ့
နေဂုဏ်ရောင် သားလို့ပြောရမှာတောင် ရှက်စရာကောင်းတယ်"

"ရှင်ကလည်းတော် ပိုက်ဆံပေးတဲ့နေ့ဆို သားလေးကိုပြီးတော့
ကို နှိမ့်နှိမ့်ချချ ပြောတယ်၊ ကားမှပေးမမောင်းတာ၊ လိုင်းကားတိုးစီးရ
တော့ ဒီရုပ်ပဲထွက်လာမှာပေါ့"

"မင့်သားက အဲလိုတဝနဲ့နေရတာပဲ တန်တာကိုးကွ၊ ဒီလိုစရိုက်
ပါတဲ့သွေးသားဆိုတော့ ဒီလိုနေချင်မှာပေါ့"

"ဒယ်ဒီ"

သူ ကုန်းအော်ကာ ဒယ်ဒီ့နား ယိုင်ထိုးစွာရောက်လာခဲ့သည်။

www.burmeseclassic.com



အကျီရင်ဘတ်ကို ဆောင့်ဆွဲဖွင့်လိုက်သည့်အတွက် အကျီကြယ်သီးတွေ ပွင့်ထွက်ကျကုန်၏။

"ဒယ်ဒီ ပြောချင်ရင် သားကိုတိုက်ရိုက်ပြော၊ မာမီကို သွယ်ဝိုက်ပြီး မထိနိုက်နဲ့၊ မာမီကိုချစ်လို့ မိဘတွေကိုတောင် ဆန့်ကျင်ပြီး လက်ထပ်ခဲ့တာဆို၊ သားကိုချစ်လို့ အမြင့်ဆုံးကိုရောက်စေချင်တာ၊ အအောင်မြင်ဆုံးလူတစ်ယောက်ဖြစ်စေချင်တာဆို၊ ဘာလို့ ဒယ်ဒီချစ်တဲ့ လူတွေကို ထိနိုက်ရက်တာလဲ၊ ပြောရက်ဆိုရက်နေတာလဲ၊ ချစ်တယ်ဆိုတာ အဲလိုမဟုတ်ဘူး ဒယ်ဒီ၊ မေတ္တာတရားဆိုတာ အဲလိုမဟုတ်ဘူး ဒယ်ဒီ၊ နူးညံ့တယ် သိမ်မွေ့တယ်၊ ညင်သာတယ်၊ နားလည်မှုရှိတယ်၊ စာနာပေးတယ်"

"ဟိတ်ကောင် ငါ ကျွေးတာစားပြီး ငါ့ကိုပြန်အော်မနေနဲ့၊ မိကျောင်းမင်းရေကင်းပြဆရာလာလုပ်မနေနဲ့၊ ငါ့စကားနားမထောင်တဲ့ ကောင်က ငါ့သားမဟုတ်ဘူး၊ မင်း ဒီလိုပဲနေသွားမယ်ဆိုရင်နေ၊ လူဆိုတာ ကိုယ်ရွေးချယ်တဲ့အဆင့်အတန်း တန်သလိုပဲနေရတာ၊ မင်းဘဝ မြင့်မားချင်တယ်ဆိုရင်တော့ ငါ့ဆန္ဒကို လိုက်လျောမှုပဲဖြစ်မယ်၊ ငါက မင်းအဖေ၊ မင်းထက် မာနကြီးတယ်၊ ပြတ်သားတယ် ဟေ့ကောင်"

"ကဲ တော်ပါတော့ ကိုဂျက်ရောင်ရယ်၊ သား သားလေးလည်းလာ မာမီ အခန်းထဲလိုက်ပို့မယ်နော် သား"

မာမီ ဆွဲခေါ်ရာနောက်ပါလာခဲ့ရင်း လက်သီးကိုဆုပ်ထားမိသည်။ အခန်းထဲရောက်လာသည့်တိုင်အောင် လက်သီးဆုပ်ကိုမဖြေမိ။

"သား သား ဒယ်ဒီကို စိတ်မဆိုးရဘူးနော် သား၊ သားကိုချစ်လို့ပြောတာပါကွယ်၊ သားဒီလိုပုံစံနဲ့ ပေစုတ်ညစ်ပတ်နေတာကို





မကြိုက်လို့ပါ၊ သားကို ခံ့ခံ့ညားညား ကြီးကျယ်ခမ်းနားတဲ့သားကြီးဖြစ်စေချင်လို့ပါ"

"မာမီ"

"ဟင် သား"

"သားက ဒယ်ဒီ့သားဆိုပေမယ့် ဒယ်ဒီထက်မာနပိုကြီးပြမယ် မာမီ၊ ဒယ်ဒီ့လက်အောက်မှာ ဘယ်တော့မှ အလုပ်ဝင်မလုပ်ဘူး၊ တခြားသူတွေဆီမှာ အောက်ကျခံအလုပ်လုပ်လိုက်မယ် သိလား၊ အဲဒီလို နှိမ့်ချတာကြီးကိုမုန်းတာ၊ မခံချင်တာ၊ မာနပိုရှိတယ်ဗျ"

"အေး အေးပါသားရယ်၊ စိတ်လျှော့ပါ သားရယ်၊ ဘာမှလည်း မဟုတ်ဘဲနဲ့၊ သားအဖချင်းကိုကွယ် နော် သား အိပ်တော့ အိပ်တော့"

မာမီက ခုတင်ပေါ်တွန်းလှဲပြီးသိပ်သည်။ သူ့ကျောလေးကို ပုတ်ကာနှစ်သိမ့်၏။

သူ့မာနတို့က တင်းခံနေဆဲပါ။

ဒယ်ဒီကျွေးသော ထမင်းကိုမစားချင်၊ ဒယ်ဒီပေးသော မုန့်ဖိုးကိုလည်း မယူချင်။

ဒယ်ဒီ့အရိပ်ကိုလည်း မခိုချင်။ ဒီထက်တောင် မာနကြီးလိုက်ချင်ပါသေးတယ် ဒယ်ဒီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ဟိတ် မြကျေးညို နေဦး"

သူမတို့ရပ်ကွက်ထိပ်က လက်ဖက်ရည်ဆိုင်မှာ နှစ်ရက်လောက် အချိန်ဖြုန်းကာ စောင့်လိုက်မှ စလင်းဘတ်အိတ်ခပ်ကြီးကြီးကို စလွယ် သိုင်းထွက်လာသော သူမကိုတွေ့ခွင့်ရလိုက်သည်။ အပြေးလေးလိုက်သွား လျက် အိတ်ကိုဆွဲထားကာ ခေါ်လိုက်တော့ မျက်စောင်းတဝင့်ဖြင့် လက်ကို ဖျတ်ခနဲ ပုတ်ချ၏။

"ဒါ ဘာလုပ်တာလဲ ဖယ်ပါ"

"မင်းကို အဲလို ဖမ်းမထားရင် မင်းဘယ်လိုထွက်ပြေးမလဲ မသိဘူး၊ ဒါမှမဟုတ် ငါ့ကိုထွက်ပြေးအောင် လုပ်မလားဆိုတာ မသိဘူး နော်၊ ဒါကြောင့်မို့ မလွှတ်နိုင်ဘူး"

သူ့အိတ်ကို ဖျတ်ခနဲ ပြန်ဆွဲထားလိုက်၍ ရပ်တန့်မနေသော သူမကိုယ်လေး နောက်လန်မလို ဖြစ်သွား၏။ သူက ရှေ့ကပိတ်ရပ်ထား လိုက်ကာ





"မင်းဘယ်တော့ အကြွေးပေးမှာလဲ၊ ငါ သိပ်စိတ်မရှည်တော့ ဘူးနော်"

"ဒီမှာ ကိုချစ်တီး၊ အခုလျှောက်ထားတဲ့အလုပ်က အင်တာဗျူး ခေါ်လို့ သွားဖြေမှာ၊ အလုပ်ရလို့ လစာထုတ်တာနဲ့ ရှင့်ပိုက်ဆံကို တန်းခနဲ ဆပ်မယ်"

"ငါ မယုံဘူး ရည်းစားနဲ့သွားချိန်းတွေ့မှာကို ညာပြောတာဆို ရင် ဘယ်လိုလုပ်မလဲ"

"ရှင့်ကိုလိမ်စရာ ညာစရာလား၊ တကယ်အင်တာဗျူး သွား ဖြေမှာ၊ ရှင် အဲလိုကြိုတဲ့နေရာမှာ အကြွေးတောင်းနေလို့ကို တကယ် သွားဖြေမှာ၊ မယုံရင် ရှင်လိုက်ကြည့်လို့ရတယ်"

"အေး လိုက်မှာ"

"ဟင်"

အဲလောက် အသည်းအသန် ဖွဲ့မကောင်းလောက်ဘူးထင်၍ ပြောလိုက်သော်လည်း မင်းဂုဏ်ရောင်က သွက်လက်တက်ကြွစွာပင် ခေါင်းညိတ်လေသည်။ အနားမှာ ချိုချိုလည်းမရှိ။

သူမ ဘယ်လိုထွက်ပေါက်ရအောင် လုပ်ရမလဲ။ ဒီနေ့ တကယ် အင်တာဗျူးသွားဖြေမှာဆိုသော်လည်း ဒီလူကိုတော့ မလိုက်စေချင်ပေ။ သို့သော်မဲ့ ဒီလူက လက်လျှော့မည့်ပုံမပေါ်။ တကယ်လို့ အခုအင်တာဗျူး ဖြေကုမ္ပဏီမှာ အလုပ်ရလျှင် သူကသိပြီး အကြွေးလိုက်တောင်းနေပါက သူမ အရှက်ကွဲရပေလိမ့်မည်။

"ဟို ရှင် မလိုက်ပါနဲ့၊ ကျွန်မ တကယ်အလုပ်ရရင် ရှင့်ရဲ့ဒီငွေ လောက်တော့ ကျွန်မအေးဆေးဆပ်နိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါယုံကိုမယုံတာ လိုက်မှာပဲ၊ မင်းအလုပ်ရခဲ့ရင်တောင် အဲဒီနေရာကို ငါသိထားမှဖြစ်မယ်၊ ဒါမှ မင်းဆပ်မယ့်ပိုက်ဆံကို လာယူလို့ရတယ်လေ"

"ရှင်ကလည်း အိမ်လည်းသိနေတဲ့ဟာ၊ ကျွန်မ လိမ်မပြေးပါဘူး၊ အိမ်ကိုလာခဲ့ပါ"

"မင်းက အရှောင်အတိမ်း ဂျက်စီကျိန်းလေ၊ မင်းအိမ်ကိုလာရင် ငါ့ကိုအခြောက်မနဲ့ ချောက်ထဲကျအောင်လုပ်ဦးမှာမဟုတ်လား၊ ငါအထာနပ်သွားပြီ၊ ငါ့ကိုတာတ်လို့မရတော့ဘူး မြကျေးညို"

သူမ ရယ်ချင်ချင်ဖြစ်သွားရင်းမှ စိတ်ရှုပ်သွားရသည်။ ဒီလူက တကယ်လိုက်မည့်ပုံပါ။

"ဟင်"

ရှေ့မှာစက်ဘီးတစ်စီးလာနေသည်။ သူမ ရှောင်မလိုလိုနှင့် အိတ်ကိုဆွဲထားသည့် သူ့လက်ကိုဖြုတ်ပြီး ပြေးဖို့ပြင်ဆင်ထားလိုက်၏။ စက်ဘီးအနားရောက်လာသောအခါ

"ဟာ ဟိတ်"

ထင်မှတ်မထားသော အဖြစ်အပျက်ပါ။ စက်ဘီးတိုက်မလိုဖြစ်သွား၍ သူမအိတ်ကို လွှတ်ပြီး ရှောင်လိုက်ချိန်မှာ သူမက သူ့ကို စပ်ဖြဲဖြဲပြောင်ပြ၍ ထွက်ပြေးသွားသည်။ သူ ခဏမင်တက်နေရာမှ ဒီတစ်ခါ မလိုမ့်တစ်ပတ်အလုပ်မခံတော့ဟု ဆုံးဖြတ်လျက် သူမနောက်က အပြေးလိုက်လာခဲ့၏။

"စိန် စိန်ပလိန်တိမ်ဂိမ်၊ မိရင် နှစ်ကျပ်ပေးမယ်"

"ဟား"





ဒီကောင်မလေး တကယ်ကို ကလေးဆန်လွန်းပါလား။ သမီးဦးနဲ့ အရွယ်ဖြစ်နေသည်လား။ သူ့ကိုတစ်ပေါက်ရိုက်တိုင်း အောင်မြင်နေ၍ ဘုတ်လုပ်ပြီထင်နေတာလား။

ဒီတစ်ခါ မင်းထက်ငါ လူလည်ဖြစ်ကြောင်း ပြရသေးတာပေါ့ မြကျေးညို။

"ဟောဒီမှာ ကျွန်တော့်အိတ်ကို လုသွားလို့ပါ၊ ပိုက်ဆံတွေပါသွားပါတယ်၊ ခါးပိုက်နှိုက်ပါဗျို့ ခါးပိုက်နှိုက်ပါ"

သူပြေးလိုက်ရင်းအော်လိုက်၍ အနီးအနားကလူတွေ သူမနောက် ပြေးလိုက်ကြသည်။

"ခါးပိုက်နှိုက် သူခိုး သူခိုး"

တစ်ဆင့်ပြီးတစ်ဆင့် အော်ပြီး ရှေ့ကလူတွေက ဆီးဖမ်းလိုက်၍ သူမကို မိသွားသည်။ သူမဟိုလူကြည့် ဒီလူကြည့်နှင့် ပြူးပြူးပျာပျာ ရှက်နာငယ်လေးဖြစ်သွား၏။

"ကျွန်မ သူခိုးမဟုတ်ဘူး၊ ခါးပိုက်နှိုက်မဟုတ်ဘူး၊ ဘာလို့ ဆွဲထားကြတာလဲ ဖယ်လေ လွှတ်"

"ဟိုလူက သူခိုးခါးပိုက်နှိုက်လို့အော်ပြီး ပြေးလိုက်နေတာ သာမဟုတ်ပါဘူး ငြင်းနေတာလဲ"

"ရုပ်ကိုကြည့်ဦး၊ သူခိုးခါးပိုက်နှိုက်ရုပ်လားလို့"

"ရုပ်ကလေး သနားကမားနဲ့လုပ်စားနေတဲ့သူတွေ တစ်ပုံကြီး၊ ရုပ်ကိုလာကြွားမနေနဲ့"

"ဟော့ ရဲစခန်းပို့လိုက်၊ ရဲစခန်းကျမှ ရှင်းလိမ့်မယ်"

"ဒီလိုဟာလေးတွေက အချုပ်တွေ ထောင်တွေကထွက်ရင်



www.burmeseclassic.com

www.burmeseclassic.com



လည်း လုပ်စားကြဦးမှာပဲ၊ ရေသာခိုအချောင်သမားတွေ၊ သူများချွေးနဲ့ သွေးနဲ့ ရှာထားတာကို ခိုးဝှက်ခါးပိုက်နှိုက်စားချင်တယ်''

''မှတ်လောက်သားလောက်ဖြစ်အောင် ရဲစခန်းမပို့ခင် ဝိုင်းပြီး ဆွမ်းလောင်းလိုက်''

''အမယ်လေး ရဲစခန်းပို့မယ် ဆွမ်းကြီးလောင်းမယ်၊ ဗုဒ္ဓေါ ဘုရားသခင်''

လူတွေက ဆွဲလားလွဲလားနှင့် ကိုင်းမောင်းနေကြတာမို့ မြကျေးညို့ ရင်တွေတုန် ခြေတွေလက်တွေ တဆတ်ဆတ်တုန်ကာ အော်ငိုချလိုက်ချင်သည်။ ဒါ ဟိုလူကြီး ဒင်းညစ်ပတ်တာ မိုက်ရိုင်းတာ။

သူ့ငွေလေးနှစ်သောင်းကျော် မရမှာစိုးလို့ တမင်အောက်တန်းကျလိုက်တာ။ ဘုရား ဘုရား ဘယ်လိုလုပ်ရမလဲ။ ဒီလူတွေကတော့ တကယ်မှတ်ပြီး တကယ်ဆော်တော့မှာပင်။

ဟော ဟိုလူပြုံးစိစိဖြင့် အနားရောက်လာသည်။ သူမကို စိုးရိမ်သလို ရှိပေမယ့် မျက်နှာကြီးကတော့ ဟန်မဆောင်နိုင်လောက်အောင်ကို ပြုံးရယ်နေလိုက်တာ။

''ဟိတ်လူ မင်းဂုဏ်ရောင် ရှင် ဒီလူတွေကိုပြောဦးလေ၊ ကျွန်မ သူ့ခိုးခါးပိုက်နှိုက် မဟုတ်ဘူးဆိုတာ''

သူမ ကြောက်ကြောက်လန့်လန့် သွေးပျက်စွာ ပြောနေတာကို မင်းဂုဏ်ရောင် ပြုံးလို့ရယ်လို့လှောင်လို့မဆုံးနိုင်။ သူမ ရှုံ့မှုန်းအမြင်ကတ်ကြီးဖြစ်သွားလျက် ပြန်ပြီးချောက်ချဖို့ စဉ်းစားလိုက်သည်။

''ရှင်တို့ ကျွန်မကိုလွှတ် ရှင်တို့ကို ကျွန်မရှင်းပြမယ်၊ ကျွန်မက သူ့ဆီက ခါးပိုက်နှိုက်ပြီး ထွက်ပြေးတာမဟုတ်ဘူး၊ ဒီလူက ကျွန်မကို





မတော်မတရားလုပ်နေတာ၊ ကာကွယ်ရှောင်ပြေးပျက်အောင် စော်ကားမော်ကားလုပ်နေတာ၊ အဲဒါ ကျွန်မက ကြောက်လန့်ပြီး ထွက်ပြေးတာကို မိအောင်လို့ အဲလိုအော်ပြီးပြေးလိုက်တာ''

''ဘာ ဟုတ်လို့လား''

''ဒီလို မိန်းကလေးတွေက အဲလိုပဲ ပြောတတ်ကြတယ်''

''ဟေ့လူ ဒီမိန်းကလေးပြောတာ ဟုတ်သလား''

''ဟင်''

မင်းဂုဏ်ရောင် ပြန်ခံလိုက်ရပြီဆိုတာ သဘောပေါက်လိုက်သည်။ လူအားလုံးရဲ့မျက်လုံးက သူ့ကိုရွံ့ရှာသလို မသင်္ကာသလို ကြည့်လာကြသည်။ ဝိုင်းပြီးဆွမ်းကြီးလောင်းဖို့ အဆင်သင့်ဖြစ်နေကြ၏။ သူ မျက်လုံးမျက်ဆံပြူးသွားကာ

''မ မဟုတ်ပါဘူး၊ သူ အဖမ်းခံရမှာစိုးလို့ လိမ်ညာပြောနေတာပါ၊ ကျွန်တော် တကယ် အဲလိုကောင် မဟုတ်ပါဘူး ခင်ဗျာ''

''ဟုတ်ပါတယ် ရှင်၊ သူ ညာတာပါ၊ သူခိုးက ခိုးတယ်လို့ ဝန်ခံပါ့မလား''

''ဒါဆို မင်းက သူခိုးပေါ့''

''ရှင် မဟုတ်ပါဘူး၊ သူ သူယုတ်မာတာကို ဝန်ခံမှာမို့လားလို့ ပြောတာပါ၊ ဒီလူ တကယ်ကို ယုတ်မာတာပါရှင်၊ ကျွန်မရှက်ရှက်နဲ့ထွက်ပြေးလာတာပါ၊ ရှင်တို့နှမသားချင်း စာနာကြပါ၊ အမျိုးသမီးတွေကို သနားညှာတာစာနာကြပါ။ ရှင်တို့ညီမ ရှင်တို့အစ်မကို ဒီလူ အဲလိုလုပ်မယ်ဆိုရင် သူ့ကိုရှင်တို့ ဒီအတိုင်းပဲ ကြည့်နေမှာလား''

''ဟာ မဟုတ်ပါဘူး၊ သူက လိမ်နေတာပါ၊ တကယ် ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ဆီက ငွေတွေလိမ်သွားတဲ့ မိန်းကလေးပါ တကယ်ပါ''

''အာ ဒီနှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် အပြစ်ပုံချနေကြတာပဲ''

''နှစ်ယောက်လုံးကို ရဲစခန်းပို့လိုက်ကွာ၊ အဲဒါမှ ရှင်းသွားမှာ''

''ရှုပ်တယ်ကွာ ငါတို့ကို သက်သက်အလုပ်ပျက် စိတ်ရှုပ်အောင်လုပ်တယ်၊ နှစ်ယောက်လုံးကို ဆွမ်းကြီးလောင်းလိုက်၊ အရိုးအသားဘာမှမကျန်စေနဲ့''

''ဗျာ''

''ရှင်''

မင်းဂုဏ်ရောင်နှင့်မြကျေးညို အကြည့်ချင်းဆုံသွားလျက် ကိုယ့်ဘဝရဲ့အဆုံးသတ်ကို မမျှော်မှန်းရဲ ဖြစ်သွားကြသည်။ မင်းဂုဏ်ရောင်အလန့်တကြား သွေးပျက်သွားလျက် မြကျေးညို လက်ကိုဖမ်းဆွဲလိုက်ပြီး

''မြကျေးညို ပြေးမယ်ဟေ့ ပြေး ပြေး''

''မိရင် မလွတ်ဘူး ပြေး''

''နှစ်ယောက်သား လက်ချင်းဆုပ်၍ ထိုနေရာက ပြေးထွက်လာခဲ့ကြသည်။ နောက်ကလူအုပ်ကြီးကလည်း သူတို့ကို အာရုံနောက်အောင် လုပ်ထား၍ အပြိုးတကြီး ညာသံပေး၍ ပြေးလိုက်လာကြ၏။

အခုမှ တကယ့်အသက်လုပွဲ၊ မိသွားလို့ကတော့ တကယ် အရိုးအသား လုံးဝရှာမရဘဲ အစပျောက်သွားနိုင်သည်။

ဟောဟဲဒိုက် အမောဖောက်နေသော်လည်း နှစ်ယောက်သားလက်ကိုမလွှတ်ရဲဘဲ အသက်လုပြီး အားကုန်ပြေးနေရ၏။ မြကျေးညိုခြေထောက်ဒဏ်ရာ အရှင်းကြီးမပျောက်သေးတာမို့ နောက်ပိုင်းမခြေ





နိုင်တော့သည့်အချိန်မှာ မင်းဂုဏ်ရောင်က တွဲဖက်ဖေးမပြီး ပြေးရသည်။ ဆုပ်မနားပြေးလာခဲ့ရင်း လူအုပ်ကြီးကို မျက်ခြေပြတ်မှ အိမ်ကြိုအိမ်ကြားသမ်းကြိုလမ်းကြားတွေပါ ဝင်ရ၏။

''အား အား ကျွ ကျွန်မ မရတော့ဘူး၊ မောတယ် နာတယ်''

''ခ ခဏလေးပါ၊ ဒီဘက်က ထွက်လိုက်ရင် ဟိုလူတွေလိုက်လာနိုင်တော့ပါဘူး''

ရင်ဘတ်ဖိ ဟောဟဲဒိုက် မောပမ်းနေသော မြကျေးညိုကိုတွဲဖက်ဖေးမထားရသည်မှာ ရင်ခုန်သံတွေနှင့်ပြောင်းဆန်နေခဲ့သည်။ နောက်ကလူသံတွေမကြားရတော့ဘဲ လမ်းဘေးသစ်ပင်ကြီးနား တွဲခေါ်လာခဲ့ရင်း ထိုင်နားနိုင်းလိုက်ရ၏။ သူလည်း မြကျေးညိုကိုမကြည့်နိုင်ဘဲ အမောဖြေနေရသည်။

အတန်ကြာမှ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး တိုင်ပင်ထားပါဘဲ မောမောနှင့်အားရပါးရ ရယ်မိကြ၏။

''ရှင်က ဘာရယ်တာလဲ''

''မင်းကရော ဘာရယ်တာလဲ''

အပြန်အလှန်မေးမိကြရင်း မျက်နှာပိုးမသတ်နိုင်ကြသေးသော်လည်း ခပ်တင်းတင်းလေးတော့ ဖြစ်သွားကြသည်။

''မင်းကြောင့်''

''အဲဒါ ရှင့်ကြောင့်''

သံပြိုင်ထွက်သွားကြပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ချင်သလို ကျောခိုင်းဖြစ်ကြသည်။ ခဏနေတော့ ချွေးအသီးသီးကျနေသာတွေနှင့် သူ့ကိုကိုယ်ကြည့် ကိုယ့်ကိုသူကြည့်နှင့် ရယ်မိကြပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟား ပျော်စရာကောင်းလိုက်တာ၊ ဒီလိုအတွေ့အကြုံ
တစ်ခါမှမခံစားဖူးဘူး"

"ဘာ"

ပြုံးပြုံးရွှင်ရွှင် ပေါ့ပေါ့ပါးပါး ပြောလိုက်တာမို့ သူမ ဒေါသ
စွာ လှည့်ကြည့်မိလျက်

"ဒီလောက် သေလုမျောပါး ပြေးလွှားနေရတာကို ရှင်က ပျေ
နိုင်သေးတယ်၊ လွတ်အောင်မပြေးနိုင်ရင် ဘယ်ဘဝရောက်သွားမယ်
တာ ရှင်သိလား"

"ဟား ဟား သေမင်းလက်က လွတ်လာတဲ့အရသာ တက
ကောင်းတာပဲ၊ မင်း မာရသွန်ပြိုင်ဖူးလား"

"မပြိုင်ဖူးပါဘူး"

"ပြိုင်ကြည့်ပါလား၊ ရွှေတံဆိပ်ဆုရမှာသေချာတယ်၊
အရမ်းအပြေးမြန်တာပဲ၊ ဒါတောင် ခြေထောက်ဒဏ်ရာကြောင့်
မဟုတ်ရင် ချန်ပီယံတွေကိုတောင် စံချိန်ချိုးမလားမသိဘူး"

"အံမယ် ရှင်ကရော ဘာထူးလို့လဲ၊ သူ့အသက်သေမှာကြော
လို့ ပြေးလိုက်တာများ မနည်းမီအောင်လိုက်ရတယ်၊ ရှင်သေမှာ
လောက်ကြောက်လား"

"အောင်မာ မင်းထိခိုက်မှာစိုးလို့ ဆွဲပြေးတာပါနော်၊ မင်းကို
ကြီးတွဲရတာ သက်သာတယ်များမမှတ်နဲ့၊ ရေသာခိုပြီး ငါ့ကိုတွဲခို
နေတာ၊ ငါက နှစ်မျိုးပိုပင်ပန်းတယ်"

ဒါတော့ ကျေးဇူးတင်သင့်သလားမသိပေ။ တကယ်ကို
ခြေထောက်က နာနေလို့ မပြေးနိုင်တော့တာပါ။ သူ အပင်ပန်း





ခဲ့ခေါ်လို့သာ သူမတို့သေဘေးက လွတ်ခဲ့တာ။

သူ့ရင်ခွင်အငွေ့က အခုချိန်ထိ မပြယ်သေးပါ။ ဘာလို့များ
သူ့ရဲ့ရင်ခွင်ထဲ ခဏခဏရောက်ရသည့်အဖြစ်မျိုးနှင့်ကြုံနေရတာလဲ။

ယင်ဖိုမသမ်းဘူးသော ရင်နှစ်မွှာက ရင်ခုန်နှုန်းတွေမြန်ပြီး
ချည်မြင့်ချည်ပါ။ ဒါပေမဲ့ ဒီလိုအပေအတေ ချစ်တီးကို ရင်မခုန်သင့်။

မိသားစုအတွက် အားကိုးလောက်သည့်ယောကျာ်းကို ယူမှဖြစ်
မယူချင်လျှင် သူမ ဝင်ငွေကောင်းသောအလုပ်ကို လုပ်မှဖြစ်မည်။

"ဟင်"

"ဘာဖြစ်တာလဲ"

"ကျ ကျွန်မ အင်တာဗျူးသွားဖြေရမှာ၊ ဟိုတစ်ခါ ကုမ္ပဏီက
တုန်းကလည်း အင်တာဗျူးမဖြေရလို့ အလုပ်မရလိုက်ဘူး။ အခုလည်း
ယ်လေး သွား သွားပါပြီ၊ အချိန်တွေနောက်ကျသွားပြီ၊ ဘယ်လိုလုပ်
လဲ၊ ဘယ်လိုလုပ်ရမလဲ၊ ဘယ်လိုလုပ်ရမလဲ ဒုက္ခပဲ"

"မင်း အင်တာဗျူးဖြေသွားမှာ"

"ဟုတ်ပါတယ်ဆို ဒီနေ့ အင်တာဗျူး မဖြေရလို့ အလုပ်မရရင်
မေက ကျွန်မကို ယောကျာ်းပေးစားတော့မှာ"

"ဘာ အာ မင်းကယောကျာ်းယူချင်လို့လား"

"ယူချင်ပါ့မလား၊ ကိုယ်နဲ့မသိတဲ့ မမြင်ဘူးတဲ့ယောကျာ်းကို
ကိုယ်ချစ်တဲ့သူလည်းမဟုတ် ဘာမဟုတ်နဲ့"

"အဲဒါဆို မယူချင်ဘူး ပြောပေါ့ကွ"

"ပြောလို့မရလို့ပေါ့၊ အိမ်မှာကျွန်မက သမီးအကြီးဆုံး၊ အိမ်
သားစုရဲ့စားဝတ်နေရေး၊ သာရေးနာရေး၊ မောင်လေးညီမလေးတို့



www.burmeseclassic.com

www.burmeseclassic.com



ပညာရေးနောင်ရေးအတွက် ကျွန်မက တာဝန်အရှိဆုံးဖြစ်နေတယ်"

"မင်းကကွာ စကားပြောတာ အလုံးအရင်းကြီးနဲ့ ကြီးကျယ်လိုက်တာ"

"ဩော် ကြီးကျယ်တာမဟုတ်ဘူး၊ အမှန်ကိုပြောနေတာ မိသားစုအတွက်ဆို ကိုယ့်ဘဝကိုယ် ရင်းသင့်ရင်းရတော့မှာပေါ့၊ ဒါ မိသားစုအတွက် တာဝန်ကျေတဲ့သမီးကောင်းတစ်ယောက် ဖြစ်မှာ"

ဒီကောင်မလေး ဘဝင်မြင့်နေတာလား၊ သူ့ရှေ့မှာ ကြီးကြီးကျယ်ကျယ်တွေပြောနေတာလား မသိပေ။ ဒါပေမဲ့ ယောကျ်ားယူမည်လို့ ပြောလိုက်သည့်စကားအတွက်တော့ သူတော်တော်လေး ခံစားသွားရသည်။

"မင်းယောကျ်ားမယူလို့ မရဘူးလား"

"မယူချင်ရင် အလုပ်လုပ်ရမယ်လေ၊ အခု ရှင့်ကြောင့် ကျွန်မ အင်တာဗျူးသွားမဖြေနိုင်တော့ဘူး၊ အဲဒီတော့ ဘာတတ်နိုင်တော့မှာလဲ မိသားစုအတွက် ကျွန်မလုပ်ပေးနိုင်တာ ဒါပဲရှိတော့တယ်"

"ဟား"

သူ ရှုံချင်စိတ်တောင်ပေါက်သွားသည်။ သူဒီလိုတွေဖြစ်အောင် လုပ်လိုက်သည့်အတွက် သူမ အင်တာဗျူးသွားမဖြေရတော့တာတဲ့

ဟုတ်မှာပါ။ သူမ အစတည်းက အင်တာဗျူးသွားဖြေမှာလို့ ပြောသားပဲ။

"မင်း မင်းကို ငါအလုပ်တစ်ခုရအောင် ပြောပေးမယ် မင်း လုပ်မလား"

"ရှင်တောင်မှ အလုပ်လက်မဲ့လမ်းပေါ်မှာ လမ်းသလားနေတာ





ဘယ်အလုပ်ကို သွင်းပေးမလို့လဲ"

"ဟို အသိမိတ်ဆွေတွေရဲ့အဆက်အသွယ်နဲ့ပေါ့ကွ၊ စာရေးမ အဆင့်လောက်တော့ ဘယ်မှာမဆို ရနိုင်ပါတယ်"

"ဟွန်း စာရေးမလောက်ကတော့ ကျွန်မ ဘယ်မှာဝင်လုပ်လုပ် ရတယ်၊ အဲဒီရာထူးလစာက ကျွန်မ အဝတ်အစားဖိုးတောင် လောက်မှာ မဟုတ်ဘူး၊ ဖယ်ရီမပေးတဲ့နေရာဆို ကားခက ကုန်ဦးမယ် မဖြစ်ပါဘူး"

"မင်းက ဘာပညာတွေတတ်ပြီး ဘယ်လောက်တောင် မှန်းထား လို့လဲ"

"အနည်းဆုံး လစာသုံးလေးသိန်းရနိုင်မယ့် စက္ကူထရီအလုပ်လောက်ပေါ့၊ ကျွန်မက ကွန်ပျူတာ စာရင်းကိုင် စပီကင် အားလုံး အောင်လက်မှတ်ရထားပြီးသား"

"စက္ကူထရီအတွေ့အကြုံ လုပ်သက်ရောရှိလို့လား"

"အဲဒါကတော့ လုပ်မှမလုပ်ဘူးသေးတာ ဘယ်လိုလုပ်ရှိမှာလဲ"

"အဲလို မရှိဘဲနဲ့တော့ အဲဒီအလုပ် ဘယ်လိုလုပ်ရမှာလဲကွာ၊ အဲလိုနေရာဆိုတာ တစ်ဆင့်ချင်းတက်ရင်တက်၊ ဒါမှမဟုတ် ကုမ္ပဏီနဲ့ အဆက်အဆံရှိတဲ့ထဲက သူ့အကပ်နဲ့သူမှ ရမှာပေါ့"

ကုမ္ပဏီအကြောင်း နားလည်သလို ပြောနေသော မင်းဂုဏ်ရောင်ကို သူမ အမြင်ကတ်သလို ကြည့်နေလိုက်သည်။ လူပုံစံက ထို အသိုက်အဝန်းနှင့်အဆက်အဆံ နီးစပ်မှုရှိသူဟုလည်း မထင်ရပါ။

ဒါကြောင့် အထင်သေးစွာနှင့်ပင်

"ရှင် ဘာမှမသိဘဲ မပြောစမ်းပါနဲ့၊ ကျွန်မကိစ္စကျွန်မလုပ်နိုင်တယ်၊ ဒီလိုမဖြစ်ရင် ဟိုလိုလုပ်ရုံပဲ၊ အခု အမေ့ကို အခြေအနေမှန်



www.burmeseclassic.com

www.burmeseclassic.com



သွားပြောပြီး အမေဆုံးဖြတ်ချက်ကို နာခံရုံပဲရှိတော့တယ်၊ ယောက်ျား ယူဆိုလည်း ယူရုံပဲရှိတော့တာပေါ့၊ အဲဒီကျမှ ရှင့်ပိုက်ဆံကို ဆပ်နိုင်တော့ မှာ၊ ခဏတော့ သည်းခံပါဦး၊ ကျွန်မ တောင်းပန်ပါတယ်၊ နောက်တစ်ခါ ဒီလိုမျိုး အရှက်တကွဲ အကျိုးနည်းဖြစ်အောင် လိုက်မတောင်းပါနဲ့၊ ဒီ နှစ်လမ်းထဲက တစ်ခုခုအဆင်ပြေအောင်သာ ရှင် ဆုတောင်းပေးပါ၊ ဟုတ်ပြီလား ကဲ သွားပြီနော်''

"မြ မြကျေးညို"

သူခေါ်တာကို ကြားပါလျက်နှင့် နောက်လှည့်မကြည့်တဲ့ ခပ်သုတ် သုတ် လျှောက်သွားသည်။ သူ ဘာဖြစ်မှန်းမသိဘဲ ပြေးလိုက်ဖို့တောင် အင်အားမရှိတော့ဘဲ လူကယိုင်နဲ့စွာအားပျက်သွားသည်။

သူမ အလုပ်မရတော့ဘူးဆိုလျှင် တကယ်ယောက်ျားယူတော့မှာ ပေါ့။ သူ့ကြောင့် ဒီနေ့ အင်တာဗျူးပျက်သွားတာပါ။

သူ ဘာလုပ်ရမလဲ။ သူမက ဘဝင်မြင့်စကားများဖြင့် အကြီး ကြီးကို ဖြစ်ချင်နေတာ။ သူမမိသားစုကို သူမ တာဝန်ယူရမည်မို့ စက္ကူထင် မှတဲ့။ ဒီလိုတွေမှန်းထားတာမရလို့ ဘာအလုပ်မှ မလုပ်ဖြစ်သေးတာ ထင်သည်။ မြကျေးညို မင်း ငါ့ကိုပြုစားနိုင်လွန်းပါတယ်။ ငါ ဘာလုပ် ရမလဲကွာ။

■ ■ ■



## အခန်း (၁၂)

"ဘာလုပ်မှာလဲ ညည်းပြော၊ ဟင် အင်တာဗျူးသွားဖြေတိုင်း ပြဿနာတစ်ခုမဟုတ်တစ်ခုတက်တယ်"

"ပြဲ ပြဿနာမဟုတ်ပါဘူး အမေရဲ့၊ မျှော်မှန်းလစာနဲ့ လုပ်ရ မယ့်အလုပ်က အဆင်မပြေတာပါ"

ဒီတစ်ခါတော့ မင်းကုဏ်ရောင်နှင့်ပတ်သက်ခဲ့တာကို အမှန် အတိုင်း မပြောဘဲ သူမ လိမ်ညာလိုက်သည်။ အင်တာဗျူးဖြေဖြစ်ပေမယ့် အဆင်မပြေခဲ့ဘူးပြောတော့ အမေ အရမ်းကိုစိတ်ဆိုးနေ၏။ ကြက်သွန် ...နေသော ဓားကို ဝွမ်းခနဲ ပစ်ချလိုက်ပြီး

"ညည်းက လစာကို ဘယ်လောက်မျှော်မှန်းပြီး ဘာအလုပ်မှ ...ချင်တာမို့လဲ"

"လစာ သုံးလေးသိန်းရမယ့် စက္ကူထရီအလုပ်ပေါ့ အမေရယ်"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါမှ သမီးသုံးဖို့စွဲဖို့လည်းအဆင်ပြေ၊ အိမ်မိသားစုအတွက် လည်းအဆင်ပြေမှာမဟုတ်လား"

"အမယ်လေး မိမြကျေးညို ညည်းကိုယ်ညည်း ဘယ်လောက် တော်နေတတ်နေတဲ့သူ ထင်နေလို့လဲဟင်၊ ဒီရာထူးနဲ့ဒီလစာကိုမျှော်နေ နေမှတော့ ဘယ်ကုမ္ပဏီက ညည်းကိုအလုပ်ခန့်မှာလဲ၊ အထည်ချုပ်ဖြစ် ဖြစ် ကုန်တိုက်တွေက စာရေးမဖြစ်ဖြစ် ရတဲ့အလုပ်ဝင်လုပ်မှပေါ့"

"အမေရယ် လစာတစ်သိန်းတောင်ပြည့်အောင်မရတဲ့အလုပ် ကို ဘာလို့အချိန်ကုန်ခံ လုပ်နေမှာလဲ၊ ကိုယ့်အတွက် ပြည့်စုံအောင်တော့ ရမှဖြစ်မှာပေါ့၊ အဲလောက်ရလည်း အဲလောက်တော့ ပြန်ပေးဆပ်ရမှာပဲ"

"တော်တော်တတ်နေတယ် ဟုတ်လား၊ ညည်းကုမ္ပဏီပိုင်ရှင် သူဌေးမကြီးဖြစ်မှ ဘာမှမတတ် အတွေ့အကြုံမရှိတဲ့သူကို အဲလောက် ငွေပေးပြီးခိုင်း သိလား၊ ကုမ္ပဏီလည်း မွဲပြာကျရော"

"အမေရယ် သမီးက ဆယ်တန်းပညာ မတောက်တခေါက် ရုပ်ရည်မရှိတဲ့သူမှ မဟုတ်တာ၊ ရုပ်ချောရမယ်၊ စကားပြောပြေပြစ် မယ်၊ ကွန်ပျူတာအောင်လက်မှတ် စပီကင်နဲ့ စာရင်းအောင်လက်မှတ် သူတို့လိုချင်တဲ့အရည်အချင်းတွေနဲ့ အားလုံးပြည့်စုံနေတာပဲ၊ ဒီလိုလူ ကို လိုချင်ရင် ဒီလောက်ငွေတော့ ပေးရမှာပေါ့၊ အဲဒါကြောင့် သ ဖောင်တင်တဲ့လိုင်စင်ဓာတ်ပုံတို့ ကိုယ်ရေးရာဇဝင်တွေကိုဖြည့်ပြီး အင် ဗျူးဖို့ ခေါ်တွေ့နေကြတာပေါ့"

"ဟုတ်ပါ့ အဲဒါကြောင့် အလုပ်တွေရလိုက်တာများ သော သောက်ကိုလဲနေတာပဲ၊ တော်တော်ကိုအဆင်ပြေနေတာ"

အမေ ငေါ့ပြောတော့ သူမ ရယ်ချင်သွားသည်။ အမေ ငေါ့ချ





ခင်လည်းငေါ့ချင်စရာပါ။ သူမ ဘာအလုပ်လျှောက်လျှောက် အဆင်မှ ပြေတာ။

"မြကျေးရေ အန်တီညို"

ချိုချို့အသံကြောင့် သူမ အိမ်ရှေ့သို့ထွက်လာခဲ့သည်။

"ချိုချို လာလေ၊ အလုပ်ပြန်လား"

"ဟုတ်ပါ့ သတင်းထူးပါလာလို့လာပြောတာ"

"ဘာသတင်းထူးလဲ"

"ထိုင်ပါရစေဦးဟယ်၊ မောလို့ရေတစ်ခွက်လောက်တိုက်ပါဦး"

ချိုချိုက ခေါ်ညိုရင်အနားမှာ ဝင်ထိုင်ပြီး ချွေးစို့နေသော မျက်နှာ ကို တို့ပတ်ဖိထုတ်ကာ ရိုက်နေ၏။ မြကျေးညိုက ရေတစ်ခွက်ခပ်ကာ ချိုချိုကိုပေးလိုက်ပြီး

"ချိုချိုတို့က အလုပျက်မခံဘူး၊ အသွားရော အပြန်ရော ကြော မော့နေတာပဲ လုမှလု"

"အမယ်လေး မြကျေးလည်း အဲလိုလုလုပပ ကြောကြော့မော့ မော့နေရတော့မှာပါနော်"

"ဟဲ့ ဘာကြောင့်နေနိုင်မှာလဲ ပြောစမ်းပါဦး ချိုချိုရဲ့"

"အန်တီညိုက သမက်လောင်းရှာနိုင်းထားတာလေ၊ အခု အဆင်ပြေပြီရှင်"

"ဟယ် ချို ချိုချို ဘယ်လိုဟာကိုရှာလာတာလဲ၊ ရုပ်ဆိုးပန်းဆိုး အသားမည်းမည်းကြီးလား"

မြကျေးညို မျက်နှာပျက်ပျက်နှင့် အထိတ်တလန့် မေးသည်။ ချိုချိုမျက်နှာက ပြုံးဖြဲနေလျက်



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ချို့ကိုကြည့်လိုက်စမ်းပါ၊ အဲလိုလူမျိုးကို ချို့တို့တောင် သူငယ်မထောင်ဘူး၊ ရင်လည်းမခုန်ဘူး၊ မြကျေးအတွက် ချို့က အရမ်းကို တန်ဖိုးကြီးတဲ့သူကို ရှာပေးထားတာပါ"

"ပြောစမ်းပါဦး ချို့ချို့ရယ်၊ သမီးကို ယောက်ျားတော့ ပေးစားချင်ပါရဲ့၊ ကိုယ်က စပ်ရဟပ်ရတော့ အထင်သေးခံရမှာလည်း စိုးရသေးတယ်"

"အဲလို အထင်သေးခံရအောင်လုပ်ပါ့မလား အန်တီညို့ရယ်၊ မြကျေးက စိတ်မပါဘဲ ချို့က ကြားထဲကနေ အောင်သွယ်တဲ့သဘောမျိုး ပြောလိုက်တာပါ၊ ချို့ ဖုန်းထဲမှာ မြကျေးပုံတွေ ရှိတယ်လေ၊ အဲဒါ ပြလိုက်တော့ အရမ်းကိုသဘောကျသွားတာ"

"သူက ဘာလုပ်လဲ၊ အသက်က ဘယ်လောက်ရှိပြီလဲဟင် ကားပါပြီး သွားမပါလည်း မြကျေးကတော့ စိတ်မဝင်စားဘူးနော်"

"အမယ်လေး စိတ်ချ၊ ကားလည်းပါတယ်၊ သွားလည်းပါတယ် ရာထူးဂုဏ်ဒြပ်ကလည်း ကြီးမှကြီး၊ အထူးကုဆရာဝန်ပါရှင်"

"ဟင် အဟုတ်ပါလား၊ ချို့ချို့ ညည်းရှာတာ တော်လှချည်လား"

"ချို့ချို့တို့လိုလူမျိုးတွေက အဲ့ဒီဘက်မှာတော့ တစ်ဖက်ကမ်းခတ်အောင် တော်ပြီးသားပါ၊ ဘယ်လိုလဲ မြကျေး လက်ခံမယ်မဟုတ်လား"

"ဟင့်အင်း"

"ဘာဟင့်အင်းလဲ၊ ညည်းက ဘာကိုချေးများဦးမှာလဲ"

ဒေါ်ညို့ရင် ဒေါက်ခနဲ ခေါက်ကာ ပြောတာမို့ မြကျေးညီ ငြိမ်သက်သွားရသည်။ ချို့ချို့က ရေခွက်ကိုချပြီး





"သူနဲ့တွေ့ရင် မြကျေး သဘောကျသွားမှာပါကွယ်၊ သူကလေ ချို့တို့ဆိုင်ကို အမြဲလာပြီး ခေါင်းလျှော်တယ်၊ မျက်နှာချေးချွတ်တယ်၊ ခံ့ခံ့ညားညား တည်တည်ငြိမ်ငြိမ်ပါပဲ၊ မိန်းကလေးအစစ်တွေရှိလည်း စိတ်မဝင်စားဘူး၊ ချို့တို့ကိုလည်း ပရောပရီမနေဘူး၊ အမြဲတမ်း ပြုံးပြုံးနဲ့ စကားအရမ်းနည်းတာ၊ သူ လုပ်စရာရှိတာလုပ်ပြီးရင် ပြန်သွားတာပဲ၊ ဝန်ထမ်းတွေကို မုန့်ဖိုးပေးရမှာလည်း မတွန့်တိုဘူး၊ အထူးကုဆရာဝန်ဆိုတော့ လက်ဖျားမှာ ငွေသီးနေတာလေ၊ လာလိုက်ရင် နောက်ဆုံးပေါ် ကားအကောင်းစားကြီးနဲ့"

"သူ့မှာ မိသားစုတွေ မိန်းမတွေ ကလေးတွေ ရှိလား၊ သေချာရော စုံစမ်းထားရဲ့လားဟယ်"

"ဩော် စုံစမ်းပြီးသားပါ အန်တီညို့ရဲ့၊ သူကတစ်ဦးတည်းသောသား၊ မိဘတွေက မရှိတော့ဘူး၊ တိုက်တွေ ကားတွေ လုပ်ငန်းတချို့ အမွေကျန်ခဲ့တာတွေ ရှိသေးတယ်"

"ဟင် မနည်းပါလား"

ချို့ချို့ပြောတာ အားကျစရာတော့ ကောင်းနေသည်။ အမေကတော့ အရမ်းကို သဘောကျသလို ပြုံးနေလျက်

"ဒီလိုဆိုတော့ မုန်းတာထက်တောင် ကျော်နေပါလား ချို့ချို့"

"ဩော် အဲဒါကြောင့် သတင်းကောင်းပါလာတယ်လို့ ပြောတာပေါ့၊ ချို့က မြကျေးဘဝလေးကို တင့်တောင်းတင့်တယ် မြင့်မြင့်မားမား ဖြစ်စေချင်လို့ပါ၊ မြကျေးက သူဌေးကတော်ရုပ်လေ၊ ဟွန်း မြကျေးကို အားတောင်ကျလာပြီ"

"ပြောတော့မယ် ချို့ချို့ကတော့"



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း အပြောမဟုတ်ဘူးနော်၊ ဒီအပတ်ထဲမှာ သူ့ကိုသွားတွေ့ရမှာ"

"ဟင် ဘယ်လို သွားတွေ့ရမှာလဲ"

"စားသောက်ဆိုင်ကောင်းကောင်းမှာ သူနဲ့တွေ့ကြည့် စကားပြောကြည့်ရမှာပေါ့၊ သူ အားတဲ့နေ့ ချိန်းလိမ့်မယ်"

"အမေ့ကိုရော ခေါ်ခဲ့ရမှာလား"

"အယ်တော် မြကျေးတွေ့ကြည့်ရဦးမှာလေ၊ နောက် အဆင်ပြေ တယ်ဆိုမှ မိသားဖသားပီပီ အန်တီညီကို သူ လာတွေ့မှာပေ့ါ မိန်းကလေး မိဘက လိုက်တွေ့ရမယ်ဆိုရင် အောက်တာပေ့ါ"

"ချိုချိုပြောတာလည်း ဟုတ်တာပဲ"

အမေကတော့ သဘောတွေကျနေသည်။ သူမလည်း မငြင်းနိုင် တော့ပါ။ ရာထူးရော ငွေကြေးရော ပြည့်စုံနေသူဆိုတော့ သူမဘာ ရင်းရလည်းတန်ပါသည်။ ပြီးတော့ သူဌေးကတော် အထူးကုဆရာဝန် ကြီးကတော်ဆိုသည့် ဂုဏ်ဒြပ်က ကြီးကျယ်လွန်းလှတာမို့ သူမ အောက် ခြေလွှတ်ဘဝင်မြင့်ချင်သွားသည်။

ရင်ဘတ်ကိုကော့ကာ မျက်နှာထားကို တင်းပစ်လိုက်ပြီး

"ဟင်း အမေ အမေ ဘာမှပူစရာမလိုတော့ဘူး၊ အမေလည်း သူဌေးယောက္ခမ၊ အထူးကုဆရာဝန်ကြီးရဲ့ယောက္ခမဖြစ်ပြီ၊ မုန့်ဟင်း လည်း ရောင်းစရာမလိုတော့ဘူး၊ မောင်လေး ညီမလေးတို့လည်း အခု ကိုပြည့်ပြည့်စုံစုံ ပညာသင်နိုင်ပြီ၊ ဒီတစ်ထပ်တိုက်လေးကိုရောင်းပြီး ပစ်လိုက်တော့ အမေ"

"အေး ညည်းပြောလို့ ငါပြောရဦးမယ်၊ ဒီတစ်ထပ်တိုက်





ညည်း အခုရောင်းခိုင်းတောင် ရောင်းလို့မရဘူး"

"ရှင် ဘာဖြစ်လို့လဲ အမေ"

"ညည်းအဖေ မသေခင် ကျန်းမာရေးမကောင်းကတည်းက ထိုင်ထားတာ၊ အဲဒီအတွက် အတိုးပါသတ်နေရလို့ ငါ မနိုင်ဝန်မထမ်း နိုင်တော့တာနဲ့ ညည်းကိုအလုပ်လုပ်ခိုင်းနေရတာပေါ့၊ အတိုးမသတ်နိုင် ဘို့ အတိုးတွေထပ်ထပ်ပေါင်းရင်းနဲ့ အိမ်ကဆုံးတော့မယ်"

"ရှင်"

"ငါလည်း သားသမီးကို ခိုင်းစားတဲ့မိဘ မဖြစ်ချင်ပါဘူး၊ ငါသာ ဆင်ပန်းခံပြီး လုပ်ကျွေးလိုက်ချင်ပါတယ်"

"အမေရယ် အစက ဘာလို့မပြောတာလဲ"

သူမ စိတ်မကောင်းစွာ မျက်ရည်လည်ပြီး မေးဖြစ်သည်။ အမေ သက်ပြင်းတွေချ၍

"ငါလည်း သူဌေးသမီးဘဝနဲ့ ပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာ ပါတယ်၊ အိမ်ထောင်ကျပြီးမှ ဆင်းရဲချို့တဲ့သွားရတာ၊ ပင်ပန်းတဲ့ ဆိုဆို ဘာမှမလုပ်ခဲ့ဖူးဘူး၊ အဲဒါကြောင့် သားသမီးတွေကို အပူ ချင်ဘူးလေ၊ ဒါကြောင့် မပြောခဲ့တာပေါ့"

"ဒါကိုမသိလို့ သမီးပေါ့ပေါ့တန်တန် နေခဲ့မိတယ်၊ ဒါပေမဲ့ ခုနဲ့ အမေ၊ သမီး ဒီယောက်ျားကို ယူလိုက်တာနဲ့ အရာအားလုံး ချမ်းသာသွားပါပြီ"

"ဟုတ်တယ် အမှန်ပဲ"

"လန့်လိုက်တာ ချိုချိုရယ် အော်လိုက်တာ"

"ဩော် အားပါသွားလို့ပါ မြကျေးရယ်၊ မြကျေးအတွက်

www.burmeseclassic.com



တကယ်ဂုဏ်ယူမိတာ သိလား၊ မင်္ဂလာဆောင်ရင် ချို မိတ်ကပ်လိမ်း
ပေးမှာနော်၊ လှလှလေးဖြစ်စေရမယ်''

''ဟုတ်ပါပြီ ချိုရယ်၊ ကြေးကောင်းကောင်းပေးပြီး အလှ
ကို ပြင်နိုင်းမှာ''

သုံးယောက်လုံး တက်တက်ကြွကြွ ပျော်ပျော်ရွှင်ရွှင် ဖြစ်
ကြသည်။ ဒေါ်ညိုရင်က စိတ်ချမ်းသာနေသလို မြကျေးညိုလည်း မိသား
အတွက်ပေးဆပ်ခွင့်ရတော့မည်မို့ စိတ်ထဲမှာ ကြည်နူးနေမိပါသည်။ ဟို
ရဲ့အကြွေးကိုလည်း ဆပ်နိုင်တော့မှာမို့ပါ။ ဒီလောက်တောင် ချစ်တ
လွန်းသည့် လူကြီး။

သူ့ကြောင့် အင်တာဗျူးမဖြေရလို့ ယောက်ျားယူရမှာ။

ရင်ခွင်နွေးနွေးကို သတိရသော်လည်း ဘယ်တတ်နိုင်မှာ
သူမက သူဌေးကတော် အထူးကုဆရာဝန်ကြီးကတော် ဖြစ်တော့မှာ

ဒင်းလိုလူမျိုးကို ဘာရင်ခုန်စရာလိုလို့လဲ။ အဲဒီလူက အ
လိုက်တောင်းဖို့လောက် စဉ်းစားနေတာ။

ယောက်ျားယူပြီး ရှင့်အကြွေးကိုဆပ်ဖြစ်အောင်ဆပ်မှာပါ
ဂုဏ်ရောင်။

■ ■ ■



**အခန်း (၁၃)**

''မင်းဂုဏ်ရောင်လို့ ခေါ်ပါတယ်ခင်ဗျ''

''ကြော် ဟိုနေ့က မုန့်ဟင်းခါးလာစားတဲ့ သူငယ်လား။ ကိုယ့်
ဆိုင်ကွက်က မဟုတ်ဘူးဆိုပြီး သတိထားမိနေတာ''

''ဟုတ်ကဲ့ ကျွန်တော် ဒီရပ်ကွက်နဲ့စိမ်းပါတယ်၊ ညွှန်ပါ
ခင်ဗျ''

''ကြော် မုန့်ဟင်းခါးစားမှာလား၊ အသုပ်ပဲစားမှာလားကွဲ့၊ ဘူး
ကြော်နဲ့လား ပဲကြော်နဲ့လား''

''ဟိုလေ အဲ ပဲကြော်နဲ့ပဲထည့်လိုက်ပါ''

မြကျေးညိုကို မမြင်ရ၍ သူ ဘယ်လိုပြောရမှန်းမသိဘဲ အသုပ်
ဆိုပွဲမှာစားပြီး ထိုင်နေလိုက်သည်။ မြကျေးညို အမေကတော့ သူ့ကို
ခင်ချက်တစ်ချက် လှည့်ကြည့်ပြီး အကဲခတ်နေ၏။

ဒီအချိန်မှာ ဟိုအခြောက်မရောက်လာလျှင်ဖြင့် သူ ပြေးဦး



www.burmeseclassic.com

www.burmeseclassic.com



မှာမလွဲပင်။

“ကောင်လေး ဘာလို့လဲကွဲ့၊ စားလို့မကောင်းဘူးလား”

“ဗျာ ဟို မလိုပါဘူး ကောင်းပါတယ် ခင်ဗျာ၊ ဟိုလေ မြကျေး ညို့က ဘယ်သွားတာလဲ မသိဘူး”

“ဟင် သားက သမီးနဲ့သိလို့လား”

“ဗျာ ဟို ဟိုလေ ကျွန်တော်က သူခြေထောက်ဒဏ်ရာရတဲ့ အချိန်က ကူညီဖူးပါတယ်”

“ဟင် ဆေးခန်းလိုက်ပို့ပြီး ပိုက်ဆံချေးလိုက်တဲ့ ကလေးလား ဪ သမီးက သားကိုပိုက်ဆံအကြွေးပေးရမယ်လို့ ပြောပါတယ်၊ ဟိုနေ့ က အဲဒီပိုက်ဆံ လာတောင်းတာလား။ သမီးအမူအရာပျက်နေတာတွေ သတိထားမိသားကွယ်၊ အဒေါ်ကိုအားနာလို့ မပြောခဲ့တာများလား၊ အဲ အဲဒါကြောင့် နောက်တစ်ခေါက်လာတောင်းတာထင်တယ်”

“ဟာ မ မဟုတ်ပါဘူး ဟိုလေ ကျွန်တော်က”

မင်းဂုဏ်ရောင် ဘာပြောရမှန်းမသိဘဲ စကားတွေထစ် မှားယွင်း နေခဲ့သည်။ သူ့နှလုံးသားရဲ့နှိုးဆော်မှုကြောင့် ဒီကိုရောက်လာတာပါ။

မြကျေးညို မျက်နှာလေးကို သူတွေ့ချင်သည်၊ သူမနှင့်ပဋိပက္ခ တွေကြုံခဲ့ရတာကို ကြည်နူး၏၊ သူမကြောင့်ပဲ သူ လွတ်လပ်ပျော်ရွှင်ကာ လူသားပီပီသသ ရယ်မောဖြစ်ခြင်းဖြစ်သည်။

“ဒီက မောင်မင်းဂုဏ်ရောင်နော်”

“ဪ ဟုတ် ဟုတ်ပါတယ်”

အကဲခတ်မှုတွေဖြင့် သူ့ရှေ့ကခုံမှာ မြကျေးညို့အမေ ဝင်ထိုင် လိုက်သည်။ သူလည်း အသုပ်ကို ဆက်မစားဖြစ်တော့ပါ။





“သားကို တောင်းပန်ချင်လို့ပါ”

“ဗျာ”

“သမီးပေးရမယ့်ပိုက်ဆံကိုလေ၊ သိပ်မများဘူးဆိုပေမယ့် အဒေါ်တို့မှာ အခု အဲလောက်ကိုပေးစရာမရှိသေးလို့ပါ၊ ဟို ခဏပဲစောင့် ပါနော်၊ သမီးက လက်ထပ်တော့မှာဆိုတော့ လက်ထပ်ပြီးရင်တော့ အဆင်ပြေသွားမှာပါ”

“ဗျာ ဗျာ သူက လက်ထပ်တော့မယ်”

“ဟုတ်တယ်ကွယ့်၊ သူ့ကိုအန်တီ လက်ထပ်မပေးချင်ပါဘူး၊ သူကလည်း လက်မထပ်ချင်ဘူး၊ ဒါပေမဲ့ အဒေါ်တို့မှာ အိမ်ထောင်ဦးစီး ယောကျ်ားသားမရှိတဲ့အတွက် အဆင်မပြေဘူး ဖြစ်နေတယ်၊ သူအလုပ် ဝင် အထောက်အပံ့ရရင်တော့ တော်သေးတာပေါ့၊ အဒေါ့်မှာ အိမ်ပေါင် ထားတဲ့အတိုးရယ်၊ ကလေးတွေ ပညာသင်စရိတ်ရယ်၊ မိသားစုစားဝတ် နေရေးရယ်ဆိုတော့ ဒီမုန့်ဟင်းခါးရောင်းတာလေးနဲ့ ဘယ်လိုလုပ် ရုန်းနိုင် တော့မှာလဲ၊ ဟုတ်တယ်မဟုတ်လား”

“ဟုတ် ဟုတ်ကဲ့”

သူရောယောင်ထောက်ခံနေရပေမယ့် ရင်ထဲမှာ တလှပ်လှပ် ဖြစ်နေသည်။ မြကျေးညို့ အမေက သူ့ကိုအကြွေးရှင်မို့ အခက်အခဲ တွေကို ရှင်းပြနေသလိုပါ။

ရေနွေးတစ်ခွက်ကို အမောပြေငုံ့သောက်ပြီးမှ

“သူလည်း အလုပ်တော့ လျှောက်ပါရဲ့၊ သူ့အဖေက သူ့ဒွေး သမီးလို ထားခဲ့တော့ ဘဝင်တွေမြင့်ပြီး ဟိုအလုပ် ဒီအလုပ်နဲ့ ရွေးနေ တယ်လေ၊ သူနဲ့တန်တဲ့အလုပ်က မရှိဘူး ဖြစ်နေတယ်၊ အဲဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မိန်းလို့ရအောင် ယောက်ျားပေးစားဖို့ စီစဉ်ရတာ၊ ဒါတောင် သူက တော် လူလက်မခံချင်ဘူး၊ သူကိုယ်၌က အစွမ်းအစမရှိလို့ ချိုချိုက ရှာပေး တယ်''

''ချိုချိုဆိုတာ ဟိုအခြောက်မကိုပြောတာထင်တယ်''

''ဩော် မောင်မင်းဂုဏ်ရောင် သိတယ်ထင်တယ်၊ ဟုတ်တယ် သူက ဒီရပ်ကွက်ထဲကပဲ၊ သမီးနဲ့သူငယ်ချင်းပဲပြောပါတော့၊ အိမ်ထောင် ဖြစ်အောင် သူပဲ အောင်သွယ်ပေးတာလေ၊ မြကျေးကို အရမ်းကိုခင်တာ''

''တောက်''

ရင်ထဲက ကြိတ်ပြီးတက်ခေါက်မိသည်။ ဒီအခြောက်မ အရမ်း ဖြိုဟ်မှုလွန်းသည်။ သူ့ကြောင့် မြကျေး အနားကို ကပ်ခွင့်မရ။

''ဟို မြကျေးညိုက အခုဘယ်သွားတာလဲ ခင်ဗျ''

''အဲဒီဘက်နဲ့ သွားတွေ့ဖို့ရှိတယ်လေ၊ အဲဒါ အဝတ်အစား ကောင်းကောင်းလေးတစ်ထည် သွားဝယ်နိုင်းလိုက်တာ၊ ကိုယ့်ဘက်က အရမ်းချို့တဲ့လွန်းတယ်လို့ ထင်သွားရင်လည်း မကောင်းဘူးမဟုတ်လား''

''ဟုတ် အင်း''

''ဟိုဘက်က ပြည့်စုံတယ်ဆိုတော့လည်း လက်ခံမိတယ်ကွယ် အိမ်လည်းပြန်ရွေးရမယ်၊ မိသားစုလည်း အရင်ထက်အဆင်ပြေမယ် မင်းအကြွေးကိုလည်း သမီးကိုပြန်ဆပ်ခိုင်းမှာပါ၊ ခဏပဲစောင့်ပါကွယ် နော်''

''ဟို ကျ ကျွန်တော်က အကြွေးတောင်းဖို့ လာတာမဟုတ် ဘူး၊ မုန့် မုန့်လာစားတာ၊ ကျွန်တော်သွားတော့မယ်နော်၊ ဒီမှာပိုက်ဆံ ခင်ဗျာ''





ဒေါ်ညိုရင် လက်ထဲ ပိုက်ဆံထည့်ခဲ့ပြီး ဖွတ်ထွက်လာခဲ့သည်။ ရင်ထဲမှာ ဘယ်လိုကြီးမှန်းမသိပါ။ ကိုယ့်ပိုက်ဆံလေးကိုဆပ်ဖို့ သူမတို့မှာ အခက်အခဲဖြစ်နေလား။ ကိုယ်ကတောင်းချင်လို့မဟုတ်ဘဲ သူမကိုသက် သက်မဲ့ စနောက်နေခဲ့တာ။

မပြေလည်မှုတွေကြားမှာ သူမ ပျော်ပျော်နေတတ်တာတော့ ချီးကျူးဖို့ကောင်းသည်။ ယောက်ျားကိုမယူချင်ဘဲ ယူရမည်တဲ့။ ရင်ထဲမှာ လောင်ဆူနေတာ ရမ်းခါနေသည်။

ဟား မြကျေးညိုရေ။

ရင်ထဲမှာ စိုးနင့်မှုများနှင့် မရှုနိုင်မကယ်နိုင်ကြီးဖြစ်ကာ သူမ ပြန်အလာကို သူမတို့လမ်းထိပ်လက်ဖက်ရည်ဆိုင်ကနေ စောင့်နေလိုက် သည်။ ဒီနေ့ သူမနှင့်စကားမပြောရဘဲ သူ အိမ်ပြန်နိုင်မည်မထင်ပါ။

''ဟင်''

တစ်နာရီနီးပါးလောက် စောင့်လိုက်ပြီးမှ ကားမှတ်တိုင်ဘက်က နေ စလင်းဘတ်အိတ်လေးလွယ်၍ မြကျေးညို လျှောက်လာတာ မြင်လိုက် သည်။ သူ သုတ်ခနဲ ထထွက်သွားလျက်

''မြကျေး''

''ဟင် ရှင် အကြွေးတောင်းဖို့လာစောင့်နေတာလား''

''ဟာ မဟုတ်ပါဘူး၊ မင်းကိုပြောစရာရှိလို့ပါ၊ ဆိုင်ထဲမှာ ခဏ ထိုင်ပေးပါလား''

''ကျွန်မ အားယားနေတဲ့သူမဟုတ်ဘူးရှင့်၊ မလိုက်နိုင်ဘူး''

''ခဏလေးပါ မြကျေး၊ အရေးကြီးလို့ပါ မင်းအတွက်ပြောတာ ပါ''



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအတွက် ဘာများလဲ"

"သိချင်ရင်လိုက်ခဲ့ပါဆိုကွာ၊ စကားပြောတာ ဘယ်လောက်ကြာမှာမို့လဲ"

"အကြွေးတောင်းဖို့တော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူးဆိုကွာ တကယ် တကယ်"

"အကြွေးတောင်းလည်း အခုမပေးနိုင်ပေမယ့် သိပ်မကြာခင်ပေးနိုင်မှာပါ။ အတိုးနဲ့ပေါင်းပြီး ဆယ်ဆလောက်ကို ပြန်ပေးလိုက်ဦးမယ်"

"ကျွတ် ဘဝင်ကကိုင်နေသေးတယ် လာပါ"

လက်ဆွဲခေါ်မတတ်ပြောမှ မလိုက်ချင်လိုက်ချင်နှင့် မြကျေးညီဆိုင်ထဲလိုက်လာခဲ့သည်။

"မင်းလက်ဖက်ရည်သောက်မလား၊ ကော်ဖီသောက်မလား"

"ဟင့်အင်း လမ်းဘေးဆိုင်က လက်ဖက်ရည်ကော်ဖီတွေ ကျွန်မ သိပ်မသောက်တတ်ဘူး"

"ဘာ"

"ဩော် ကျွန်မ လက်ထပ်မယ့်ယောကျ်ားက အရမ်းဂုဏ်ကြီး အဆင့်အတန်းမြင့်တဲ့အသိုက်အဝန်းကဆိုတော့ ကျွန်မ ဒီလိုမျိုးတွေ သောက်ဖို့မသင့်တော်ဘူးပြောတာပါ။ သူက ဆရာဝန်လေ၊ တစ်ဦးတည်းသော သူဌေးသား"

"မင်းယောကျ်ားမယူချင်ဘူးဆို၊ အဲလောက် ဘဝင်မြင့်ပြီး ပျော်နေစရာလား"

"ဟင် ကျွန်မက ပျော်နေတဲ့ပုံပေါက်လို့လား"

"ကိုယ့်ကိုယ်ကိုယ်တောင် မဆန်းစစ်နိုင်ဘူးဖြစ်နေတယ်ဟုတ်





သား၊ မင်းတကယ်မပျော်ဘူးပေါ့"

"ပျော်ပုံမလားရှင်၊ ကိုယ်ချစ်တဲ့သူကို လက်ထပ်မှာမှမဟုတ်တာ၊ ဒါပေမဲ့ မိသားစုအတွက် ဒီလိုလူမျိုးကိုရလို့ စိတ်ချမ်းသာရပါတယ်၊ နားပူနားဆာ ပြဿနာရှာနေတဲ့ အကြွေးရှင်တွေကိုလည်း အကြွေးဆပ်နိုင်မယ်လေ၊ အဲဒီဒုက္ခကလည်း ကင်းဝေးသွားတာပေါ့ရှင်"

သူမ တကယ်ပင် သူ့ကြောင့်စိတ်ညစ်ခဲ့ရသလားလို့တွေးပြီး စိတ်မကောင်းဖြစ်မိသည်။

"ဟိုလေ မင်းအလုပ်ကောင်းကောင်း လစာကောင်းကောင်းရရင် မင်းတကယ် ယောကျ်ားမယူဘူးလား"

"ကျွန်မက မနေနိုင်မထိုင်နိုင်လင်လိုချင်တဲ့သူမှ မဟုတ်တာ၊ အလုပ်ကောင်း လစာကောင်း တကယ်ရရင် ယောကျ်ားယူဖို့စဉ်းတောင် စဉ်းစားမိမှာမဟုတ်ဘူး"

"မင်း တကယ်ပြောတာနော်"

"ဘာလဲ ရှင်က အလုပ်ရှာပေးမလို့လား၊ ရှင်က အဲလောက် အစွမ်းအစရှိလို့လား"

မေးပြီး ရယ်နေပုံက အထင်သေးစွာ လှောင်ချင်သရော်ချင်သလိုပင်။ သူမကို စိတ်မဆိုးချင်တော့ပါ။ အခု သူ့ပုံစံက အထင်ကြီးလောက်စရာမှ မရှိဘဲ၊

"ငါ တကယ်ပြောတာပါ၊ မင်းလိုချင်တဲ့အလုပ် မင်းလိုချင်တဲ့လစာရအောင် ငါလုပ်ပေးနိုင်တယ်"

"ဟင်း ဟင်း အရည်မရ အဖတ်မရ မစားရဝခမန်းစကားတွေ ပြောစမ်းပါနဲ့ရှင်၊ ကိုယ့်ကိုယ်ကိုယ်သာ အဆင်ပြေအောင်နေစမ်းပါ၊



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံနှစ်သောင်းကျော်လောက်ကို ပြဿနာရှာ အသည်းအသန်လိုက်တောင်းနေတဲ့သူက ဘာလုပ်ပေးနိုင်တဲ့အရည်အချင်းရှိမှာမို့လဲ''

''အေး မင်းမယုံတာကို ငါအပြစ်မပြောတော့ပါဘူး၊ ဒါပေမဲ့ ငါ ဒီလိုလုပ်ပေးနိုင်တယ်ဆိုရင် မင်း တကယ်ယောကျ်ားမယူဘဲနေနိုင်လား''

''ကဲ အဲလိုလုပ်ပေးမယ်ဆိုရင် မယူဘူးရှင်၊ မယူဘူး''

''မင်းတကယ်ပြောတာနော်''

''ရှင်ကလေ ဘာလို့ကျွန်မကို ယောကျ်ားမယူစေချင်နေရတာလဲ''

''ဟို အဲ''

သူ ဘာပြောမှန်းမသိပါ။ ပြောလို့ရရင်တောင် ပြောလို့မဖြစ်တော့တာလည်း မင်းကြောင့်ပါပဲ မြကျေးညို။ မင်းက ငါ့နှလုံးသားကိုဆုပ်ကိုင်လှုပ်မိုးထားလို့ပါ။ မင်းကိုငါ ချစ်မိသွားလို့ပါ မြကျေးညိုရယ်

ငါ့မာနတွေက မင်းအချစ်နဲ့နှိုင်းယှဉ်ရင် အသေးအမွှား၊ ဘာတန်ဖိုးမှ မရှိတော့တဲ့ အမှုန်အမွှားလေး ဖြစ်သွားပါပြီ။

ငါလိုယောကျ်ားတစ်ယောက်ရဲ့မာနတွေက မင်းနဲ့ကျမှ ...

■ ■ ■



## အခန်း (၁၄)

''ဘာ မင်းသာပြောတယ် မင်းဂုဏ်ရောင်၊ ကုမ္ပဏီအလုပ်ကို တော့မယ် ဟုတ်လား။ မင်းတကယ်ပြောနေတာလား ဟိတ်ကောင်''

''ကျွန်တော် မလုပ်ချင်ရင် မလုပ်ဘူးပဲပြောခဲ့တာပါ ဒယ်ဒီ၊ တကယ်လုပ်မှာမို့ လုပ်မယ်လို့ပြောနေတာပါ''

သူပြောလိုက်တော့ ဒယ်ဒီ မျက်ခုံးပင့်ပြီး မာမီ့ကိုမင့်သား ဝိပဲ့မလားဟု မယုံသင်္ကာ အသံတိတ်မေးခွန်းထုတ်၏။ မာမီက သူ့ န်ကိုလှမ်းဆုပ်ကိုင်ကာ အပြုံးဝင့်ဝင့်ဖြင့်

''သားတကယ်ပြောနေတာလား သား၊ ဘယ်လိုကြောင့် ဒီလို ပြတ်လိုက်တာလဲ''

''သားအကြောင်းနဲ့သားပါ မာမီ၊ ဒယ်ဒီ အရမ်းဖိအားမပေး ဲ တောင်းဆိုချင်တာပါ''



www.burmeseclassic.com

''ဟိတ်ကောင် မင်းကို ဒီအတိုင်း လွှတ်ပေးထားမှာမဟုတ်ဘူး ဆိုတာတော့ မင်းသိတယ်နော်၊ ဦးမှာခင်နဲ့လက်ထပ်ရမှာ''

''အဲ အဲဒီကိစ္စက နောက်မှအေးအေးဆေးဆေး လုပ်လို့မဖြစ် ဘူးလား.ဒယ်ဒီ၊ ကုမ္ပဏီအလုပ်ကို ကျွန်တော် အရင်ကြိုးစားကြည့်ပါရစေ ဦး''

''အဲဒါကို စိတ်မချတာလေ၊ မင်းက ဘာလေ့လာမှုမှမရှိလို့ နားမလည်သေးတဲ့ကောင်၊ ဦးမှာခင်က အားလုံး သူ့အဖေဆီမှာ သင်ယူပြီး တတ်ကျွမ်းနားလည်နေပြီ မင်းတို့နှစ်ယောက်ပေါင်းပြီး ငါတို့ဒီဟာတွေထက် အောင်မြင်အောင်လုပ်ပြရမှာ''

''ရှင်ကလည်း ချက်ချင်းကြီး သားကိုလက်ထပ်ပေးတာမျိုးတော့ မလုပ်ပါနဲ့ရှင်၊ သားက ကုမ္ပဏီအလုပ်လုပ်ကြည့်မယ်ဆိုတာပဲ ဝမ်းသာ မှာ''

''မင့်သားကို ငါ ဘယ်လိုယုံကြည်ရမှာလဲ၊ သူက ငါ့ကုမ္ပဏီ အကျိုးအမြတ်ရအောင် လုပ်ပေးမှာလား၊ အကျိုးယုတ်အောင်လုပ်မှာလား မင်းအာမခံနိုင်သလား၊ ငါက လုပ်ပိုင်ခွင့်ရှိတဲ့ အမ်ဒီနေရာကို ပေးရ ဒါရိုက်တာအဖွဲ့တွေရဲ့အမြင်လည်း ရှိသေးတယ်၊ သူက တကယ်ကြိုးကြိုး စားစား လေ့လာသင်ယူထားတယ်ဆိုရင် ကိစ္စမရှိဘူး၊ အခု မင့်သား တစ်ခုမှအသုံးကျခဲ့တာမဟုတ်ဘူး၊ သူလုပ်ပါမယ် လွယ်လွယ်ပြောထား ဝမ်းသာအားရဖြစ်နေရမှာလား၊ ငါ့ကုမ္ပဏီ ဒေဝါလီခံရတော့ ဘယ်လိုလုပ် မလဲ''

''ဒယ်ဒီ''

လွယ်လွယ်လက်ခံလိုက်မှာမဟုတ်ဘူးဆိုတာ သိပေမယ့် ဖေ





သက်ာ နှိမ့်ချနေသေးတာတော့ လွန်လွန်းသည်။ မခံချင်စိတ်နှင့်မာနက တင်းခနဲဖြစ်သွားသော်လည်း မြကျေးညိုအတွက် လုပ်ပေးနိုင်ခွင့်က ဒီ တစ်နည်းပဲရှိတာမို့ သူ ခေါင်းကိုငုံ့ထားလိုက်ရသည်။

မာမီက ထိတ်ထိတ်ပျာပျာ ဖြစ်သွားဟန်ဖြင့်

''ရှင်ကလည်းလေ သားကိုမတရားသဖြင့် မပြောပါနဲ့၊ နား လည်ရင် နားလည်အောင်လုပ်ရမှာပေါ့၊ မိန်းမယူမှပဲ သားကို ကုမ္ပဏီ ပေးတော့မှာလား''

''မင့်သားကို မယုံလို့ကွ၊ ဘယ်အလုပ်ကို လက်ကြောတင်းတင်း စိတ်ဝင်တစားရှိလို့လဲ၊ မိန်းမပေးစားပြီး သူ့အိမ်ထောင်နဲ့သူ သူ့မိသားစု နဲ့မှ တည်တည်ငြိမ်ငြိမ် ကြိုးကြိုးစားစား ဖြစ်လာမှာ၊ ပြီးတော့ ဦးမှာခင် ကို ယူလိုက်လို့ သူ့မှာဘာမှ ဆုံးရှုံးနစ်နာသွားစရာအကြောင်းမရှိဘူး၊ ဟိုက သူ့ကိုခြေတော့်လက်တွေ တပ်ပေးမှာ၊ ဘာမှသုံးစားမရတဲ့ခေါင်း ထဲကို အသစ်တွေထည့်ပေးမှာ''

''ကျွန်တော် အဲလောက်ညံ့တဲ့သူ မဟုတ်ပါဘူး ဒယ်ဒီရယ်၊ မလုပ်ချင်လို့ မလုပ်ခဲ့တာပါ၊ မလုပ်တတ်လို့ မဟုတ်ပါဘူး''

''စီးပွားရေးလောကဆိုတာ မင်းထင်နေသလောက် မလွယ်ဘူး၊ [illegible]လုပ် အခုထဖြစ်တဲ့ဟာမျိုးမှ မဟုတ်တာ၊ အခုလင်ယူ အခု [illegible]လို့ရသလား ဟိတ်ကောင်''

''လင့်မရခင် မှားယွင်းပြီး လင်ရတာနဲ့ တန်းမွေးနေကြတာပါ

''ဘာ ဟိတ်ကောင်''

''မြန်ဆန်လာတဲ့သဘောကိုပြောတာပါ''

www.burmeseclassic.com



"မင်း ငါ့ကိုရွံ့တယ်ဆိုတာ သိတယ်၊ အေး အဲဒါကြောင့် ငါကလည်း မယုံကြည်တာ၊ မင်းဥမ္မာခင်ကို လက်မခံရင် ငါ့ကုမ္ပဏီ လုပ်ပိုင်ခွင့် လုံးဝကိုမပေးဘူး"

"ဟား"

ပြတ်သားစွာပြောလာတော့ သူ ဘာလုပ်ရမှန်းကိုမသိတော့ပေ။ ဒီကိစ္စက မေမေ့ကို အားကိုးလို့လည်း ရမှာမဟုတ်ပါ။ ဥမ္မာခင်ကို လက်မခံလျှင် မြကျေးညိုကိုကူညီဖို့ လုံးဝဖြစ်နိုင်မှာမဟုတ်ပေ။

မာမီက သူ့မျက်နှာကိုကြည့်ပြီး စိတ်မကောင်းသလိုဖြစ်ပြီး

"အတင်းအကျပ်တော့ မလုပ်ပါနဲ့ ကိုဂုဏ်ရောင်၊ စေ့စပ်ဖို့ ရက်ရွေးထားရုံလောက်ဆိုရင်ရော မဖြစ်ဘူးလား"

"ဟုတ် ဟုတ်ပါတယ် ဒယ်ဒီ၊ ကျွန်တော် လက်မခံဘူးငြင်းနေတာမဟုတ်ပါဘူး၊ အရင်စေ့စပ်ထားပြီး နောက်အေးအေးဆေးဆေး တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရမှ လက်ထပ်တာကောင်းပါတယ်"

"အင်း အဲလောက်ဆိုရင်တော့ မဆိုးပါဘူး၊ မင်း ဥမ္မာခင်ကိုတော့ လက်ခံရမယ်နော်၊ မင်းကိုယုံယုံကြည်ကြည်နဲ့ ကုမ္ပဏီကို မလွှဲအပ်နိုင်ဘူး"

"ဟုတ် ဟုတ်ကဲ့"

"အေး မင်းဘက်က ဘယ်လောက်ကြိုးစားမှုရှိမလဲဆိုတာလည်း ငါ စောင့်ကြည့်ဦးမှာ၊ မင်းမှာ ငါယုံကြည်လောက်အောင် ဘာအရည်အချင်းမှ မရှိတာ၊ ဘာအစွမ်းအစ ဘာအရည်အချင်းမှမရှိဘဲ ကုမ္ပဏီကိုကောက်ကာငင်ကာ လုပ်မယ်ပြောတာတော့ အံ့သြစရာပဲ၊ ဘာလဲ ဟိတ်ကောင် သူဌေးသားလို ငွေမသုံးရ လိုင်းကားတိုးစီးနေရတော့ ဒေါ်





မခံနိုင်တော့ဘူးမဟုတ်လား၊ ငါ့လက်အောက်မှာ မွန်းကျပ်လို့ စိတ်ဖိစီးမှုများလို့ လုံးဝမလုပ်နိုင်ပါဘူး မာနကြီးပြနေတဲ့ကောင်က ဘယ်လိုဖြစ်သွားတာလဲ"

"ရှင်ကလည်းရှင်၊ မလုပ်တော့လည်း မလုပ်လို့ လုပ်တော့လည်း လုပ်လို့အပြစ်ပြောကို မလွတ်နိုင်ဘူး၊ ကိုယ့်သားကိုယ်ပဲ အကောင်းမြင်စိတ်လေးနဲ့ကြည့်ပါဦးတော့လား"

"မင်းလည်း ငါဘာပြောပြော အဲလို ကာဆီးကာဆီး ပိတ်ပင်နေတဲ့အကျင့်ကိုပြင်ဦး၊ သားအမိနှစ်ယောက်လုံး အချိုးကိုမပြေဘူး၊ အကျင့်နဲ့မျိုးရိုးဗီဇကိုက"

"ကျွတ် ဒယ်ဒီရာ"

သူ မခံရပ်နိုင်ဖြစ်ကာ လက်သီးကိုတင်းတင်းဆုပ်ထားမိသည်။ ဒယ်ဒီ့နှိမ်ချမှုတွေက သူ့မာနတွေကို ထိခိုက်မှန်းသိပေမယ့် အရင်လို အာခံဆန့်ကျင်ပြီး အတိုက်အခံလုပ်နေလျှင် မြကျေးညိုကို ကူညီလို့မရမှာစိုး၍ သူပေါက်ကွဲလို့မဖြစ်တာမို့ အံကြိတ်ကာ တင်းခံနေရသည်။

မြကျေးညိုရယ် မင်းအတွက်. . . မင်းအတွက်ကြောင့်မို့ပါကွာ။ ငါလုပ်ပေးနိုင်တာ ဒီတစ်ခုတည်းရှိလို့ပါ။ ကိုယ်က မင်းကိုချစ်လို့ ကူညီခွင့်ပေးမယ့် တခြားတစ်ယောက်နဲ့စေ့စပ်လက်ထပ်မှုဖြစ်မှာ။ ဒါပေမဲ့ ဘာတတ်နိုင်မှာလဲ မြကျေးညို။

မင်းမချစ်တဲ့သူနဲ့ လက်မထပ်ရဖို့အတွက် မင်းဘဝကိုရောင်းစားသလို မဖြစ်ရဖို့အတွက် ငါ့ဘဝ ငါ့မာနကို ရင်းလိုက်ပါမယ်။

မင်းက ငါ ပထမဦးဆုံးချစ်မိတဲ့မိန်းမမို့ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဘာ မင်းတကယ်လား ဟိတ်ကောင်"

ဖော်တူး လက်ထဲက ဘီယာခွက် စားပွဲပေါ်ဒေါက်ခနဲတောင် ပြုတ်ကျသွား၏။ ဒီလောက်တောင် မိဘကို ကန့်လန့်တိုက် မာနကြီးနေတဲ့ကောင်က။

"ဟိတ်ကောင် မင်းတကယ်ဆုံးဖြတ်လိုက်တာလား"

"အင်း"

"မင်း ငွေလုံးလုံးလောက်လောက် မသုံးရလို့ စိတ်လျှော့လိုက်တာလား"

"မဟုတ်ပါဘူး"

"ဒါဆို ကားမကောင်းရဘဲ လိုင်းကားတိုးစီးနေရလို့လား"

"ဟင့်အင်း"

"ဒါဆို"

"မြကျေးညိုကို လစာကောင်းကောင်းပေးပြီး အလုပ်ခန့်ချင်





ညီ"

"ဟင် ဟာ မင်းရည်ရွယ်ချက်ကကွာ"

"သူ့အလုပ်မရရင် ယောက်ျားယူတော့မှာ"

"အဲဒါ မင်းနဲ့ဘာဆိုင်လို့လဲ"

မင်းဂုဏ်ရောင် မဖြေနိုင်သေးဘဲ ဘီယာခွက်ကို တစ်ရှိန်ထိုး မော့သောက်ချလိုက်၏။ ဘီယာက ရေခဲစိမ်ထားသော်လည်း ရင်ထဲမှာ အေးမသွားဘဲ ပူလောင်နေသည်။

သူ အမြည်းမစားဖြစ်ဘဲ နောက်တစ်ခွက် ထပ်မော့လိုက်၏။

"မင်းဂုဏ်"

"ငါလုပ်တာ မှန်ရဲ့လားမသိဘူးကွာ၊ မြကျေးညို ယောက်ျား ယူမှာစိုးလို့ ငါက မိန်းမတစ်ယောက်ကို လက်ထပ်ပါမယ် စေ့စပ်ပါမယ် ဆိုပြီး ဒယ်ဒီဖိနှိပ်မှုအောက်ကို ခေါင်းတိုးဝင်လိုက်ရတယ်"

"အေး မင်း ဘာကြောင့်ဒီလိုဆုံးဖြတ်လိုက်တာလဲ အရင်ပြောဦး မြကျေးညိုကို"

"ချစ်လို့ သူ့ကိုငါ သိပ်ချစ်မိသွားလို့ပါ ဖော်တူး"

"အံ့ဩတယ်ကွာ၊ မင်းအဲလိုလုပ်လိုက်တော့ မြကျေးညိုကို ပိုင်ဆိုင်ရမှာမို့လား၊ မင်းက တခြားသူကိုလက်ထပ်ရမှာပဲ၊ ဘာထူးလို့လဲ"

"ဒါပေမဲ့ ငါလုပ်ပေးသင့်တယ်ထင်တယ်၊ ငါ့ကြောင့် သူ အင်တာဗျူးဖြေဖို့တွေ ပျက်သွားတာ"

"အဲလောက် ပေါ်ပေါ်တန်တန် ဆင်ခြေမပေးပါနဲ့ကွာ၊ မင်း မြကျေးညိုကိုချစ်လို့ မာနတွေချနင်းခံလိုက်တာမဟုတ်လား၊ နေပါဦး မိန်းမမယူဘဲ ကုမ္ပဏီမှာလုပ်လို့မရဘူးလား"

www.burmeseclassic.com



"ငါ့ကိုမယုံကြည်လို့ မရဘူးတဲ့၊ ဥမ္မာခင်က ကုမ္ပဏီနဲ့ ပတ်သက်ပြီးအကုန်နားလည်ပြီးသားမို့ ငါ့ကိုခြေတွေလက်တွေ တပ်ပေးမှာ၊ အသုံးမကျတဲ့ငါ့ခေါင်းအတွက် ဥမ္မာခင်က လိုအပ်တယ်တဲ့"

"မင်းဒယ်ဒီကလည်းကွာ"

ဇော်တူးတောင် ဒယ်ဒီ့ကိုစိတ်ကုန်သွားဟန်တူသည်၊ သူ့အဖြစ်ကလည်း ဆုပ်လည်းစူး စားလည်းရူး မရှုနိုင်မကယ်နိုင်ပါ။

"ဒယ်ဒီ စိတ်က တယူသန် သူဖြစ်ချင်တာပဲသူသိတာ၊ သူက ဒါလုပ်ချင်တယ်ဆိုရင် ဒါလုပ်မှကြိုက်တာ"

"မင်းကလည်း အဲဒါတွေ ဆန့်ကျင်ပြီး ကိုယ့်မာနနဲ့ကိုယ်နေခဲ့ပြီးမှကွာ၊ ဒါနဲ့ မြကျေးညိုကရော မင်းအဲလိုလုပ်ပေးမှာကို သိလား"

"ပြောပါသေးတယ်၊ သူက ငါ့ကိုသူဌေးသားမှန်းမှ မသိတာ သရော်တာလျှောင်တာပေါ့"

"ဟ အဲဒါလည်း မင်းက ချစ်နေတာပဲလား"

"သူမှမသိတာ၊ ငါ့ပုံစံကလည်းလျှောင်ချင်စရာ ဖြစ်နေတာပဲလေ"

"မင်းဘယ်တုန်းက လူတစ်ယောက်ကို နားလည်မှုပေးတတ်သွားတာလဲ"

"ချစ်တတ်သွားလို့၊ မြကျေးညိုကို ငါချစ်မိသွားလို့ပေါ့ကွာ"

"ဟား မင်းကိုငါ ဘယ်လိုနားလည်ရမှန်းကို မသိတော့ဘူး မြကျေးညိုကို ပိုင်ဆိုင်ရမှာမို့ မင်းမာနကို စွန့်လွှတ်လိုက်တယ်၊ စွန့်စားလိုက်တယ်ဆိုလည်း ဟုတ်သေးတယ်၊ အခုက ကိုယ့်ဘဝကိုသတ်ပြီး မြကျေးညိုဘဝကို ကယ်တင်နေတာပဲကွ၊ မင်းနေပျော်လို့လား"





"ဟင့်အင်း"

မခံစားနိုင်တော့သည့်ပုံစံမျိုးနှင့် မင်းဂုဏ်ရောင်မျက်နှာ ရှုံ့မဲ့သို့နေသည်။

"မင်းပုံစံက မရှုနိုင်မကယ်နိုင်ကြီးနဲ့ကွာ၊ မင်းနောင်တမရမှာသေချာလို့လား မင်းဂုဏ်"

"ငါ ဆုံးဖြတ်တာ နောက်ကျသွားရင် မြကျေးညိုအတွက် ငါပြီးနောင်တရမိမှာ ဇော်တူး၊ မြကျေးညိုယောက်ျားမယူအောင် တားဖို့အတွက် အချိန်မရှိတော့ဘူး"

"မင်းဒယ်ဒီက ပိုပြီးနိုင်ကွက်ရသွားတာပေါ့၊ မင်းဘက်ကအောင်းဆိုလိုက်တာဆိုတော့"

"အေးပေါ့ကွာ ပြောလိုက်တာ ပိုးစိုးပက်စက်ပဲ၊ ငါက ဒယ်ဒီ့အစီစဉ်များမှာ ဘာမှအသုံးမကျတဲ့ကောင်၊ အရည်အချင်းအစွမ်းအစမရှိတဲ့ကောင် ဖြစ်သွားတယ်"

"မင်းခံပြင်းနေမှာပေါ့"

"အရင်စိတ်နဲ့ဆိုရင်တော့ ပေါက်ကွဲမိဦးမှာပေါ့ကွာ၊ အခုက မြကျေးအတွက် ငါမျိုသိပ်သည်းခံနိုင်ခဲ့ပါတယ်၊ အဲလိုသည်းခံနိုင်ခဲ့တာကိုက ငါဘယ်လောက် မြကျေးကိုချစ်မိနေလဲဆိုတာ ကိုယ့်ကိုယ်ကိုယ် သိလိုက်ရတယ်"

"မင်းချစ်တာကို မြကျေးရော သိလား"

"သူ့ကိုတာကြောင့် ကူညီချင်တယ်ဆိုတာတောင် မသိတာကွာ၊ သူသိအောင်လည်း ငါဖွင့်ပြောလို့ မရဘူး၊ သူ့ဘဝလေး အဆင်ပြေသွားစေချင်ရုံပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



မင်းရဇာ်ရောင်ရဲ့ပထမဆုံးအချစ်က လက်ဖျားခါလောက်ပေသည်။ ဒီကောင် ဘာကြောင့်များ ဒီလောက်ချစ်တတ်သွားခဲ့ပါလိမ့်။ ဘီယာတွေ တစ်ခွက်ပြီးတစ်ခွက် သောက်နေတာ စိတ်တွေရှုပ်ထွေးနေလို့ ဖြစ်မည်။

ကိုယ်ကရော ဘာကူညီနိုင်မှာလဲ။ မြကျေးညိုဆိုသည့် ကောင်မလေးကတော့ ဘာမှသိမှာမဟုတ်ပေ။

ဒီကောင်ကတော့ အကြီးကြီးကို ရင်းထားတာပါ။

နှလုံးသားတစ်ခုလုံးကို အနာကျင်ခံပြီး . . . ။

■ ■ ■

## အခန်း (၁၆)

မြကျေးညို ဒီနေ့ ချိုချိုကောင်းမှုဖြင့် အိမ်ထောင်ဘက်သွားတွေ့ရပေမည်။ ကိုယ့်ဘက်က ချို့တဲ့မှုတွေ မပြည့်စုံမှုတွေဖြင့် အမိဖမ်းချင်သည်ဖြစ်မှာစိုး၍ အခြေအနေရှိချင်ဟန်ဆောင်ရမည်ဟု အမေကပြောသည်။ အမေက ကိုယ့်သမီးကို အဲလိုအထင်သေးခံရမှာလည်း စိုးရိမ်သူပါ။

ချိုချိုကလည်း တစ်ခါတည်း သဘောကျသွားအောင် လန်းလန်းဆန်းဆန်းဝတ်ခဲ့ဆို၍ သူမ အလှဆုံးပြင်ကာ ဟိုနေ့က ဝယ်လာခဲ့သော အလန်းဆုံးဝတ်စုံလေးကို ဝတ်ပြီး ဝိုဝိုကြွားကြွားလေး ဖြစ်နေသည်။

“မြကျေးရေ ပြီးရင် ထွက်ခဲ့တော့လေ၊ ချိန်းထားတာ ကိုယ်က အချိန်နောက်ကျရင် မကောင်းဘူး”

“ဟုတ်သားပဲ သမီး၊ မပြီးသေးဘူးလား”

“ပြီးပြီ အမေ၊ လာပြီ လာပြီ”

မော်ဒယ်အောက်နေပြီဆိုပေမယ့် အဖေရှိစဉ်က ဝယ်ပေးထား



www.burmeseclassic.com

www.burmeseclassic.com



သော အနက်ရောင်စလင်းဘတ်အိတ်လေး လွယ်၍ အိမ်ရှေ့ထွက်လာသည်။

"လှလား အမေ"

"လှပါ့တော်၊ အမေ့သမီးက မပြင်မဆင်ကတည်းက လှပြီး ချောပြီးသားပါ၊ သမီးကိုယောက်ျားပေးစားရမှာ အမေ နှမြောတယ်ကွယ်၊ မဖြစ်သာမတတ်သာလွန်းလို့ပါ"

"အမယ်လေး အန်တီညိုရယ်၊ မိန်းကလေးဆိုတာ ဈေးကောင်းတုန်းရောင်းရတာ၊ အရွယ်ကျမှ ဘယ်သူမှ အလကားပေးတောင် မယူချင်ကြတော့ဘူး"

"ဟဲ့ ချိုချို ငါ့သမီးကို ဈေးစကားတော့မပြောပါနဲ့၊ ငါ အခု သမီးကိုဈေးဖြတ်ပြီးရောင်းစားနေတာမဟုတ်ဘူး၊ မိသားစုအတွက် မတတ်သာလွန်းလို့ပေးစားရမှာ"

"သိပါတယ် အန်တီညိုရယ်၊ မြကျေးကိုနှိမ်တာမဟုတ်ပါဘူး၊ တန်ဖိုးရှိတဲ့အကြောင်း တင်စားတာပါ၊ ကဲ သွားရအောင် မြကျေး"

"အင်း"

"ဪ သမီး တက္ကစီခ အမေပေးလိုက်မယ်၊ ဟိုဘက်ရောက်ရင် အထင်မသေးအောင် လိုင်းကားစီးမသွားနဲ့နော်၊ စကားကိုလည်း သိမ်သိမ်မွေ့မွေ့ပြော၊ ကိုယ့်ဘက်က လိုချင်တဲ့ပုံစံပြပြီး သိပ်လည်းအောက်ကျမခံနဲ့၊ အဆင့်အတန်းကွာပေမယ့် သမီးအရမ်းသိမ်ငယ်စရာမလိုဘူး"

"ဟုတ်ကဲ့ပါ အမေရဲ့ စိတ်ချပါ၊ သမီးသွားပြီနော်"

"အေး အေး ချိုချိုရေ သမီးကိုသေချာဂရုစိုက်ခေါ်သွားပါကွယ်၊ အဆင်ပြေရင် ချိုချိုကိုဒီအတိုင်း ကြည့်မနေပါဘူး ကျေးဇူးဆပ်ဦးမှာပါ"





"ရပါတယ် အန်တီညိုရယ်၊ ချိုက အန်တီညိုတို့ဆီက မျှော်လင့်ပြီး ကူညီတာမဟုတ်ပါဘူး၊ မြကျေးကို ခင်လွန်းလို့ကောင်းစားစေချင်လွန်းလို့ ကူညီတာပါ၊ သူဌေးကတော်ကြီးဖြစ်သွားတဲ့အချိန်မှာ မေ့မသွားရင်ပဲ တော်ပါပြီ"

"ကဲ ချိုချို စကားများမနေနဲ့ သွားမယ်"

"ဟုတ်ကဲ့ပါ သူဌေးကတော်"

သူဌေးကတော်လို့ အခေါ်ခံရသည်က လူကိုထိုးတောင်တက်သွားအောင် ဘဝင်မြင့်သွားစေသည်။ မြေကြီးနှင့်ခြေထောက်တောင် ထိသည်မထင်ပါ။ အိမ်ကထွက်လာတာ လူကတကြွကြွဖြစ်နေခဲ့သည်။

လမ်းထိပ်ရောက်လို့ တက္ကစီငှားတော့လည်း မာန်တွေထန်တွေ အပြည့်။ ချိုချိုက သွားမည့်နေရာပြောပြီး ကားပေါ်တက်ထိုင်လိုက်ကြသည်။ ဒရိုင်ဘာက လူရွယ်လူလတ်မို့ ကားနောက်ကြည့်မှန်ကတစ်ဆင့် သူမရဲ့အလှကို တကြည့်ကြည့် ယစ်မူးလျက်ရှိသည်။ ဒါဆို ဟိုလူလည်း သဘောကျမှာပါ။

ဖုန်းထဲက ဓာတ်ပုံကိုမြင်ပြီးတောင် ဒီအခြေအနေရောက်သွားခဲ့သေးတာ။

"မြကျေး"

"ဟင်"

"အရမ်းလှတာပဲဟယ်"

"မိတ်ကပ်က ချိုချိုပြင်ပေးထားလို့ပါ၊ ဟိုနေ့ကဝယ်လာတဲ့ အကျႌအရောင်နဲ့လိုက်သွားတာ၊ ဒါနဲ့လေ ဟိုလူကို ချိုချို ဖုန်းနံပါတ်ပေးလိုက်တယ် သိလား"

www.burmeseclassic.com



"ဘယ်လူလဲ"

"မင်းဂုဏ်ရောင်လေ"

"ဘာလို့လဲ သူက တို့ကိုဒိတ်ချင်လို့လား"

"မဟုတ်ပါဘူး မြကျေးကို ယောက်ျားမယူပါနဲ့တဲ့၊ သူ ဝင်ငွေ ကောင်းတဲ့အလုပ်ရှာပေးမယ်တဲ့လေ၊ အဲဒါ အဆင်ပြေတာနဲ့ဖုန်းဆက် လိုက်မယ်ဆိုပြီး ဖုန်းနံပါတ်တောင်းသွားတာ၊ အိမ်ဖုန်းနံပါတ်ပေးရ အမေက ရှုပ်ရှုပ်ယှက်ယှက်လုပ်တယ် ထင်မှာစိုးလို့"

"ဟွန်း သူကဘာမို့လို့ မြကျေးကိုအလုပ်ပေးမယ်တွေ ဘာတွေ ပြောရတာလဲ၊ သူ့ကြည့်တော့ လမ်းဘေးက ကလေကချေ"

"ဟုတ်ပ၊ ပိုက်ဆံလေး နှစ်သောင်းကျော်တောင်စားစရာမရှိလို့ အသည်းအသန် လိုက်တောင်းနေတာ၊ ဘာဖြစ်ဖြစ်လေ အဲဒီနေ့က သူ့ ဖွတ်ကူညီပါမယ်ပြောနေတာနဲ့ ချိုချို ဖုန်းနံပါတ်တော့ ပေးလိုက်တယ် ချို သူ့ကိုသဘောကျတယ်မဟုတ်လား၊ သူငယ်ထောင်ရမှာ အဆင်ပြေ သွားတာပေါ့"

"သူက ချောက်ချတယ်လို့ ထင်မသွားဘူးလား"

"ထင်သွားအောင်လို့ကို တမင် ချိုချို ဖုန်းနံပါတ်ကိုပေးလိုက် တာ၊ ဆက်သွယ်ချင်ရင် ချို့ ဖုန်းနံပါတ်တစ်ခုတည်းပဲရှိတယ်လို့ ပြော လိုက်သေးတယ်၊ သူ ဘာမှမပြောဘူးယူသွားတယ်"

"ဟယ် သူ ချို့ကို စိတ်ဝင်စားနေလားမသိဘူးနော်၊ ရင်တွေ ခုန်လိုက်တာ မြကျေးရယ်"

ချိုချိုက သူ့ရင်ဘတ်သူဖိရင်းပြောတော့ ရယ်ရသေးသည် ကားသမားကလည်း ပြုံးစိစိနှင့်ပါ။ ကန်တော်ကြီးထဲက ဟိုလူနှင့်ချိန်းထား





သောဆိုင်ကိုရောက်တော့ မြကျေးတို့ဆိုင်ထဲဝင်ထိုင်ကြသည်။

ချိန်းထားသည့်အချိန်ထက် ဆယ်မိနစ်လောက် နောက်ကျနေ တာတောင် ဟိုလူကတော့ ရောက်မလာသေးပါ။

"မြကျေး ဘာသောက်မလဲဟင်၊ အအေးမှာမလား ကော်ဖီ မှာမလား"

"နည်းနည်းပူတယ်၊ ဒိန်ချဉ်သောက်မယ်၊ ချိုချိုရော"

"ချိုက ဂျူ့စ်တစ်ခွက်ပဲ"

စားပွဲထိုးလေးကိုမှာလိုက်ပြီး နှစ်ယောက်သား ဟိုလူလာရာ လမ်းကိုမျှော်ငေးကြည့်မိကြသည်။

"ဟိုလူက ဘာလဲ၊ ဒီလူရာထူးကြီးတယ် ချမ်းသာတယ်ဆိုပြီး ကျောတာလား ချို့ မိန်းကလေးတစ်ယောက်ကို ချိန်းထားပြီး သူက ကြိုရောက်နေသင့်တာပေါ့"

"သူ ဂျူတီနဲ့မို့ အချိန်နောက်ကျနေတာ ဖြစ်မှာပါ၊ သူက အထူးကုဆရာဝန်ဆိုတော့ ထိုင်ကုတဲ့ဆေးခန်းကလည်းများတယ် မြကျေး နဲ့လက်ထပ်ပြီးရင် ကိုယ်ပိုင်အထူးကုဆေးခန်းကြီးထောင်မယ်လို့လည်း ပြောတယ်"

"ဟုတ်လား မက်လောက်စရာပါပဲ၊ တခြားမိန်းကလေးတွေ မြကျေးဘဝကို အားကျနေကြမှာပဲနော်၊ သူ့ငွေကတော်အထူးကုဆရာဝန် ကြီးကတော်၊ ပြီးတော့ လူပျိုလူလွတ် ဒီလို အရာရာအဘက်တက် အပြစ် လွတ်ပြည့်စုံတဲ့သူကိုရဖို့ဆိုတာ မလွယ်ဘူးမဟုတ်လား"

"ဒါပေါ့ မြကျေးရယ် မြကျေး အရမ်းကံကောင်းတာ၊ ဒီလို လူမျိုးကို လိုချင်တဲ့မိန်းကလေးတွေမှ နန့်နန့်ကိုပြေးလို့၊ ဒီလူက ဘယ်

www.burmeseclassic.com



မိန်းကလေးကိုစိတ်ဝင်စားတဲ့ပုံမပြဘူးနော်၊ မာနကြီးတာလည်း မဟုတ်ဘူး။ အမြဲတမ်းပြုံးပြီး ဘယ်သူ့ကိုမဆို နှုတ်ဆက်တယ်၊ စကားကတော့ အရမ်းကိုနည်းတာ၊ မြကျေး ခေတ်ပုံလေးကိုပြပြီး သဘောကျလားမေးတာတောင် ပြုံးပြီး ခေါင်းညိတ်ပြတယ်၊ နောက်တော့ ချို့ဆီမက်ဆေ့ချ် ပို့ပြီး မြကျေးကို လက်ထပ်ချင်တယ်လို့ပြောတာ၊ အဲဒါနဲ့ တို့ကလည်း ဘာရမလဲ အပြတ်ကျူပစ်လိုက်တာပေါ့''

ချိုချိုက ဒီလိုလူမျိုးနှင့် မြကျေးကို မိတ်ဆက်ပေးခွင့်ရတာ ဂုဏ်ယူနေလေသည်။ ခဏနေတော့ စားပွဲထိုးလေးက သူမတို့မှာထားတာတွေ စားပွဲပေါ်လာချပေးသည်။ ထိုအချိန်ထိ ဟိုလူရောက်မလာသေးပါ။

မြကျေးက နှာခေါင်းလေးရှုံ့ချင်လာကာ

"ဒီလူတော့ မဟုတ်တော့ဘူး ချိုချို၊ ဖုန်းတွေဘာတွေ ဆက်ကြည့်ပါဦး၊ ဒီနေ့လာရောလာဖြစ်ဦးမှာလား၊ လေးလေးနက်နက် ဖုန်းဆက်ပြောတာတို့ ဘာတို့မရှိဘူး"

"သူတို့ဆီ ဖုန်းတစ်ခါမှ မဆက်ဖူးဘူး၊ စကားပြောရမှာ အမ်းလို့နဲ့တူပါတယ်၊ ဖုန်းမက်ဆေ့ချ်ပဲပို့တယ်၊ အခု တို့ဖုန်းမက်ဆေ့ချ်ပို့ကြည့်လိုက်ပါမယ်''

ချိုချိုက အိတ်ထဲကနေ ဖုန်းကိုထုတ်ကာ ဟိုလူကြီးဆီ မက်ဆေ့ချ်လှမ်းပို့၏။ ခဏနေတော့ မက်ဆေ့ချ်ပြန်ဝင်လာသည်။

"လာနေပြီ ရောက်တော့မယ်၊ ခဏလေးပဲစောင့်ပါ၊ အခုလိုစောင့်ခိုင်းရတဲ့အတွက် အရမ်းအားနာပါတယ်၊ လမ်းမှာကားပိတ်နေလို့ပါတဲ့"





"ကြော် အဲလိုပြောဖော်ရတာ တော်သေးတာပေါ့၊ ဒါနဲ့ အဲဒီလူနာမည်ပြောဦးလေ၊ ဘယ်လိုခေါ်ရမလဲမသိ ဖြစ်နေဦးမယ်''

"စိတ်တွေလှုပ်ရှားနေပြီဆိုပါတော့"

"အခုလို ကြာကြာစောင့်ရတာကို စိတ်ဆိုးတာပါ၊ စိတ်လှုပ်ရှားရအောင် ကိုယ်ချစ်တဲ့သူနဲ့တွေ့ရမှာမှ မဟုတ်ဘဲ ချိုချိုရယ်၊ ရင်လည်းခုန်ဘူး၊ စိတ်လည်းမလှုပ်ရှားဘူး၊ ဘယ့်နှယ်မှလည်းမနေဘူး''

"ကဲ ဟုတ်ပါပြီ ချစ်သူမဟုတ်ပေမယ့် အိမ်ထောင်ဘက်ကောင်းလေးကို ရမှာဆိုတော့ နှုတ်ခမ်းကြီးစူမထားနဲ့၊ ပြုံးပြုံးလေးနေ''

"အဟင်း''

မြကျေး မချိပြုံးပြုံးလိုက်မိသည်။ ကိုယ်ချစ်တဲ့သူသာဆိုလျှင် ဒီထက်မက ကြာလည်း စိတ်ဆိုးမိမည်မဟုတ်။ အချစ်အကြောင်း စဉ်းစားမိ မင်းဂုဏ်ရောင် မျက်နှာကြီးက ပေါ်လာသည်။

ဒီလူနဲ့ဆုံတိုင်း ရင်ခုန်စရာ ပဋိပက္ခတွေနဲ့ပါ။ ဒီလူရဲ့ရင်ခွင်ကျယ်ထဲကိုလည်း ခဏခဏရောက်ခဲ့ဖူးသည်။

မောပမ်းချိန်မှာတောင် ပျော်ရွှင်ရတာ ဒီလူမှာ ဘယ်လိုဆွဲအားတွေရှိနေလို့လဲ၊ ပြီးတော့ သူမကိုဘာကြောင့် ယောက်ျားမယူစေချင်နေရတာလဲ၊

မင်းဂုဏ်ရောင်ရဲ့မျက်ဝန်းအကြည့်တွေကို သူမအကဲမခတ်တတ်ပါ။ ရိုးသားတာလား၊ မရိုးသားတာလား။ စိတ်ဝင်စားတာလား၊ ချစ်နေတာလား။

"ဟဲ့ မြကျေး၊ ဦးဘုန်းလတ် လာနေပြီ၊ တွေ့လား သူ့ကားအကောင်းစားကြီးဆိုင်ရှေ့ရပ်လိုက်တာ၊ မြန်မာနိုင်ငံမှ ဒီတ်ဒိတ်ကြဲသွား



www.burmeseclassic.com

တွေမှ စီးနိုင်တဲ့ကားမျိုး''

ချိုချို မေးငေါ့ပြရာကြည့်လိုက်တော့ သူမရင်ထဲ ထိတ်ခနဲ ဖြစ်လို့သွားသည်။ ကားက တကယ်ကိုအကောင်းစားကြီးပါ။

ကားပေါ်ကဆင်းလာသည့်လူက တကယ်ကို ချောချောသန့်သန့်ကြီးပါ။ အသက်ကလည်း သူမနှင့်အများကြီးကွာပုံမပေါ်။ တကယ် လူရည်သန့် သူဌေး၊ ခန့်ခန့်ညားညား တည်တည်ငြိမ်ငြိမ်။

ဒီလိုလူမျိုးက သူမကိုလက်ထပ်ချင်တာတဲ့လား။ သူမ ဘယ် လောက်တောင် ကံကောင်းလိုက်ပါသလဲ။ အမေနှင့်မောင်လေး ညီမလေး တို့လည်း ချမ်းချမ်းသာသာ ဂုဏ်ရှိရှိနေရမည်။ သူမလည်း လူကုံထံ အသိုက်အဝန်းထဲကို ရောက်သွားမည်ဖြစ်၏။

''တွေ့လား မြကျေး ဆိုင်ထဲကို ပြုံးပြုံးကြီးဝင်လာတာ အရမ်း သဘောကောင်းပါတယ်ဆို၊ တို့ကိုသာ သဘောကျရင်၊ အပြတ်ပြုံးပြီး တော့ကို ဆွဲစီထားလိုက်ချင်တာ''

''ကဲပါ အနားရောက်လာပြီ၊ ကြားသွားဦးမယ်''

မြကျေး သတိပေးလိုက်မှ ချိုချိုမျက်နှာပိုးသတ်သွား၏။ ချိုချို ပြောသော ဒေါက်တာဦးထွန်းလတ်ဆိုသည့်လူက သူမတို့ကို ဖော်ရွေသော အပြုံးနှင့်နှုတ်ဆက်ပြီး စားပွဲဝိုင်းမှာဝင်ထိုင်၏။ သူမကိုကြည့်သော မျက်လုံး များက တခြားမိန်းကလေးတွေသာဆိုလျှင် ရင်ခုန်စိတ်လှုပ်ရှားလောက် ပေသည်။

သူမက မိန်းမတို့ဘာတ်အပ်သော အဌာရသများဖြင့် ဆွဲဆောင်မှု ရှိနေသောအပြုံးလေးနှင့် ထရပ်ကာ လက်ကမ်းပေးလိုက်ပြီး

''မြကျေးညီုပါရှင်''





ထိုလူက သူ့နာမည်တော့ မပြောဘဲ သူမလက်ကလေးကို နွေးသွားအောင်ဆုပ်ကိုင်၍ ထပြီးနှုတ်ဆက်သည်။

''ဘာသောက်မလဲ မှာပါ၊ ကားလမ်းပိတ်တော့ စိတ်ဖိစီးမှုများ ပြီး ပင်ပန်းလာမှာပေါ့၊ တစ်ခုခုအရင်သောက်လိုက်ပါဦး''

ဒါလည်း ဘာမှပြန်မပြောဘဲ ပြုံး၍လက်ကာပြလိုက်တော့ စိတ်ထဲတစ်မျိုးတော့ ဖြစ်သွားသည်။ ချိုချိုက ဒီလူစကားပြောနည်းတာ ပြောထားပေမယ့် ဒီလောက်ကြီး တစ်လုံးမှမပြောတာတော့ ရိုင်းလွန်း သည်ဟု ထင်သည်။ တကယ်ဆို သူ လက်ထပ်ချင်လို့ ချိန်းထားသည့် မိန်းကလေးတစ်ယောက်ကို နောက်ကျရသည့်အကြောင်းလေးကို လေး လေးနက်နက် ရှင်းပြသင့်တာပေါ့။ ဒါပေမဲ့လည်း ဒီလူရဲ့ချိုအီနေသော အပြုံးက စိတ်ဆိုးတော့ပြေလောက်ပါသည်။

ဘာတစ်ခွန်းမှမပြောသေးဘဲ သူမတို့စားသောက်နေတာကို ထိုင် ကြည့်နေတော့ ချိုချို့ကို လက်ကုတ်လိုက်မိသည်။ ချိုချိုက ရယ်ဖြဲဖြဲ ဖြင့်

''အဟင်း ကိုဘုန်းလက်ထပ်ချင်တယ်ဆိုတာ မြကျေးကိုပြော ပြတော့ မြကျေးက အကြာကြီးစဉ်းစားနေသေးတာ၊ အဲဒါလေ ချို့မှာ နေ့တိုင်းပဲ တိုက်တွန်းနေရတာ၊ ကိုဘုန်းက သဘောကောင်းပါတယ်၊ ဖော်ရွေပါတယ်၊ ငွေကြေးချမ်းသာတဲ့ အထူးကုဆရာဝန်ကြီးဆိုပေမယ့် မာနလည်းမရှိပါဘူးနဲ့၊ မနည်းနားချရတယ် သိလား၊ မြကျေးအမေကို လည်း တော်တော်လေးကို စည်းရုံးလိုက်ရတယ်၊ ဟင်း ဟင်း မြကျေးလို ချစ်သူတစ်ယောက်မှ မထားဘူးတဲ့မြကျေးကို အပျိုစင်နုနုထွတ်ထွတ်လေး ကို ကိုဘုန်းရတာ အရမ်းကံကောင်းလို့နော် သိလား''

www.burmeseclassic.com



ချိုချိုရွှန်းရွှန်းဝေအောင် ပြောတော့ ဦးဘုန်းလူရဲ့မျက်နှာကြီး ပို၍ ပြုံးဖြီးဖြီးလာခဲ့သည်။ မျက်ဝန်းများကလည်း မြကျေးကို ချစ်မြတ်နိုးသည့်အရိပ်အရောင်များ ရွှန်းလဲ့နေခဲ့၏။

ခုချိန်ထိ စကားတစ်ခွန်းမှ မပြောသေးတာတော့ အတော်ကို အောင့်သီးအောင့်သက်နိုင်လေသည်။ ချိုချိုက မြကျေးကိုအားတုံ့အားနာ ဖြစ်လာကာ။

''ဟိုလေ မြကျေးကို စကားလေးဘာလေး ပြောလိုက်ပါဦး ကိုဘုန်းနောက်ကျနေတာကို သူ့ကိုတန်ဖိုးမထားလို့လားဆိုပြီး စိတ်ကောက်ပြီး ပြန်မယ်လုပ်လို့ ချို မနည်းချော့ထားရတာ၊ အခု ကိုဘုန်း စကားမပြောရင် လက်မထပ်တော့ဘူးဆိုပြီး ထပြန်သွားနေဦးမယ်''

''အဘား အဘား''

''ဟင်''

''ဟယ်''

ချိုချိုနှင့်မြကျေး အလန့်တကြား မျက်လုံးမျက်ဆန်ပြူး၍ အကြည့်ချင်းဆုံလျက် နှာခေါင်းရှုံ့သွားကြသည်။ အဘား အဘားနှင့် ဒီလူကြီးက စကားမပြောတတ်ဘူးလား။

အမယ်လေး ဒုက္ခပါပဲ၊ စိတ်ညစ်လိုက်တာ။

''ကို ကိုဘုန်း ဘာဖြစ်လို့လဲဟင်၊ ရေဆာလို့လား။ ရေသောက်မလားရော့ ရော့၊ ပြီးမှ စကားပြောနော်''

ချိုချိုက ကယောင်ကတမ်းနှင့် ရေသန့်ဘူးထဲကနေ ရေတစ်ခွက်ထည့်၍ ကိုဘုန်းလတ်လက်ထဲကိုထည့်၍ ဖွတ်တိုက်၏။ စကားနည်းသည်ဆိုသော်လည်း စကားမပြောတတ်တာကို ချိုချို သိပုံမပေါ်။ မြကျေးကို အားတုံ့အားနာ မချိသွားဖြုံပြုံးပြုံးပြီး

''ရေသောက်ပြီးရင် ပြောပါလိမ့်မယ်၊ လျှာကပ်သွားတာ ထင်တယ်''

''ဟုတ်ပါ့မလားဟယ် နင့်ဟာကြီးက ငါစိတ်ညစ်လိုက်တာ၊ ငါ ပြန်တော့မယ်''

မြကျေး ငိုချတော့မလိုပုံစံဖြစ်သွားတော့ ကိုဘုန်းလတ်က ပျာပျာသလဲဖြစ်သွားကာ

''အဘားဘား အဘာဘာ''

ခြေကကာလက်ကာကာနှင့် အဘားဘား အော်ကာ တားလေသည်။ သေချာသွားသည်မို့ ချိုချို သူ့နဖူးသူရိုက်ကာ မျက်နှာကြီးရှုံ့မဲ့သွားသည်။ မြကျေးကတော့ ဘယ်လိုမှ သည်းခံပြီး ထိုင်နေလို့မရတော့ပါ။ ဘယ်လောက်ပဲ ပြည့်စုံချမ်းသာပါစေ။

ဒီလိုစကားမပြောတတ်သည့်လူကိုတော့ မယူနိုင်ပေ။ တစ်သက်သုံးလက်ထပ်ပေါင်းသင်းရမည့်သူက ချစ်ကြောင်းမုန်းကြောင်း မပြောနိုင်ဘဲ တဘားဘားနှင့်ဆိုလျှင် သူမ ရူးသွားနိုင်ပေသည်။

''ဟဲ့ မြကျေး မြကျေးနေဦးလေ''

''အဘားဘား အဘား အဘား''

ကိုဘုန်းလတ်က စိတ်ကျေနပ်အောင်လိုက်ချော့လိုက်ပါဟု ချိုချိုကို လက်ဟန်နှင့်ပြောသည်။ ကိုဘုန်းလတ်လည်း အတော်စိတ်မကောင်းဖြစ်သွားပုံပါ။ မြကျေးလို မိန်းကလေးကို ဘယ်လက်လွှတ်ခံချင်ပါ့မလဲ၊

ဒီကိစ္စက တကယ့်ကိုဒုက္ခကြီး။

■ ■ ■







www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ဒုက္ခရောက်ချင်လည်းရောက်၊ ဝေါ်ချင်လည်းဝေ်ာ အိမ်ရောင်းချင်လည်းရောင်းလိုက်တော့၊ သမီးကတော့ ဒီလူကိုလုံးဝ လုံးဝမယူနိုင်ဘူး၊ လက်မထပ်နိုင်ဘူး အမေ၊ တကယ် တကယ်ပြောတာ၊ အမယ်လေး ရင်တွေတုန်လိုက်တာ"

မြကျေးညို မကောင်းဆိုးဝါးနှင့်တွေ့လာရသလို ရင်တုန်မပြေ အမောမပြေဘဲ ရေတစ်ခွက်ပြီးတစ်ခွက် ခပ်သောက်ပြီး ခါးခါးသီးသီးပင် ဖွတ်အတင်းငြင်းဆန်နေသည်။ ချိုချိုလည်း မျက်နှာပူအားနာနေသည်နှင့်မျက်နှာလေးငယ်နေရှာကာ

"အန်တီညိုရယ်၊ ချိုလည်းလေ သူစကားမပြောတတ်တာ လုံးဝကို မသိပါဘူး။ တကယ်ပြောတာပါ၊ စကားနည်းတယ်ပဲထင်တာ၊ မြကျေးအကြောင်းပြောကြတော့လည်း အပြန်အလှန် ဖုန်းမက်ဆေ့ချ်ပဲပို့ကြတာ မြကျေးကို ခင်တဲ့ချိုက ဒီလူ ဒီလိုစကားမပြောတတ်ဘူးဆိုရင် အစတည်းကကို အောင်သွယ်မပေးခဲ့ပါဘူး"





"ချိုချိုစေတနာကို နားလည်ပါတယ်ကွယ်၊ ဒီလိုမျိုး အလွဲအမှားဆိုတာလည်း ဖြစ်တတ်ပါတယ်၊ အရာရာပြည့်စုံနေတော့ ဒီလိုချို့ယွင်းချက်ရှိနေမှာလည်း ဘယ်သူသိမှာလဲ၊ ဒါပေမဲ့ သမီး နည်းနည်းတော့ ပြန်စဉ်းစားပါဦး၊ ဒီလိုအနေတဲ့သူနဲ့အမေလည်း အမေ့သမီးကိုပေးစားချင်ပါဘူး၊ ဒါပေမဲ့ အမေတို့အတွက် အားကိုးအားထားလိုအပ်နေတယ်၊ သမီးအတွက်လည်း၊ ဒီလိုလူရတော့ တစ်သက်လုံး အော်ကြီးတစ်ကျယ် ရန်မဖြစ်ရတော့ဘူးပေါ့"

"ဟုတ်တယ် ဟုတ်တယ်၊ အဲဒါတော့ ဟုတ်တယ် မြကျေး၊ ကိုယ်ပြောချင်တာပြော ကိုယ်ဆိုချင်တာဆို၊ ကိုယ့်ခြေ ကိုယ့်လက် ကိုယ့်အသကြီးပဲ၊ ကိုယ်ကရန်တွေ့လည်း၊ သူ အဘားဘားကလွဲပြီး ဘာမှ ပြန်မပြောနိုင်ဘူး၊ သူစိတ်တိုလည်း ငါတွေ ဘာတွေကိုင်မတုတ်နိုင်ဘူး။ အဘားဘားပဲ"

"တော်စမ်းပါ ချိုရယ်၊ ငါစိတ်ညစ်လွန်းလို့ပါ၊ ဂုဏ်ဒြပ်သာရှိသယ့် ဘယ်လိုလုပ်ပွဲလယ်တင့်မှာလဲ၊ ပြီးတော့ မြကျေးချစ်တဲ့သူသာဆို အအ ကျိုးကျိုး ကန်းကန်း ခွင့်လွှတ်နိုင်မှာ၊ သူ့ကိုမြကျေးမချစ်တော့ ဘယ်အင်း မဖြစ်ဘူး ဘယ်လိုမှ မဖြစ်ဘူး"

ဘယ်လိုမှ လက်သင့်မခံနိုင်သလို ခေါင်းကိုသာတွင်တွင်ရမ်းမိသည်။ ဘယ်လိုမှ မျက်စိစုံမှိတ် ခေါင်းညိတ်လိုက်လို့မရပါ။ ထိုအချိန်မှာ ချိုချို ဖုန်းသံလေးက မြည်လာသည်မို့ ချိုချို ဖုန်းကို ဖွင့်၍ နားထောင်လိုက်သည်။ ဟယ်လိုဆိုသည့် မင်းဂုဏ်ရောင်ရဲ့အသံကြားတော့ ဖုန်းလေးကို လက်နှင့်အုပ်ထားပြီး ချိုချိုက လေသံတိုးတိုးဖြင့်

"မင်းဂုဏ်ရောင်တဲ့ မြမကျေးနဲ့ပြောချင်လို့တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ပေးပေး ပြောမယ်"

ချိုချို လက်ထဲကဖုန်းကို မြကျေး ဆွဲယူ၍ နားထောင်လိုက်သည်

ဒီလူကိုအထင်မကြီးနိုင်ပေမယ့် မျှော်လင့်ချက်လေးရမလားလို့ပါ။

"ဟယ်လို"

"မြကျေးလား"

"ဟုတ် ဟုတ်ပါတယ်"

"ဩော် ချိုချိုက မြကျေးတို့အိမ်ရောက်နေတာလား၊ ကိုယ်က

မြကျေးနဲ့စကားပြောလို့ရမယ့်အချိန်ချိန်းခိုင်းမလို့ လုပ်နေတာ"

"ဟုတ် ပြောပါ"

"ဟိုလေ မြကျေး ကုမ္ပဏီကို အလုပ်လာလျှောက်ပါ၊ မြကျေး

မျှော်လင့်ထားတဲ့လစာနဲ့ရာထူးရမှာသေချာတယ်၊ အဲဒီနေ့ကို တစ်ခါတည်း

အင်တာဗျူးမယ်"

"ဘယ်ကုမ္ပဏီလဲ"

"ကိုယ်လိပ်စာပြောပါမယ်၊ မြကျေးအလုပ်လာလျှောက်ဖြစ်

အောင်ပဲလျှောက်ပါ၊ လာမယ်မဟုတ်လား ဟင် မြကျေး"

"အင်း လျှောက်ကြည့်မယ်လေ၊ ရှင်က အဲဒီကုမ္ပဏီနဲ့ဘယ်လို

ပတ်သက်မှုရှိလို့ အလုပ်သေချာရမယ် အာမခံနေတာလား"

"မင်းလာသာလာခဲ့ပါ၊ နဂါးမင်းကုမ္ပဏီမှာ ကိုယ်လည်းရှိနေမှာ

ပါ"

"မင်းလာသာလာခဲ့ပါ၊ နဂါးမင်းကုမ္ပဏီမှာ ကိုယ်လည်းရှိနေ

မှာပါ"

"ကောင်းပြီလေ လာကြည့်တာပေါ့၊ ဘယ်နေ့လာရမှာလဲ"





မင်းဂုဏ်ရောင်က လာရမည့်နေ့ရက် နာရီနှင့် အချိန်ကိုပြော

ပြီး လာဖြစ်အောင်လာပါဟု မှာကာ ဖုန်းချသွားသည်။ အမေက စူးစမ်း

သော မျက်ဝန်းများဖြင့်

"ဘယ်သူလဲ"

"မင်းဂုဏ်ရောင်"

"ညည်းပိုက်ဆံပေးစရာရှိတဲ့ကောင်လေးလား"

"အင်း ဟုတ်ကဲ့ အမေ"

"သူက အလုပ်လျှောက်ဖို့ဆက်သွယ်ပေးတာလား"

"ဟုတ် သမီးပြောထားတဲ့အတိုင်းဆို လစာသုံးလေးသိန်း

လောက်ရမယ့် စက္ကူထရီရာထူးရမယ်ထင်တယ်"

"ဘာ ညည်းလို မိန်းမကိုဘယ်သူက အဲဒီရာထူးပေး အဲဒီ

လစာပေးပြီး အလုပ်ခန့်မှာလဲ"

"မသိဘူး အမေရာ၊ သူ ဖုန်းဆက်လာတာဆိုတော့ သွား

ကြည့်ရင်သိမှာပဲ"

"မြကျေး သူက သူ့ကိုအကြွေးမဆပ်လို့ အကြံအစည်နဲ့ရောင်း

စားဖို့ ခေါ်လာတာလည်းမသိဘူး"

"ဒီလောက်ငွေလေးနဲ့တော့ ရောင်းမစားလောက်ပါဘူး၊ ပြီးတော့

နဂါးမင်းကုမ္ပဏီဆို ရန်ကုန်မြို့လယ်ခေါင်မှာ အကြီးကြီး၊ နိုင်ငံခြားက

ဆောက်လုပ်ရေးပစ္စည်းတွေ၊ အီလက်ထရောနစ်ပစ္စည်းတွေ တင်သွင်းတာ

နာမည်အရမ်းကြီးတယ်"

"ဟုတ်ပါတယ် ချိုတို့လည်း ဂျာနယ်တွေဖတ်နေတာ၊ အဲဒီ

ကုမ္ပဏီရဲ့ကြော်ငြာက တီဗီတွေထဲမှာလည်းပါတာပဲ၊ ဒါပေမဲ့ အဲဒီ မင်း



www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ရောင်က အဲဒီကုမ္ပဏီနဲ့ ဘယ်လိုပတ်သက်စပ်ယှက်မှုရှိလို့ အသ
သေချာရမယ် အာမခံနေတာလဲ''

''မသိဘူးလေ၊ တခြားနေရာချိန်းကာလည်းမဟုတ်ဘူး။ ကုမ္ပဏ
မှာအင်တာဗျူးမယ်ဆိုတော့ သွားလိုက်ရုံပေါ့''

''အေး သွားမယ်ဆိုလည်း သွားကြည့်ပေါ့အေ၊ ရေနစ်နေ
အချိန်မှာ ကောက်ရိုးတစ်မျှင်ဆွဲကြည့်လို့ အသက်ရှင်မယ်ဆိုလည်
ကောင်းတာပေါ့။ မဟုတ်ရင်တော့ ငါတို့နေစရာမရှိ စားစရာမရှိ ဒုက္ခရော
ပြီလို့သာ အောက်မေ့ပေတော့''

အမေက စိတ်ပျက်လက်ပျက် ညည်းညူသည်။ ချိုချိုလည်
ဘာပြောရမှန်းမသိဖြစ်နေ၏။ သုံးယောက်သား စိတ်ထိခိုက်မှုတွေပြ
ငြိမ်သက်နေမိကြစဉ်မှာ ချိုချို ဖုန်းက မက်ဆေ့ချ်ဝင်လာပြန်သည်။

''ကိုဘုန်းလတ်ဆီကပဲ''

ချိုချိုက ဖွင့်ကြည့်ပြီးပြော၏။ မြကျေးညို နာခေါင်းရှုံ့နေမိသည်

''မြကျေး''

''ဘာလဲ''

''တောင်းပန်ထားတာ မြကျေးရဲ့၊ မြကျေးကို မြင်မြင်ချင်း
ချစ်မိသွားတယ်၊ ဓာတ်ပုံလေးကို မြင်ကတည်းက စိတ်ဝင်စားမိတာပဲ
သူ့ကိုလက်ထပ်ပါ၊ သူပိုင်ဆိုင်သမျှ တင်တောင်းပါမယ်၊ မြကျေး
နားချ ဖျောင်းဖျပေးပါတဲ့လေ''

''အမယ်လေး တော်ပါ''

''သမီး''

''မပြောပါနဲ့ အမေရယ် တခြား သမီးဘာအလုပ်မဆို လုပ်
မယ်၊ မင်းဂုဏ်ရောင်ပြောတဲ့ကုမ္ပဏီမှာ အလုပ်မရလည်း သမီးဘ





လုပ်ဖြစ်ဖြစ် လုပ်ပါမယ်၊ ဒီလူကိုတော့ ဘာတွေမက်လုံးပေးပေး လက်
ထပ်ပါရစေနဲ့ သမီးတောင်းပန်ပါတယ် အမေ''

''ဟင်း''

ဒေါ်ညိုရင် သက်ပြင်းမောကြီး လေးပင်စွာချလိုက်မိသည်။ မိမိ
ည်း သမီးကိုဒီလို ဒုက္ခတမျိုးနှင့်တော့ မပေးစားချင်ပါ။ မွေးလာမယ့်
လေးတွေအတွက်တောင် မတင့်တယ်ဘူးမဟုတ်လား။

ဒါပေမဲ့လည်း ပိုင်ဆိုင်မှုတွေက မက်လောက်စရာပါ။ လောဘနှင့်
ဟုတ်ပေမယ့် သားသမီးတွေဘဝ ပြည့်စုံချမ်းသာစေချင်တာ မိဘမေတ္တာ
။ မိမိလည်းငယ်စဉ်က ပြည့်စုံချမ်းသာစွာနေခဲ့ဖူးတာမဟုတ်ပါလား။

လူတစ်ယောက်ကြောင့်သာမဟုတ်ရင် မိမိဘဝ ဒီလိုမျိုး ဆင်းရဲ
ခဲ့ရမှာမဟုတ်။ ကိုယ့်မိဘတွေရဲ့ကျေးဇူးတရားတွေကိုတောင် မထောက်
ားဘဲ ယုတ်ညံ့ပက်စက်ခဲ့တာ။

ခင်ဝင်းသူ နင့်ကိုငါ ဘယ်တော့မှ မမေ့ဘူး။ နင့်ကြောင့် ငါ့ဘဝ
ငါ့သားသမီးတွေဘဝ ဒီလိုတွေဖြစ်ခဲ့တာ။ ငါ့မိဘတွေလည်း သိက္ခာ ကျ
ရှက်တွေရပြီး အဲဒီစိတ်ကြောင့် စောစောစီးစီး သေခဲ့ကြရတာ။
ဘတွေရဲ့နောက်ဆုံးအချိန်ကိုတောင် ငါသွားမတွေ့ခဲ့ရတာ။ နှစ်တွေ
ကြာပြီဆိုပေမယ့် နင့်ကိုနာကြည်းမှုတွေနဲ့ ဘယ်တော့မှ မေ့လိုက်နိုင်မှာ
ဟုတ်ဘူး ခင်ဝင်းသူ။

ငါနဲ့ငါ့သားသမီးတွေဘဝ ဒီလိုဆင်းရဲချို့တဲ့လေ နင့်ကိုမုန်းတီးမှု
တွေနဲ့ သတိရလေပါပဲ။

ဒီအချိန်ထိကျနေရတဲ့မျက်ရည်စက်တွေက နင့်ကြောင့်. . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

နဂါးမင်းကမ္ဘာ။

စာလုံးခပ်ကြီးကြီးနှင့်ကမ္ဘာကြီးက ဝှံ့ဝှံ့ကြွားကြွား ခန့်ခန့်ညား ညားပါ။ ကမ္ဘာထဲဝင်ရမှာတောင် လူက ရှိန်နေသည်။ မဝှံ့မရဲ ပုထုဇဉ်ကြီးနှင့် သူမလည်းပြန်ချင်စိတ်ပင်ပေါက်သွား၏။

ကိုယ်နှင့်အသိအကျွမ်းလည်းမရှိ၊ ပြီးတော့ ကိုယ်ဖောင်တင်ပြီး အလုပ်လျှောက်ထားသည့် ကမ္ဘာလည်းမဟုတ်။

မင်းဂုဏ်ရောင် ကလိမ်ကကျစ် လိမ်ညာလှည့်ပတ်၍ လွှတ်လိုက် တာလား။ ဒီလူ သူ့အကြွေးမဆပ်လို့ ဇရုတ်ကျလိုက်တာဆိုလျှင်တော့ လုံးဝကိုခွင့်လွှတ်မှာမဟုတ်ပေ။

“ဒီက မမြကျေးညိုလား ခင်ဗျ”

“ဟင် ဟုတ်ကဲ့ ဟုတ်ပါတယ်”

လုံချည်ရေးဝတ်စုံဝတ်ထားသော လူတစ်ယောက် လာမေးတာနှင့် သူမ ကပျာကသီ ခေါင်းညိတ်ပြလိုက်ရသည်။ ထိုလူက အရိုအသေနှင့်ပင်





“ညာဘက်ဓာတ်လှေကားကနေ နံပါတ်ငါးကိုနှိပ်ပြီး တက်သွား လိုက်ပါခင်ဗျ။ အဲဒီရှေ့က အခန်းက အမ်ဒီရဲ့ရုံးခန်းပါ၊ တံခါးခေါက်ပြီး ...ာ ဝင်သွားပါ ခင်ဗျာ”

“အဲဒီမှာ အင်တာဗျူးမှာလား”

“ဪ အင်း ဟုတ်ပါတယ်”

“တခြားအလုပ်လာလျှောက်တဲ့သူတွေရောဟင်၊ သူတို့နဲ့အတူတူ ...ရတော့ အားရှိသေးတာပေါ့”

“ဒီနေ့က မမြကျေးညိုတစ်ယောက်တည်းကိုပဲ ဗျူးမှာထင် ...ယ်”

“ရှင်”

“ကျွန်တော့်ကို ညွှန်ကြားတစ်ယောက်ပဲ ကြိုခိုင်းထားတာပါ ...ဗျ။ ဒီအချိန် ဒီနာရီမှာ မြကျေးညိုဆိုတဲ့ မိန်းကလေးတစ်ယောက် ...ာမယ်ပြောထားတာပါ”

“ဟုတ် ဟုတ်ကဲ့”

ထိုလူပြောသည့်အတိုင်း သူမဓာတ်လှေကားကနေ မဝှံ့မရဲနှင့် ...င် တက်လာခဲ့သည်။ ဓာတ်လှေကားထဲကထွက်ပြီး အမ်ဒီ ရုံးခန်းဆိုတာ ...တွေ့လိုက်ရသည်။ အမ်ဒီဆိုတာ ဘယ်လိုလူမျိုးလဲ။

တခြားအင်တာဗျူးဖြေမည့်သူတွေလည်း ခေါ်မထားဘူးဆိုတော့ ...သူတစ်ယောက်တည်းရှိနေမည်ဆိုလျှင် ဖြစ်ပါ့မလား။

မင်းဂုဏ်ရောင်တို့ကတော့ သူမကို ချောက်ချတာသေချာနေ ...သည်။ ဒါပေမဲ့ ရောက်လာမှတော့ မထူးတော့။ ဝင်ကြည့်လိုက်တာပဲ ...ကောင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဒေါက် ဒေါက်''

''ဝင်ခဲ့ပါ''

''ဟင်''

အသံက ကားပေါ်မှာကြားခဲ့ဖူးသည့်အသံ။ ဒီအသံပိုင်ရှင်က မင်းဂုဏ်ရောင်။ ဟင့်အင်း မင်းဂုဏ်ရောင်တော့ မဖြစ်နိုင်ပါဘူး။

''ရောက်ပြီလား မြကျေးညို''

''ဟင် ရှင်''

တံခါးကိုခေါက်ပြီး ဝင်လိုက်စဉ်မှာ ရင်းနှီးစွာ နှုတ်ဆက်လိုက်သည့်အသံကြောင့် လူက ဖျင်းခံနဲ့ပင် တုန်တက်သွားလေသည်။ ဒီလူ မင်းဂုဏ်ရောင်မှ မင်းဂုဏ်ရောင်အစစ်။

''ထိုင်ပါ မြကျေးညို။ မင်းရောက်လာသားပဲ၊ မင်းမလာမှာ ကိုယ်ကစိုးရိမ်နေတာ''

''မင်းဂုဏ်ရောင် ရှင်က''

''ကဲ ထိုင်ပါကွာ ဘာတွေအံ့သြနေတာလဲ၊ ဒီနေ့ မင်းမေးတာတွေ ကိုယ်မဖြေနိုင်ဘူး၊ ကိုယ်က မင်းကိုအင်တာဗျူးဖို့ ခေါ်ထားတာနော်၊ မင်းအလုပ်လိုချင်တယ်မဟုတ်လား၊ စက္ကူထရီရာထူးနဲ့ မျှော်မှန်းလစာ သုံးသိန်းအထက်နော် ဟုတ်တယ် မဟုတ်လား''

''ဒီမှာ''

''ဟင်''

''ဖြန်း''

ခေါ်ပြီး စားပွဲခုံကိုမြကျေးညို ဖြန်းခနဲ ပုတ်လိုက်သည့်အတွက် မင်းဂုဏ်ရောင် မျက်လုံးပြူးသွားသည်။ ရုံးခန်းထဲမှာ ကိုယ်တစ်ယောက်





ည်းမို့ တော်ပါသေးသည်။ ဒီလိုရာထူးနှင့်ရုံးခန်းထဲမှာ ထိုင်နေတာတောင် သူမ အပြုအမူများက မထိမဲ့မြင်နိုင်လွန်းသည်။

''မြကျေးညို မင်းဘာဖြစ်တာလဲ''

''ရှင်က ဘာလဲ၊ ဘာလဲ မင်းဂုဏ်ရောင်''

''ဟိတ် မင်းကို မေးခွန်းမထုတ်ဖို့ သတိပေးထားတယ်လေ၊ င်းကို အင်တာဗျူးမယ် ငါကြိုက်ရင် အလုပ်ခန့်မယ် မင်းမလုပ်ဘူးလား''

''မဟုတ်ဘူး ရှင်က''

''ကဲ ရုံးခန်းထဲမှာကွာ အော်ကြီးဟစ်ကျယ်မလုပ်စမ်းပါနဲ့၊ ဒီမှာ ဆောင်ဖြည့် ငါလက်မှတ်ထိုးပေးမယ်၊ နောက်နေ့ မင်းအလုပ်ဆင်းလို့ရ ပြီ မင်း ငါ့ရဲ့စက္ကူထရီလုပ်ရမှာ''

''ရှင့်ရဲ့စက္ကူထရီ ကျွန်မက''

''ဘာလဲ မလုပ်ဘူးလား လစာက မင်းမျှော်မှန်းထားတာထက် များတယ်နော်၊ ငါ တစ်လ ငါးသိန်းပေးမှာ''

''ဘာ''

အတည်အတံ့ ပုံစံမျိုးနှင့်ပြောနေတာမို့ ရုံးခန်းအရှိန်အဝါကို ကြည့်ပြီး သူ့စားပွဲရှေ့က ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။ သူက ဆုံလည် ထိုင်ခုံကို သက်သောင့်သက်သာ ဖြစ်အောင် ခပ်လျော့လျော့မှီထိုင်၍ ကယ့်လုပ်ငန်းရှင်သူဌေးပုံစံ ကိုဒ်စတိုင်အပြည့်နှင့်ဖြစ်သည်။

မီးခိုးရောင်ကုတ်အင်္ကျီ နက်ခ်တိုင်လည်စည်းနှင့်မို့ ခန့်ညားဝံ့ ကြွားနေလေ၏။ သေသပ်စွာ ဖြီးသင်ထားသော ဆံပင်နှင့် သပ်ရပ်သန့်ရှင်း နေသော မျက်နှာတို့က လူကြီးလူကောင်းဆန်ကာ မျက်ဝန်းတို့က တည် ငြိမ်ရင့်ကျက်နေသည်။

www.burmeseclassic.com



"မြကျေးညို"

"ဘာလဲ"

"ဟာ ထူးပုံကြီးကကွာ၊ တခြားဝန်ထမ်းတွေကြားရင် အားလုံး ငါ့ကို အရှိအသေတန်ကုန်ပါဦးမယ်"

"ဒီရုံးခန်းထဲမှာ ရှင်နဲ့ကျွန်မ နှစ်ယောက်တည်း အပိုတွေလုပ်မနေနဲ့"

"မဟုတ်သေးဘူးလေ၊ အလေ့အကျင့်ရအောင် မင်းပြင်ဆင်ထားသင့်တယ်၊ အခု မင်းနဲ့ငါက အလုပ်ရှင်နဲ့အလုပ်သမား ဆက်ဆံနေနော်"

"ဟွန်း"

သူမ မျက်စောင်းထိုးမိလိုက်ပေမယ့် ငြိမ်သက်စွာ နာခံလိုက်ရသည်။ ဒီနေရာမှာထိုင်နေမှတော့ သူ့ဆန္ဒစားရဲရပေတော့မည်။ ဘာကြောင့် ဒီနေရာမှာ ဒီရာထူးနှင့်ရှိနေသည်ဆိုတာ မသိပေမယ့် အရင်က ပုံစံနှင့် တခြားစီဖြစ်နေတာတော့ တော်တော်လေးကို အံ့သြဖို့ကောင်းသည်။

အမေနှင့်ချိုချို သိရင်လည်း အရမ်းကိုအံ့သြနေကြမှာပါပဲ။ သူမတောင် အရမ်းအံ့သြလွန်းလို့ ခြေဖျားလက်ဖျားတွေ အေးစက်တုန်ယင်နေတာ။

သူ့ကိုမြင်လိုက်ကတည်းက ရင်တွေခုန်နေတာလည်း ထူးဆန်းသည်။

မင်းဂုဏ်ရောင် ရှင်ဘယ်လိုလူလဲ။ ဘာလဲ။

မြကျေးညိုဆိုတဲ့ ကျွန်မကို လှည့်စားနေတာလား။ ပြုစားနေတာလား။

■ ■ ■



## အခန်း (၁၉)

"ဟုတ်ပါတယ် ချိုချိုရယ်၊ အဲဒီ မင်းဂုဏ်ရောင်ကလေ၊ ငါ့ရဲ့ အလုပ်ရှင်ဖြစ်နေတယ်၊ နဂါးမင်းကုမ္ပဏီရဲ့ အမ်ဒီပါဆို၊ တကယ် တကယ် အံ့သြဖို့ကောင်းလိုက်တာ မပြောပါနဲ့တော့"

"ဟုတ်ရဲ့လား မြကျေးရယ်၊ အဆက်အသွယ်တစ်ခုခုကြောင့် အဲဒီနေရာကို ဟန်ဆောင်ထိုင်နေတာရော မဖြစ်နိုင်ဘူးလား"

"အဲလိုတော့ ဟုတ်နိုင်ပါ့မလားကွယ်၊ ဒီလိုကုမ္ပဏီကြီးတွေဆိုတာ ပေါ့သေးသေး ပေါ့တန်တန် လုပ်လို့ရတာမှ မဟုတ်တာ၊ အလုပ်ခန့်နိုင်တဲ့အနေအထားဆိုကတည်းက ဒီကုမ္ပဏီရဲ့ပိုင်ရှင်မို့ပေါ့၊ မဟုတ်ရင် ကိုယ့်သဘောနဲ့ကိုယ် အလုပ်ခန့်လို့ရပါ့မလား"

အမေပြောသည့်စကားက အမှန်ပင်။ သူမလည်း အပေါက်ဝ တွင်တွေ့သည့် လုံခြုံရေးဝန်ထမ်းလေးကို မယုံသင်္ကာနှင့်မေးကြည့်ခဲ့သေး



www.burmeseclassic.com

www.burmeseclassic.com



တာပါပဲ။

"မင်းဂုဏ်ရောင်က ဒီနဂါးမင်းကုမ္ပဏီပိုင်ရှင် သူဌေးကြီးရဲ့ တစ်ဦးတည်းသောသား အစ်မရဲ့၊ သူ့အလုပ်ဝင်တာ သိပ်မကြာသေးဘူး သူ ပထမဦးဆုံးအလုပ်ခန့်လိုက်တာတော့ အစ်မပဲ၊ ကျွန်တော်တောင် ဝန်ထမ်းမလိုအပ်ဘဲနဲ့ ခန့်လို့ အံ့သြနေတာ၊ ဟိုလထဲကပဲ လစ်လပ်နေတဲ့ နေရာတွေအတွက် ဝန်ထမ်းအင်အားဖြည့်ပြီးသွားပြီလေ၊ ကျွန်တော်တို့ က ဝန်ထမ်းလိုတယ်ဆိုရင် ရှေ့မှာကြော်ငြာတင်ပေးရတယ်၊ သူက အခု အလုပ်ဝင်တာဆိုတော့ သူ့အတွက် လိုလို့ဖြစ်မှာပေါ့"

တဲ့၊ ထိုလုံခြုံရေးဝန်ထမ်းလေးပြောလိုက်သည့်အတိုင်း အမေနှင့် ချိုချိုကို ပြန်ပြောပြလိုက်သည်။ အမေနှင့်ချိုချို ထပ်မံအံ့သြသွားကြပြီ ၏။

"သူ့အရင်ကပုံစံက တကယ်ကို သူဌေးသားလို့ထင်စရာမရှိဘူး ဂျလေဘီလူပေလူတေပုံစံ၊ ဂျစ်ကန်ကန် မိုက်ကန်းကန်း"

"အဲလောက်တော့ မဆိုးပါဘူး မြကျေးရယ်၊ တို့နဲ့ဆုံတဲ့အချိန် မှာတောင် သူကတော့ အေးအေးဆေးဆေးပါ၊ တို့ကိုကြောက်လို့ ထွက် ထွက်ပြေးရတာ အမေ"

"အေး ဆိုင်မှာ ငါနဲ့စကားပြောဖြစ်တော့လည်း ရည်ရည်မွန်မွန် အေးအေးဆေးဆေးပါပဲ"

"ဟင် အမေနဲ့စကားပြောဖြစ်သေးတယ် ဟုတ်လား"

"အင်း သူတစ်ခါလာတုန်းက သမီးမရှိဘူးလေ၊ ဟိုအိမ်ထောင် ဘက်သွားတွေ့မယ်ဆိုပြီး အဝတ်အစားသွားဝယ်တဲ့နေ့ကလေ"

"ဟင် အမေ သူ့ကိုဘာတွေပြောလိုက်သေးလဲ"





"အိမ်မှာ အဆင်မပြေလို့ ယောကျ်ားယူတော့မယ့်အကြောင်း ပေါ့၊ သူ့မှာအစွမ်းအစမရှိလို့ ချိုချိုက အောင်သွယ်ပေးရတာလို့ အဲဒီနေ့ က အိမ်ထောင်ဘက်နဲ့သွားတွေ့ဖို့အတွက် အဝတ်အစားသွားဝယ်တယ် လို့တောင် ပြောလိုက်သေးတယ်"

"ဟင် အမေရယ် ဒုက္ခပဲ"

အဲဒီနေ့က အမေနဲ့စကားပြောပြီးမှ သူမကိုလမ်းထိပ်က လက် ဖက်ရည်ဆိုင်ကနေ လာစောင့်နေတာဖြစ်မည်။ ယောကျ်ားမယူပါနှင့်ဟု လှမ်းပြောခဲ့ပြီး အလုပ်သေချာရပါမည်ဟု အာမခံနေခဲ့တာ ဒါကြောင့် ပေါ့။

အမေက မျက်စောင်းဝင့်လျက်

"ညည်းက ဘာဒုက္ခတတာလဲ"

"မဟုတ်ဘူး အဲဒီနေ့က သူ လမ်းထိပ်လက်ဖက်ရည်ဆိုင်မှာ လာစောင့်နေတယ်၊ မင်းအလုပ်သေချာရမယ်ဆိုရင် ယောကျ်ားမယူဘဲ နေနိုင်လားတဲ့၊ ငမ်းငမ်းတက် လင်လိုချင်နေတာမှမဟုတ်တာ၊ အဲဒီလစာ နဲ့ အဲဒီရာထူးသာရမယ်ဆိုရင် ယောကျ်ားမယူဘူးလို့ ပြောလွှတ်လိုက် တယ်"

"ဒါဆိုရင်တော့ အရင်က မလုပ်ခဲ့တဲ့ သူ့အဖေအလုပ်ကို ကောက်ခါငင်ခါ ဝင်လုပ်ပြီး မြကျေးကိုအလုပ်ခန့်လိုက်တာဖြစ်မယ်၊ မြကျေး မင်းဂုဏ်ရောင် မရိုးသားတော့တာ သေချာတယ်၊ မြကျေးကို သူ စိတ်ဝင်စားနေတာ"

ချိုချိုစကားကြောင့် မြကျေးရင်တွေ ပရမ်းပတာ ခုန်လှုပ်ရမ်း သွားသည်။ အမေက သူမမျက်နှာကိုအကဲခတ်နေလျက်။



www.burmeseclassic.com

www.burmeseclassic.com



"ညည်းတို့က ဘယ်လိုပတ်သက်မှုလဲ မြကျေး"

"ဒီလိုပဲ လိုင်းကားပေါ်မှာတွေပြီး သိကျွမ်းသွားရုံပါ၊ နောက်ပိုင်း သူ ပိုက်ဆံတောင်းတဲ့ကိစ္စနဲ့ ခဏခဏတော့ ဆုံဖြစ်တယ်"

"သူ့ဘက်က အချစ်ရေးဆိုတာတွေ ဘာတွေ ရှိဖူးလား"

"အာ အမြဲတမ်း ပိုက်ဆံပဲတောင်းနေတာ၊ အဲလိုကိစ္စမရှိပါဘူး အခုက သူသက်သက်ကူညီချင်လို့ဖြစ်မှာပါ"

"အေးလေ ဘာပဲဖြစ်ဖြစ်ပေါ့၊ ယောကျ်ားမယူဖြစ်တဲ့ အလုပ်ရ တာလည်း ကောင်းပါတယ်၊ ဘာကြောင့်ပဲ ကူညီကူညီ အလုပ်တော့ ကောင်းကောင်းလုပ်၊ ဒီအလုပ်မျိုး ဒီဝင်ငွေမျိုးရဖို့ဆိုတာ မလွယ်ဘူး ပြောတာကြားလား"

"ဟုတ်ကဲ့ပါ အမေ"

"ချိုတော့ စိတ်မကောင်းဘူးဟယ်"

"ဟင် ဘာဖြစ်လို့လဲ"

ချိုချိုက ငိုမလိုမျက်နှာနှင့်

"ကိုဘုန်းလတ်ကြီး နေ့တိုင်း မက်ဆေ့ချ်ပို့နေတာ စိတ်မကောင်း ဖြစ်လို့ပါ၊ သူ မြကျေးကို တော်တော်ချစ်နေတာ၊ သူ့ဘဝသူ သိမ်ငယ် လို့ ဘယ်မိန်းကလေးကိုမှ ချစ်မိအောင် မကြိုးစားဖူးဘူးတဲ့၊ အဲဒါ သူ့ အချစ်ကိုအသိအမှတ်ပြုပြီး လက်ထပ်တာကိုလက်ခံဖို့ မြကျေးကိုရအောင် ပြောပေးပါတဲ့လေ၊ ပါးစပ်ကမပြောနိုင်တော့ နေ့တိုင်းပဲ မက်ဆေ့ချ်ပို့နေ တာ သနားဖို့ကောင်းပါတယ်"

"ချိုချို့လူကြီးကို ချိုချိုပဲသနား၊ မြကျေးကတော့ လုံးဝပဲ မြကျေး အခုအလုပ်လုပ်တော့မှာ၊ အမေ့ကိုကောင်းကောင်း အထောက်





အပံ့ပေးနိုင်တော့မယ်၊ အဲဒီအတွက် ဘယ်ယောကျ်ားကိုမှ မယူတော့ဘူး"

"မင်းဂုဏ်ရောင်ကိုတော့ စိတ်ကူးယဉ်တော့မယ်မဟုတ်လား၊ မျက်လုံးမှာ အပျော်တွေကိုမြင်နေရတယ်နော် မြကျေး"

"ဟဲ့ ချိုချို အမေ့ရှေ့မှာ ဘာတွေပြောနေတာလဲ ချိုချိုနော်"

သူမ မျက်နှာလေး ရှက်သွေးဖြန်းကာ ပန်းသွေးရောင်ပြေးသွား သည်။ သူမ ဒီလိုမျိုးတစ်ခါမှ မရှက်ဘူးပါ။ ရင်လည်းမခုန်ဘူးပါ။

ဘာကြောင့် ဒီလိုမျိုးဖြစ်တာလဲ ကျွန်မမသိတော့ဘူး မင်းဂုဏ် ရောင်။ ရှင်နဲ့ဆုံရတဲ့အချိန်တွေတိုင်း ကျွန်မ ခဏခဏ ရင်ခုန်ရ စိတ်လှုပ် ရှားရနဲ့ အဲဒါ ဘာဖြစ်တာလဲ။

ရှင့်ကိုချစ်များချစ်မိနေလို့လား။ ဖြစ်နိုင်တယ်။

ရင်ခုန်သံနွေးနွေးက ရှင့်အကြောင်းစဉ်းစားရင်းနဲ့တောင် က ဘုန်ကယင် လှုပ်ရှားနေခဲ့လို့ပါ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဒါ မင်းလုပ်ရမယ့်အလုပ်တွေ၊ အားလုံးဖိုင်ထဲမှာရှိတယ် အရေးကြီးတာက ငါလုပ်ရမယ့်အလုပ်တွေကို နေ့စဉ်အမှားအယွင်းမ အောင် အချိန်ဇယားဆွဲထားဖို့ပဲ၊ မသိတာ နားမလည်တာရှိရင် ငါ့ကိုမေ လို့ရတယ်၊ တခြားနားမလည်တာရှိရင်လည်း ညာဘက်ရုံးခန်းထဲမှ မန်နေဂျာနဲ့စာရေးမတွေရှိသေးတယ်၊ သူတို့ကို မေးလို့လည်းရတယ်"

အလုပ်သဘောအရ ပြောပြနေသော မင်းဂုဏ်ရောင် လေသ တွေက စိမ်းသက်လွန်းသည်ဟု ထင်မိသည်။ အရင်က လွတ်လပ်ပွင့်လ သော လူငယ်တစ်ယောက်ရဲ့ပျော်ရွှင်တက်ကြွမှုတွေ ရှာမတွေ့ပါ။ ဘာ ကြောင့် ထိုအရာတွေ ပျောက်ဆုံးသွားတာလဲ။ အလုပ်ရှင်သူဌေးနေရာ ရောက်သွားလို့ ကြီးကျယ်သွားတာလား။

သူမစိတ်ထဲ နည်းနည်းတော့ ခံပြင်းမိသည်။ သူ့စားပွဲဆ





ရှင်းသင့်တာရှင်းပေးပြီး သူပေးသော ဖိုင်လေးကိုယူကာ သူမနေရမည့် စားပွဲဆီ ခြေဆောင့်၍ ထွက်လာခဲ့သည်။

ဒီလူကို သူမ မကျေနပ်ပါ။ အရင်က အပေအတေလိုနေခဲ့ တုန်းက တကယ့်ကိုရုပ်ပြောင်။ သူမတို့နှစ်ယောက် လက်ချင်းတင်းတင်း ဆုပ်ပြီး အသက်လုကာ ပြေးခဲ့ကြဖူး၏။

ပဍိပက္ခတွေနှင့်ပျော်ရွှင်ရယ်မောခဲ့ကြတာ ဒီလူ မေ့သွားပြီလား။

"မြကျေး ငါ့ကိုကော်ဖီတစ်ခွက်ဖျော်ပေးပါ"

"ဘာ"

ဒေါသဖြစ်နေချိန်မှ လေသံက တော်တော်မာသွား၏။ အထက် စီးလေသံနှင့်ခိုင်းလိုက်သော သူ့စားပွဲနားကို မျက်စောင်းဝင့်ရင်း ပြုန်းခနဲ ရောက်သွားကာ

"ရှင် အဲလိုတွေ ခိုင်းဖို့ကျွန်မကို ရှင်အနားခေါ်ထားတာပေါ့ လေ၊ အလုပ်ကိစ္စမဟုတ်ဘဲ ကျွန်မကို ပညာလာမပြနဲ့ မင်းဂုဏ်ရောင်"

"မြကျေး မင်းဘာတွေအထင်မှားနေတာလဲ၊ စက္ကထရီ တစ် ယောက်ရဲ့တာဝန်က သူဌေးလိုအပ်တာတွေ အကုန်လုပ်ပေးရမယ်ဆိုတာ မင်းနားမလည်ဘူးလား။ ဒါတွေအကုန် လေ့လာထားပြီးမှ စက္ကထရီရာထူး ကို လျှောက်ဖို့ကောင်းတယ်"

"မင်းဂုဏ်ရောင် ကျွန်မ ရှင့်ဆီမှာ အလုပ်မလုပ်ချင်တော့ဘူး"

"ဘာ"

"ရှင် အရင်ကလိုမဟုတ်တော့ဘူး၊ ကျွန်မကို အဲလိုဆက်ဆံတာ မ်းလိုက်တာ၊ ကျွန်မ ရှင့်အပေါ် ရိုင်းခဲ့တာကို ချိုးချင်လို့ဆိုရင်တော့ ဘာရှိးပဲ၊ ဒီရာထူးကို မက်မနေတော့ဘူး၊ ယောက်ျားပဲ ယူလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မြကျေးညို မင်း"

ကိုယ့်ဘဝနှင့်တောင်ရင်းထားရတာမို့ သူမ စကားအတွက် သူ ဒေါသဖြစ်သွားသည်။ ဒါပေမဲ့

"ရတယ် မြကျေးညို၊ ကိုယ့်ဘာသာ ကော်ဖီဖျော်သောက်လိုက် တော့မယ်၊ မင်းနေရာမင်း သွားထိုင်ပါ"

"ဟွန်း"

သူမအလုပ်ထွက်မှာစိုး၍ ကိုယ်ကပဲစိတ်လျှော့ကာ ဓာတ်ဘူးထဲ က ရေနွေးနှင့် ကိုယ့်ဘာသာကော်ဖီဖျော်လိုက်ရသည်။

"မင်းရော ကော်ဖီသောက်ဦးမလား ကိုယ်ဖျော်ပေးမယ်"

ကိုယ်ကပဲ မျက်နှာချိုသွေးကာ လောကွတ်လုပ်ရ၏။ သူမက နှုတ်ခမ်းလေးကိုမဲ့ကာ

"တော်ပါပြီ မသောက်ချင်ပါဘူး၊ ရှင့်ကော်ဖီ ရှင့်ဘာသာ သောက်"

သူမကိုတော်တော်လေး သင်ယူရဦးမည်ထင်သည်။ သူမက လုပ်ငန်းတာဝန်ဆိုတာကို ဘာမှနားလည်သူမဟုတ်ပါ။ သူနေရသည့် နေရာက ဘယ်ဝန်ထမ်းနှင့်မှ မရောနှောဘဲ သီးသန့်မို့တော်ပါသေးသည်။

နေ့လယ်စာစားချိန် နီးသည်အထိ သူမဘာအလုပ်မှ မယ်မယ် ရရ မလုပ်။ သူကတော့ ဒယ်ဒီ ခရီးသွားချိန် ခဏလေးမှာထားရစ်ခဲ့သော စာရင်းတွေကို သေချာလေ့လာပြီး ဂရုတစိုက်လုပ်နေမိသည်။

ဒီအချိန်မှာ ဒယ်ဒီအပြိုင်ပြင်ခံလို့ မဖြစ်ပေ။ ဒယ်ဒီကို မတိုင် ဘဲ မြကျေးညိုကိုအလုပ်ခန့်ထားတာကြောင့်ပါ။

"ကျွန်မ ဗိုက်ဆာပြီ"





"ဟင်"

သူမအသံကြောင့် လက်ပ်တော့ပ်ကို ပိတ်ကာ မော့ကြည့်လိုက် ပြီး

"မင်း ထမင်းဘူးပါတယ်ဆို သွားစားပါလား၊ ဒါက အဲကွန်း ခန်းဆိုတော့ ဟင်းနံ့တွေစွဲမှာစိုးလို့ ဝရန်တာမှာထွက်စားလိုက်၊ အဲဒီမှာ ခုံသေးသေးလေးနဲ့ ထိုင်ခုံလေးတွေရှိတယ်၊ အောက်မှာက ရုံးဝန်ထမ်း တွေအများကြီးနဲ့ဆိုတော့ မင်းစားတတ်မှာမဟုတ်ဘူး"

"ရှင်ရော မစားသေးဘူးလား"

"အင်း အပြင်ထွက်စားရင် ကြာနေမှာ၊ စာရင်းတွေက မပြတ် သေးဘူး၊ ဒယ်ဒီပြန်လာရင် ဘယ်လောက်ကြိုးစားနေတယ်ဆိုတာ သိစေ ချင်လို့လေ၊ ရုံးဆင်းမှပဲ တစ်ခုခု ဝင်စားလိုက်တော့မယ်"

"ရှင်ဆာနေမှာပေါ့၊ ကျွန်မထမင်းဘူးထဲက နည်းနည်းယူစား မလား"

"အဲလိုလုပ်လို့ရလား"

သူမရဲ့သိတတ်မှုလေးအတွက် သူ ကြည်နူးစွာ မေးလိုက်တော့ နှုတ်ခမ်းပါးမို့ပြောင်းသော မျက်စောင်းတစ်ချက် လက်ဆောင်ရကာ

"စားချင်လည်းစား၊ ဘဲဥချဉ်ဟင်းတစ်ခွက်ပဲပါတယ်၊ ထမင်း ပြီးရင်စားဖို့ လက်ဖက်သုပ်ပါတယ်"

"ကိုယ် လက်ဖက်သုပ်နဲ့စားမယ်လေ၊ ဇော်တူးနဲ့လက်ဖက် ဆိုင်တော့ အပြင်မှာ စားနေကျ၊ ဘဲဥချဉ်ဟင်းတော့ မစားတတ်ဘူး"

"ဒါဆိုလည်း ရှေ့ကကြွ"

သူမနှင့်သူ ဝရန်တာဘက်ထွက်ခဲ့ကြသည်။ ဒီနေရာကကြည့်



www.burmeseclassic.com

www.burmeseclassic.com



လျှင် ရွှေတိဂုံဘုရားကြီးကို လှမ်းပြီးကြည့်လို့ရ၏။

"ထမင်းက ဘူးလေးနဲ့နည်းနည်းလေးရယ်၊ မင်းဝပါ့မလား"

"ရှင်မှအပြင်ထွက်မစားချင်တာ ဒါကိုပဲ မျှစားတာပေါ့"

"သထာတယ်ပေါ့"

"ရှင်ကြီးကျယ်ရင်တော့ အမြင်ကတ်တယ်၊ အရင်က ရှင့်ပုံ

က အဲလိုမှမဟုတ်တာ"

"ကိုယ်လည်း ဒီလိုကြီး မနေချင်ပါဘူး၊ အရင်လို လွတ်လွတ်

လပ်လပ် ပေါ့ပေါ့ပါးပါးပဲနေချင်တာ၊ ဒါပေမဲ့ မင်းကိုအလုပ်ခန့်ဖို့အတွက်

ဒီအလုပ်ကိုမလုပ်ချင်ဘဲ လုပ်နေရတာ"

"ဒါရှင့်အဖေကုမ္ပဏီဆို ရှင်မလုပ်ချင်လည်း လုပ်ရမှာပဲမဟုတ်

ဘူးလား"

"ဟင့်အင်း ကိုယ်မလုပ်ချင်လို့ မလုပ်ဘဲနေခဲ့တာကြာပြီ၊ ဒယ်

ဂျဲ ဆန့်ကျင်ပြီး အတိုက်အခံလုပ်နေတော့ ဘာခံစားခွင့်မှကိုမပေးဘဲ

ဒယ်ဒီက စွန့်ထားခဲ့တာလေ၊ ကိုယ်ကလည်း အရွဲ့တိုက်ပြီး အပေအတေ

လိုနေခဲ့တာပဲ"

"ဒါကြောင့် လိုင်းကားတိုးစီးပြီး ဂျလေဘီဖြစ်နေခဲ့တာပေ

ပိုက်ဆံလေးနှစ်သောင်းကျော်တောင် မရမက လိုက်တောင်းနေတာ"

မင်းဂုဏ်ရောင် ပြုံးမိသည်။ ထိုအဖြစ်အပျက်လေးတွေက မ

ရက်နိုင်စရာပါ။

"ကိုယ် အဲလိုနေခဲ့ရဝဲ့ဘဝလေးကို ပျော်တယ် မြကျေး၊ မင်း

တော့ နားလည်မှာမဟုတ်ဘူး၊ ဒယ်ဒီကတော့ ကိုယ် အဲလိုနေခဲ့တာ

အမြဲတမ်း နှိမ့်ချပြောဆိုနေခဲ့တာ၊ ယောက်ျားပဲကွာ၊ မာနကိုတော့ ဘယ်





တော့မှအထိနိုက်မခံခဲ့ဘူး၊ ဒယ်ဒီပြောရင် ကိုယ်ပြန်ပြောလိုက်တာပဲ၊

ကျွေးရင်မစားဘူး၊ မပေးရင်မယူဘူး၊ ကားပေးမမောင်းတော့ လိုင်းကား

တိုးစီးတယ်"

"အဲဒီအချိန်က ရှင့်မှာပိုက်ဆံတောင် သုံးစရာမရှိလို့ ကျွန်မဆီ

က ပိုက်ဆံနှစ်သောင်းကျော်ကို မရမက ဖွတ်အတင်းလိုက်တောင်းနေတာ

လား"

"အဲလောက်တော့ ကိုယ့်မှာမခက်ခဲပါဘူး၊ မင်းက စေတနာနဲ့

ဘာနဲ့ဘဲ ဂျစ်ကန်ကန်တွေလုပ်နေလို့ အမြင်ကတ်ပြီး တောင်းနေတာပါ"

"အံမယ် ကျွန်မကိုဘာတွေများ အမြင်ကတ်နေတာလဲ"

"မင်းပုံစံက အချိုးမှမပြေတာ၊ ကူလည်းကူညီရသေးတယ်၊

သူကိုဟောက်စားလုပ်နေပြီးတော့"

"အခုကျတော့ရော ရှင့်အဖေအလုပ်ကို မလုပ်ချင်ဘဲလုပ်ပြီး

ကျွန်မကိုအလုပ်ရအောင်ကူညီတယ်၊ အဲဒါ ဘာဖြစ်လို့လဲ"

မင်းကိုချစ်လို့ လို့ ပြောမထွက်မိအောင် မနည်းထိန်းထားလိုက်ရ

သည်။ အခုအခြေအနေက ရင်ထဲမှာသူမကို ဘယ်လောက်ပဲ ချစ်နေနေ

ကြိတ်မှိတ်မျိုသိပ်နေကျင်နေရတော့မှာပါ။

ကိုယ်က တခြားမိန်းမတစ်ယောက်နှင့် စေ့စပ်ရတော့မှာမဟုတ်

လား။ ရင်ထဲက ချစ်နေမိရင်တောင် အပြစ်ဖြစ်မှာစိုးလို့ မချစ်မိအောင်

ကြိုးစားရတော့မှာ။ ဒါကြောင့် တင်းတင်းမာမာတွေ ဆက်ဆံနေမိတာ

ကတော့ နားလည်မှာမဟုတ်ပေ။

"မင်းဂုဏ် ပြောလေ၊ ဘာဖြစ်လို့လဲလို့"

"ဘာ ဘာမှမဟုတ်ပါဘူး၊ မင်းတို့အဆင်မပြေဘူးဆိုလို့ ကူညီ



www.burmeseclassic.com

www.burmeseclassic.com



တာပါ၊ စားလေ မြကျေး၊ မင်းဗိုက်ဆာတယ်ဆို၊ ကိုယ်ကတော့ လက်ဖက်သုပ်အရမ်းကြိုက်တာ ဆွဲပြီနော်''

သိသိသာသာ စကားလမ်းကြောင်းပြောင်းလိုက်တာမို့ သူမစိတ်ထဲ ကလိကလိဖြင့် မခံချိမခံသာလေးဖြစ်သွားသည်။ ဘာကြောင့်ဆိုတာ သူမ မသိဘဲနေပါ့မလား။

သူမကိုစိတ်မဝင်စားဘဲနှင့် သူ မလုပ်ချင်သောအလုပ်ကို လုပ်မှာမဟုတ်ပေ။ ပြီးတော့ ယောကျာ်းယူသွားမှာကိုကြောက်လိုက်တာလည်း မျက်နှာကိုပျက်လို့၊ အသည်းအသန်ကို တားခဲ့တာပါ။

ဘာလို့မပြောတာလဲ မင်းဂုဏ်။ မင်းကိုချစ်လို့ ဒီလိုတွေလုပ်နေတာပါလို့ ဘာလို့ဖွင့်မပြောတာလဲ။ ဒီရာထူးနဲ့ဒီနေရာကိုရောက်နေလို့ ရှင်မာနကြီးသွားတာလား။

''အား ရှူး ရှူး စပ်လိုက်တာကွာ အား''

''ဟင်''

လျှာကိုလက်နှင့်ယပ်ခတ်ရင်း မင်းဂုဏ်ရောင် အော်လိုက်တာမို့ သူမအတွေးတွေ လန့်ဖျပ်ပြေးသွားလေသည်။

''ရှင် အရမ်းစပ်သွားတာလား၊ ကျွန်မ ရေ ရေခပ်ပေးမယ်နော်''

သူမ စိုးရိမ်သွားကာ အခန်းထဲပြန်ဝင်ပြီး ရေအမြန်ခပ်၍ မင်းဂုဏ်ရောင်ကို တိုက်လိုက်မိသည်။

''ရော့ ရော့ ရေသောက်လိုက်၊ ရှင်ကလည်းလက်ဖက်ထဲက ငရုတ်သီးက နည်းနည်းလေးပါတာပါ၊ ဒါလေးတောင် မစားနိုင်ဘူးလား ကြည့်ပါဦး၊ ချွေးတွေတောင်စို့နေပြီ''





တစ်သျှူးလေးနှင့်သူ့နဖူးကို ချွေးသုတ်ပေးလာသော သူမလက်ကလေးကို ဖမ်းဆုပ်ကိုင်၍ နမ်းပစ်လိုက်ချင်သည်။ မြကျေးညိုဆိုသည့် မိန်းကလေးက သူ့ကိုလောင်ကျွမ်းမှုတွေရော အေးချမ်းမှုတွေရော ပေးစွမ်းနိုင်သူပါ။

''ရ ရပြီ မြကျေး၊ မင်းထမင်းစားပါ၊ ကိုယ်တော့တော်ပြီ''

''ဟင် ရှင်နည်းနည်းလေး စားပြီးတော့''

''အင်း ရေသောက်လိုက်လို့ ဗိုက်တင်းသွားတာ၊ အေးအေးဆေးဆေး စားပြီးမှ ဝင်လာခဲ့တော့နော်''

သူအရင်ထထွက်လာခဲ့သည်။ သူမရဲ့ဂရုစိုက်မှုတွေ သူသာယာနေလို့မဖြစ်ပါ။ သူက သူမကို ဒီလိုနေရာပေးနိုင်ဖို့အတွက် စည်းတွေဆောင်တွေထဲမှာ အချုပ်အနှောင်ခံထားရသူမဟုတ်ပါလား။

သူမ ထမင်းစားပြီးဝင်လာတော့ မျက်နှာလေးရှုပ်ပုပ်ဖြစ်နေသည်။ သူမ ထမင်းစားတာကို စောင့်မနေလို့ဖြစ်မှာပေါ့။ သူ စိတ်မကောင်းပေမယ့် သူမကိုလိုက်လျောပေးရင်းက စိတ်မထိန်းနိုင်လျှင် ရှေ့ဆက်ရမည့်အခြေအနေတွေက ကောင်းမှာမဟုတ်ပေ။

ရုံးခန်းထဲမှာ သူမလည်း လုပ်စရာရှိတာလုပ်၊ သူလည်းလုပ်စရာရှိတာလုပ်နှင့် ညနေရုံးဆင်းချိန်ရောက်သည့်အခါမှာ

''မင်းမနက်က ရုံးကိုဘာနဲ့လာတာလဲ''

''ခြေထောက်နဲ့လာတာပေါ့''

''ဩော် ကိုယ်က အကောင်းမေးနေတာ၊ ရုံးက ဖယ်ရီကားထဲပိုင်းပဲရှိတော့ မင်းအိမ်ကနေ လိုင်းကားတိုးစီးခဲ့ရမှာပေါ့''

''အင်း လိုင်းကားစီးရတာ အရမ်းစိတ်ပျက်ဖို့ကောင်းတာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးတွေက နှမသားချင်းမစာနာဘူး။ စပယ်ယာတွေကလည်း ကားအတက်အဆင်းကို လက်ကိုင်ရ ခါးကိုင်ရနဲ့ ရုံးတက်ရုံးဆင်းချိန်ဆို ကားက အရမ်းကြပ်မှာဆိုတော့ မဖြစ်ဘူး''

သူမအခက်အခဲဖြစ်မှာကိုတော့ သူ လျစ်လျူမရှုနိုင်ပေ။ ရုံးဆင်းချိန်မှာ သူမကို သူ့ကားပေါ်တင်၍ ခေါ်လာခဲ့သည်။ တချို့ရုံးဆင်းနေပြီဖြစ်သော ဝန်ထမ်းတွေက သူတို့နှစ်ယောက်ကိုကြည့်၍ တီးတိုးအတင်းပြောဝေဖန်နေကြသည်။

ဒီသတင်း ဒယ်ဒီ့ဆီပေါက်ကြားသွားလျှင် ဒယ်ဒီဘယ်လိုတွေပေါက်ကွဲဦးမည်မသိ။ ဘာတွေဖြစ်ဖြစ် ရင်ဆိုင်ရတော့မှာပင်။

သူကတော့ သူမဘဝလေးကို အကောင်းဆုံးဖြစ်စေချင်သော ဆန္ဒတစ်ခုဖြင့် ...။

■ ■ ■

## အခန်း (၂၁)

''ဟိတ်ကောင် မင်းဘာတွေလုပ်နေတာလဲ''

''ဗျာ ကျွန်တော် ဘာလုပ်လို့လဲ ဒယ်ဒီ''

''မင်းလုပ်တာကို ငါ့ကိုပြန်မေးနေရလား၊ မင်းဘာတွေလုပ်နေတယ်ဆိုတာ မင်းကိုယ်မင်းမသိဘူးလား၊ မင်း စက္ကူထရီဘစ်ယောက်ခန့်လိုက်တယ်ဆို''

''ဟုတ်ကဲ့ ကျွန်တော့်အတွက် လိုအပ်တယ်လေ ဒယ်ဒီရဲ့''

''မင်းအတွက်ဥမ္မာခင်တစ်ယောက်လုံး ရှိနေတာ ဘာလိုအပ်တာလဲ၊ မင်းလိုကုမ္ပဏီအကြောင်း ဘာမှနားမလည်တဲ့ကောင်က ဘာမှမသိသေးတဲ့စက္ကူထရီအသစ်ခန့်တော့ ဘယ်လောက်ကြီးပွားတိုးတက်လာမှာလဲ၊ မင်းကုမ္ပဏီမှာအလုပ်ဝင်တာနဲ့ ဥမ္မာခင်က လိုအပ်တာသင်ပြပေးဖို့ လုပ်ကိုင်ပေးဖို့ ငါစီစဉ်ထားပြီးသား''

''ဒယ်ဒီရယ် သူလည်း သူတို့ကုမ္ပဏီနဲ့သူတို့ အားလပ်တာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘဲနဲ့၊ တကူးတက ကျွန်တော့်ကိုသင်ပေးစရာလား၊ ကျွန်တော်လည်း ကုမ္ပဏီနဲ့အရမ်းကြီး အလှမ်းဝေးနေတဲ့ကောင်မဟုတ်ပါဘူး၊ နားလည် သင့်သလောက် နားလည်ပါတယ်၊ ပြီးတော့ ကိုယ်နဲ့စေ့စပ်မယ့်မိန်းကလေး ဆီက အောက်ကျခံပြီး ဘာမှမသင်ယူချင်ဘူး ဒယ်ဒီ၊ ကျွန်တော်ကို အသုံးမကျတဲ့ကောင်လို့ မြင်မသွားစေချင်ဘူး''

''ဒီလိုတော့ တတ်တယ်''

မျက်မှောင်ကြုတ်နှင့်ပြောလိုက်သော ဒယ်ဒီ့စကားက သူ့ကို ချနေသလိုပင်။ သူလည်း ကိုယ့်အကြံအစည်နှင့်ကိုယ်မို့ ဒီလိုမပြောလို့ မဖြစ်။ မာမီက စိတ်ဝင်တစားဖြင့်

''သား စက္ကူထရီခန့်တာမြန်လိုက်တာကို မာမီတို့ကိုလည်း ဘာမှမပြောပါလား''

''ငါက အဲဒါပြောတာပေါ့၊ ငါ့ကိုတင်ပြတာလည်းမရှိ ဒါရိုက်တာ အဖွဲ့ဝင်တွေလည်း အစည်းအဝေး မဆွေးနွေး၊ သူလုပ်ချင်တာ လုပ်ယ် တာ၊ လစာက ဒီကုမ္ပဏီကပေးရမှာ၊ အသစ်ခန့်တာကို လစာက ငါးသိန်း တဲ့''

''ဟယ် သားရယ်၊ အဲဒါကြောင့် ဒယ်ဒီက သားကိုဘာမှနား မလည်သေးဘူးလို့ပြောတာပေါ့''

''သားပေးတဲ့လစာများရင် သားရမယ့် ခံစားခွင့်ထဲက လျှော့ လိုက်လို့ရပါတယ်''

''နေပါဦး အဲဒီကောင်မလေးက မင်းနဲ့ဘယ်လိုပတ်သက်တာ လဲ''

''ဗျာ ဟို ဘာမှမပတ်သက်ပါဘူး၊ ဒီလိုပဲ အလုပ်ခန့်လိုက်တာ''





''ဟိုတ်ကောင် မင်း ငါ့ကိုမလိမ်နဲ့၊ မင်းနဲ့အဲဒီကောင်မလေးရဲ့ ဆက်ဆံရေးက သာမာန်မဟုတ်ဘူးလို့ ကုမ္ပဏီကလူတွေက သတင်းပို့ တယ်၊ သူ့ကိုမင်း ကားနဲ့ပြန်လိုက်ပို့တာဆို''

''ရုံးက ဖယ်ရီက သူသွားရမယ့်နေရာမရောက်လို့ ကြုံတဲ့နေရာ အထိ ကားနဲ့ခေါ်သွားတာပါ ဒယ်ဒီ၊ လိုင်းကားတိုးစီးရမှာ အဆင်မပြေ လို့''

''အဲလောက် စေတနာပိုနေရအောင် အဲဒီကောင်မလေးက မင်းအတွက် ဘယ်လောက်တောင် အရေးပါနေလို့လဲ၊ သူ့ဘာသာ ဘာနဲ့ သွားသွား မင်းနဲ့ဘာဆိုင်လို့လဲ''

''ကိုယ့်ရဲ့စက္ကူထရီတစ်ယောက်အတွက် ကျွန်တော့်မှာတာဝန် ရှိတယ်ထင်လို့ အဲလိုလုပ်တာပါ ဒယ်ဒီ''

''သိပ်ကိုတာဝန်သိတတ်နေတယ် ဟုတ်လား၊ မင်းက ကုမ္ပဏီ မှာအလုပ်ဝင်ရုံရှိသေးတယ်၊ ကြိုဟ်ထောင်နေတယ် ဟုတ်လား၊ ဟိုတ် ကောင် အဲဒီကောင်မလေးကို အခုချက်ချင်း အလုပ်ဖြုတ်လိုက်''

''ဗျာ''

ဒယ်ဒီ ဒီလောက်ထိ ပြတ်သားစွာ ဆုံးဖြတ်လိုက်မည်မထင်တာ ကြောင့် သူ ထိတ်ပျာသွားသည်။ သူက မြကျေးညိုအတွက်ဆို သတ္တိ ရှိနေသူဖြစ်ရာ

''သူက ကျွန်တော်အလုပ်ခန့်ထားတဲ့ ဝန်ထမ်းပါ၊ သူ့ကိုအလုပ် ဖြုတ်ရင် ကျွန်တော်ပါ အလုပ်ထွက်မယ် ဒယ်ဒီ''

''ဘာ''

''လူမှာဂုဏ်သိက္ခာဆိုတာ ရှိပါသေးတယ်၊ အလုပ်ရှင်ပါဝါတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



သိက္ခာရှိရှိ ဝန်ထမ်းခန့်ထားတာပါ၊ ဒယ်ဒီက အလုပ်ထုတ်လိုက်မယ်ဆို ရင် ကျွန်တော့်ဂုဏ်သိက္ခာ ဘယ်မှာပြန်ရှာရမှာတုန်းမလဲ''

''ဩော် မင်းက သိပ်ကိုဂုဏ်သိက္ခာတန်ဖိုးထားတဲ့ကောင်ကိုးကွ အေး အဲလောက် ဂုဏ်သိက္ခာတန်ဖိုးထားနေရင် မင်း အဲဒီကောင်မလေးနဲ့ ဘာမှမပတ်သက်ပါဘူးလို့ အာမခံသလား''

''ခံ ခံပါတယ် ဒယ်ဒီ''

''ကောင်းပြီ မင်းလည်း အဲဒီကောင်မလေးကို အလုပ်ခန့်ထား ပြီးရင်ဥမ္မာခင် အမြန်ဆုံးစေ့စပ်ဖို့လုပ်''

''ဟာ ဒယ်ဒီ အခုမှအဲလုပ်စဝင်တုန်းရှိသေးတယ်၊ နောက် အေးအေးဆေးဆေးမှ''

''ဟိတ်ကောင် ငါ့ကိုဆင်ခြေမတက်နဲ့၊ အိုးချင်းထားအိုးချင်း ပုံစံမျိုးနဲ့ ငါ့မျက်နှာကို အိုးမည်းသုတ်မခံနိုင်ဘူး၊ မင်းဆန္ဒကို ငါ ခွင့်ပြု ထားရင် ငါ့ဆန္ဒကိုလည်း မင်းလိုက်လျောရမှာပေါ့၊ ကုမ္ပဏီမှာအလုပ် မဝင်ခင်က မင်းဘာကတိပေးထားလဲ၊ ဥမ္မာခင်နဲ့စေ့စပ်တာ လက်ခံ တယ်ဆို''

''အ အခုရော သားက ငြင်းနေလို့လား၊ အေးအေးဖြည်းဖြည်း မှ''

''ဟိတ်ကောင် လျှာမရှည်နဲ့၊ မင်းအချိန်ဆွဲနေရင် စက္ကူထမ်း ကို အလုပ်ဖြုတ်လိုက်''

ဒယ်ဒီ အကျပ်ကိုင်လိုက်တာ သူ အသက်ရှူရပ်မတတ် ခံစား လိုက်ရသည်။ အချစ်ကို မွေးဖွားမိစမှာ ကိုယ်တိုင်သတ်ပစ်လိုက်ရမည့် အဖြစ်မျိုး မဟုတ်ပါလား။ သူမဘဝလေး အပျိုစင်ဘဝလေးနှင့်တင့်တယ်





နေစေရန် ဦးစားပေးချင်တာမို့ သူ ဒီအခြေအနေကို ရွေးချယ်ဖြစ်လိုက်တာ ပါ။

''ကျွန်တော် ဥမ္မာခင်နဲ့စေ့စပ်ပါမယ် ဒယ်ဒီ၊ ဒါပေမဲ့ အကျယ် အဝင့်လုပ်မနေပါနဲ့၊ နှစ်ဖက်မိဘအသိအမှတ်ပြုပြီးရင် တော်ပြီပေါ့၊ နောက်လက်ထပ်မှ သူတို့စိတ်ကြိုက် တခမ်းတနားလုပ်ပေးလိုက်ပါ''

ဒယ်ဒီ လက်ခံသလို ငြိမ်သွားသည်။ ပြီးတော့ မကျေနပ်သလို ဟွန်းခနဲလုပ်ပြီး အပေါ်ထပ်တက်သွား၏။ မာမီက သူ့မျက်နှာကိုကြည့် ပြီး စိတ်မကောင်းဖြစ်ဟန်နှင့် အနားမှာလာထိုင်ကာ

''သား မာမီကိုတော့ ပွင့်ပွင့်လင်းလင်းပြောပါကွယ်၊ သားရဲ့ အပြောင်းအလဲကို ဆက်စပ်ကြည့်ရင် သားနဲ့အဲဒီကောင်မလေး တစ်ခုခု ပတ်သက်ရမယ်လို့ မာမီ တွေးမိတယ်''

''မာမီရယ် သား သား သူ့ကိုချစ်နေတာပါ''

''ဟင် ဒါဆို ဘာလို့ ဥမ္မာခင်နဲ့ကိစ္စလက်ခံလိုက်တာလဲ သား၊ သားမှာချစ်သူရှိတယ်လို့ သားဒယ်ဒီကိုပြောလိုက်ပေါ့''

''ဒယ်ဒီစိတ်လည်း မာမိသိသားနဲ့ မာမီရယ်၊ သူဖြစ်ချင်တာပဲ သူသိတာ၊ အခု သားကုမ္ပဏီမှာလုပ်နေတော့ရော အကောင်းပြောလို့ လား၊ အဲဒါကြောင့်မို့ ဒယ်ဒီလက်အောက်မှာ မလုပ်ချင်ဘူးဆိုပြီး ကိုယ့် မာနနဲ့ကိုယ်နေခဲ့တာ''

''အဲဒီမာန ခဝါချခဲ့တာ အဲဒီကောင်မလေးကြောင့်မဟုတ်လား သား၊ ဒီလိုကြောင့်ဆိုရင် ကောင်မလေးကို သား ဘယ်လောက်ချစ်တယ် ဆိုတာ မာမီ ခန့်မှန်းလို့ရပါပြီ သားရယ်၊ အဲဒီကောင်မလေးကိုချစ်လို့ ကုမ္ပဏီမှာ လုပ်ပြီး ဥမ္မာခင်ကိစ္စကို ဘာလို့လက်ခံလိုက်တာလဲ၊ ဒယ်ဒီ



www.burmeseclassic.com

www.burmeseclassic.com



လက်အောက်ကို မဝင်ဘဲ အဲဒီကောင်မလေးကို လက်ထပ်လိုက်လည်း ဖြစ်တာပဲ''

''သူကဆင်းရဲတယ် မာမီ''

''ဟင်''

မပြည့်စုံဘူးဆိုတော့ သားအတွက် စိုးရိမ်စိတ်ကလေး ဖြစ်သွားသည်။ သားကတော့ တကယ်ကို စိတ်ထိခိုက်နေဟန်ဖြင့်

''သူကမိသားစုမှာအကြီးဆုံးပါ၊ ဒီအလုပ်သာမရရင် သူ့မိသားစုအတွက် အိမ်ထောင်ပြုပြီးပေးဆပ်ရမှာ မာမီ၊ အဲဒါကြောင့် သားအလျင်စလို ဆုံးဖြတ်ချက်ချလိုက်ရတာပါ၊ ပြီးတော့ သူ့ကိုသားချစ်နေတဲ့အကြောင်းတောင် အသိမပေးရသေးပါဘူး''

''သားရယ် ဖြစ်မှဖြစ်ရလေ၊ ချစ်တယ်လို့တောင် ဖွင့်မပြောသေးတဲ့မိန်းကလေးအတွက် အဲလိုတောင် ပေးဆပ်လိုက်ရသလား။ ဖအေအပေါ် မာနကြီးခဲ့တဲ့သားက ကောင်မလေးအတွက် အနစ်နာခံလိုက်တာလားသား၊ မာမီ စိတ်မကောင်းဘူးကွယ်၊ သား အရှုံးကို ခံစားနေရမှာပဲ''

မာမီက သူ့ကျောပြင်လေးကို ပုတ်ကာ နှစ်သိမ့်သည်၊ ယောကျ်ားတန်မဲ့ သူရှိုက်၍သာ ငိုပစ်လိုက်ချင်၏။ ကိုယ်ချစ်သော မိန်းမတစ်ယောက်ကို ချစ်တယ်လို့ပြောခွင့်မရ၊ ပိုင်ဆိုင်ခွင့်လည်းမရပါဘဲ ကိုယ်မချစ်သော မိန်းမနှင့် လက်ထပ်ပြရဦးမည်။

မွန်းကျပ်မှုတွေက မွန်းတည့်နေအောက်မှာ အသက်ပျောက်သွားအောင် လောင်ကျွမ်းနေစေသည်။

အချစ်က ပူလောင်စေတယ်ဆိုရင် သူ မချစ်တတ်အောင်နေခဲ့





မိမှာပါ။ သူမကြောင့် ပျော်ရွှင်မှုတွေ ချမ်းမြေ့မှုတွေ ကြည်နူးမှုတွေ ခံစားတတ်ခဲ့သော နှလုံးသားက အခုတော့လည်း ကိုယ့်ကိုယ်ကိုယ် အဆိပ်သင့်စေခဲ့၏။

မရေရာတဲ့မနက်ဖြန်တွေမှာ အချိန်ရသရွေ့ မင်းအနားနေခွင့်ရချင်ပါသေးတယ် မြကျေးညို။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"မြကျေးညိုရေ မင်းဂုဏ်ရောင် လာပြီဖဟ့"

ဒေါ်ညိုရင်က အိမ်ဘက်လှမ်းအော်လိုက်ပြီး မင်းဂုဏ်ရောင် ဝင်ထိုင်သော စားပွဲဝိုင်းကို သန့်ရှင်းရေးလုပ်ပေး၏။

"သား အသုပ်စားမလား၊ မုန့်ဟင်းခါးစားမလား"

"မစားတော့ပါဘူး အဒေါ်၊ လမ်းတွေက ပိတ်ဦးမှာနဲ့ဆိုတော့ ကမ္ဘာကိုအရောက်နောက်ကျနေမှာစိုးလို့ပါ"

"အေး မင်းညီမက အလုပြင်လို့မပြီးတော့ဘူး၊ အိမ်အလုပ်လည်း ဘာမှကူလုပ်မနိုင်းပါဘူးကွယ်၊ အဲဒါကို မပြီးနိုင်တာ"

"ပြီးပါပြီ အမေရဲ့၊ ဘာတွေအတင်းပြောနေတာလဲ"

ခြင်းလေးတစ်ဖက်ဆွဲ စလင်းဘတ်လေး လွယ်ကာ ထွက်လာသော မြကျေးညိုအလှကို မင်းဂုဏ်ရောင် ကြည့်မဝစွာ ငေးခနဲဖြစ်သွားသည်။ ကိုယ်မပိုင်ဆိုင်နိုင်သော အလှပန်းလေးအတွက် နှမြောတသလို





ဆုံး။

"အဒေါ် ခွင့်ပြုပါဦးခင်ဗျာ"

"အေးကွယ် မင်းကိုအဒေါ် ကျေးဇူးတင်ပါတယ်၊ သမီးအပြော တောတ် အဆိုမတတ်ရင်လည်း နားလည်ပေးလိုက်ပါ၊ သူက သမီးဦးအရူး ဆိုတဲ့အတိုင်း တစ်ခါတလေ သူပြောချင်ရာပြော သူလုပ်ချင်ရာလုပ် အရူးလိုပါပဲကွယ် ခွင့်လွှတ်ပေးလိုက်ပါ"

"အမေ"

အရုက်သည်းကာ အမေ့ကိုအော်ပြီး မြကျေးညိုရှေ့ကနေ ခြေဆောင့်ထွက်သွားပြီး ကားပေါ်တက်ထိုင်နေသည်။ မင်းဂုဏ်ရောင်က မြုံးပြုံးကြီးနှင့်ဒေါ်ညိုရင်ကိုနှုတ်ဆက်ပြီး ကားပေါ်တက်ရ၏။

"မြကျေး အရူးမလေး"

"ရှင်နော် မောင်းမှာမောင်း"

နှုတ်ခမ်းစူပြီးပြောတော့ သူ ကားကိုစက်နှိုး၍မောင်းထွက်လာခဲ့သည်။ လိုင်းကားတိုးစီးပြီး သူမအခက်အခဲဖြစ်မှာစိုး၍ အိမ်ကစော ထွက်ကာ လာကြိုခြင်းပါ။

ဒီလိုအခွင့်အရေးမျိုး ကြာရှည်မရတော့ဘူးဆိုတာလည်း သူ သိသည်။ ဥမ္မာခင်က ဘယ်လိုမှ လက်ခံမှာမဟုတ်။ ဒီကြားထဲမှာ တက္ကစီ တစ်စီးလောက် အပြတ်ငှားပြီး သူမအတွက်စီစဉ်ပေးရမည်။ ဒါလည်း သူ့အသုံးစရိတ်ထဲကနေ ဒယ်ဒီမသိအောင် လုပ်ရမှာပါ။

"မြကျေး"

"ဘာလဲ"

"ဟိုအိမ်ထောင်ဘက်တွေ့မယ်၊ ယောကျ်ားယူမယ့်ကိစ္စ ဘယ်လို

www.burmeseclassic.com



ဖြစ်သွားပြီလဲ၊ အဲဒီလူက ဆရာဝန်သူဌေးဆို''

''ကျွတ် အဲဒီအကြောင်းမပြောစမ်းပါနဲ့၊ ယောကျ်ားမယူချင်လို့ ရှင့်ဆီမှာ အလုပ်လုပ်တာပဲ၊ ဘာလဲ ရှင်က ယူစေချင်လို့လား''

''ယူစေချင်မှဖြင့် မင်းကိုအလုပ်ခန့်နေပါ့မလားကွာ၊ မင်းကို ဒီလစာနဲ့ အလုပ်ခန့်လိုက်တဲ့အတွက် ငါ ဘယ်လိုဒုက္ခတွေ ရင်ဆိုင်နေရတယ်ဆိုတာ မင်းမသိပါဘူး မြကျေးရယ်''

လေသံပျော့လေးနှင့်ပြောတော့ သူမစိတ်မကောင်းဖြစ်မိသည်။ ရုံးကိုရောက်လာသည်အထိ မင်းဂုဏ်ရောင် မျက်နှာမကောင်းပါ။ ဘာကြောင့်ဆိုတာလည်းမပြောဘဲ ဝတ္တရားကျေ အလုပ်တွေလုပ်ရင်း သူမကိုလည်း စကားသိပ်မပြောပေ။

ခဏနေတော့ တံခါးခေါက်ကာ စာရေးမတစ်ယောက် ဝင်လာပြီး

''အစည်းအဝေး စပါတော့မယ်ရှင်၊ လူစုံနေပြီလို့ပြောပါတယ်''

''ဩော် အေး လာမယ်၊ မြကျေး ဖိုင်တွေယူခဲ့ပါ''

''ဟုတ်ကဲ့''

သူ့စက္ကူထရီမှ အစည်းအဝေးခန်းထဲ မြကျေးကိုပါ ခေါ်လာခဲ့သည်။ သူ့ရဲ့ထိုင်ခုံက ဒယ်ဒီရဲ့ညာဘက်ထိုင်ခုံမို့ မြကျေးအတွက် နေရာမရှိပေ။

''မြကျေး ဟိုးအစွန်ဆုံးခုံမှာထိုင်ပြီး အစည်းအဝေးရဲ့အချက်အလက်တွေကို မှတ်တမ်းယူထားရမယ်နော်၊ နားလည်လား၊ မသိတာရှိရင် နောက်မှကိုယ့်ကိုပြန်မေး''

သူက မြကျေး နားမလည်မှာစိုး၍ မှာနေတာကို ဒယ်ဒီက





ဘာမှမသိတဲ့လူကို ဘာလို့အလုပ်ခန့်ထားတာလဲဟူသည့်မျက်လုံးများဖြင့် မျက်မှောင်ကြုတ်ကြည့်သည်။

အစည်းအဝေးမှာ လုပ်ငန်းကိစ္စအနည်းငယ်ပြောရင်း မြကျေးသို့ကိုလည်း အကဲခတ်လျက်ရှိသည်။

''အားလုံး ဒါရိုက်တာအဖွဲ့ဝင်တွေကို ပြောချင်တာက နောက်ထပ်လုပ်ငန်းတိုးချဲ့မယ့်ကိစ္စတွေကို သားကိုတာဝန်လွှဲပေးထားတဲ့အတွက် သားနဲ့တိုင်ပင်စေချင်တယ်၊ သူတင်ပြထားတဲ့ ပရောဂျက်လေးတစ်ခုရှိသို့ပါ၊ သူက အခုရောင်းအားတွေထက်လည်း ဈေးကွက်ချဲ့ထွင်ချင်တယ်၊ အဲဒါကိုတော့ သားနဲ့စေ့စပ်ပေးမယ့် ဥမ္မာခင်က ကူညီမှာပါ''

''ဦးအောင်တင် သမီး ဥမ္မာခင်ကိုပြောတာလား သူဌေး''

''ဟုတ်ပါတယ် သားနဲ့မကြာခင် စေ့စပ်ပေးမယ်၊ ပြီးရင် ခမ်းနားကြီးကျယ်တဲ့မင်္ဂလာပွဲကြီးလုပ်ပေးမှာပေါ့ဗျာ၊ နှစ်ဖက်အသိုက်အဝန်းအင်အားကလည်း ကြီးကျယ်တယ်မဟုတ်လား''

''ဟာ နေနဲ့လ ရွှေနဲ့မြ တင့်တယ်တာပေါ့ သူဌေးရယ်၊ ကျွန်တော်တို့ကလည်း အဲလိုဖြစ်စေချင်နေတာ သူဌေးရဲ့၊ နှစ်စီးပွားသာပေါင်းလိုက်ရင် ကျွန်တော်တို့ကို ဘယ်ကုမ္ပဏီမှ ယှဉ်နိုင်မှာမဟုတ်တော့ဘူး''

''မြန်မြန် လက်ထပ်ဖြစ်ဖို့သာလုပ်ပါ သူဌေး''

အားပေးသူတွေကြောင့် ဒယ်ဒီမျက်နှာက ပြုံးရွှင်နေသည်။ မြကျေးညို မျက်နှာလေးကတော့ အံ့သြရိပ်များနှင့် သူ့ကိုလှမ်းကြည့်နေ၏။ သူမမျက်လုံးများကို သူ ရင်မဆိုင်ချင်ပါ။

မျှော်လင့်ချက်တွေပေးခဲ့မိသလို ဖြစ်နေခဲ့သည်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



သူမကို စိတ်မဝင်စားဘဲ ဒီလိုအကူအညီတွေပေးမှာမဟုတ်ဘူးလို့ ထင်
မှာပါ။

ဒယ်ဒီက မြကျေးညိုရှေ့မှာ တမင်ကြေညာလိုက်သည်ဆို
သူ သဘောပေါက်ပါသည်။ ဒါပေမဲ့ သူ ဘာစောဒကတက်ရမှာ
အစည်းအဝေးခန်းကထွက်လာပြီး ရုံးခန်းထဲပြန်ရောက်ချိန် မြကျေးညို
ရော သူရော ဘာစကားမှ မပြောဖြစ်ကြဘဲ တိတ်ဆိတ်နေမိကြသည်

နေ့လယ်ထမင်းစားချိန်ရောက်သည့်တိုင်အောင် မြကျေးညို
သူ့မျက်နှာမကြည့်။

"မြကျေး ထမင်းမစားသေးဘူးလား။ ထမင်းစားချိန်ရောက်
ပြီ"

မြကျေး သူ့ကိုဘာမှပြန်မပြောဘဲ ထမင်းဘူးလေးတွေထည့်
ထားသော ခြင်းလေးကိုယူကာ ဝရန်တာဘက်ထွက်သွားသည်။ မြကျေး
စိတ်မကောင်းဖြစ်နေတာကို သိနေတာမို့ သူနောက်ကလိုက်သွားလိုက်
သည်။ သူထိုင်ဖို့အတွက် ထိုင်ခုံလေးတစ်လုံးတော့ မြကျေးညို ချထား

"ကိုယ်ရော စားရမှာလား မြကျေး"

"ပိုထည့်လာတယ် စားချင်စား။ ဟင်းကတော့ သူဌေးတွေ
စားတတ်တဲ့ဟင်းမဟုတ်ဘူး။ ဟင်းရွက်ကြော်တစ်မျိုးပဲပါတယ်"

"မြကျေး"

ဝမ်းနည်းမှုများနှင့် အသံလေးတုန်ခတ်စွာပြောနေသော မြကျေး
အနား မင်းဂုဏ်ရောင် ဝင်ထိုင်လိုက်သည်။ မြကျေးညို မျက်လုံးပင်
လှန်မကြည့်ပါ။ မြကျေး မျက်နှာလေးကို ရီဝေစွာငေးမောဖြစ်ပြီး

"မြကျေး စိတ်ကောက်နေတာလား"





"စိတ်ကောက်ရအောင် ရှင်နဲ့ကျွန်မ ချစ်သူတွေမှမဟုတ်တာ"

"မြကျေးရယ် ကိုယ်ဘယ်လိုပြောရမလဲ"

"ဘာမှမပြောနဲ့ ကျွန်မ ဘာမှမသိချင်ဘူး။ သူများတွေပြော
ဘာကြားဖူးတယ်၊ ကိုယ့်နေရာကိုယ်မသိရင် ပင်ပန်းတယ်တဲ့၊ ကျွန်မကို
စိတ်မဝင်စားဘဲ ဒီလိုတွေကူညီမှာမဟုတ်ဘူးလို့ စိတ်ကူးယဉ်ခဲ့မိတာ
ဘူးတာပဲ၊ ကျွန်မဘဝင်နည်းနည်းမြင့်တတ်ပေမယ့် အောက်ခြေတော့
လွှတ်ပါဘူး။ ကိုယ့်နေရာကိုယ်သိပါတယ်၊ ရှင်ဒါကြောင့် သူစိမ်းဆန်ဆန်
ဆက်ဆံနေတယ်ဆိုတာကို သတိမထားမိခဲ့တာတော့ ခံစားရတယ်"

"မြကျေးရယ် အဲလိုမဟုတ်ပါဘူး။ အဲလိုမဟုတ်ပါဘူး မြကျေး
ရယ်"

သိမ်ငယ်မှုတွေနှင့် ပြောနေတာကို စိတ်မကောင်းပေ။ တန်ဖိုး
ထား မြတ်နိုးစွာချစ်ခဲ့မိလို့ဆိုတာ ဘယ်လိုရှင်းပြရမလဲ။

ထမင်းလုတ်ကို ပါးစပ်ထဲမသွင်းချင် သွင်းချင်၊ မစားချင်စားချင်
နှင့် မျက်ရည်ရိပ်များ ရစ်ဝိုင်းနေသော မြကျေးကို ထွေးပွေ့ကာ နှစ်သိမ့်
လိုက်ချင်သည်။ ဒါပေမဲ့ ကိုယ့်ရင်တွေက သူမထက်အဆပေါင်းများစွာ
ကျွင်နေခဲ့ရတာပါ။

"မြကျေး"

"ကျွန်မကို ခဏခဏမခေါ်ပါနဲ့ သူဌေး၊ ဒီထမင်းကို မစား
နိုင်ရင် ဟိုတယ်ဖြစ်ဖြစ် သွားစားပါ"

"ကိုယ့်ကိုဘာလို့ရွဲ့နေတာလဲ မြကျေးရယ်၊ ကိုယ် ဒီနေရာ
ဒီရာထူးမှာပျော်မွေ့နေတယ်ထင်လို့လား"

"နေနဲ့လ ရွှေနဲ့မြ တင့်တယ်တဲ့မိန်းမတစ်ယောက်ကိုရှင် ဒီ



www.burmeseclassic.com

www.burmeseclassic.com



ထက်တောင် ပိုပြည့်စုံသွားဦးမှာ၊ မပျော်ချင်ယောင်မဆောင်ပါနဲ့ မင်းဂုဏ်ရောင်''

''ကိုယ်ကဘယ်အရာကိုမှ မက်မောတဲ့ကောင်မဟုတ်ဘူး မြကျေး မင်းကိုသာ မချစ်ခဲ့မိဘူးဆိုရင် ဒီရာထူးနဲ့ဒီမိန်းမက ကိုယ့်ဆီ ထဲရောက် လာမှာမဟုတ်ဘူး''

''ဘာ''

နားမလည်သလို မျက်နှာလေးမော့လာသော မြကျေးမျက်နှာလေးကို သူတဝကြီးကြည့်ကာ ရင်ဖွင့်ဖို့ဆုံးဖြတ်လိုက်သည်။ သူမ အထင်လွဲနေတာကို မခံစားနိုင်တော့လို့ပါ။

''ဟုတ်တယ် မြကျေး၊ မိသားစုရဲ့အဆင်မပြေမှုကြောင့် မင်း မချစ်တဲ့ယောကျ်ားတစ်ယောက်ကို မင်းလက်ထပ်လိုက်မှာ ကိုယ် စိုးရိမ်ခဲ့တယ်၊ ဒီလစာနဲ့ဒီအလုပ်ကိုမရရင် မင်းယောကျ်ားယူတော့မှာလို့ ပြောတာကြောင့် ဒီအလုပ်ကို ကိုယ်မလုပ်ချင်ဘဲ လုပ်ပြီး မင်းကိုအလုပ်ပေးဖို့ဆုံးဖြတ်ခဲ့တာ၊ အဲဒီအတွက် ဥမ္မာခင်နဲ့စေ့စပ်ပေးမယ်ဆိုတဲ့ ဒယ်ဒီ့ဆန္ဒကို ကိုယ်လက်ခံခဲ့ရတယ်''

''မင်းဂုဏ်''

''ဒယ်ဒီ့ကို အမြတ်မ်းဆန့်ကျင်တိုက်ခိုက် အရွဲ့တိုက်ပြီး နေလာခဲ့တဲ့ကိုယ့်ကို ဒယ်ဒီက အယုံအကြည်မရှိခဲ့ဘူး၊ အရာရာနားလည်တတ်ကျွမ်း ထက်မြက်နေတဲ့ ဥမ္မာခင်ကို လက်ထပ်မှ ဒီကုမ္ပဏီကြီးရဲ့လုပ်ပိုင်ခွင့်ပေးမှာတဲ့၊ မင်းအိမ်ထောင်မပြုဖို့အတွက် ကိုယ် ဒီကိစ္စကိုလက်ခံခဲ့ရတာ မင်းသိပြီလား''

သူမ ရင်ထဲနင့်ခနဲဖြစ်သွားရလေသည်။ ဒီယောကျ်ားက သူမ





အဲလောက်တောင် ချစ်ခဲ့တာတဲ့လား။ ရင်မှာရှိန်းဖိုနွေးမြလျက် တလှပ်လှပ်ဖြစ်လာခဲ့သည်။

ထိုယောကျ်ားရဲ့မျက်နှာကို မြတ်နိုးစွာ မမော့တမော့ပင် ငေးကြည့်ဖြစ်သွား၏။ ခုနက ရင်ဘတ်တစ်ခုလုံး နာကျင်နေသော ဝေဒနာတွေတဖြည်းဖြည်း ပျောက်ကင်းသွားခဲ့သလိုပင်။

''မပိုင်ဆိုင်ရဘဲ ဘာကြောင့် စွန့်စားခဲ့တာလဲ မင်းဂုဏ်''

''မင်းကိုချစ်လို့ပါ''

''ဘာလို့ချစ်တယ်လို့ ဖွင့်မပြောခဲ့တာလဲ''

''မင်းကိုမြတ်နိုးလို့ပါ မြကျေး''

''နာကျင်နေရမှာသိသိကြီးနဲ့ ရှင်ဘာလို့ ဒီလိုဆုံးဖြတ်ခဲ့တာလဲ''

''မင်းဘဝလေး အပျိုစင်လေးအတိုင်းလှပနေမယ်ဆိုရင် ကိုယ်နာကျင်ခံနိုင်ပါတယ်''

''ရှင့်ရှေ့မှာရှိနေရင်း ရှင့်ကိုငေးမောမျှော်လင့်ရင်း ကျွန်မလည်း နာကျင်နိုင်တယ်ဆိုတာ ရှင်မတွေးမိဘူးလား''

''အဲဒါကြောင့် မျှော်လင့်ချက်မပေးမိအောင် မင်းကိုခပ်စိမ်းစိမ်းနေဖြစ်နေတာပေါ့ မြကျေးရယ် ဒါပေမဲ့''

''မင်းဂုဏ်ရယ်''

ချစ်တတ်လွန်းသော ဒီယောကျ်ားရဲ့ရင်ခွင်ကို သူမတိုးဝင်ဖက်တွယ်ပစ်လိုက်သည်။ မပိုင်ဆိုင်ရလည်း မြတ်နိုးလို့တော့ရသည်မဟုတ်လား။

''မြကျေးရယ်''

သူမကိုယ်လေးကို နာကျင်သွားအောင် ခပ်တင်းတင်း မဖက်ရက်ပါ။ ခပ်ဖွဖွထွေးပွေ့ရင်းဖြင့် ဆံနွယ်လေးတွေကို နမ်းရှိုက်ကာ နှင်းသိမ့်



www.burmeseclassic.com

www.burmeseclassic.com



မိသည်။

အချစ်ကိုမွေးဖွားခြင်းနှင့် သေဆုံးခြင်းတစ်ပြိုင်တည်း ခံစားလိုက်ရတာကြောင့် အသည်းကွဲဝေဒနာထက်ပိုပြီး ပြင်းထန်စွာခံစားရသည်။

မလွမ်းဆဲ ဘယ်သူနေမှာလဲ။ နာကျင်မှုတွေက မင်းကြောင့် ချိုမြိန်နေပါတယ်။ ဝေဒနာတွေနဲ့ ပင်ပန်းရမယ်ဆိုရင်လည်း မင်းရဲ့အချစ်ကြောင့် ကိုယ်ခံနိုင်ရည်ရှိမှာပါ။

မင်းရဲ့မျက်ရည်တွေကပဲ ကိုယ့်ကိုအသေသတ်နိုင်တာပါ မြကျေးရယ်။

■ ■ ■

## အခန်း (၂၃)

"အခုတလော မင်းဂုဏ်ရောင်လာလည်းမကြို ပြန်လည်းမပို့တော့ဘူး။ ဘာဖြစ်လို့လဲ သမီး"

"သမီးက မကြိုနိုင်း မပို့နိုင်းတာပါ၊ သမီးတို့ ဆင်ခြင်သင့်တယ်ဆင်လို့ပါ"

"ဟင်"

"သူက လက်ထပ်ရတော့မယ့်သူတစ်ယောက်ပါ"

"ဩော် ချိချိနဲ့ပြောနေသလို သမီးကိုစိတ်ဝင်စားလို့ အကူအညီပေးနေတာမျိုး မဟုတ်ဘူးပေါ့၊ အေးပေါ့လေ အဲလို ဆင်ခြင်နေလိုက်တော့လည်း ကောင်းတာပေါ့ကွယ်၊ ဒီအလုပ်လေးရလို့ အိမ်မှာအဆင်ပြေလာတာအတွက်ပဲ ကျေးဇူးတင်လိုက်ပါ"

"သူ သူ သမီးကိုချစ်တယ်တဲ့ အမေ"

"ဟင် သမီး မြကျေး"



www.burmeseclassic.com

www.burmeseclassic.com



ငိုသံပါနှင့်ပြောလိုက်တာကြောင့် အထိတ်တလန့် ဖြစ်သွား သည်။ ဒီခံစားမှုက သမီးကလည်း ပြန်ချစ်နေသည်ဆိုသောအဓိပ္ပာယ်မျိုး ပဲမဟုတ်လား။ ပန်းလေးပုတ်ကာ နှစ်သိမ့်မိတော့ သမီးက မျက်ရည်တွေ ဖြိုကျလာကာ

"သူလက်ထပ်ရမှာ သမီးကို ဒီအလုပ်ခန့်ဖို့အတွက် သူ့အဖေ ဆန္ဒကို လက်ခံလိုက်ရတာတဲ့၊ သမီးအတွက်နဲ့ သူ ဒီလိုဆုံးဖြတ်လိုက်ရ တာ အမေ"

"သမီး"

"သူချစ်တယ်ဆိုတာ သိခွင့်ရလိုက်ရုံပဲရှိတယ်၊ သမီးတို့နှစ် ယောက်လုံး ရှေ့ဆက်တိုးလို့မရတော့ဘူး အမေ"

"သမီးလည်း သူ့ကိုချစ်နေခဲ့တာကိုး"

သူမ မျက်ရည်တွေကြောင့် အမေ နားလည်သဘောပေါက် သွားခဲ့ဟန်တူသည်။

သူမ မငိုချင်ပါ။ မျက်ရည်ကအလိုလို ကျလာတာ။

သူမ အမေ့ကို ရင်မဖွင့်သင့်ပါ။ ဒါပေမဲ့ ရင်ထဲမှာ တင်းကျပ် လွန်းလို့ဖွင့်အံထွက်လာတာ။

"အမေ"

"ဟင်"

"သမီး ဒီအလုပ်က ထွက်ရမလားဟင်"

"ဘာ ဘာလို့လဲ သမီးရယ်"

"သူလည်း အရမ်းမွန်းကျပ်နေတယ်၊ သူ့အဖေလက်အောက် မှာ သူမလုပ်ချင်ဘဲလုပ်နေရတာ၊ သူမချစ်တဲ့မိန်းမတစ်ယောက်ကို လက်





ထပ်ချင်ဘဲ လက်ထပ်ရမှာ အမေ၊ သူလည်း အရမ်းနာကျင်ထိခိုက်နေ ရတယ်"

"သူ့အတွက် စဉ်းစားပြီး အမေတို့အဆင်မပြေမှုတွေအတွက် ကျတော့ မစဉ်းစားတော့ဘူးလား သမီး၊ ဒီလိုအလုပ်မျိုးရဖို့ လွယ်သလား၊ ဒီလိုအဆင်ပြေလာဖို့ လွယ်သလား သမီး"

"အမေရယ် သမီး ဘယ်လိုလုပ်ရမလဲ"

သမီးရဲ့နာကျင်မှုများက ဒီအမေကိုပါ ကူးစက်လာသည်။ မိမိ တို့ဆင်းရဲချို့တဲ့လို့ သမီးလေး နာကျင်ခံစားရတာ။

ဒီလိုဆင်းရဲချို့တဲ့ရတာ တစ်ယောက်သောသူကြောင့်ပါ။ သမီး ခံစားနေရတာမြင်တော့ မိခင်တစ်ယောက်ရဲ့မေတ္တာဖြင့် ခင်ဝင်းသူဆိုသည့် မိန်းမကို ပိုပြီးမုန်းတီးလာမိသည်။

မိမိဘဝကို အပြောင်းအလဲဖြစ်အောင် လုပ်ခဲ့သူပါ။

"သမီးရယ် အဆင့်အတန်းလည်း မတူပါဘူး၊ စိတ်ကူးယဉ်နေရ မယ့်အချိန်လည်းမဟုတ်ပါဘူး၊ မပိုင်ဆိုင်ရမယ့်မတူတူ စိတ်ထဲကပါ ဖွန့် ဖွတ်လိုက်ပါ၊ သူလည်းသူ့ဘဝနဲ့သူ ပျော်သွားမှာပါ၊ သမီးလည်း မိသားစု ကိုပေးဆပ်နေတဲ့သူမို့ အချိန်ကြာလာရင် ဝေဒနာတွေ သက်သာသွားပါ သိမ့်မယ်နော် သမီး"

"ဟုတ်ကဲ့ သမီး အဲလိုကြိုးစားနေထိုင်ကြည့်မှာပါ အမေ"

"အေး အေး သမီး ရုံးသွားရတော့မှာဆို ပြင်တော့လေ၊ အမေ နှံ့ပွဲပြင်လိုက်မယ်နော် မုန့်လေးစားသွား"

သူမ အဝတ်အစားလဲဖို့အတွက် အိမ်ထဲဝင်လာခဲ့သည်။ ခဏ နေ ပြန်ထွက်လာတော့ ချိုချိုရောက်နေပြီး မုန့်စားနေ၏။

www.burmeseclassic.com



"သမီးရေ ချိုချိုဝိုင်းမှာ မုန့်ပွဲပြင်ထားတယ်နော် စားလိုက်ဦး ပြီးရင် ချိုချိုနဲ့အတူတူ ကားမှတ်တိုင်သွားလိုက်ပေါ့"

"ဟုတ်ကဲ့ အမေ"

ချိုချိုဝိုင်းကနုံမှာ ထိုင်လိုက်တော့ ချိုချိုက ရှုံးစမ်းသလိုကြည့် ကာ

"မင်းဂုဏ်ရောင် လာမကြိုဘူးလား မြကျေး"

"အင်း"

"ဘယ်လိုဖြစ်တာလဲ အရင်လာကြိုလိုက် လာပို့လိုက်နဲ့ ချိုနဲ့ သိပ်မဆုံပေမယ့် သတင်းကတော့ ကြားနေတာ"

"ဒီလိုပါပဲ ဒါနဲ့ဟိုလူကြီးရော ငြိမ်သွားပြီလား"

"ဘယ်ငြိမ်မှာလဲ၊ နေ့တိုင်းမက်ဆေ့ချ်တွေပို့ပြီး တကျီကျီနဲ့ ကြာ ရင် တို့နဲ့တောင်ငြိတော့မယ်တော့"

ချိုချို အပြောင်အနောက်စကားက ရယ်စရာကောင်းပေမယ့် သူမ ပြုံးပင်မပြုံးနိုင်ပေ။ မုန့်ဟင်းခါးကို မစားချင်စားချင်နှင့် နည်းနည်း ချင်း စားနေမိပြီး

"မြကျေး နင် ဘာတွေစဉ်းစားနေတာလဲ"

"ငါ ယောကျ်ားယူရမလားလို့"

"ဘာဟဲ့ မြကျေး ဘာပြောတာလဲ"

"ငါ ဒီအလုပ်ကိုမလုပ်ဘဲ အိမ်ထောင်ပြုရမလားလို့ပါ"

"ဒီအလုပ်က အဆင်ပြေတယ်မဟုတ်လား၊ လစာလည်း ကောင်းတယ်၊ အလုပ်လည်း မပင်ပန်းဘူးဆို၊ မင်းဂုဏ်ရောင်ဆီမှာ လုပ်ရတာ ဂရုစိုက်လည်းခံရတယ်မဟုတ်လား၊ သူ့မှာကြိုပေး ပို့ပေးနဲ့





ဘော်ရုံယောကျ်ားက မိန်းကလေးတစ်ယောက်ကို စိတ်မဝင်စားဘဲ အဲ လောက် အပင်ပန်းမခံဘူးနော် မြကျေး"

"အဲဒါကြောင့် ငါ ရုန်းထွက်လိုက်ချင်တာ ချိုချိုရယ်၊ သူ ငါ့ကိုချစ်တယ်တဲ့"

"ဟင် မြ မြကျေးက သူ့ကိုမချစ်နိုင်လို့လား၊ မင်းဂုဏ်ရောင် က အရင်ဂျလေဘီ အပေအတေမှမဟုတ်တာ၊ ဂုဏ်ဒြပ်နဲ့ချမ်းသာတဲ့ အသိုက်အဝန်းကဥစ္စာ၊ မြကျေးအတွက် နစ်နာစရာမှမရှိတာ"

"သူ့အတွက်တော့ နစ်နာနေရတယ်၊ ငါ့ကိုချစ်မိတဲ့အတွက် သူမချစ်တဲ့မိန်းမကို ယူရတော့မှာ"

"ဟင် မြကျေးရယ် ဘာတွေပြောနေတာလဲ နားကိုမလည် တော့ဘူး"

ချိုချိုမျက်နှာရှုံ့မဲ့ပြီး ခေါင်းကုတ်နေသည်။ မြကျေးလည်း တစ် ယောက်ကိုရှင်းပြတိုင်း တစ်ခါနာကျင်နေရတာမို့ လူက လှုပ်ပင်မလှုပ် ချင်တော့။ နေရာကထရပ်လိုက်ကာ

"မစားချင်တော့ဘူး၊ သွားရအောင် ချိုချို"

"ဟယ် ဒီမှာစားလို့တောင် မပြီးသေးဘူး"

"စားမနေနဲ့တော့ လာ"

မြကျေး ထထွက်လာတော့ ချိုချို ထလိုက်လာသည်။ လမ်းထိပ် ကားမှတ်တိုင်ထိ ရောက်အောင် လမ်းလျှောက်ရဦးမှာပါ။ လမ်းတစ်ဝက် လောက်အရောက်မှာ မင်းဂုဏ်ရောင်ကားက သူမတို့ရှေ့ကို ကျွီခနဲ ထိုးရပ်လာသည်။

"ဟယ် အဆင်လေး အလန်းလေးတော့၊ အရမ်းမိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်က ဆင်းလာသော မင်းဂုဏ်ရောင်က ချိုချိုကို ဂရု မစိုက်ဘဲ မြကျေးညို့ရှေ့မှာ ပိတ်ရပ်လိုက်သည်။

"မြကျေး ကားပေါ်တက်"

"ဟင့်အင်း"

"မြကျေး အရင်နေ့ကလည်း ကိုယ့်ကိုလိုက်မပို့နိုင်းဘူး၊ လာ မကြိုနိုင်းဘူး။ မြကျေး ဘာကြောင့် ဒီလိုလုပ်နိုင်းတယ်ဆိုတာ ကိုယ်သိ ပါတယ်၊ ဒါပေမဲ့ အခုကားနဲ့လိုက်ခဲ့ပါကွာ၊ မင်းလိုင်းကားနဲ့သွားလာနေ တာကို ကိုယ် စိတ်ချတယ် ထင်နေလား"

"ကျွန်မတို့ ဘာမှမဆိုင်ကြတာ ဘာကိုစိတ်မချဖြစ်နေတာလဲ ကိုယ့်ဘဝကိုယ့်လမ်း နောက်ဆံမတင်းဘဲ အပြစ်ကင်းကင်းလျှောက်ပါ မင်းဂုဏ်"

"မြကျေးရယ် စကားလုံးတွေနဲ့ မနှိပ်စက်ပါနဲ့၊ ကိုယ်မလျှောက် ချင်တဲ့လမ်းကို ဖြောင့်ဖြောင့်တန်းတန်း လျှောက်နိုင်ပါ့မလား၊ မင်းအဲ့ဒီ တွေပြောတာ ကိုယ့်ရင်တွေ အရမ်းနာကျင်ရတယ် မြကျေး"

"ကျွန်မရော ဒီလိုပြောနေရတာ မနာကျင်ဘဲနေမှာလား မင်းဂုဏ်၊ ဒါပေမဲ့ ကျွန်မတို့ဆင်ခြင်သင့်တယ်လေ မဟုတ်ဘူးလား မင်း ဂုဏ်၊ ရှေ့ဆက်တိုးလို့မှ မရတာ မင်းဂုဏ်ရယ်"

သတိပေးစကားဆိုနေသော် မြကျေးညို့အသံတွေက တုန်ခါ နေသည်။ စကားပြောပြီး ချိုချို လက်ကိုဆွဲကာ

"သွားရအောင် ချိုချို"

ချိုချို လက်ကိုဆွဲ၍ မြကျေးညို ထွက်သွားသည်။ သူ့ကား ဆင်ခြင်သင့်သည်ဆိုပြီး မစီးတော့တာ ရင်ထဲမကောင်း။





သူမတို့နောက်ကနေ ကားလေးကိုဖြည်းညင်းစွာမောင်း၍ လိုက် လာခဲ့သည်။ ကားမှတ်တိုင်ကိုရောက်တော့ လူအုပ်ကြားမှာတိုးခွေ၍ ကား ပေါ်အလုအယက်တက်နေသော်လည်း သူမ ဘယ်လိုမှ တက်မရဘဲ ရှိနေခဲ့သည်။

လူတွေကလည်း အလျင်လိုနေသည်မို့ မိန်းကလေးပဲဆိုပြီး သူမကို အရေးလုပ်မနေကြ၊ သူမကိုတိုးဝှေ့ကာ ကျော်တက်သွားကြသည်။

နေရောင်ရှိန်ရှိန်အောက် သူမမျက်နှာလေး ချွေးများပင်စို့နေ၏။ ကြည့်နေရတာ ဘယ်လိုမှ စိတ်မချမ်းသာတော့။

ချိုချိုက တစ်နေရာစီမို့ တခြားကားနှင့်ပါသွားသည့်အချိန်မှာ ကားကိုလမ်းဘေးရပ်ထားခဲ့ကာ သူမလက်ကို သွား၍ ဆွဲခေါ်လာခဲ့သည်။

"မြကျေး လာ ကားပေါ်ကို မင်းတော်တော်နဲ့တက်လို့ရမှာ မဟုတ်ဘူး"

"ဟင့်အင်း"

"မြကျေး မင်းခေါင်းမမာစမ်းပါနဲ့ကွာ လာပါ၊ လူတွေကြည့်နေ တယ်၊ ငါ လက်ဆွဲခေါ်နေတာ မရှက်ဘူးလား"

"ရှင်"

"မင်းပြောချင်တာ ကားပေါ်ရောက်မှပြော လာ"

သူမ ရုန်းနေပေမယ့် လက်ကိုတင်းတင်းဆွဲကာ မလွှတ်ဘဲ ခေါ်လာခဲ့သည်။ ကားတံခါးဖွင့်ကာ သူမကို တွန်းတင်ပြီး မောင်းထွက် လာခဲ့၏။ သူမမျက်နှာလေး မရွှင်လန်းဘဲ သုန်မှုန်နေသည်။

"မြကျေး အရင်လိုပဲ ပေါ့ပေါ့ပါးပါး ပျော်ပျော်နေပါ၊ မင်း ဒီလိုပုံစံဖြစ်နေတော့ စိတ်မချမ်းသာဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ရော စိတ်ချမ်းသာနေသလား မင်းဂုဏ်"

"ကိုယ်ရွေးချယ်ထားတဲ့အနေအထားတစ်ခုကို ကိုယ်မကျေမနပ် ဖြစ်နေလို့မှမရတော့တာ မြကျေးရယ်"

"အဲဒါကြောင့် ကျွန်မတို့ဆင်ခြင်နေမှဖြစ်မှာပေါ့၊ မဟုတ်ရင် ရှင့်အဖေနဲ့ရှင်ယူမယ့်မိန်းမက နားလည်ပေးမှာလား လက်သင့်ခံမှာလား"

"ဒါပေမဲ့ မြကျေးရယ် ကိုယ်ဘယ်လိုမှ"

"အဲဒီဆင်ခြေတွေကြားမှာ ကျွန်မတို့နှစ်ယောက်လုံး ပင်ပန်းနေကြရပြီ၊ ရှင် ကျွန်မကို ချစ်တာ ကျွန်မသိတယ်၊ ကျွန်မလည်းရှင့်ကို ချစ်တယ် မင်းဂုဏ်"

"မြကျေး"

"ဒါပေမဲ့ဆိုတာနဲ့ပဲ အဆုံးသတ်နေရမှာ၊ ကျွန်မတို့စည်းတစ်ခု ခြားနေတယ်လေ၊ ကျွန်မက မိသားစုအဆင်ပြေဖို့ ရုန်းမထွက်နိုင်ဘူး ရှင်က ကျွန်မဘဝအတွက် ရှင့်နှလုံးသားကိုပေးဆပ်ထားတယ်၊ အဲဒီ အတွက် ကျွန်မတို့နှစ်ယောက်ရဲ့အချစ်က မှန်မြတ်နေပါပြီ"

"မင်းအရမ်းရင့်ကျက်လာတယ် မြကျေး"

"အချစ်ကသင်ပေးတဲ့ သင်ခန်းစာကြောင့်ပါ"

သူမအဖြေ စကားလေးက ချစ်စရာကောင်းပါသည်။ ဒီမိန်း ကလေးကို သူ ဘာကြောင့်များ စွန့်လွှတ်ဖို့ဖြစ်လာတာပါလဲ။

ကုမ္ပဏီထဲကို နှစ်ယောက်သား ယှဉ်တွဲဝင်လာသည့်အခါမှာ အားလုံးရဲ့မျက်လုံးများက ဝေဖန်မှုတွေနှင့်ဖြစ်သည်။ သူမအနေကျ စိတ်ပင်ပန်းနေမှာ သေချာပါသည်။

ရုံးခန်းထဲရောက်ပြီး ခဏအကြာမှာ ဒယ်ဒီက ဦးမှာခင်ကိုခေါ်





ပြီး ရောက်လာခဲ့သည်။ ဒယ်ဒီက ဝင်ဝင်ချင်း မြကျေးညိုကိုမျက်လုံးစွေ ကြည့်လိုက်၍ ဘာများပြောမလဲဆိုပြီး သူမအတွက် စိုးရိမ်သွားသည်။

ဒယ်ဒီက ရှေ့ကဆိုဖာခုံမှာဝင်ထိုင်တော့ သူလည်း ဆုံလည်ခုံက နေ ထလာခဲ့ရသည်။

မြကျေးညိုကတော့ ဘေးနားမှာ အရိုအသေလေးနှင့်ရပ်နေ၏။ အလိုမကျ စိတ်တိုင်းမကျမှုများဖြင့် မျက်မှောင်ကြုတ်နေသော ဒယ်ဒီက ရှေ့မှာရှိသော မှန်စားပွဲကိုဖြန်းခနဲ ပုတ်လိုက်ပြီး

"မင်းက ဈေးကွက်ချဲ့ဖို့ ကြော်ငြာအားအများကြီးသုံးထားတော့ ငြိမ်းရမယ့်အကျိုးအမြတ်က အရင်းတောင်မကျေဘူး၊ မင်းရောက်လာမှ အရှုံးပေါ်တယ်ဆိုပြီး ဒါရိုက်တာအဖွဲ့ဝင်တွေ ဝေဖန်နေကြတာရော မင်း သိလား"

"ရှုံးခဲ့ရင်တောင် ဒီတစ်ကြိမ်ပဲရှိမှာပါ ဒယ်ဒီ၊ ကြော်ငြာတင် လိုက်တဲ့အတွက် ရောင်းအားတက်လာတာက နောက်အချိန်အတွက် အကျိုးအမြတ်ကြီးပဲမဟုတ်ဘူးလား"

"မင်းက ဆင်ခြေပေးတော်တော်ကောင်းတာပဲ၊ ငါတို့လုပ်လာ ခဲ့တာ ကြော်ငြာကိုကိုယ့်အရင်းထဲကပါအောင် မလုပ်ခဲ့ဘူး၊ အခု ရာနိုင် နှုန်းဘယ်လောက်များတယ်ဆိုတာ မင်းသိလား၊ မင်းက ဝင်ငွေတိုးအောင် လုပ်ဘဲ ဆုံးရှုံးအောင်လုပ်နေတာပဲ၊ နောက်မင်းလုပ်ချင်တာရှိရင် ဦးမှာ ခင်နဲ့တိုင်ပင်ပြီးလုပ်ပါ၊ မင်းရဲ့စက္ကူထရိုကလည်း ဘာမှနားလည်တာမဟုတ် ဘူး ဒီနေ့ကစပြီး ဦးမှာခင်ရဲ့စီမံမှုအောက်မှာ မင်းတို့လုပ်ပါ"

"ဒယ်ဒီ"

မာနကြောင့် ဝင့်ထည်စွာပြုံးနေသော ဦးမှာခင်ကို တစ်ချက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကာ ဆတ်ဆတ်ခါသွားသည်။ သူ့ကိုမိန်းမတစ်ယောက်လောက်တော
တန်ဖိုးမရှိဘူးလို့ ပြောလိုက်တာပဲမဟုတ်လား။ သတင်းအစအနမျာ
ကြောင့် ဉမ္မာခင်ကို သူနှင့်တရင်းတနှီးရှိပြီး မြကျေးညို့ကို အနားကပ်လ
မရအောင် လုပ်ချင်တာလည်းပါပေမည်။

ဒယ်ဒီက သူ့ခံစားမှုကို ဂရုမစိုက်ပါ။

"ဘာလဲ မင်းက ကုမ္ပဏီအလုပ်တွေနဲ့ပတ်သက်ပြီး ဘယ်
လောက်တောင် တတ်မြောက်ကျွမ်းကျင်နေလို့ မသင်ယူချင်ရတာလဲ
သူကမင်းနဲ့လက်ထပ်ရမယ့်သူ၊ အောက်ကျတယ်လို့ ထင်စရာအကြောင
မရှိဘူး"

"မဟုတ်သေးဘူး ဒယ်ဒီ၊ ကျွန်တော့်ကိုစောင့်ကြည့်လေ့လာ
အကဲခတ်ပါဦး၊ နုလပိန်းတုံးတစ်ယောက်လို မိန်းမတစ်ယောက်ဆီက
သင်ယူနိုင်းနေတာ ကျွန်တော့်မာနကို ထိခိုက်ပါတယ် ဒယ်ဒီ၊ ဒယ်ဒီဆိုရ
ရော မိန်းမတစ်ယောက်ကို အဲလိုအောက်ကျခံနိုင်မလား"

"အောင်မာ မင်းကများ ဖအေကို ပြန်မေးနေသေးတယ်
မင်း က ဘယ်လောက်သောက်သုံးကျတဲ့ကောင်မို့လဲ ကဲ"

"ခွပ် ခွပ်"

"အန်ကယ်"

"ဟယ် မင်း မင်းဂုဏ်"

နှစ်ချက်ဆင့်ထိုးခံလိုက်ရ၍ မင်းဂုဏ်ရောင် ယိုင်လဲကာ နှုတ
ခမ်းနားတစ်ဝိုက် နီရဲသွားသည်။ နှာခေါင်းထဲကသွေးစက်တို့လည်း ထွက
လာ၏။ မြကျေးညို စိုးရိမ်စိတ်များနှင့်ပြေးထူမည့်အချိန်မှာ ဦးနေဂုဏ
ရောင် မျက်မှောင်ကြုတ်ကြည့်လိုက်သည့်အတွက် နေရာမှာတင်ရပ်လျက





တုတ်တုတ်မျှမလှုပ်ရဲဖြစ်သွားသည်။

"မိန်းကလေး မင်းစိုးရိမ်ပူပန်စရာမလိုဘူး၊ သူ့ဖနီးလောင်းက
မြဲလိမ့်မယ်၊ မင်းလည်းဂရုစိုက်ပါ။ လုပ်ငန်းကိစ္စကလွဲရင် သူနဲ့တရင်း
တနှီး လက်ပွန်းတတီးမနေပါနဲ့၊ ငါတို့အသိုက်အဝန်းက ကိုယ့်အဆင့်
အတန်းကိုယ့်ဂုဏ်သိက္ခာနဲ့နေကြတာ၊ လူပြောစရာ မေးငေါ့စရာအဖြစ်
ခံနိုင်ဘူး နားလည်လား"

"ရှင် ဟုတ် ဟုတ်ကဲ့"

"ဒယ်ဒီ သူ့ကိုဒယ်ဒီ ဘာမှပြောစရာမလိုဘူး၊ သူ့ကိုစကားလုံး
တွေနဲ့မတိုက်ခိုက်ပါနဲ့ ဒယ်ဒီ"

"အောင်မာ မင်းက"

"အန် အန်ကယ် မလုပ်ပါနဲ့တော့ အန်ကယ်ရယ်၊ မင်းဂုဏ်
လည်း ကိုယ့်အဖေဒေါသထွက်နေချိန်မှာ ဘာမှမပြောပါနဲ့ နှာခေါင်းက
သွေးထွက်နေပြီ ခင်လုပ်ပေးမယ်နော်၊ ဘောက်စ်ထဲမှာ ဆေးသေတ္တာ
ရှိတယ်မဟုတ်လား"

ဉမ္မာခင်က ဦးနေဂုဏ်ရောင်လက်ကို ဆွဲထားပြီးမှ မင်းဂုဏ်
ရောင်ကို ပြောသည်။ မင်းဂုဏ်ရောင် မျက်နှာက ချာခနဲတစ်ဖက်လှည့်
သွားလျက်

"နေပါစေ ဒီဒဏ်ရာလောက်က ရိုးနေပါပြီ၊ ဖအေက သားကို
သွေးထွက်အောင် ဆုံးမနေကျပါ"

"မင်းက နာနေလား။ ငါ မင်းကိုကောင်းစေချင်လို့ ဆုံးမနေတာ၊
ဉမ္မာခင်လောက်တောင် အရည်အချင်းမရှိဘူး။ သူ့လောက်တော်နေရင်
မင်းကို သူ့စီမံမှုကို နာခံနိုင်းပါ့မလား၊ ကိုယ်တိုင်လည်း အရည်အချင်း



www.burmeseclassic.com

www.burmeseclassic.com



မရှိဘဲ ခန့်ထားတဲ့"

"ဒယ်ဒီ တော်ပြီဗျာ"

မင်းဂုဏ်ရောင်က မြကျေးညိုကို လုံးဝအပြောမခံ။ ဥမ္မာခင်က မင်းဂုဏ်ရောင်နှင့်မြကျေးညိုကိုကြည့်ကာ သဘောပေါက်သွားသလိုရှိ

မြကျေးညို အနေကျုံ့လျက် အပြစ်ရှိသူတစ်ယောက်လို ဘာ မှန်းမသိ မျက်နှာပျက်နေမိသည်။

ဦးနေဂုဏ်ရောင် တက်ခေါက်ကာ ထွက်သွားတော့ မင်းဂုဏ် ရောင် ဆိုဖာခုံပေါ် အရုပ်ကြိုးပြတ် ပစ်ထိုင်ချလိုက်သည်။ ဥမ္မာခင်က အနားကပ်သွားကာ

"ရေခဲအုပ်လိုက်မှ ထင်တယ်၊ ဒဏ်ရာက ဖူးရောင်လာပြီ"

"ကျွန်တော့် စက္ကူထဲရီလုပ်ပေးလိမ့်မယ်၊ မြကျေး ရေခဲသေတ္တာ ထဲက ရေခဲယူပြီး အဝတ်နဲ့လုပ်ပေးပါ"

"ရှင် ဟင်"

"ယူခဲ့ပါ တို့လုပ်ပေးမယ်"

"ဟင့်အင်း မြကျေး ယူခဲ့ပါ မင်းလုပ်ပေး"

မင်းဂုဏ်ရောင် အရွဲ့တိုက်နေသလိုပင်။ ဥမ္မာခင် မျက်နှာ အားနာပါးနာပင်မရှိဘဲ မြကျေးညိုကို ဖွတ်အတင်းလုပ်ခိုင်းနေသည်။

မြကျေးညိုမှာ မင်းဂုဏ်ရောင်ကိုသနားပြီး လုပ်ပေးချင်ပေမယ့် ဥမ္မာခင်ရှေ့မှာ စည်းမကျော်ရဲဘဲဖြစ်နေခဲ့သည်။ ဥမ္မာခင်က နှစ်ယောက် လုံးကို မျက်လုံးပင့်လှန်ကြည့်လျက် မကျေမနပ်ဖြင့် အခန်းထဲက ထွက် သွားလေသည်။

"မင်းဂုဏ် ရှင်ဘယ်လိုလုပ်လိုက်တာလဲ၊ ဥမ္မာခင် တစ်မျိုး





ထင်သွားပြီ"

"ထင် ထင်ကွာ"

"ရှင် ရှင့်ဒယ်ဒီကိုအရွဲ့တိုက်တာလား၊ ဥမ္မာခင်ကို မကျေမနပ် ဖြစ်နေတာလား"

"နှစ်ခုလုံးပဲ"

"အရင်တည်းက ရှင့်အဖေဆက်ဆံရေးက အဲဒီအတိုင်းပဲလား ဟင်"

"ဟုတ်တယ် အဲဒါကြောင့် ကိုယ့်မာနနဲ့ကိုယ် ဖြစ်သလိုနေခဲ့ တာ၊ ကိုယ်အပြောအဆိုမခံချင်ဘူး၊ နှိမ့်ချတာ မခံချင်ဘူး၊ ဖြစ်နိုင်ရင် ကိုယ့်ခြေထောက်ပေါ်ပဲ ကိုယ်ရပ်ချင်တာ"

"ကျွန်မကြောင့် ရှင်ဒီလိုလုပ်ခဲ့တာ စိတ်မကောင်းဘူး မင်းဂုဏ် ရယ်၊ ကျ ကျွန်မအလုပ်ထွက်လိုက်တော့မယ်"

"မြကျေး"

"ရှင် နာကျင်နေတာ ကျွန်မထပ်တူထပ်မျှ ခံစားနေရတယ် မင်းဂုဏ်၊ ကျွန်မ ယောကျ်ားတစ်ယောက်နဲ့ အိမ်ထောင်ပြုလိုက်တာကမှ တော်ပါသေးတယ်"

"တော် တော်တော့ မြကျေး၊ မင်းယောကျ်ားမယူရအောင် နှလုံးသား ငါ့ဘဝကို ငါ့ဘာသာနင်းခြေထားရတာ၊ မင်းအဲလို ဆုံးဖြတ် တော့သလား၊ အဲလိုလုပ်ရက်သလား"

"နှစ်ယောက်လုံး နာကျင်ရမယ့်နည်းလမ်းကို ဘာလို့ရွေးချယ် ရတာလဲ မင်းဂုဏ်ရယ်၊ ရှင် ဒီလိုနာကျင်နေတာ မြင်နေရရင် ကျွန်မ သေလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မြကျေးရယ်"

ငိုချလိုက်သော မြကျေးကိုယ်လေးကို သူ ထွေးဖက်ပစ်လိုက်သည်။

"မငိုပါနဲ့ မငိုပါနဲ့ မြကျေးရယ်၊ မင်းမျက်ရည်တွေက ကိုယ့်ရင်တစ်ခုလုံးကို ပူလောင်စေပါတယ်၊ ကိုယ့်ကိုနားလည်ပေးပါ မြကျေး မြကျေးဘဝလေး ဒီအတိုင်းလေးနေပေးပါ၊ အပျိုစင်ဘဝလေးနဲ့ လှလှပလေးနေပေးပါ မြကျေးရယ်နော်၊ ဘာလို့ ကိုယ့်တဝကိုယ်ရောင်းစားမှာလဲ မပြည့်စုံလို့ လက်ထပ်လိုက်ရင် မင်းကိုတယ်သူကမှ တန်ဖိုးထားမှာမဟုတ်ဘူး၊ အဲဒါကို ကိုယ်ကစိုးရိမ်တာပါ၊ ကိုယ်တို့ယောက်ျားတွေအကြောင်းကို ယောက်ျားအချင်းချင်းပဲသိတယ်"

တန်ဖိုးထားတဲ့သူဆိုရင်တော့ ဖြစ်သလားလို့ သူမ မေးမနေချင်တော့။ မင်းဂုဏ်ရောင်အတွက်ပဲဖြစ်ဖြစ် သူမပြန်ပေးဆပ်ဖို့ ဆုံးဖြတ်လိုက်သည်။ မင်းဂုဏ်ရောင်က မျက်နှာတည်တည်လေး ဖြစ်သွားသော မြကျေး ပခုံးပေါ် ခေါင်းလေးမှီတင်၍

"အဲဒီအကြောင်းတွေ ဘာမှမပြောပါနဲ့နော်၊ အခု ကိုယ်ဒဏ်ရာ အရမ်းနာနေတယ် လုပ်ပေးနော်၊ သွားတွေတောင် နဲ့ကုန်ပြီလား မသိဘူး"

ချွဲနွဲ့စွာပြောလာတော့ မြကျေးညို မနေနိုင်၊ ရေခဲရေနှင့် အဝတ်ကိုယူပြီး ဖွဖွလေးအုံပေးလိုက်သည်။ သူ့အဖေ ဒီလိုရက်စက်တတ်ပုံမျိုးနှင့် မင်းဂုဏ်ရောင် မလွယ်ပါ။ မျက်နှာလေးရှုံ့မဲ့သွားတော့ တကျွတ်ကျွတ်ချော့မြူရင်းဖြင့်

"အရမ်းနာနေလားဟင်"





"အင်း ဒါပေမဲ့ မင်းလက်နဲ့ထိလိုက်တော့ မနာတော့ဘူး"

"ရှင် အဲလိုတွေမပြောပါနဲ့၊ ကျွန်မတို့ ဒီအပြော ဒီအပြုအမူတွေမှာ သာယာနေလို့ မဖြစ်တော့ပါဘူး"

"သတိတွေပေးနေတာလား မြကျေးရယ်"

"ရှင်ရွေးချယ်ထားတဲ့အခြေအနေပဲလေ၊ ကျွန်မအတွက် ရှင်နာကျင်ခံနေတာမဟုတ်လား"

"ဒါတော့ ဒါပေါ့ ဒါပေမဲ့"

"ရှင့်ကိုမနာကျင်စေချင်ပါဘူး၊ ရှင့်ကိုအရင်လို လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါးပဲနေစေချင်တယ်၊ ကျွန်မနဲ့မတွေ့ခင်ကအချိန်တွေကို ပြန်ရောက်စေချင်တယ်၊ ကျွန်မ ကြိုးစားပါ့မယ် မင်းဂုဏ်"

ဘယ်လိုအဓိပ္ပာယ်နှင့် ပြောလိုက်မိသည်ဆိုတာ သူမဘာသာပဲ သိသည်။ မင်းဂုဏ်ရောင်က သူမလက်ကလေးကို ထွေးဆုပ်ကိုင်လာတော့ နောက်ဆုံးလိုက်လျောခြင်းအနေဖြင့် သူမ မရုန်းဖယ်မိ။

မိမိချစ်သော ယောက်ျားတစ်ယောက်ရဲ့ထိတွေ့မှုကို သူမ မငြင်းဆန်ချင်ပါ။ သာယာနစ်မြောပြီး အချစ်တွေ ခံစားလိုက်မျှင်သည်။ ဒါပေမဲ့ မင်းဂုဏ်ရယ် ကျွန်မတို့နှစ်ယောက်ရဲ့အချစ်က ဘယ်လိုမှပေါင်းစပ်လို့မှ မရတာ။

ဒီအချစ်တွေဟာ ဒီမှာတင်ပဲ . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"သား သားမျက်နှာ ဖူးယောင်လို့ပါလားကွယ်၊ သားဘယ်သူ့
ရန်ဖြစ်လာတာလဲ စကားများလာတာလဲ"

"ထုံးစံအတိုင်းပေါ့ သမီး"

"သား သား ဒယ်ဒီဆိုးလိုက်တာလား၊ ကုမ္ပဏီမှာ ဖြစ်ကြတာ
လား သား"

သူ ခေါင်းညိတ်ပြတော့ မာမီ့မျက်နှာတင်းသွားသည်။ သူ့မ
လေးကို ဖွဖွရွရွလေး ဆုပ်ကိုင်ပြီး

"သား ဒယ်ဒီကတော့ ပြောကိုမပြောချင်တော့ဘူးကွယ်။ ကုမ္ပဏ
ကို မလုပ်တော့လည်း မလုပ်လို့အပြစ်ရှာ၊ လုပ်တော့လည်း ပြဿနာရှာနဲ့
ဝန်ထမ်းတွေရှေ့မှာ ဒီလိုဆုံးမနေရင် ဘယ်သူက လေးစားတော့မှာလဲ"

"သားတော့ ဒယ်ဒီကို အရမ်းကိုစိတ်နာနေပြီ မာမီ၊ မာမီ
ဘယ်လိုများ ဒီလိုမျိုးခေါ်သဖြစ် ခြေပါလက်ပါ ဆူပူမာန်မဲနေတဲ့ ယောကျ်ား





ကို သည်းခံပေါင်းသင်းနေခဲ့တာလဲ"

"အဖေကို ဒီလိုမပြောရဘူး သား။ မိန်းမသားဘဝရဲ့ဆုံးရှုံးနစ်နာ
မှုဆိုတာ ဒါကိုပြောတာ၊ လင်ယောကျ်ား ဆိုးဆိုးကောင်းကောင်း မူးမူး
ရူးရူး ရိုက်ရိုက်နှက်နှက် သားသမီးသံယောဇဉ်တွေ နှောင်ကြိုးတွေနဲ့
သည်းခံခွင့်လွှတ်နားလည်ပေးပြီး ပေါင်းသင်းနေရတာပဲ"

သူ လက်မခံနိုင်သလို ခေါင်းကိုယမ်းပစ်လိုက်ကာ

"မာမီမှာ အားနည်းချက်တစ်ခုရှိလို့ ငယ်နိုင်ကိုင်ထားရင်းနဲ့
ဒယ်ဒီအနိုင်ကျင့်နေခဲ့တာမဟုတ်လား မာမီ၊ ဒယ်ဒီ စိတ်ရင်းမဆိုးတာ
သားသိတယ်၊ အနိုင်ကျင့်ရလို့ အနိုင်ကျင့်နေတာ၊ သားကအဆစ်ပါသွား
တာမဟုတ်လား မာမီ ဟုတ်တယ်မဟုတ်လား"

သားသိလျှင် သိမ်ငယ်မှုတွေဖြစ်ရမှာစိုး၍ ဝန်မခံချင်ပါ။ အပြစ်
ကို ဝန်မခံရဲလို့မဟုတ်၊ အတိတ်မှာထားခဲ့လို့ရပါလျက်နှင့် ပြန်ပြီး အသစ်
မဖြစ်ချင်တော့လို့ပါ။

"ဘာမှမဟုတ်ပါဘူး သားရယ်၊ မာမီက ဆင်းရဲခဲ့တော့ သူ
အနိုင်ယူစရာဖြစ်နေမှာပေါ့၊ သူက မာမီထက် အများကြီးပြည့်စုံတဲ့လူ
တစ်ယောက်လေ"

"မိဘတွေ သဘောမတူတဲ့ကြားက ချစ်လို့လက်ထပ်ခဲ့တာဆို၊
ဒါကိုအပြစ်လုပ်နေတာ ဒယ်ဒီ တရားသလား၊ ဆင်းရဲချို့တဲ့လို့ လက်
မထပ်ချင်ရင် အစတည်းက လက်မထပ်နဲ့ပေါ့၊ အခုမှ တိုက်ဆိုင်မှုရှိတိုင်း
နှိမ့်ချတိုင်းတွာနေတာ ယောကျ်ားကောင်းတစ်ယောက်ရဲ့အပြုအမူ လုပ်ရပ်
တွေမဟုတ်ဘူး မာမီ"

"ကဲပါ သားရယ် သား အဲလိုတွေ ဖအေကိုပြောနေရင် သားပဲ



www.burmeseclassic.com

www.burmeseclassic.com



ငရဲကြီးမှာ၊ ဒီလိုလုပ် သား၊ ဒီတစ်ပတ် ကုမ္ပဏီပိတ်ရက်ကျရင် မာမီနေခဲ့တဲ့ ပြည်မြို့ကို ကထိန်ခင်းဖို့အတွက် ကထိန်သွားလျှောက်မလို့ သားစိတ်ပြေလက်ပျောက် ဖြစ်သွားအောင် မာမီ့ကိုကားမောင်းပို့ရင်း လိုက်ခဲ့နော်''

''အာ သား မလိုက်ချင်ပါဘူး မာမီရာ၊ သားက''

''ကဲ သား၊ မာမီက သားကိုစိတ်ပြေလက်ပျောက်လေးဖြစ်စေချင်လို့ပါ၊ သားဒယ်ဒီနဲ့တစ်ရက်လောက် မတွေ့ရတော့လည်း စိတ်အေးချမ်းသာတာပေါ့ သားရယ်၊ စိတ်ညစ်စရာတွေများရင် ခရီးထွက်ပေးရတယ် သားရဲ့၊ အဲဒါဆို စိတ်က တစ်မျိုးပြောင်းသွားရော မဟုတ်ဘူးလားသား''

''စိတ်ပြောင်းလည်း အခြေအနေကတော့ ပြောင်းမှာမဟုတ်ဘူး မာမီရယ်၊ ဒယ်ဒီက ဘယ်ချိန်တုန်းကမှ မိန်းမနဲ့သားရဲ့ဆန္ဒကိုလိုက်လျောဖူးလို့လဲ၊ သူဖြစ်ချင်တာတွေ သူ့ဆန္ဒတွေအတိုင်းပဲ လုပ်ခဲ့တာ''

''အေးပါ သားရယ်၊ ဘယ်လိုပဲဖြစ်ဖြစ် မိဘက မိဘပါပဲ၊ မာမီအတွက်လည်း သူက လင်သားတစ်ယောက်ပဲလေ၊ မိဘကိုမပြစ်မှားမိအောင် မစော်ကားမိအောင်နေပါ သားရယ်နော်၊ မေမေနဲ့သာ လိုက်ခဲ့ဟုတ်လား သား''

''ကုမ္ပဏီအလုပ်တစ်ဖက်နဲ့ မာမီရာ''

''နေ့ချင်းပြန်လို့ရတာပဲ သားရယ်၊ မနက်စောစောထမောင်းသွားလိုက်ရင် နေ့လယ်စာစားချိန်အမီရောက်ပါတယ်၊ ဟိုတယ်တစ်ခုမှာဝင်စားပြီး ရှာဘက်ကို တစ်နာရီနီးပါးလောက်မောင်းရင်ရပြီ၊ အပြန်အေးအေးဆေးဆေး မောင်းလာရင်တောင် ညအိပ်ချိန်အမီ ပြန်ရောက်ပါ





တယ်''

''ပြီးရော မာမီရာ''

မာမီစိတ်ချမ်းသာအောင် ပြောလိုက်ရပေမယ့် စိတ်ထဲကတော့ ဆဲပါပေ။ ဘာကိုမှ တက်တက်ကြွကြွ သွားချင်လာချင်စိတ်မရှိ။ ဒယ်ဒီကို အလျှော့ပေးလွန်း လိုက်လျောလွန်းပြီး အပြစ်မတင်ရက်အောင် သည်းခံနိုင်လွန်းသော မာမီက သနားဖို့လည်းကောင်းသည်။

ဘယ်လိုအပြစ်ကြီးလုပ်ခဲ့လို့ မာမီ ဒီလောက်သည်းခံနေသလဲဆိုတာပဲ နားမလည်နိုင်တာ။

သူ့ဘဝထိ ကြိုးကိုင်ပုံသွင်းချင်နေတာကိုတော့ . . .။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"သူ့သားကို ဖြစ်စေချင်လို့ ပုံသွင်းနေတာထက် အနိုင်ကျင့်ကြီးကိုင်ချင်နေတယ်လို့ပဲ သမီးထင်တယ် အမေ။ မင်းဂုဏ် သနားပါတယ် အတိုးလည်းခံရတယ်၊ အပြောလည်းခံရတယ်၊ လူရှေ့မှာအရှက်ခွဲလည်း ခံရသလိုပဲ၊ မိဘဆိုတာ လူကွယ်ရာမှာ သားသမီးကိုကြိတ်ပြီး ဆုံးမသွန်သင်ရတာမျိုး မဟုတ်ဘူးလား"

"မိဘတွေဆိုပေမယ့် တစ်စိတ်တည်း တစ်ဝမ်းတည်းမှမဟုတ်တာ သမီးရယ်၊ လူအမျိုးမျိုး စိတ်အထွေထွေပေါ့၊ ဒေါသကြီးတဲ့သူက ကြီးမယ်၊ ရိုက်နှက်ဆုံးမတတ်တဲ့သူက ရိုက်နှက်ဆုံးမတတ်ကြတာပဲ၊ တချို့ကျ သားသမီးဆိုးဆိုးကောင်းကောင်း အပြစ်မပြောကြဘူး။ ငါတို့ငယ်ငယ်က ဒီထက်တောင် ဆိုးခဲ့ကြသေးတာဆိုပြီး နားလည်ခွင့်လွှတ်ပေးကြသေးတယ်၊ တချို့ကျတော့လည်း အဖထက် သားတစ်လကြီးကွ၊ သူ့ခေတ်နဲ့သူနေပါစေလို့ လျစ်လျူရှုထားတဲ့မိဘတွေ၊ နောက်ကနေ ငွေနဲ့လိုက်ဖြေ





ရှင်းနေတဲ့မိဘတွေ အမျိုးမျိုးပေါ့၊ သူ့မိဘကိုသွားပြီး မဝေဖန်ရဘူးသမီး၊ မိဘဆိုတာ သားသမီးကိုချစ်ကြတဲ့သူတွေချည်းပဲ"

"အမေပြောတာ လက်ခံပေးသင့်မှန်းသိပေမယ့် မင်းဂုဏ်ကိုတော့ သနားမိတာအမှန်ပေ။ မိန်းကလေးနှစ်ယောက်ရှေ့မှာ မင်းဂုဏ်ဘယ်လောက်များ ရှက်သွားရှာမလဲ၊ ဒီကြားထဲမှာ မကြောက်မရွံ့ သူမကိုကာကွယ်ပေးချင်သေးသည်။

သူ့အဖေပိုပြီး မျက်မုန်းကျိုးမှာပေါ့။ သူမအတွက် ဒီလိုတွေပေးဆပ်နေသော မင်းဂုဏ်ကို သူမလည်းပြန်ပြီး ပေးဆပ်ခွင့်ရချင်ပါသည်။

"သမီး ကိုဘုန်းလတ်ကို လက်ထပ်ရမလား အမေ"

"သ သမီးဘယ်လိုပြောလိုက်တာလဲ"

"သမီးယောက်ျားယူလိုက်ရင် သူ့မာနနဲ့သူ အငြိမ်လိုပေါ့ပေါ့ပါးပါး လွှတ်လွှတ်လပ်လပ် နေလို့ရမယ် အမေ၊ အချုပ်အနှောင်ကင်းကင်းနဲ့ သူ စိတ်ချမ်းသာမှာပါ"

"သမီး သမီးကရော ကိုယ့်ကိုယ်ကိုယ် ရင်းနှီးပေးဆပ်မလို့လား။ မိသားစုအတွက်တုန်းကတောင် ဒီလိုလူမျိုးကို လက်မထပ်နိုင်ပါဘူးလို့ ငြင်းခဲ့ပြီးတော့ မင်းဂုဏ်ရောင် နာကျင်မှာကျတော့ ဒီလိုမျိုးဆုံးဖြတ်နိုင်သလား သမီး"

"အလုပ်ထွက်မယ်ဆိုရင် ကိုဘုန်းလတ်ကို လက်ထပ်မှ မိသားစုလည်း အ အဆင်ပြေမှာမဟုတ်လား အမေ"

"မိသားစုအတွက်ဆိုရင်တော့ ဒီလိုလူမျိုးကို သမီးလက်ထပ်စရာမလိုပါဘူးကွယ်၊ အမေက ငတ်သေရင်သေ ငါ့သမီးကို ဒီလိုလူမျိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့ လက်ထပ်မပေးဘူး''

''သမီး ချိုချိုကိုတော့ ပြောပြီးပြီ အမေ''

''ဟင် ဘာ''

''တွဲကြည့်မယ်လို့ သူ စိတ်နာပြီး သမီးကိုအလုပ်ဖြုတ်လိုက်မယ်ဆိုရင် သူ့ဘက်ကိုယ့်ဘက် အဆင်ပြေသွားမှာပါ''

''အမယ်လေး ငါ့သမီးရယ်၊ ညည်းဘယ်လိုတွေ စဉ်းစားနေတာလဲ၊ ညည်းကို အရင်တည်းက ယောက်ျားပေးစားချင်လို့ ပေးစားနေတာ မဟုတ်ဘူး၊ အိမ်ရဲ့အဆင်မပြေမှုတွေကြောင့် ညည်းအလုပ်မလုပ်လို့ စိစဉ် ကြည့်တာ၊ အခု ညည်းက မင်းဂုဏ်ရောင်အတွက်မှ အ,နေတဲ့သူကို ယူမလို့တဲ့လား၊ အံ့ပါရဲ့တော်''

အမေ ဒေါသဖြစ်သွားပြီး အော်တော့ မြကျေးညို မတုန်မလှုပ်တွေဝေသွားရသည်။ အမေ ရင်နာမည်ဆိုလည်း ရင်နာလောက်သည် မဟုတ်လား။ မိသားစုအတွက်တုန်းက ခါးခါးသီးသီး ငြင်းဆန်ထားသည်ကိစ္စပါ။ မွေးရကျိုးနပ်သည့်သမီးလို့ အမေ မချီတင်ကဲဖြစ်နေမှာ။

''အမေ ဟိုလေ သမီးက''

''မြကျေး ညည်းနှယ်အေ၊ မင်းဂုဏ်ရောင်ကို အဲလောက်တောင် ချစ်သွားသလားဟဲ့၊ သူ ခံစားနာကျင်ရတာကို အဲလောက်တောင် စိုးရိမ်နေသလား၊ အချစ်နဲ့တွေ့မှ အ,အကိုတောင် ယူရဲသွားပြီလား၊ အေး ငါ ခွင့်မပြုဘူးနော် မြကျေး၊ ငါ ညည်းတို့ကိုလုပ်ကိုင်မကျွေးနိုင်ရင် တောင်းကျွေးမယ်''

''အမေ''

မိခင်ဖြစ်သူထံမှ ကြားရသည့် အမေပြောနေတာကို သူမ နားလည်ပါသည်။





အဆင်မပြေမှုတွေကြောင့် ကိုဘုန်းလတ်ကို လက်ထပ်စေချင်ပေမယ့် မိသားစုအတွက်တုန်းက ငြင်းဆန်ပြီး တခြားယောက်ျားအတွက်ကျမှ ရွေးချယ်တာကို အမေ ဘယ်လက်ခံချင်ပါ့မလဲ။

အမေ စိတ်ဆင်းရဲနေမည်စိုး၍ သူမ ဘာမှမပြောတော့ဘဲ ငြိမ်နေလိုက်သည်။ အမေက သူမမျက်နှာအနေအထားကိုကြည့်၍ စိတ်ချဟန်မပေါ်။

''မြကျေး ငါ ပြည်ကိုသွားမလို့''

''ဟင် ဘာလုပ်လဲ အမေ''

''မိဘတွေသေတုန်းက သွားခွင့်မရခဲ့ဘူး၊ နောက်တော့ သူတို့အတွက် ကုသိုလ်လုပ်ဖို့ဆိုပြီး ညည်းအဖေ တစ်နှစ်တစ်ခေါက် သုံးနှစ်လေးနှစ်လောက် လိုက်ပို့သေးတယ်၊ နောက်ပိုင်းမသွားဖြစ်တာ ကြာတော့ ဘာဝန်မဲ့သလိုကြီးဖြစ်နေတယ်၊ ငါလည်း ငါ့အပူနဲ့ငါဖြစ်နေတာ၊ အခု အုတ်ဂူကိုသွားကန်တော့ပြီး နည်းနည်းပါးပါးလေး ကုသိုလ်လုပ်ချင်လို့ပါ၊ ဒီ ဒီလိုတွေ စိတ်ဆင်းရဲနေရတာ မိဘကိုစိတ်ဆင်းရဲအောင်လုပ်ခဲ့မိလို့လားလို့ အပြစ်ကျေအောင် ဆုတောင်းချင်တယ်''

''သွားလေ အမေ၊ မောင်လေးနဲ့ညီမလေးအတွက် စိတ်ချပါ သမီးရှိပါတယ်''

''ညည်းပါလိုက်ရမှာ''

''ဟင် သမီးက ရုံးတက်ရမှာ ဘယ်လိုလုပ်သွားလို့ရမှာလဲ''

''ပိတ်ရက်သွားမှာပေါ့အေ့၊ စက်တာမှတ်လို့ အဝေးပြေးဝင်းကနေ မနက်စောစောကားနဲ့သွားရင် ဟိုကိုနေ့ခင်းရောက်မယ်၊ ဘုန်းကြီးကျောင်းမှာလှူတန်းပြီး အမေနဲ့အဖေ အုတ်ဂူရှင်းလင်းကန်တော့၊ ပြီးရင်



www.burmeseclassic.com

www.burmeseclassic.com



ညကားနဲ့ပြန်လိုက်လာရင် မိုးမလင်းခင် ရန်ကုန်ပြန်ရောက်ပါတယ် ညည်းရုံးပျက်စရာအကြောင်းမရှိပါဘူး''

''ညကောင်းကောင်း မအိပ်ရရင် ရုံးတက်နိုင်ပါ့မလား အမေ ရယ်''

''ညည်းဆင်ခြေတွေပေးမနေနဲ့ ရုံးမတက်နိုင်ရင် ငါ ကိုယ်တိုင် မင်းဂုဏ်ရောင်ဆီ ခွင့်တင်ပေးမယ်၊ ညည်းလိုက်ဖြစ်အောင်လိုက်၊ ငါ ထပ်မပြောချင်ဘူး''

အမေကတော့ ဖွတ်ပင်။ ဒီရုံးပိတ်ရက်မှာ ကိုဘုန်းလတ်နှင့် ထပ်တွေ့ကြည့်ဖို့ ချိုချိုကိုပြောထားခဲ့တာ။

ဒါဆိုလည်း ညနေဘက်ရုံးဆင်းလာကြိုဖို့ ပြောင်းပြီးပြောရ တော့မှာပေါ့။ မင်းဂုဏ်ရောင်သိသွားလို့ စိတ်ဆိုးစိတ်နာပြီး သူမကိုအလုပ် ထုတ်လိုက်လျှင်လည်း သူ့အတွက်တော့ အဆင်ပြေသွားနိုင်သည်။

သူမအတွက်ဆိုပြီး သူ့အဖေရဲ့ဖိနှိပ်မှုအောက်မှာ မနေရဘဲ သူမချစ်သောမိန်းမကိုမယူရဘဲ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးပဲ နေစေချင်တာပါ။ မာနထိခိုက်ပြီး သူ စိတ်ဆင်းရဲနေရတာကို မကြည့်ရက်။

ကြမ်းတမ်းသော သူ့အဖေက နောက်ထပ်အရှက်ခွဲဖို့လည်း ဝန်လေးမှာမဟုတ်။ ပြီးတော့ တခြားမိန်းကလေးတစ်ယောက်နှင့် သူ့ကို တွဲမြင်ပြီး မကြည့်ချင်။ အဲဒါ ရှင့်ကိုအရမ်းချစ်ပြီး သဝန်တိုနေမိတာ ဖြစ်မှာပါ မင်းဂုဏ်ရောင်ရယ်။

■ ■ ■



အခန်း (၂၆)

''ဟင်''

မင်းဂုဏ်ရောင် ပါးစပ်အဟောင်းသားဖြင့် တအံ့တဩဖြစ်သွား ခဲ့သည်။

''ရှင့်ကားနဲ့မလိုက်တော့ဘူး။ ပတ်ဝန်းကျင်က ဝေဖန်ရင် မိန်း ကလေးဖြစ်တဲ့ကျွန်မပဲ သိက္ခာကျရမှာ၊ ရှင့်အဖေကလည်း နှိမ့်နှိမ့်ချချ တွေပြောလာမယ်၊ ရှင်ယူမယ့်မိန်းမကလည်း ပုတ်ခတ်စော်ကားလာနိုင် တယ်၊ အဲဒါကြောင့် ရှင်ရော ကျွန်မရော ဆင်ခြင်မှုဖြစ်မယ်''

ဆိုပြီး ရုံးခန်းထဲကနေ ခပ်သုတ်သုတ် အရင်ထွက်သွားခဲ့တာ။ သူက သူမလိုင်းကားတိုးစီးရမှာ စိတ်မချလို့ တက္ကစီငှားပေးလိုက်ဖို့ ပြေး ဆင်းပြီး နောက်ကလိုက်လာတာပါ။

''မြကျေးညို့ ဒါက ဘာသဘောလဲ''

အနက်ရောင်နောက်ဆုံးပေါ်ကားကြီးက သူမကိုလာကြိုသည့်



www.burmeseclassic.com

www.burmeseclassic.com



ကားလား။ ကားပေါ်ကနေ ပြုံးဖြီးနေသောမျက်နှာကြီးနှင့်လူတစ်ယောက် ဆင်းလာသည်။ လူက ဥပမိရုပ်ရည်မွန်သန့်ပြန့်လျက် အဆင့်အတန်း ရှိသူတစ်ယောက်ဖြစ်နိုင်၏။

ဒါ ဒါဘယ်သူလဲ။

သူမကို ကားရှေ့ခန်းတံခါးဖွင့်ပေးလျက် ကားပေါ်တက်နိုင်း နေသည်။

"တောက်"

သူ ထိုနေရာကို အလျှင်မြန်ဆုံးခြေလှမ်းများဖြင့် သုတ်ခနဲ အပြေးရောက်သွားကာ

"မြကျေးညို မင်း ဒါဘာသဘောလဲ၊ ငါ မင်းကိုစိတ်မချလို့ တက္ကစီငှားပေးဖို့ လိုက်လာတာ"

"ဩော် မင်းဂုဏ်ရောင် မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကျွန်မနဲ့ လက်ထပ်မယ့် ဒေါက်တာဘုန်းလတ်ပါ၊ ကိုဘုန်းလတ် သူက ကျွန်မရဲ့ အလုပ်ရှင်သူဌေး မင်းဂုဏ်ရောင်"

"မြကျေး မင်း မင်း"

ဟိုလူက ပြုံးပြုံးကြီး လက်ကမ်းပေးလာသော်လည်း မင်းဂုဏ် ရောင်မှာ ဒေါသဖြစ်လွန်း၍ အသားတွေတဆတ်ဆတ် တုန်နေခဲ့သည်။ ထိုလူလက်ကို ဖြန်းခနဲ ပုတ်ချလိုက်ပြီး

"မြကျေး မင်း ဒီကားနဲ့မလိုက်ရဘူး၊ ငါ ပြန်ပို့မယ်၊ ဟိတ်လူ ခင်ဗျား ပြန်တော့ သွားတော့"

"မင်းဂုဏ် ရှင်ဘယ်လိုပြောလိုက်တာလဲ သူက ကျွန်မခေါ်ထား တာ၊ နောက်လည်းလာပို့ လာကြိုမှာ၊ လက်ထပ်ပြီးရင် ရှင့်ကုမ္ပဏီမှာ





ည်းကျွန်မ အလုပ်မလုပ်တော့ဘူး"

"ဘာ မြကျေး မင်း ငါ့ကိုအရူးလုပ်နေတာလား၊ မင်းအတွက် ဘယ်လောက်တောင် ရင်းနှီးပေးဆပ်ခဲ့လဲ၊ မင်းယောကျ်ားမယူဘဲ ဒီ လုပ်ရအောင် ငါ ဘယ်လိုတွေနေထိုင်နေရလဲ မင်းမသိဘူးလား"

"သိတယ် အဲဒါကြောင့် နှစ်ယောက်လုံး နာကျင်စရာမလို အောင် ကိုယ့်လမ်းကိုယ်လျှောက်ကြတာပေါ့၊ ရှင်လည်းနေချင်သလိုနေ၊ ကျွန်မလည်း ကျွန်မဘဝလမ်းကြောင်းကောင်းအောင် ရွေးချယ်လိုက်တော့ မယ်"

"ဟာ မြကျေးရာ၊ မဖြစ်ဘူး၊ မင်းအိမ်ထောင်မပြုရဘူး၊ ယောကျ်ားမယူရဘူး၊ မင်းအဲလိုလက်ထပ်လို့ ဒီလူက မင်းကိုတန်ဖိုးထား မှာလား မြကျေး၊ မင်းက ဘဝကိုရောင်းပေးသလိုဖြစ်နေတယ်၊ အဲဒါကို ဒီလိုလူမျိုးက တစ်သက်လုံး မြတ်နိုးနေမှာတဲ့လား၊ ငါ့မာမီ ဆင်းရဲလို့ ဘယ်ဒီက ဒီနေ့ထိနှိမ်ချအနိုင်ကျင့်နေတာ မင်းနားလည်လား၊ မင်းကို မာမီလိုအဖြစ်မျိုး အဖြစ်မခံဘူး၊ ဟိတ်လူ ခင်ဗျား ပြန်တော့"

လူမိုက်ဆန်ဆန် ထိုလူ့ရင်ဘတ်ကို ဆောင့်ခနဲတွန်းပြီး ပြော တော့ ထိုလူက အားကိုးရာသလို မြကျေးကိုအားနာလို့လား။ မြကျေးရှေ့ မှာ ယောကျ်ားအချင်းချင်း ဒီလိုအလုပ်ခံရတာ မရှက်ဘူးလားမသိ။

မြကျေး အထင်ကြီးအောင် ဟီးရိုးလေးတော့ လုပ်ပြဦးမှပေါ့။ မြကျေးကသာ သူ့လက်ကိုဆွဲလျက်

"မင်းဂုဏ် ရှင်အဲလိုမလုပ်နဲ့နော်၊ အဲလို ရိုင်းစိုင်းတာ မြကျေး ကြိုက်ဘူး၊ သူက လူကြီးလူကောင်း၊ ရှင်လည်း ကုမ္ပဏီရဲ့အမ်ဒီတစ် ယောက်လုပ်နေပြီး လူကြီးလူကောင်းလို ဆက်ဆံသင့်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က အရင်တည်းက လူကြီးလူကောင်းလိုမနေတတ်တာ မြကျေးသိပါတယ်၊ ကိုယ် မြကျေးကိုချစ်တယ်၊ အဲဒါကြောင့် ဒီလိုမနေချင်ဘဲ နေနေရတာ၊ မင်းက အဲဒီကျေးဖူးကို ဒီလိုနည်းနဲ့ဆပ်တာလား မြကျေး။ ကိုယ်လုံးဝနားလည်ပေးမှာမဟုတ်ဘူးနော်၊ ကိုယ့်မာမီလို လင်ယောကျ်ားကတစ်သက်လုံး အထင်သေး ဆက်ဆံခံရမှာမျိုး မြကျေးကို အဖြစ်မခံဘူး၊ ဒီလိုကောင်မျိုးတွေ ဘာအထင်ကြီးစရာရှိလဲ၊ ဟိတ်လူ ခင်ဗျားကို ကျုပ်ပြောနေတယ် မြကျေးနဲ့လုံးဝ ပတ်သက်စရာမလိုဘူး ကျုပ်ပြောတာ ကြားတယ်နော်၊ နောက်တစ်ခါ မြကျေးအနားကပ်ရင် ခင်ဗျားကိုသတ်ပစ်မယ်"

"အဘား အဘား ဘား"

"ဟင်"

ဒီလူ ဒေါသဖြစ်သွားလို့ လက်သီးလက်မောင်းတန်းပြီး ဝူးဝူးဝါးဝါး မပီမသအော်လိုက်တာများလား။ သူပြောတာတွေ မခံနိုင်လွန်း၍ အင်္ကျီရှပ်လက်ရှည်ကို လက်မောင်းအထိပင့်တင်ကာ လက်သီးကိုဆုပ် မျက်နှာကြီးနီနေသည်။

သူကလည်း မြကျေးကို ချစ်မြတ်နိုးသည့်စိတ်များဖြင့် သဝန်တိုနေတာမို့ ထိန်းချုပ်မနေတော့ဘဲ ထိုလူအင်္ကျီရင်ဘတ်စကို ဆောင့်ခနဲ ဆွဲလိုက်ကာ

"ဘာလဲ ခင်ဗျားက ထိုးချင်လို့လား ထိုးလေ၊ သူသေကိုယ်သေပေါ့၊ ခင်ဗျားမထိုးရင် ကျုပ်က ခင်ဗျားကိုသေအောင်ထိုးမယ်"

"အဘား ဘား အဘား"

"ဟာ"





သူ ရယ်ရမှာလား၊ ငိုရမှာလားမသိဖြစ်သွားသည်။

"မြကျေး မင်းကွာ မင်း"

သူ ဘာပြောရမှန်းမသိကိုဖြစ်သွားတာ။ မြကျေး မုက်နှာကြည့်တော့ ရှက်သည့်အရိပ်အရောင်များဖြင့် မျက်နှာလေးငယ်ကာ ပန်းသွေးရောင်ပြေး နီထွေးနေသည်။

ထိုလူကတော့ နှာမှုတ်သံဖြင့် တရှူးရှူးဒေါသတွေဖြစ်လို့ပါ။ သူ့သိက္ခာကို ထိပါးလို့ ဒေါသဖြစ်နေတာနေမှာပေါ့။ မြကျေးရှေ့မှာမို့ ရှက်လည်းရှက်သွားဟန်တူသည်။ သူ မြကျေးလက်ကိုဆွဲကာ ကားပေါ်တွန်းတင်ပြီး မောင်းထွက်လာခဲ့သည်။ ဘယ်သူတွေ ဘယ်လိုထင်ထင် ဘယ်လိုဝေဖန်ဖန် အပြစ်ပြောပြော ဂရုစိုက်မနေချင်တော့။

ကားကိုမြကျေးတို့အိမ်ဘက်မမောင်းဘဲ ကန်တော်ကြီးဘက်မောင်းလာခဲ့သည်။ တစ်လမ်းလုံး မြကျေးစကားတစ်ခွန်းမှမပြော။ သူသည်း မပြောဖြစ်ဘဲ မချိတင်ကဲဖြင့် လူရှင်းသည့်နေရာရောက်မှ ကားရပ်ပြီး မြကျေးကို ကားပေါ်က ဆင်းစေလိုက်သည်။

"မြကျေး"

သိမ်ငယ်မှုများဖြင့် ညှိုးငယ်နွမ်းလျအင်အားမဲ့နေသော မြကျေးကိုယ်လေးကို သူ ဘာမပြောညာမပြော အကြာကြီးထွေးဖက်ထားလိုက်ခြင်း သူ့ပခုံးထက်မှာ မြကျေးရှိုက်ငိုရင်း မျက်ရည်ကျ၏။

"မြ မြကျေးရယ်"

"မင်း မင်းဂုဏ် အဟင့်"

မြကျေးလည်း မျက်ရည်ကျသည်။ သူလည်း မျက်ရည်ကျသည်။ နှလုံးသားချင်းနားလည်ကာ အတန်ကြာ ဒီအတိုင်းဖက်တွယ်ထားမိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဂုဏ်"

"မြကျေးရယ် မင်းဘာလို့ ဒီလိုဆုံးဖြတ်တာလဲ၊ ကိုယ့်ကိုနားလည်အောင်ရှင်းမပြလည်း ကိုယ် နားလည်တယ်၊ မင်းလည်း ကိုယ့်လိုပဲ မင်းအတွက် မင်းမတွေးဘဲ ကိုယ့်အတွက် နာကျင်မှာစိုးရိမ်နေတာမဟုတ်လား၊ မင်း၊ အဲလိုလူမျိုးနဲ့ လက်ထပ်သွားမှာကို ကိုယ် ဒီအတိုင်းကြည့်နေမယ်ထင်လား မြကျေး"

"ကျွန်မတို့နှစ်ယောက်ဘဝက ဘယ်လိုမှ ပေါင်းစပ်လို့မရပါဘူး မသိခဲ့ခင်ကအချိန်တွေလို ကိုယ့်ဘဝကိုယ့်လမ်း၊ ကိုယ်ကြိုက်တဲ့ပုံစံနဲ့ပဲ လျှောက်ကြတာပေါ့"

"အဲလိုတော့ ဥပေက္ခာပြုနိုင်ခဲ့ရင် ကိုယ် ဒီလောက်စိတ်အပင်ပန်းခံမနေဘူး မြကျေး၊ မင်းကိုချစ်တာ လျစ်လျူရှုဖို့မဟုတ်ဘူး၊ ကိုယ့်ကိုယ်ကိုယ်ထက် မင်းကိုချစ်လို့ မင်းအတွက်ပဲ စဉ်းစားပေးခဲ့တာ"

"ရှင့်ရဲ့ပေးဆပ်မှုတွေသိလို့ ကျွန်မပြန်ပြီး ပေးဆပ်ဖို့ ကြိုးစားနေတာပါ မင်းဂုဏ်၊ မနီးသင့်တဲ့လူနှစ်ယောက်က အဝေးဆုံးမှာနေရမှာပဲ မဟုတ်လား၊ ကျွန်မတို့ မချစ်ခဲ့မိရင် အကောင်းသား မင်းဂုဏ်ရယ်"

သူမရဲ့မျက်ရည်တွေက ရင်ကိုထိရှနာကျင်စေသည်။ အဆုံးသတ်ဆိုတာကို တွေးလိုက်ရုံနှင့် အသည်းတွေကွဲကြေမတတ် ခံစားရ၏။

မဆုံးရှုံးနိုင်ဘဲနှင့် စွန့်လွှတ်ရမှာ ဘယ်လောက်တောင် ဝဋ်ကြွေးဆန်လိုက်ပါသလဲ။ ဒီဝေဒနာကို သူမရောခံနိုင်ရည်ရှိပါ့မလား။

"ကိုယ်တို့စွန့်စားကြမလား မြကျေး၊ ချစ်လျက်နဲ့ခွဲခွာရမှာ အဓိပ္ပာယ်မရှိဘူးထင်တယ်"

"ဟင့်အင်း မင်းဂုဏ်၊ ကျွန်မ ဆင်းရဲမှာကိုမကြောက်ပါဘူး





ဒါပေမဲ့ မပြည့်စုံတဲ့မိသားစုဘဝတော့ မလိုချင်ဘူး မင်းဂုဏ်ရယ်၊ ကျွန်မတို့မိသားစုလိုမျိုး ချို့တဲ့မှာကိုတော့ စိုးရိမ်တယ်၊ အဖေက သူဌေးသမီးပါ၊ အဖေနဲ့ချစ်သူတွေဖြစ်တာကို အမေ့မိဘတွေက အရမ်းကြီးကန့်ကွက်ခဲ့တာတော့ မဟုတ်ဘူး၊ ဒါပေမဲ့ သူငယ်ချင်းမိန်းကလေးတစ်ယောက်ကြောင့် မိဘတွေက ခါးခါးသီးသီး သဘောမတူနိုင်ဖြစ်သွားခဲ့တယ်တဲ့"

"ဟင်"

"ဒါပေမဲ့ အမေက အဖေ့ကိုမခွဲနိုင်လို့ အဖေ့နောက်ကိုလိုက်ခဲ့တဲ့အခါမှာ မိဘတွေက အရှက်ကြီးရှက်ပြီး စွန့်လွှတ်ခဲ့တယ်၊ အဲဒီတော့ အဖေအရမ်းအပင်ပန်း ဆင်းရဲခံခဲ့ရတယ်၊ နောက်ဆုံး အဖေအရွယ်မတိုင်ခင်မှာ ဆုံးပါးခဲ့ရတယ် မင်းဂုဏ်၊ ကျွန်မတို့မိသားစုတွေ ကဆင့်ကလျားဖြစ်ကျန်ခဲ့တာ၊ အဲဒါကြောင့် မိသားစုကို စိတ်ဒုက္ခပေးလို့မဖြစ်ဘူး၊ ရှင့်ကိုလည်း အဖေလိုမျိုးမဖြစ်စေချင်ဘူး"

အဆုံးသတ်မသေချာသော ချစ်ခြင်းတွေအတွက် မရေမရာ အသည်းကွဲရမှာ တန်ပါရဲ့လား။

အမုန်းတွေကြောင့်မဟုတ်ဘဲ ခွဲခွာရမှာ ရင်နာစရာဘယ်လောက်ကောင်းလိုက်ပါသလဲ၊

"ကျ ကျွန်မ"

အမေနှင့်မောင်လေး ညီမလေးတို့မျက်နှာကို မြင်ယောင်ပြီး မလုပ်တော့ပါဘူးလို့ ပြောအားမရှိ။ ကိုဘုန်းလတ်နှင့်ကိစ္စ စိတ်နာပြီး မင်းဂုဏ်ရောင် အလုပ်ထုတ်လိုက်လျှင် လက်ထပ်ဖို့နောက်ဆံမတင်းဆုံးဖြတ်နိုင်ဦးမည်ထင်သည်။

အခုတော့ နားလည်မှုတွေကြောင့် အချစ်တွေက ပိုတိုးလာပြန်



www.burmeseclassic.com

www.burmeseclassic.com



၏။

"မြကျေး ပြောလေ အဲဒီလို တွေဝေမနေနဲ့ ဟိုလူနဲ့လက်ထ
ဖို့ ကိုယ်လုံးဝ ခွင့်ပြုမှာမဟုတ်ဘူး"

"သူလည်းသဘောပေါက်သွားလောက်ပါပြီ၊ ကျွန်မ စဉ်းစာ
ဦးမယ် မင်းဂုဏ်၊ သေချာတာကတော့ ကျွန်မ မိသားစုအတွက် အလု
တော့ လုပ်ရဦးမှာပါပဲ"

"ကိုယ့်မျက်စိအောက်မှာ နေပေးပါ မြကျေးရယ် ဘယ်ယောက်
နဲ့မှ မပတ်သက်ပါနဲ့၊ မင်းဘဝလေး ညှိုးနွမ်းသွားမှာ ကိုယ်စိတ်ချဘူး"

သူ့ရဲ့စိုးရိမ်မှုတွေအတွက် သူမတွေဝေရပြန်သည်။ စွန့်စားလိုက်
ချင်စိတ်တွေ ရင်မှာရုန်းကြွနေ၏။ အချစ်ရဲ့ဆွဲအားတွေက မရုန်းထွက်နိုင်
အောင် ချည်နှောင်နေခဲ့သည်။

ဒီကိစ္စ အမေနှင့်တိုင်ပင်ပြီး အမေခွင့်ပြုမည်ဆိုလျှင် ...။

■ ■ ■

## အခန်း (၂၇)

ခရီးဝေးတစ်ခါမှမသွားဘူးတာမို့ ကားစီးရတာ ပင်ပန်းလှသည်။
အမေ့မွေးရပ်ဆိုတာ သူမ တစ်ခေါက်မှမရောက်ဘူးပါ။ ငယ်ငယ်တုန်းက
အမေတို့ခေါ်သွားဖူးသလားဆိုတာလည်း မမှတ်မိ။

အခု အမေဖွတ်ခေါ်လို့သာ လိုက်လာခဲ့ရတာ၊ စိတ်ကရန်ကုန်
မှာပဲ ကျန်ခဲ့သည်။ အလုပ်ပိတ်ရက်မှာ မင်းဂုဏ်များအိမ်ကိုအလည်
လာနေမလား။ အမေ့ဆိုင်မှာ မုန့်လာစားဖို့ အကြောင်းပြလို့ရသည်မဟုတ်
လား။ ပေါင်းစပ်လို့မရဘူးဆိုပေမယ့် အလုပ်ပိတ်ရက်လေးမှာတောင်
မွေ့ခွာချင်ပါ။

ကားကိတ်ကနေတစ်ဆင့် အမေ မွေးရပ်မြေလေးကို ရောက်လာ
သည့်အခါမှာ အဆောက်အဦးတွေကိုကြည့်ပြီး အမေ ဘာအံ့တာသြဖြစ်နေ
လေသည်။

"အရင်က မြို့မကျတောမကျ ကျေးလက်လေးက အခု အ



www.burmeseclassic.com

www.burmeseclassic.com



ဆောက်အဦးကြီးကြီးမားမားတွေနဲ့ မြို့ကြီးပြကြီး ဖြစ်နေပါရောလား ဒီလောက်တောင် နှစ်တွေကြာသွားခဲ့ပြီလား၊ ဖွံ့ဖြိုးတိုးတက်နေလိုက် တာ''

လမ်းလျှောက်ရင်း အမေ တအံ့တသြ ပြောနေတော့ သူ လည်း ဟိုဒီလျှောက်ကြည့်နေမိသည်။

''အမေနဲ့ရန်ကုန်ကို နိုးရာလိုက်လာတဲ့အချိန်က ဒီလော မဖွံ့ဖြိုးသေးဘူးပေါ့''

''အင်း ဟုတ်တယ်၊ အမေ့မိဘ သမီးရဲ့အဘိုးအဘွားတွေ လူချမ်းသာ မြို့မျက်နှာဖုံးတွေဆိုတော့ ဒီမြို့ပေါ်မှာပဲ နေခဲ့ကြတာ''

''အဘိုးတို့အိမ်က ဘယ်နားမှာလဲ အမေ''

''ရှေ့နားကအိမ်မှာ အမေလျှောက်ပြီးကြည့်နေတာ၊ သူတို့ရော ချပြီး လျှို့ဒါန်းသွားကြတယ်ဆိုပေမယ့် အလွမ်းပြေပေါ့ သမီးရယ်၊ အ ကို သူတို့တွေ တော်တော်စိတ်နာသွားကြတာ၊ မိဘစကားနားမထောင် သူတို့သဘောမတူတဲ့သူနဲ့ ယူလို့ဆိုပြီးတော့လေ''

''အမေက ဆင်းရဲလို့ သဘောမတူတာလား အမေ''

''ဆင်းရဲတာ တစ်ခုတည်းကြောင့်မဟုတ်ဘူး သမီး၊ ခင်ဝင်း ဆိုတဲ့ ကျေးဇူးမသိတတ်တဲ့သူငယ်ချင်းက မဟုတ်ကဟုတ်က ကုန်း လို့ မနာလိုပြီးတွန်းတို့တိုက်လို့ ရိုးသားတဲ့မိဘတွေက ယုံပြီး ခါးခါး သီး ဖြစ်သွားခဲ့ကြတာ၊ ဘယ်လိုမှ ရှင်းပြလို့မရတဲ့အဆုံး သမီးအ နောက်ကို အမေလိုက်ခဲ့တာပဲ''

''အဲဒီ ခင်ဝင်းသူ ဆိုတာရော ဘယ်ရောက်သွားလဲ အမေ''

''သူလည်းသိပ်မကြာဘူး၊ အိမ်ထောင်ကျသွားတယ်ပြောတာ





ဘယ်ရောက်သွားတယ်ဆိုတာတော့ မသိပါဘူး။ ချမ်းသာတဲ့သူနဲ့ရသွားတာ ထင်တယ်၊ အမေတို့မှာတော့ အိမ်ထောင်စကျတဲ့အချိန်တည်းက မပြည့်စုံ မှုတွေနဲ့ သားသမီးတောင် တော်တော်နဲ့မယူနိုင်ဘူး၊ သူမနာလိုပြီး မယုတ် မလွန်ပြောလိုက်တဲ့စကားလေးက အမေတို့တစ်ဘဝလုံး ဒီလိုဖြစ်သွား စေခဲ့တာပဲ၊ သမီးတို့အဖေကို သူ့အစ်ကိုဝမ်းကွဲရဲ့သူငယ်ချင်းဆိုပြီး အစ တုန်းကတော့ သူပဲအောင်သွယ်ပေးခဲ့တာ''

''ဪ ဒီမိန်းမကြီးနယ် ဘယ်လိုဖြစ်''

အမေ တုံ့ခနဲခြေလှမ်းရပ်သွား၍ မြကျေးညို စကားတောင် အဆုံးမသတ်လိုက်ရ။

''ဘာဖြစ်လို့လဲ အမေ''

''သမီးအဘိုးအဘွားတွေရဲ့အိမ်ကြီးက စားသောက်ဆိုင်ကြီးဖြစ် နေတယ်၊ ရှေ့မှာလေ ထွန်းတောက်စားသောက်ဆိုင်တဲ့၊ အဲဒါ အမေ နေခဲ့တဲ့အမေတို့အိမ်ပဲ''

အမေက ရှေ့တည့်တည့်မှာရှိနေသော ဆိုင်ကြီးကိုကြည့်၍ မျက်ရည်လည်နေသည်။

''အမေ သမီးဗိုက်ဆာတယ်၊ အဲဒီဆိုင်ထဲဝင်ပြီး ထမင်းဝင်စား ရအောင်၊ ပြီးမှ အမေသွားရမယ့်နေရာသွားပေါ့''

''အင်း သမီးဗိုက်ဆာတယ်ဆို စားမယ်လေ''

အမေနှင့်မြကျေး ဆိုင်ထဲဝင်လာခဲ့ကြသည်။ ပြီးတော့ ထမင်းမှာ စားကြ၏။ မြို့ခံတွေဆိုပြီး အမေ့ကိုဘယ်သူမှ မမှတ်မိကြတော့ဘူးထင် သည်။

''အမေ ဒီလူတွေကို မသိဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်သိမှာလဲ၊ သမီးအဘိုးအဘွားတွေက ဘခြားက စီးပွားရေးလုပ်မယ့်သူတွေကို ရောင်းသွားတာနေမှာပေါ့၊ အကုန်ရောင်းပြီး ဘုန်းကြီးကျောင်းကိုလှူသွားခဲ့တာလေ၊ သူတို့စကားနားမထောင်လို့ အမေ့ကို ဘာအမွေမှမပေးခဲ့ဘူး”

“အဘွားတို့ကလည်း ရက်စက်လိုက်တာနော်၊ ဒီသမီးလေးတစ်ယောက်တည်းမွေးထားပြီး”

“ခင်ဝင်းသူကြောင့်သာမဟုတ်ရင် မိဘတွေ ဒီလောက်စိတ်ဆိုးကြမှာမဟုတ်ပါဘူးကွယ်၊ အမေ့ကိုသိပ်ချစ်ကြတာပါ”

“အဲဒီ ခင်ဝင်းသူဆိုတဲ့မိန်းမကြီးကို မုန်းလိုက်တာ အမေရယ်၊ ဒါနဲ့သူက ဘာတွေပြောလို့ အဘိုးအဘွားတွေက စိတ်နာသွားရတာလဲ ဟင်”

“သမီးအဖေကို သူတောင်းစားမျိုးရိုးဆိုပြီး ပြောလိုက်လို့လေ”

“ဟင် အ အဖေက တကယ်လားဟင်”

မြကျေးညိုရဲ့အထိတ်တလန့်အမေးကို အမေက ထမင်းပန်းကန်ကို မစားချင်တော့သလို တစ်ဖက်တိုးရွှေပြီး သက်ပြင်းချကာ ခေါင်းယမ်းသည်။

“သမီးအဖေက အညာပုဂံဘြောင်ဦးမြို့သားဆိုတာ မှန်တယ်၊ ရန်ကုန်ကို ရိုးရိုးသားသား ကြိုးကြိုးစားစား အလုပ်လုပ်ဖို့ ရောက်လာခဲ့တာ၊ သူက ဘုရားကျွန်သူတောင်းစားမျိုးရိုးတော့ မဟုတ်ဘူး သမီး ဘုရင့်လက်ထက်ကကျိန်စာတိုက်ခံရတဲ့ အကြွင်းအကျန်ရှိတဲ့နေရာလည်း ရှိဦးမှာပေါ့၊ အစွဲကြီးတဲ့သူတွေ အယူအဆကြီးတဲ့နေရာတွေရှိချင်လည်း ရှိဦးမှာပေါ့ကွယ်၊ ဒါပေမဲ့ သမီးအဖေကတော့ အဲလိုမဟုတ်ပါဘူး”





“ဒါဆို ဘာလို့”

“အဲဒီ ခင်ဝင်းသူက အစကတော့ သူပဲ သူ့အစ်ကိုဝမ်းကွဲရဲ့ သူငယ်ချင်းဆိုပြီး အမေ့ကိုမိတ်ဆက်ပေးတယ်၊ အဲလိုနဲ့ အမေတို့ချစ်သူဖြစ်တော့လည်း သူပဲအောင်သွယ်ပေးခဲ့တာ၊ နောက်တော့ အမေတို့ လက်ထပ်ဖို့တွေ ဘာတွေ စီစဉ်တော့မှ၊ မိဘတွေကို ကိုမြမိုးက ဒီလို ချိုးနိုးပါဆိုပြီး ပြောတော့တာလေ၊ မိဘဆိုတာ သားသမီးကို ဆင်စီးပြီး မြင်းရံတာမြင်ချင်တာမဟုတ်လား၊ အတိုက်အခံ ခါးခါးသီးသီးတွေ ဖြစ်ကုန်တော့တာပေါ့၊ အမေက သူ့ကိုမခွဲနိုင်လို့ မိဘတွေကိုစွန့်ခဲ့တာ”

“အဲဒါ ခင်ဝင်းသူက ဘယ်လိုအငြိုးကြောင့် ဒီလိုလုပ်တာလဲ အမေ”

“အငြိုးကြောင့်မဟုတ်ဘူး၊ မနာလိုတာ၊ တကယ်ဖတော့ ခင်ဝင်းသူတို့က အရမ်းဆင်းရဲချို့တဲ့တယ်၊ ကျောင်းတောင် မတက်နိုင်တော့တဲ့ အခြေအနေမို့ မိဘတွေကို အမေက သူ့ကိုကျောင်းထားပေးဖို့ ပြောခဲ့တာ”

“ဟင် အဲလိုလုပ်ပေးခဲ့တာတောင်မှ”

ဒေါ်ခင်ဝင်းသူဆိုသည့် မိန်းမကြီးကို သူမ အမုန်းကြီးမုန်းသွားမိသည်။ အမေပြောတာတွေ စိတ်ဝင်တစား နားထောင်ရင်းက မနေနိုင်မှာ ကြားဖြတ်ပြောလိုက်ပြီးမှ နားစွင့်ကာ

“ဟုတ်တယ် အမေတို့ကျေးဇူးတွေ သူ့မှာမနည်းဘူး၊ ဒါပေမဲ့ ဒါကို သူက မသိဘူးလေ၊ အမေတို့အိမ်မှာ အဝတ်လျှော် မီးပူတိုက် အိမ်အလုပ်တွေကူလုပ်တဲ့အတွက် သူ့ကိုကျောင်းထားပေးတယ်၊ သူ့မိသားစုအတွက် ဆန်ဆီဆားအကုန်ထောက်ပံ့တယ်၊ ပြီးတော့ လတိုင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



အသုံးစရိတ်ပေးတယ်၊ အမေက အမေ့အဝတ်အစားအကျ ေတွမှန်သ
သူ့ကိုပေးတယ်၊ မိတ်ကပ်ပစ္စည်း ဘာညာအကုန်ပေါ့၊ သူလိုချင်လို့တော
လည်း ပေးလိုက်တာပဲ၊ အဲဒါကို အတန်းကြီးလာတော့ သိမ်ငယ်မှုတ
ရှိလာမှာပေါ့၊ အမေတစ်ယောက်ယောက်နဲ့ စကားပြောရင် သူ အမေ
အိမ်မှာ အိမ်ဖော်လုပ်တာ အတင်းပြောတယ်လို့ သူ့စိတ်ထဲမှာ ထင်
တယ်''

''ဒုက္ခပဲနော် သူ့အပေါ် ကောင်းလို့ကောင်းမှန်းမသိ''

''လူ့စိတ်ဆိုတာ ဒီလိုပဲလေ၊ ကျေးဇူးတရားကိုမမြင်ဘဲ သူ့
မကောင်းတဲ့အတ္တက ဖုံးသွားတာ၊ အင်း ဒါတွေကကြာခဲ့ပါပြီ၊ အခု
ပြောတော့ အသစ်ဖြစ်တယ်၊ အရင်ချိန်တွေလည်း ပြန်မရတော့ဘူး
ရရင်လည်းပြန်မယူတော့ပါဘူး၊ အခုချိန်မှာ အမေ့အတွက် အရေး
တာက အမေ့သားသမီးတွေပဲ၊ အမေ့သားသမီးတွေအတွက် အမေအ
ပန်းခံနိုင်ပါတယ်''

အမေ့မေတ္တာတွေကြောင့် သူမ ငိုချင်သွားမိသည်။ အမေ့
တွက်တော့ သူမ ဘာမှလုပ်မပေးရသေးပါလား။ အလုပ်လည်းကော
ကောင်းမလုပ်ဘဲ ပေါ့ပေါ့တန်တန်ပဲ နေခဲ့သည်။ အခု အလုပ်လုပ်ပြ
တော့ မင်းဂုဏ်ရောင်ကိစ္စကြောင့် အလုပ်ထွက်ဖို့ စဉ်းစားနေသေး
ပြီးတော့ မင်းဂုဏ်ရောင်နှင့်စွန့်စားလိုက်ဖို့ အမေ့ကိုတိုင်
ကြည့်ဖို့တောင် စဉ်းစားနေမိသေးသည်။

''ဟင်း''

''သမီး ဘာတွေသက်ပြင်းချနေတာလဲ''

''ဘာ ဘာမှမဟုတ်ပါဘူး အမေ''





''အမေ့ကိုမညာပါနဲ့ သမီး၊ အမေ ငယ်ရာကကြီးလာတာပါ၊
အချစ်အတွက်နဲ့ ဒီလိုအချိန်တွေကိုလည်း ကျော်ဖြတ်ဖူးပါတယ်၊ မင်း
ဂုဏ်ရောင်နဲ့ပတ်သက်ပြီး သမီး ဘယ်လိုတွေ ခံစားနေရလဲ''

''သဲ သမီး သူ့ကိုဖြတ်ဖို့ သူမှန်းသွားနာကြည်းသွားအောင်
ကြိုးစားကြည့်ပါသေးတယ် အမေ''

''မအောင်မြင်ဘူးမဟုတ်လား သမီး၊ အချစ်ဆိုတာ ထိတွေ့
ဆက်ဆံပြီးရင် ဖြတ်တောက်လို့မလွယ်ဘူးဆိုတာ အမေကိုယ်ချင်းစာပါ
တယ်၊ မိဘတွေမေတ္တာကိုနားလည်ပြီး ခြေစုံမကန်ဘူးလို့ ဘယ်လိုပဲ
ဆုံးဖြတ်ဆုံးဖြတ် နှလုံးသားဆန္ဒကိုတော့ မလွန်ဆန်နိုင်ဖြစ်သွားကြတာ
ချည်းပဲ''

''သူ သူက စွန့်စားကြမလားလို့ မေးပါတယ်''

''သမီးက ဘာပြန်ပြောလိုက်လဲ''

''မိသားစုငဲ့ညှာရမယ်၊ အမေ့ကိုစိတ်မဆင်းရဲစေချင်ဘူးလို့''

''ကျေးဇူးတင်ပါတယ် သမီးရယ်၊ အမေ့သမီး ဒီလိုသိတတ်မယ်
တောင် ထင်မထားဘူး၊ ဒါပေမဲ့ သမီး ကြာရှည်ခံနိုင်ရည်ရှိမှာမဟုတ်ပါ
ဘူး''

''ရှင်''

အမေက ပြုံးနေလျက်

''အမေ ခုနကပြောတယ်လေ၊ နှလုံးသားဆန္ဒကို လွန်ဆန်နိုင်
မှာမဟုတ်ပါဘူးလို့၊ အမေလိုတော့ မိဘကိုထားခဲ့ပြီး ခြေစုံကန်ထွက်
သွားနဲ့ သမီးရယ်၊ သမီးတို့စွန့်စားကြည့်ချင်တယ်ဆိုလည်း စွန့်စားကြပါ၊
ဆက်ပိုပြီး အမေတို့ဆင်းရဲမသွားနိုင်တော့ပါဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ဟင် အ အမေ သဘောတူတာလားဟင်၊ မင်းဂုဏ်နဲ့ခွန့်စားမယ်ဆိုရင် အမေလက်ခံမှာလား"

"နိုးရာလိုက်ပြေးသွားတာမျိုးတော့ မလုပ်နဲ့၊ သူ့မိဘတွေ သဘောမတူလည်း အမေ့ရှေ့မှာလက်မှတ်ထိုးပြီး ဘဝကိုရင်ဆိုင်ကြပါ"

"အ အမေတကယ်ပြောတာနော်"

အမေ ခေါင်းညိတ်ပြတော့ မြကျေးညို ကြည်နူးပျော်ရွှင်သွားပြီး အမေ့ကို ဖက်လိုက်မိသည်။ ဝမ်းသာအားရနှင့် ထမင်းတွေ တဝတပြ စားပစ်လိုက်၏။ မင်းဂုဏ်ရောင်ကို ဒီအကြောင်းပြောလျှင် မင်းဂုဏ်ရောင်လည်း ဘယ်လောက်တောင် ဝမ်းသာလိုက်မလဲ။

သူလည်း မွန်းကျပ်နေသော အခြေအနေကနေ ထွက်ပေါက်ရသွားတာပေါ့။

"အမေ"

"ဟင်"

"အမေဘုန်းကြီးကျောင်းသွားမယ်ဆို ပြီးရင် အဘိုးအဘွားတို့အုတ်ဂူသွားကန်တော့ဦးမှာမဟုတ်လား၊ မြန်မြန်စားပြီးသွားမယ်လေ အမေ၊ ရန်ကုန်ကို ဒီနေ့ညကားနဲ့ပဲပြန်မှာမဟုတ်လား"

"အစောကြီးရှိပါသေးတယ် သမီးရယ်၊ နယ်ဘက်ကလာတဲ့ ညကားတွေကို တားပြီးစီးရမှာ"

"ဘာဖြစ်ဖြစ် မြန်မြန်သွားရအောင်ပါ အမေ"

သူမ ရန်ကုန်ကိုမြန်မြန်ပြန်ရောက်ချင်နေသည်။ ခရီးပန်းလည်း ရုံးတက်ဖြစ်အောင်တက်ပြီး မင်းဂုဏ်ရောင်ကိုပြောပြရမည်။ သူပျော်သွားမည့်မျက်နှာကို တမေ့တမော ငေးကြည့်ချင်လှ၏။





မင်းဂုဏ်ရောင်က သူမနှလုံးသားကို ဖွဲ့ညို့နိုင်သည့် လူချောတစ်ယောက်ပါ။ ဒီလူနှင့်ပေါင်းဖက်ရမည်ဆိုလျှင် သူမအတွက် တခြားအရာတွေ လိုအပ်တော့မည်မထင်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"လိုအပ်တာ အကုန်ပြောပါ ဘုရား၊ တပည့်တော်က ကျောင်းမှာလိုအပ်သမျှ ကထိန်ထဲမှာထည့်ပြီး လှူချင်လို့ပါ"

"အင်း ဒကာမ ဒီလိုအဆင်ပြေသွားတာ ဘုန်းကြီး ဝမ်းသာပါတယ်ကွယ်၊ ဒီကနေ ထွက်သွားကြတာ အတော်ကြာပြီမဟုတ်လား၊ အဲဒီတုန်းက ဘုန်းကြီးတောင် စာသင်သားဘဝရှိသေးတယ်"

"တင်ပါ အဲဒီအချိန်က ကျောင်းထိုင်ဘုန်းကြီးရှိနေဦးမယ် ထင်တာ ဘုရား"

"ဆရာတော်က ပျံလွန်တော်မူသွားလို့ ဘုန်းကြီးကိုကျောင်းအပ်ခဲ့တာလေ၊ အဲဒါကြောင့် ဘုန်းကြီးကျောင်းထိုင်နေရတာပေါ့၊ ဒါနဲ့ ဟိုဒကာမဒေါ်ညိုရင်လည်း အဲဒီရန်ကုန်မှာမဟုတ်လား၊ မိတ်ဆွေရင်းတွေမတွေ့ကြဘူးလား ဒကာမရဲ့"





"မ မတွေ့ပါဘူး ဘုရား"

အစဖော်လိုက်သလိုဖြစ်သွားတာကြောင့် ဒေါ်ကျော့နန္ဒာ အသံတွေတုန်ယင်သွားသည်။ အတိတ်ကိုပြန်ပြီး သတိမရချင်လို့ပါ။ ဒီဘုန်းကြီးက ဥပဇ္ဇင်းဘဝနှင့်ဆွမ်းခံကြွနေကြမို့ မိမိနှင့်ညိုညိုရင်တို့အကြောင်းတွေ သိနေသူဖြစ်သည်။

"ဒါက သားလားကွဲ့"

"တင်ပါ တပည့်တော်မရဲ့သားပါ ဘုရား၊ နာမည်က မင်းဂုဏ်ဆောင်လို့ခေါ်ပါတယ်"

"သူ့အဖေလုပ်ငန်းတွေ အမွေဆက်ခံရမယ့်သားပေါ့ ဟုတ်သား၊ ဒကာမ သူဌေးနဲ့အိမ်ထောင်ကျသွားတာ ကံကောင်းတာပေါ့ကွယ်၊ ဟုတ်ရင် မပြည့်မစုံနဲ့ သူများအိမ်မှာ ခိုကပ်နေရတာမဟုတ်လား။ အင်း သူတို့မိသားစုတွေရဲ့ကျေးဇူးတွေကလည်း ဒကာမအပေါ် အများကြီးနော်၊ ကျောင်းလည်းထားပေးတယ်၊ ဒကာမမိသားစုကိုလည်း ထောက်ပံ့ခဲ့တယ်မဟုတ်လား"

"တင် တင်ပါဘုရား"

"ခုခေတ်ဒီလိုလူမျိုးတွေ မရှိတော့ဘူးကွဲ့၊ လစာပေးနိုင်းရင် ခိုင်းလိုပဲဆက်ဆံချင်ကြတာ၊ မိသားစုလိုသဘောမထားကြတော့ဘူး၊ အလုပ်သမားတွေကလည်း သစ္စာမရှိကြတော့ပါဘူး၊ ဒီမှာ ဒီလိုကိစ္စတွေ ဖြစ်ဖူး ခဏာဖြစ်ကြတယ်ကွဲ့၊ အလုပ်ရှင်ဆီက ပစ္စည်းယူပြီး ငွေယူပြေးနဲ့ ထွက်သွားတဲ့လူနည်းပါးသွားပါပြီ"

ဘုန်းကြီးက ဘာပြောလို့ မာမီဒီလောက် မျက်နှာပျက်နေသည်မသိပေ။ ကိုယ့်ရပ်ကိုယ့်ရွာပြန်ပြီး ကုသိုလ်လုပ်ချင်တယ်ဆိုလို့ လား



www.burmeseclassic.com

www.burmeseclassic.com



မောင်းပြီး လိုက်ပို့ရတာ။ ခရီးဝေး မမောင်းဘူးတော့ တော်တော်ပေ
ပင်ပန်းနေသည်။ အရိပ်အာဝါသကောင်းသော ဘုန်းကြီးကျောင်းထဲမှာ
တစ်ရေးလောက်အိပ်လိုက်ရလျှင် ဘယ်လောက်များကောင်းမလဲ။

ဒါပေမဲ့ ရန်ကုန်ကိုမြန်မြန်ပြန်ရောက်ချင်သည်။ မြကျေးနှင့်
တစ်မြို့တစ်ရွာစီ ခွဲနေရသည်ဆိုသောအသိက လွမ်းဆွေးနေမိသလိုကြီး
ခံစားနေရ၏။

"ဆရာတော် ရန်ကုန်က ဧည့်သည်တွေ ထပ်ရောက်လာဖ
တယ် ဘုရား"

"ဟေ ဟုတ်လား ကျောင်းပေါ်လွှတ်လိုက်ပါ ကိုရင်၊ ဒီနေ့
ရန်ကုန်ဧည့်သည်တွေ တိုက်တိုက်ဆိုင်ဆိုင် ရောက်နေပါလား၊ ကိုယ့်ရပ်
ကိုယ့်ရွာ မမေ့ကြတာ သာဓုခေါ်စရာပဲ"

ဘုန်းကြီးက ပီတိဖြစ်နေဟန်တူသည်။ အလှူရှင်တွေရောက်
လာတာထက် ကိုယ့်ရပ်ကိုယ့်ရွာကလူတွေ ပြန်တွေ့ရတာ ပျော်နေတာ
ဖြစ်မှာ။

"ဩော် လာကြ လာကြ ဒကာမတို့က ဘယ်သူတွေလဲကွဲ
ဘုန်းကြီးက မျက်စိမကောင်းလို့ မျက်မှန်တပ်ထားရတာ သိပ်မမှတ်မိ
ချင်ဘူး"

"တပည့်တော်မ ညိုရင်ပါဘုရား။ ဦးဖင်းဆွမ်းခံအိမ်ဒကာမပါ
ဦးဖင်းစာသင်သားဆိုတော့ တပည့်တော်မ မုန့်ဖိုးထဲက စာအုပ်ဖိုးတွေ
လှူဒါန်းဖူးတယ်လေ"

"ဟင် ဩော် မှတ်မိပြီ အခုပဲ ဒကာမအကြောင်းပြောနေတာ
ဒီမှာ ဒကာမ ဒေါ်ခင်ဝင်းသူတို့သားအမိ ရောက်နေတယ်လေ"





"ဟင် ခင်ဝင်းသူ"

"ညို ညိုညိုရင်"

နှစ်ယောက်သား မျက်လုံးမျက်ဆန်ပြူးကာ အံ့သြနေကြသည်။
မြကျေးညိုလည်း အခုမှ မင်းဂုဏ်ရောင်ကိုမြင်သွားပြီး အံ့သြတကြီး
ဖြစ်သွား၏။

အမေပြောနေသည့် ခင်ဝင်းသူဆိုတာ မင်းဂုဏ်ရောင်အမေ
ဒေါ်ကျော့နွှာလား။ ဒါဆို အမေရဲ့ရန်သူတော်၊ သူ့မပါရောယောင် မုန်းတီး
နေရသူက မင်းဂုဏ်ရောင်အမေ။

"အ အမေ"

အမေ့မျက်နှာကြီး တင်းမာခက်ထန်သွားတာမို့ ဘုန်းကြီးရှေ့
မှာမသင့်တော်၍ မြကျေးညို လက်ကုတ်၍ သတိပေးရသည်။ မင်းဂုဏ်
ရောင်ကတော့ ဘာမှသိသေးပုံမပေါ်။ မြကျေးကိုမြင်တော့ ဝမ်းသာအားရ
နှင့်

"မြ မြကျေးတို့လည်း ဒီကိုလာတာလား၊ အဲလိုမှန်းသိရင်
ကိုယ့်ကားနဲ့ခေါ်ခဲ့ပါတယ်၊ ဘာလို့မပြောတာလဲ မြကျေးရယ်၊ ကားတစ်စင်း
လုံးမှ ကိုယ်တို့သားအမိနှစ်ယောက်တည်းရယ်"

"ဩော် လူငယ်ချင်းက သိနေကြတာလား။ ဘုန်းကြီးမေးတော့
ဒကာမက ဒေါ်ညိုရင်တို့ကို ရန်ကုန်မှာမတွေ့ဘူးဆို"

"တင် တင်ပါ့ဘုရား၊ တပည့်တော် ညိုညိုရင်နဲ့တစ်ခါမှကို
မဆုံတွေ့တာပါ"

"မတွေ့တာ အသိုက်အဝန်းချင်းမတူတော့လို့လို့ ပြောရမလ
ခင်ဝင်းသူ၊ ညည်းက ချမ်းသာသွားပြီး ငါကဆင်းရဲသွားတယ်မို့ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ကြောင့်ဆိုတာ''

''အမေ ဘာတွေလျှောက်ပြောမလို့လဲ ဘုန်းကြီးရှေ့မှာ၊ အမေ လျှောက်စရာရှိတာလျှောက်ပါ၊ ပြီးရင် အဘိုးတို့အုတ်ဂူကန်တော့ပြီး ပြန်ကြမယ်လေ''

အခြေအနေတစ်ခုကိုသိနေ၍ မြကျေးညိုမှာ ခပ်ကြိတ်ကြိတ် ပြောနေရသည်။ မင်းဂုဏ်ရောင် ဘုမသိဘမသိဖြင့်

''မြကျေး အပြန် ကိုယ့်ကားနဲ့ပြန်လေ၊ အဒေါ် ကျွန်တော်တို့ ကားနဲ့လိုက်ခဲ့ပါနော်၊ သက်သောင့်သက်သာ ဖြစ်တာပေါ့''

မင်းဂုဏ်ရောင်နှင့်ခင်ဝင်းသူကို မျက်စောင်းတစ်ချက်သာ ဝှေ့ကြည့်ပြီး ဒေါ်ညိုရင် လက်ကိုင်အိတ်ထဲက စာအိတ်လေးနှင့်ထည့်လာသော ဝတ္ထုငွေကို ထုတ်ယူလိုက်သည်။

''မိဘတွေအတွက်ရည်စူးပြီး တပည့်တော်တတ်နိုင်သလောက် ဝတ္ထုငွေလေး လှူဒါန်းတာပါ၊ ပြီးရင် မိဘတွေအုတ်ဂူလေးကို ကန်တော့ပြီး တပည့်တော်မ ပြန်မှာပါ''

''ရောက်တုန်း ကျောင်းမှာတစ်ညလောက်အိပ်သွားပါလားကွဲ၊ ဒကာမမိဘတွေက ဘုန်းကြီးအပေါ်လည်း ကျေးဇူးရှိတဲ့သူတွေပါ၊ မြို့ မျက်နှာဖုံးတွေဆိုတော့ သူတို့ကျေးဇူးနဲ့ကင်းတဲ့သူလည်း ခပ်ရှားရှားပါ''

''တချို့ကျတော့လည်း ကျေးဇူးမသိတတ်ဘဲ ပြန်စော်ကားရဲ တဲ့သူတွေ ရှိပါတယ် ဘုရား၊ တပည့်တော်မကတော့ အဲဒီလူတွေကို လုံးဝ မမေ့ပါဘူး''

''အမေ ပြန်မယ် ပြန်မယ်၊ ဘုန်းဘုန်းဘုရား၊ တပည့်တော်မ တို့ကို ခွင့်ပြုပါဦး၊ အမေ ပြန်ရအောင်၊ လာပါအမေရယ် လာပါနော်''





အမေ့လက်ကိုဆွဲ၍ ဘုန်းကြီးကိုတောင် ဦးချမရှိခိုးနိုင်ဘဲ ထွက်လာခဲ့ရသည်။ မင်းဂုဏ်ရောင်ကို နှုတ်တောင်မဆက်ခဲ့မိ၍ ဘယ်လိုထင်သွားမည်မသိပေ။

အမေ့မှာနာကြည်းချက်တွေ ရှိနေ၍ ဘုန်းကြီးကျောင်းပေါ်မှာ ပေါက်ကွဲပစ်လိုက်မှာစိုးလို့ပါ။ ဒီလိုတိုက်ဆိုင်စွာ ဆုံစည်းလိုက်ရတာ အံ့သြစရာပင်။

''ဖယ်စမ်း ငါ့လက်ကိုလွှတ်စမ်း ဘာလို့ ငါ့ကိုဖွတ်ဆွဲခေါ်လာတာလဲ၊ ဒီကောင်မကို ဒီလိုနေရာမှာတွေ့ရမယ်တောင် ထင်မထားဘူး၊ နေပါဦး ဒီကားက ဒီကောင်မပိုင်တဲ့ကားပေါ့၊ အိမ်ကိုမင်းဂုဏ်ရောင် မောင်းလာဖူးတဲ့ကားလေ ဟုတ်တယ်မဟုတ်လား''

အနက်ရောင်ရွှဲနေသော ကားကြီးကို ဗုန်းခနဲပုတ်၍ အမေ မေးသည်။ သူမက ဒီကားကို ကျောင်းထဲဝင်လာတည်းက သတိထားမိတာပါ။

ဒါပေမဲ့ မင်းဂုဏ်ရောင်ကားဖြစ်လိမ့်မည်ဟု မထင်မိ။ ဒီလိုကားမျိုး မြန်မာပြည်မှာ တစ်စီးတည်းရှိတာမှမဟုတ်တာ။ မင်းဂုဏ်ရောင်နှင့်ဒီမြို့က ဒီဘုန်းကြီးကျောင်းမှာ ဒီလိုမျိုး တိုက်ဆိုင်စွာ ဆုံရမည်လို့ ထင်မထားမိပေ။

''ဟဲ့ ငါမေးနေတယ်လေ''

''ဟုတ် ဟုတ်ပါတယ် အမေ''

''ဒင်းက မင်းဂုဏ်ရောင်အမေပေါ့၊ သိပ်ကိုချမ်းသာနေတဲ့ သူဌေးမကြီးဖြစ်နေတာပဲ၊ ငါ့ဘဝကိုဖျက်ဆီးပြီး သူက ကောင်းစားနေတယ်၊ ငါလုံးဝ ခွင့်မလွှတ်နိုင်ဘူး၊ သူ့ကိုငါ ပါးရိုက်ရမှ ကျေနပ်မယ်''



www.burmeseclassic.com

www.burmeseclassic.com



"အမေ ဘုန်းကြီးကျောင်းထဲမှာ အမေ ဘယ်လိုဖြစ်နေတာလဲ လူဆိုတာ သူ့ကံနဲ့သူလာတာလို့ အမေ အမြဲပြောနေခဲ့တာ မဟုတ်လား အမေ သူ့ကို မနာလိုဖြစ်ပြီး ပေါက်ကွဲနေတာလား"

"ဘာ"

"ဒေါ်သကိုအရင်ထိန်းပါ၊ အဆင့်အတန်းရှိရှိ နေခဲ့တဲ့ ကိုယ့်ရဲ့စိတ်တွေကို ဒေါသကြောင့် မခံချင်စိတ်ကြောင့် အောက်တန်းကျပစ်လိုက်တော့မလို့လား"

"အောင်မာ ညည်းက ငါ့ကိုတရားချ တရားပြနေတယ် ဟုတ်လား မြကျေးညို၊ မင်းဂုဏ်ရောင်ကြောင့် ညည်း အဲလိုပြောနေတာ မဟုတ်လား၊ ငါ ဘယ်လိုခံစားခဲ့ရတယ်ဆိုတာ ခုနလေးတင် ညည်းကို ငါပြောပြခဲ့တာပါ၊ ငါ့ဘဝကို ပြောင်းလဲအောင်လုပ်ခဲ့တဲ့သူက အဲဒီ မင်းဂုဏ်ရောင်ရဲ့အမေပဲ"

ဒေါသကြောင့် အမေ့အသံ ခပ်ကျယ်ကျယ် ဖြစ်သွားတာမို့ မြကျေးညို ဘေးဘီဝဲယာကို ချာခနဲ လှည့်ကြည့်မိကာ

"လာပါ အမေရယ်၊ အပြင်ရောက်မှပြောပါ၊ ကျောင်းထဲမှာ မကောင်းပါဘူး"

ကျောင်းအပြင်ရောက်အောင် အမေ့ကိုဆွဲခေါ်လာရပြန်သည်။ အမေက မကျေမချမ်းဖြစ်နေလျက်

"ညည်း လုံးဝ မင်းဂုဏ်ရောင်နဲ့မဆက်သွယ်ရဘူး၊ သူ့ဆီမှာ အလုပ်မလုပ်ရတော့ဘူး"

"အမေ"

"ဘာလဲ စောစောက ငါပြောပြနေတော့ ဒေါ်ခင်ဝင်းသူဆိုတဲ့





ဒိန်းမကြီးကို သမီးလည်းမှန်းမိတယ် နာကြည်းမိတယ်ဆို"

"ဟုတ် ဟုတ်ပါတယ် ဟိုလေ"

"ညည်း ဆင်ခြေမပေးနဲ့၊ လျှာမရှည်နဲ့၊ မင်းဂုဏ်ရောင်ကို အပြတ်ဖြတ်၊ ဒီလို ကျေးဇူးတရားမသိတတ်တဲ့မျိုးရိုးနဲ့ သူတို့တွေ ဘယ်လောက်ပဲချမ်းသာချမ်းသာ ညည်းကိုမပေးစားဘူး၊ ငါ့မေတ္တာကို နားလည်ရင် ညည်းဘယ်လောက်ချစ်ချစ် သူ့ကိုမယူရဘူး"

ခုန ထမင်းဆိုင်မှာတုန်းကတော့ သမီးတို့စွန့်စားမယ်ဆိုရင် အမေ လက်သင့်ခံမယ်လို့ပြောထားပြီးတော့ဆိုပြီး ဆင်ခြေတက်လို့လည်း ရတော့မည်မထင်။

ဒီအကြောင်းတွေပြောပြီး သွေးပူနေချိန်မှာ တိုက်ဆိုင်စွာ ဆုံလိုက်ရတော့ အမေ ဒေါသကိုဘယ်ထိန်းနိုင်ပါတော့မလဲ။

ဒီအတိုင်းဆို မင်းဂုဏ်ရောင်နှင့်သူမတို့ ဝေးသထက်ဝေးရပေတော့မည်။ ကံကြမ္မာက ဘာကြောင့်များ ဒီလောက်ရက်စက်ရတာလဲ။ ဘာလို့များ သူမတို့ကို ဆုံစည်းခွင့်မပေးနိုင်တာလဲ။

တကယ်ဆို အမေ့ရဲ့နားလည်ပေးမှုကြောင့် သူမတို့စွန့်စားပြီး ပေါင်းဖက်ခွင့်ရတော့မည်ထင်တာ။

မင်းဂုဏ်ရယ် ရှင်နဲ့ကျွန်မ ဒီဘဝတော့ လုံးဝမဖြစ်နိုင်တော့ဘူးထင်ပါတယ်။ ကျွန်မတို့အချစ်တွေ ဒီအတိုင်းပဲ အဆုံးသတ်သွားတော့မှာလား။

ဘာဖြစ်လို့လဲ၊ ဘာကြောင့်လဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"ဘာကြောင့်လဲ မာမီ၊ ဘာဖြစ်လို့လဲ၊ မြကျေးညီ့အမေနဲ့ ဘယ်လိုတွေ ပတ်သက်ပြီး ဘယ်လိုအကြောင်းတွေရှိခဲ့တာလဲ"

"သား"

"အကြောင်းတစ်ခုခုမရှိဘဲ ဒီလိုဆက်ဆံရေးမျိုး ဖြစ်သွားစရာ အကြောင်းမရှိဘူး မာမီ၊ သူတို့ကိုသွားမေးပြီး သူတို့ပြောတာထက် မာမီ ပြောတာကို သားကြားချင်တယ်"

သားက ဘုန်းကြီးကျောင်းကထွက်လာပြီး လမ်းမှာကားရပ်ကာ မေးနေသည်။ အမှန်ကိုပြောလျှင် သားလေး မိမိကိုအထင်သေးသွားမလား။ ဖုံးကွယ်ထားလည်း မြကျေးညီ့တို့ကိုသွားမေးလိုက်တာနှင့် သားလေး သိသွားမှာပင်။

"ဒီလိုပါ သား၊ မြကျေးညီ့ အမေနဲ့ မာမီနဲ့က တစ်မြို့တည်း





သားချင်းပါ၊ ဒါပေမဲ့ အခြေအနေချင်းတော့ မတူကြဘူး၊ သူတို့က ချမ်းသာတယ်၊ မာမီကဆင်းရဲတယ်၊ သူတို့အိမ်မှာ အလုပ်တွေဘာတွေ ကူလုပ် တဲ့အတွက် မာမီ့ကိုကျောင်းထားပေးတယ်၊ မိသားစုကိုလည်း ထောက်ပံ့ကြတယ်၊ မာမီ မိသားစုက အဆင်မပြေတော့ လိုအပ်မှုတွေ များတာပေါ့"

"ဪ"

"အဲလိုနဲ့ ညီ့ညီ့ရင်က ပြည့်စုံချမ်းသာပြီး သူ့ဆီမှာ ကျေးကျွန်လိုနေရတဲ့ မာမီက သူ့ကိုမနာလိုဖြစ်မိတယ်၊ သူပေးတာကမ်းတာယူ သုံးကျွေးတာစားပြီး မာမီ မကောင်းစိတ်မွေးမိခဲ့တာပါ မာမီ မကောင်းခဲ့ တာပါ"

"ဘာတွေလုပ်ခဲ့တာလဲ မာမီရယ်"

လေသံပျော့လေးနှင့် သားရဲ့အမေးကြောင့် ပိုပြီးသိမ်ငယ်သွားမိသည်။ ဝန်မခံလျှင် ပိုပြီးအရှက်နည်းရာကျမည်ထင်၏။

"သူနဲ့မာမီက သက်တူရွယ်တူဆိုတော့ အတန်းလည်းတူတယ်၊ ဆယ်တန်းကျတော့ ကျူရှင်တွေဝိုင်းတွေနဲ့သင်နိုင်တဲ့သူက ဂုဏ်ထူးနဲ့ အောင်တယ်၊ မာမီကတော့ သူတို့အိမ်ကအလုပ်တွေ ကိုယ့်အိမ်ကအလုပ် တွေနဲ့ စာကျက်ချိန်မရတော့ ဆယ်တန်းမှာကျတယ်၊ သူ့မိဘတွေက မာမီ့ကိုကျောင်းဆက်ထားပေးရှာတယ်၊ ဒါပေမဲ့ အရာရာပြည့်စုံတဲ့သူ့ကို မနာလိုဖြစ်ပြီး သူလက်ထပ်သွားတဲ့သူနဲ့ အောင်သွယ်ပေးလိုက်တယ်၊ အဲဒီလူက မပြည့်စုံဘူး ချို့တဲ့တယ်၊ အညာကနေ ရန်ကုန်ကိုအလုပ်လုပ်ဖို့ ရောက်လာတာ"

"ဟင် မြကျေးအဖေလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ဟုတ်တယ် အစ်ကိုဝမ်းကွဲနဲ့သိတဲ့လူပေါ့၊ ညီညီရဲ့ မိဘတွေက ဆင်းရဲပေမယ့် ရိုးသားတယ်ဆိုပြီး သဘောတူတယ်၊ သူတို့ချင်းလည်း ချစ်လိုက်ကြတာ တုန်နေတာပဲ၊ မာမီက ဒီလိုအဆင်ပြေစေချင်တာမဟုတ်ဘူးလေ၊ မိဘတွေက သဘောမတူဘဲ ဆူပူမာန်မဲလို့ စာမကျက်နိုင်ဘာမကျက်နိုင်နဲ့ စာမေးပွဲကျရုံလောက် ရည်ရွယ်တာ နောက်တော့ သူတို့ချင်းလက်ထပ်ဖို့ထိဖြစ်လာတယ်၊ အဲဒါနဲ့ ကိုမြစိုးက ပုဂံဘက်က သူတောင်းစားမျိုးရိုးလို့ သူ့မိဘတွေကိုပြောပစ်လိုက်တာ"

"ဗျာ"

မာမို့စိတ်ကို သူလန့်သွားသည်။ ဒါကြောင့် ကျေးဇူးတင်ရမှန်း မသိတဲ့သူတွေရှိတယ်လို့ မြကျေးအမေရွဲ့ပြောသွားခဲ့တာဖြစ်မည်။

"မာမီ မှားမှန်းသိပါတယ် သား၊ တစ်သက်လုံးလည်း မာမီ နောင်တတွေ ရနေခဲ့တာပါ၊ သူ့ကိုတွေ့ရင် တောင်းပန်မယ်လို့လည်း ရည်ရွယ်ထားပါတယ်"

"ဒါဆို ခုနက ဘုန်းကြီးကျောင်းမှာတွေ့တာ ဘာလို့မတောင်းပန်လိုက်တာလဲ မာမီ"

"သားချစ်တဲ့မိန်းကလေးရဲ့အမေ ဖြစ်နေတာကို အံ့ဩသွားလို့ပါ သား၊ ဒီမှာ ဒီလိုဆုံမယ်လို့လည်းမထင်ခဲ့ဘူး၊ ပြီးတော့ ဒီလောက်ဆင်းရဲချို့တဲ့သွားမယ်လို့လည်း မထင်ခဲ့ဘူး"

"မြကျေးပြောတုန်းက သူ့အမေကသူဌေးသမီး၊ လူတစ်ယောက်ကြောင့် အသိုင်းအဝိုင်းတွေက အမွေဖြတ်လို့ ဆင်းရဲချို့တဲ့ရတယ်ဆိုတာကို တရားခံက မာမီဖြစ်နေလိမ့်မယ်လို့ လုံးဝမထင်မိဘူး၊ ဒါကြောင့် မာမို့ကိုဒယ်ဒီက နှိမ်ချဆက်ဆံခဲ့တာလား"

"ဆင်းရဲချို့တဲ့ခဲ့တာတစ်ခုတည်းကြောင့်မဟုတ်ဘူး သား၊ မာမီ လုပ်ခဲ့တဲ့အပြစ်ကို သူ သိနေတယ်၊ အဲဒါကြောင့် မာမို့ကိုသူအထင်သေးပြီး နှိမ်ချဆက်ဆံနေခဲ့တာပေါ့ကွယ်"

"မာမီရယ် ဘာလို့ ဒီလိုလုပ်ခဲ့တာလဲဗျာ၊ မကောင်းတဲ့စိတ်ဆိုတာ အရမ်းရက်စက်ရာကောင်းတာပါ"

"မာမီ နားလည်ပါပြီ သား၊ အရင်ကတော့ ယက်ရှယ်တဲ့စိတ်နဲ့ နောက်လိုတာတွေပဲရှိခဲ့တယ်၊ ကိုယ့်တာဝကို သိမ်ငယ်ပြီး သူများကိုမကောင်းဆင်မိတာပါ၊ မာမီ သူတို့ကို တောင်းပန်လိုက်ပါမယ်၊ မာမီ တကယ်ပြောတာပါ သားရယ်"

မာမီ [illegible]နေပေမယ့် သူ့ရင်ထဲ တကယ်မကောင်းနိုင်သေးပေ။ မြကျေးတို့ဆင်းရဲရတာ မာမို့ကြောင့်ဆိုတာကြီးက သူ့ကိုပါ သိမ်ငယ်မှုတွေ ဖြစ်စေသည်။ မြကျေးတို့ ဘယ်လိုဒုက္ခတွေ ရင်ဆိုင်ခဲ့ရသည်ဆိုတာ သူ အသိဆုံးမဟုတ်လား။ ကားလေးကို မောင်းထွက်လာခဲ့ရပေမယ့် ရန်ကုန်ကို ပြန်ရောက်မှာတောင် ကြောက်နေမိသလိုပင်။

မြကျေးကို မတွေ့ချင်လို့တော့ မဟုတ်ပါ။ သူတို့နှစ်ယောက်ရဲ့ အချစ်ရေးက ရှေ့လျှောက်ပိုခက်ခဲတော့မည်ဆိုတာ သိနေလို့ပင်။

မြကျေးရယ် ဘာကြောင့်များ၊ ကိုယ်တို့နှစ်ယောက် မနီးစပ်နိုင်ရတာလဲကွာ။ မြကျေး ဘယ်လောက်တောင် စိတ်ဆင်းရဲနေရှာမလဲ။

ကိုယ် တကယ် စိတ်မကောင်းပါဘူး မြကျေးရယ်။

■ ■ ■







www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

သားဆီက လိပ်စာတောင်းပြီး လာခဲ့ရပေမယ့် ညိုညိုရင် လက်သင့်မှခံပါ့မလားလို့ စိုးရိမ်စိတ်ဖြစ်နေမိသည်။ မိမိကို မုန်းနေ နာကြည်းနေမှာသိနေပါသည်။ မုန်းတီးနာကြည်းမည့်လုပ်ရပ်ကို မိမိကလုပ်ခဲ့မိတာပဲ

"ဟင်"

မုန့်ဟင်းခါးဆိုင်လေးမှာ ချွေးတလုံးလုံးရောင်းချတာတွေ့လိုက်ရ၍ ညိုညိုရင်အတွက် တော်တော်လေးကို စိတ်မကောင်းဖြစ်မိသွားသည်။ ဟိုအရင်က မြို့မျက်နှာဖုံး လူချမ်းသာသူဌေးသမီး။ ရွှေပေါ်မြတင်နေခဲ့ရလို့ ဖွေးဥသန့်စင်ပြီး ချောမောလှပခဲ့သော ညိုညိုရင်။

အခုတော့လည်း အဝတ်အစား ပိုသီပတ်သီဖြင့် ချွေးသံတရွှဲရွှဲ မြကျေးညိုက ပန်းကန်တွေဆေးလို့ မိသားစုလိုက် ပင်ပန်းဆင်းရဲနေကြပါလား။ ကားကိုခပ်လှမ်းလှမ်းမှာရပ်ထားခဲ့ပြီး မုန့်ဟင်းခါးဆိုင်လေးထဲ ဝင်လာခဲ့သည်။





"ညိုညိုရင်"

"ဟင် နင် နင်ဘာလာလုပ်တာလဲ ခင်ဝင်းသူ၊ ထွက်သွားစမ်း အခု ငါ့ဆိုင်ရှေ့က ထွက်သွားစမ်း"

"ငါ နင့်ကိုတောင်းပန်ချင်လို့လာတာပါ၊ နင်ရိုက်ချင်ရိုက် ပြောချင်ပြော ငါမသွားနိုင်ဘူး ညိုညိုရင်"

"ဘာ"

"အမေ"

အမေ ဒေါ်သတကြီးဖြစ်သွားတာမို့ ပန်းကန်ဆေးနေရာမှ မြကျေးညို ထဆွဲရသေးသည်။ ဒေါ်ခင်ဝင်းသူက အမေရိုက်လည်းခံမည့် ခံနိုင်ဆိုင်ထဲကို ဖွတ်တိုးဝင်လာသည်။

"ညိုညိုရင် ငါ စကားနည်းနည်းလောက် ပြောပါရစေ"

"ငါ နားမထောင်နိုင်ဘူး ခင်ဝင်းသူ၊ နင်အခုချိန်မှ တောင်းပန်နေလည်း အချိန်တွေက အစားပြန်မရတော့ဘူး၊ ဘဝတွေက အစားထိုးလို့မရတော့ဘူး"

"ငါသိပါတယ် ငါ အရင်တည်းက တောင်းပန်ချင်ခဲ့တာပါ၊ ရှာလည်းရှာခဲ့ပါသေးတယ်၊ နင့်မိဘတွေက နင့်ကိုအမွေဖြတ်လိုက်တယ် ဆိုပေမယ့် တစ်သက်လုံးပြတ်တောက်လိမ့်မယ်လို့တော့မထင်ခဲ့ဘူး၊ တစ်ဦးတည်းသောသမီးဆိုတော့ စိတ်ဆိုးတုန်းခဏပဲ၊ နောက်တော့ အမွေပြန်ပေးသင့်တာပေါ့၊ နင် ဒီလိုဆင်းရဲပင်ပန်းနေလိမ့်မယ်ဆိုတာ ငါ တကယ် မသိခဲ့တာပါ ညိုညိုရင်၊ ငါ စောစောကသာသိခဲ့ရင် ဒီလိုဥပေက္ခာပြုထားတာ လျစ်လျူရှုထားမှာမဟုတ်ပါဘူး"

"ဘာလဲ ငါ့လိုမျိုး ပေးစာကမ်းစာနဲ့ ကျေးဇူးတင်ခံဦးမယ်ပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ဝေးသေးတယ် ခင်ဝင်းသူ၊ နင့်လိုမိန်းမမျိုးဆိုက ဘယ်လိုအကူအညီမျိုး ယူလိမ့်မယ် မထင်နဲ့''

''ငါ ငါ အဲလိုသဘောမျိုး မဟုတ်ပါဘူး၊ ငါ မှားခဲ့တာအတွက် ငါ တောင်းပန်ချင်တာပါ၊ ကျေးဇူးရှိခဲ့တဲ့နင့်အပေါ် အမှားလုပ်ခဲ့မိတာ အားနာလို့ပါ ညီညီရင်''

''နင့်လိုကျေးဇူးကန်းတတ်တဲ့မိန်းမမှာ အားနာတဲ့စိတ်ရှိသေးတာပေါ့၊ နင်ကတော့ သူဌေးကတော်ဘဝနဲ့ သိပ်ကိုစိတ်ချမ်းသာနေခဲ့တယ်ထင်တယ်၊ အရမ်းကိုပြောင်းလဲသွားတာ အံ့သြစရာပါပဲ၊ ဒီလိုစိတ်ယုတ်မာရှိတဲ့လူမျိုးလည်း ကံကောင်းတတ်ပါသေးလား''

ဒေါ်ညီညီရင်နှုတ်လှန်ထိုး ရန်တွေ့နေပေမယ့် အမှားလုပ်ထားသူမို့ ဒေါ်ခင်ဝင်းသူ လေသံပျော့လေးနှင့်ပင် တုန့်ပြန်ရှာသည်။ အခုလည်း မျက်ရည်ဝဲနေကာ

''လူချမ်းသာပေမယ့် စိတ်မချမ်းသာပါဘူး ညီညီရင်၊ ငါ မကောင်းတဲ့စိတ်မွေးတာ သိနေတဲ့အတွက် ဆင်းရဲချို့တဲ့တာနဲ့ အောက်တန်းကျတာတွဲပြီး သူ ငါ့အပေါ်အမြဲတမ်း နှိမ်ချဆက်ဆံခဲ့တာပါ၊ ငါက ဆင်းရဲတဲ့ဘဝကို ပြန်မသွားရဲလို့ သည်းခံပြီးပေါင်းသင်းနေခဲ့ရတယ်''

''ဆင်းရဲမှာတော်တော်ကြောက်နေတယ်ပေါ့၊ ငါကတော့ ဆင်းရဲမှာမကြောက်တော့ဘူး၊ ဆင်းရဲတော့ ငါ့မှာရန်သူမရှိတော့ဘူးလေ၊ ငါချမ်းသာရင် မနာလိုတဲ့သူက ညစ်ပတ်စုတ်ပွဲတဲ့စိတ်နဲ့ တိုက်ခိုက်ခံနေရဦးမယ်''

''ငါ ငါ ဘယ်လိုလုပ်ပေးမှ နင်ကျေနပ်နိုင်မှာလဲ ညီညီရင်၊ ငါ ဘာမဆိုလုပ်ပါ့မယ်၊ နင့်ရှေ့မှာ ဒူးထောက်ဆိုလည်း ထောက်မယ်၊ ပါးရိုက်ချင်တယ်ဆိုလည်း ခံမယ်၊ နင်ဖြစ်ချင်တာပြောပါ''





မျက်ရည်ခံထိုးပြောနေတာကို မသနားနိုင်။ မိမိက အိမ်ထောင်နှင့်အမျှ ဆင်းရဲဒုက္ခခံလာခဲ့ရတာ။ ဒင်းကြောင့်သာမဟုတ်လျှင် မိသားစုဘဝ အေးအေးချမ်းချမ်း ပြည့်စုံပျော်ရွှင်ရမှာပါ။ အဖေနှင့်အမေလည်း သားသမီးတွေမြေးတွေနှင့်စိတ်ချမ်းသာကာ ဒီအချိန်ထိ ပျော်ရွှင်နေပေလိမ့်မည်။ အခုက အားလုံးရဲ့ဘဝတွေ တစ်စစီပြိုကွဲပျက်စီးပြီးမှ

''ခင်ဝင်းသူ နင်ဘာမဆိုလုပ်ပေးနိုင်လား၊ ငါ ဘာပဲတောင်းဆိုတောင်းဆို နင်လိုက်လျောနိုင်သလား''

''ပြော ပြောပါ ညီညီရင်''

''ငါ့သမီးနဲ့နင့်သားကို လက်ထပ်ပေးနိုင်မလား''

''ဟင် ဘာ ဘာပြောတယ်''

''အမေ''

အမေက သူမကို ဘာစကားမှဝင်မပြောရန် လက်ကာပြ၍

''ဘယ်လိုလဲ ခင်ဝင်းသူ၊ ငါ့သမီးက ဆင်းရဲလို့ သဘောမတူနိုင်တာလား''

''မ မဟုတ်ပါဘူး၊ ဟို ငါက''

စိတ်အနာကြီးနာပြီး ခါးခါးသီးသီး လက်မခံနိုင်လောက်ဘူးထင်ထားပေမယ့် ဒီလို စကားပြောလိုက်တာကြောင့် ဒေါ်ကျော့နန္ဒာ အရမ်းကို အံ့သြခဲ့ရသည်။ သားအဖေက လုံးဝကန့်ကွက်တားဆီးပြီး သားကိုတခြားတစ်ယောက်နှင့် လက်ထပ်ပေးမည်ဆိုသည့်သတင်းကြောင့် မဖြစ်နိုင်တာကို ညီညီရင် တောင်းဆိုလိုက်တာဖြစ်မည်။

ခန်းခန့် အပြုံးများက အဆိပ်တွေနှင့်ပြည့်နှက်နေသည်ဟု ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဝင်းသူ ခင်ဝင်းသူ အဲဒါ နင် ငါ့ကိုတောင်းပန်တာလား။ ငါဖြစ်ချင်တာကို လိုက်လျောတာလား။ ငါ့သမီးလေးက ဆင်းရဲချို့တဲ့လို့ နင့်သားအကောင်းစားကြီးနဲ့ လက်ထပ်မပေးစားချင်တာလား"

"ညိုညိုရင် နင်ဘာဖြစ်ချင်တာလဲ"

"ငါဖြစ်ချင်တာ ငါပြောပြီးပြီလေ၊ အဲဒါ နင်လုပ်ပေးနိုင်ရင် ငါ ခွင့်လွှတ်သင့်သလောက် ခွင့်လွှတ်ပေးလိုက်မယ် နင့်ကို"

"ညိုညိုရင်ရယ်"

အခက်ခဲဆုံးအရာကို တောင်းဆိုလိုက်သည်ဆိုတာ သိသည်။ ဒါပေမဲ့ မငြင်းချင်။ ခွင့်လွှတ်မည်ဆိုသောစကားက မိမိအများအတွက် ပြင်ဆင်ခွင့်ပေးလိုက်တာပဲဖြစ်၏။

အပြစ်ကိုသာ ခွင့်လွှတ်ပေးမည်ဆိုလျှင် ဘာမလုပ်ရဲစရာရှိလဲ။ သားတို့အဖေနှင့် အတိုက်အခံပြဿနာဖြစ်မည်ဆိုလည်း ရင်ဆိုင်ရတော့မှာပင်။ ညိုညိုရင် မဲ့ပြုံးများအတွက် မခံချိမခံသာ မဖြစ်တော့ပါ။

အများလုပ်ထားရင် ပြန်ပေးဆပ်ရမှာပဲမဟုတ်လား။

■ ■ ■

## အခန်း (၃၁)

"အမေ ဘာဖြစ်လို့ အဲလိုပြောလိုက်တာလဲ၊ အမေသဘောမတူဘူးဆို၊ မင်းဂုဏ်ရောင်နဲ့မပတ်သက်ရဘူး၊ လက်မထပ်ရဘူးဆို"

အမေ ဘာကြောင့် ပြုံးလိုက်သလဲ မြကျေးမသိပါ။ မေးခွန်းထဲမှာ သဘောကျစရာမပါဘဲ အမေခပ်ကြာကြာပြုံးပြီးမှ

"သူ့အဖေက ဥမ္မာခင်ဆိုတဲ့ မိန်းကလေးနဲ့စေ့စပ်လက်ထပ်ပေးဖို့ စီစဉ်နေတယ်မဟုတ်လား၊ ညည်းနဲ့ရသွားမှာစိုးလို့ ဆတ်ဆတ်တုန်နေတယ်လေ"

"အဲဒါ ဘာဖြစ်လို့လဲ အမေ"

"ခင်ဝင်းသူက သူ့အပြစ်သူပြန်ပေးဆပ်ချင်နေတယ်၊ သူ ဘာလုပ်နိုင်မလဲ စောင့်ကြည့်ချင်လို့ပါ"

"မင်းဂုဏ်ရောင်အမေနဲ့ပြဿနာဖြစ်ပြီး ဒုက္ခရောက်အောင် လုပ်လိုက်တာမဟုတ်လား အမေ"

www.burmeseclassic.com



"ဟင်း ဟင်း အမေက သူပေးတဲ့ဒုက္ခတွေ အိမ်ထောင်သက်
ခံစားခဲ့ရတာပါ၊ သူက ချမ်းသာတဲ့ဘဝမှာ ပျော်မွေ့နေခဲ့တာ ကြာပြီ
နည်းနည်းလောက်တော့ ခံစားကြည့်စမ်းပါဖစ"

အမေ အငြိုးနှင့်တုန့်ပြန်လိုက်မှန်းသိ၍ မင်းဂုဏ်တို့သားအ
အတွက် စိတ်မကောင်းပေ။ မင်းဂုဏ်ဒယ်ဒီ ဘယ်လောက်မောက်
ကြမ်းတမ်းသည်ဆိုတာ သိနေခဲ့ပြီးသားမဟုတ်ပါလား။

အမေ့ကိုလည်း ဘာမှပြောမနေချင်တော့။ သူမ စိတ်
လေးလံဖိစီးလျက် ထိုင်ခုံမှာ မှိုင်တွေစွာ ငုတ်တုတ်ထိုင်နေမိသည်။

"ဆိုင်ကျက်သရေမရှိအောင် မှိုင်မနေနဲ့ ငါ ဈေးဘက် လိုအ
တာသွားဝယ်လိုက်ဦးမယ်၊ စားမယ့်သောက်မယ့်သူလာရင် ကောင်
ကောင်းရောင်း၊ အရင်းတောင်မရသေးဘူး နားလည်လား"

အမေက ငေါက်ငမ်းပြောဆိုပြီးမှ ဈေးဘက်ထွက်သွားသည်
သူမဈေးရောင်းဖို့လည်း စိတ်မပါပေ။ ဒီနေ့ ရုံးမတက်ရဘူးဆို၍ မင်းဂု
နှင့်လည်း မတွေ့ရ။ မင်းဂုဏ်လည်း ဒီအကြောင်းတွေသိပြီး စိတ်
ပင်ပန်းနေမှာပါ။

"ဟဲ့ မြကျေး"

"ဟင် ချိုချို အလုပ်ပြင်ဆိုင် မသွားဘူးလား"

"ညက နှာတွေမွန်ပြီး ဖျားလို့ ဆေးသောက်အိပ်လိုက်တ
မထနိုင်လို့လေ၊ မြကျေးတို့ခရီးထွက်သွားတာတောင် မသိလိုက်ဘူး။ 
နေပါဦး အိမ်ကလူတွေပြောတာ မြကျေးတို့အိမ်ကို ကားနဲ့ချည့်သည်အ
သမီးတစ်ယောက် လာသွားတယ်ဆို အဲဒါ ဘယ်သူလဲ"

"မင်းဂုဏ် အမေပါ"





"ဟင် မြကျေးကိုတာတွေလာပြီး ပြောဆိုသွားတာလဲ၊ သူ့သားနဲ့ သဘောမတူတဲ့အကြောင်းလား၊ ဆိုင်မှာစကားများနေကြတာတဲ့ ဟုတ်လား၊ မုန့်ဟင်းခါးစားချင်လို့ ဝယ်နိုင်းလိုက်တာဟယ်၊ ဆိုင်မှာစကားများနေလို့ဆိုပြီး ဝယ်မလာတာနဲ့ ထွက်လာရတာ၊ ကဲ ပြောစမ်းပါဦး ဘယ်လိုဖြစ်ကြတာလဲ"

"မုန့်အရင်ပြင်ပေးရမလား ချိုချို"

"အေး အေး ပြင်လိုက်၊ စားရင်းနားထောင်မယ်၊ စောစောက သာခေါ်လိုက်ရင် အဲဒီမိန်းမကြီးကိုကူပြီး ရန်တွေ့ပေးပ်တယ်"

ချိုချို့စကားကြောင့် ရယ်ချင်ပေမယ့် မရဲ့သွား ဖွဲ့သာနေလိုက်မိသည်။ ချိုချိုအတွက် မုန့်ပွဲပြင်ပြီးမှ ခုံမှာဝင်ထိုင်လိုက်ကာ

"ဟိုက လာရန်တွေ့တာ မဟုတ်ပါဘူး ချိုချိုရယ်၊ အမေက ရန်တွေ့လွှတ်လိုက်တာပါ"

"ဟင် အထူးအဆန်းပါလား၊ ဟိုကလာပြီး ရန်တွေ့ခံတဲ့ သဘောလား"

"အဲလိုပြောရမလားပဲ၊ ငါနဲ့မင်းဂုဏ်ကိစ္စကြောင့်တော့ မဟုတ်ပါဘူး။ သူ့အမေနဲ့ငါ့အမေက ကျောင်းတော်ကရန်စရှိခဲ့ကြတယ်၊ မင်းဂုဏ်အမေက အမေ့အပေါ် အပြစ်လုပ်ခဲ့တာပေါ့"

"ဩော် ရေစက်ရှိလို့ ပြန်ဆုံကြတာထင်တယ်"

"အင်း အမေက မင်းဂုဏ်နဲ့လက်ထပ်ပေးစားဖို့ တောင်းဆိုလိုက်တယ်"

"ဗုဒ္ဓေါ ဘုရားသခင်၊ အန်တီညို ဘာဖြစ်တာလဲ"

"မသိတော့ပါဘူး ချိုချိုရယ်၊ ရန်သူ့သားနဲ့လက်မထပ်ရဘူး

www.burmeseclassic.com



ပြောပြီး အခုကျတော့ မဖြစ်နိုင်တာကို တောင်းဆိုလိုက်တယ်၊ တမင် စိတ်ဒုက္ခရောက်စေချင်လို့တဲ့၊ အမေ့ကိုနားမလည်နိုင်တော့ဘူး''

ချိုချိုလည်း နားမလည်နိုင်သလို မှန်စားလက်စရပ်သွားသည်။

''သဘောမတူလို့ပဲ အလုပ်လည်း မဆင်းခိုင်းဘဲနဲ့၊ ဘယ်လို တွေးလိုက်တာလဲဟယ်၊ ချိုက ကိုဘုန်းလတ်အတွက်တောင် အခြေအနေ ကောင်းပြီထင်နေတာ၊ ဟိုလူက စိတ်မကုန်သေးသလိုဖြစ်နေတာ''

''တော်ပါတော့ ချိုချိုရယ်၊ တကယ်ကို ငါစိတ်ရှုပ်နေပါပြီ၊ ငါ့ ကိုယ်ငါ ဘာဖြစ်မယ်ဆိုတာတောင် ခန့်မှန်းလို့မရဖြစ်နေပြီ''

''စိတ်ဓာတ်တော့ မကျပါနဲ့ မြကျေးရယ်၊ ဘယ်သူ့ပဲရရ အဖတ် တင်တာပေါ့''

''ပြောတော့မယ် အဲဒီပါးစပ်ကြီးက အထိန်းအသိမ်းမရှိ''

ချိုချိုပြောတာရယ်တော့ မရယ်နိုင်ပါ။ လည်တနင်နင်ဖြင့် ဘာ ကိုမှ ဆုံးဖြတ်လို့မရ ဖြစ်နေသည်။

မင်းဂုဏ်ရော ဘယ်လိုဆုံးဖြတ်မှာလဲသိချင်လှ၏။ မင်းဂုဏ်က တော့ သူမ ရုံးမတက်လို့ သဘောတော့ပေါက်နေမှာပါ။ အခြေအနေဆိုး တစ်ခုလို့ပဲ သတ်မှတ်ချင်သတ်မှတ်နေမှာ။

သူမလည်း မွန်းကြပ်နေပါသည်။ မင်းဂုဏ်နှင့်တွေ့ပြီး တစ်ခုခု ပြတ်ပြတ်သားသားဖြစ်အောင် ဆုံးဖြတ်ပစ်ချင်လှ၏။

အခုချိန် မင်းဂုဏ် ဘာတွေတွေးပြီး ဘာတွေဖြစ်နေမလဲ။

ကျွန်မတို့ ဝေးမှာလား၊ နီးမှာလား မင်းဂုဏ်။

■ ■ ■



---

## အခန်း (၃၂)

''မသိတော့ဘူး မသိတော့ဘူးကွာ၊ ဘာတွေဖြစ်ကုန်မှန်းကို မသိတော့တာ၊ ငါတို့နှစ်ယောက်ကျမှ ဘာလို့ ဒီလိုတွေဖြစ်နေတာလဲ၊ သူများလို ချစ်သူဖြစ် လက်ထပ် ကလေးမွေး၊ ရန်ဖြစ်ရင်ဖြစ် ကွဲရင်ကွဲ၊ ဘာလို့ အဲလိုလုပ်လို့မရတာလဲ၊ အခုချစ်လို့မရဘူး၊ ကွဲကွာလို့လည်း မရဘူး၊ စွန့်စားလို့မဖြစ်၊ ပေါင်းစည်းလို့မဖြစ်နဲ့၊ ငါ ဘာလုပ်ရမှာလဲ၊ ဘာလုပ်ရမှာလဲ ဖော်တူးရာ''

''မင်းဂုဏ် ဟိတ်ကောင် လျှော့ပါဟ''

ဘယ်လိုမှ တားလို့မရ၊ ဘီယာတွေတစ်ခွက်ပြီးတစ်ခွက် သောက် နေတာ အတားအဆီးမရှိ။

ပေါက်ကွဲပြီးရင်ဖွင့်မှသက်သာမည်ထင်လို့ လွှတ်ထားတာ။ မင်း ဂုဏ်တစ်ခါမှ ဒီလိုမျိုး ဘီယာတွေအများကြီးမသောက်ဘူးပါ။

''ဖော်တူး''

''ဘာလဲကွာ ပြော သူငယ်ချင်း''

''ငါ မြကျေးကိုချစ်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"အေး"

"မြကျေးလည်း ငါ့ကိုချစ်တယ်"

"ငါသိပါတယ်ကွာ၊ မင်းတို့နှစ်ယောက်က တစ်ယောက်ကို တစ်ယောက် ချစ်လို့အနစ်နာခံပေးဆပ်ဖို့ပဲ စဉ်းစားနေကြတာ၊ မင်းတို့နှစ်ယောက် ချစ်တဲတ်တာမျိုးက ရှားတယ်ကွ"

"အေး အဲဒါကြောင့် ငါ သူ့ကိုပိုပြီးတန်ဖိုးထားတာ၊ အစပိုင်း သူ့စွာတေးလန်တာလေးကို စိတ်ဝင်စားခဲ့တယ်၊ နောက်ပိုင်း သူ ရိုးသားတာလေးကိုချစ်မြတ်နိုးခဲ့တယ်၊ အခု သူ့ရဲ့ချို့တဲ့မှုလေးတွေကို စာနာသနားပြီး သူ့ဘဝကို လှလှပပလေးဖြစ်အောင် ဖြည့်ဆည်းချင်ခဲ့တယ် ဒါပေမဲ့ကွာ ဘာမှလုပ်လို့မရဘူး၊ လုပ်ပေးလို့မရဘူး၊ မာ မာမီက သူတို့ဘဝကို ဒီလိုဖြစ်အောင်လုပ်ခဲ့တဲ့သူတဲ့၊ လက်ကြောင့်ကြေ နှုတ်ကြောင့် သေတတ်တယ်ဆိုတာ မင်းကြားဖူးတယ်မဟုတ်လား"

"အေး ကြားဖူးပါတယ်"

"အဲဒီလက်က တုတ်ကိုယူပြီးရိုက်ရင် ခေါင်းကွဲချင်ကွဲမယ် အရိုးကြေချင်ကြေမယ်၊ နှုတ်ကမှာလိုက်ရင်တော့ အဲဒီလူရဲ့တစ်ဘဝလုံး သေသွားနိုင်တယ်ကွ၊ အဲဒီအပြစ်ကို မာမီက ကျူးလွန်ခဲ့တာ၊ ဘာမှမဖြစ် လောက်ပါဘူးလို့ပေးတဲ့ဆင်ခြေက ဖြစ်နိုင်သလား၊ ဖြစ်ပါစေဆိုတဲ့ရည် ရွယ်ချက်မရှိရင် မာမီ ဒီလိုလုပ်ခဲ့ပါ့မလား ဖော်တူး"

"မင်းမာမီ သွားတောင်းပန်တယ်ဆို၊ မင်းကိုဘာပြောလဲ အကျိုးအကြောင်းသိရပြီလား"

"မာမီ့ကို မျက်နှာချင်းမဆိုင်ချင်လို့ ငါ အိမ်မှမပြန်တာ"

"အဲဒါတော့ မင်းမှားတယ်၊ မင်းမာမီက မှားမှန်းသိလို့ သွား





တောင်းပန်ရင် အကျိုးအကြောင်းသိအောင် နားထောင်သင့်တယ်၊ ဟို ဘက်က ခွင့်လွှတ်နားလည်ပေးလိုက်မယ်ဆိုရင် မင်းတို့ရှေ့ဆက်လို့ရသေး တာပဲ"

"ဟုတ်လား"

မင်းဂုဏ်ရောင် လက်ထဲက ဘီယာခွက် စားပွဲပေါ်ဒေါက်ခနဲ ပြန်ကျသွား၏။ သူပေတေနေလို့ ထူးလာစရာအကြောင်းမှမရှိတာ။ မြကျေး နှံမတက်တာက သူ့ကို မခံစားနိုင်အောင် ရူးသွပ်စေခြင်းဖြစ်သည်။ မြကျေးတို့သားအမိကို ရင်မဆိုင်ရဲလို့ သွားမတွေ့ဖြစ်တာပါ။ အိမ်မပြန်ဘဲ ကိုတယ်တစ်ခုမှာ သူ အိပ်သည်။ ကုမ္ပဏီသွားလို့ မြကျေး နှံမတက်ဘူး ဆိုလျှင် ဘီယာသောက်ရင်း အချိန်တွေဖြုန်း၏။

"ငါ အိမ်ပြန်သင့်သလား ဖော်တူး"

"ဖုန်းပိတ်ပြီး လျှောက်လေနေမယ့်အစား အိမ်ပြန်ပြီးရင်ဆိုင် လိုက်သင့်တယ်၊ မိဘဆိုတာ သားသမီးမျက်စိမှာကို ကြောက်ကြတာ ပဲကွ၊ အခွင်ပြေမယ့်နည်းလမ်းကို သူတို့ရှေ့မှာပါ၊ သားသမီးနဲ့ပတ်သက် ရင် သူတို့မှာ မာနတို့သိက္ခာတို့က အရေးမကြီးတော့ဘူး"

"အဲလိုဖြစ်မယ်ထင်လား"

"သွားကြည့်လိုက်ရင် သိမှာပေါ့ကွာ၊ ဒီညတော့ ရွှံနေပြီမဖြစ် ဘူး၊ မနက်ကျရင်တော့ စောစောပြန်လိုက်ပါ"

ဖော်တူးရဲ့ဖျောင်းဖျမှုက သူ့ကိုငြိမ်သက်တွေဝေသွားစေ၏။ ဒီလို ပေတေနေလို့ မြကျေးနဲ့နီးစပ်နိုင်မှာတဲ့လား။ မြကျေးအမေက စိတ်တိုတို နှင့် မြကျေးကို ယောက်ျားပေးစားလိုက်တော့ ဘယ်လိုလုပ်မလဲ။

"မြ မြကျေးကို သူ့အမေ ယောက်ျားပေးစားဖို့ စီစဉ်နေမလား သိဘူး၊ အဲဒီ ဘုန်းလတ်ဆိုတဲ့ရွှေအက မြကျေးကိုအသည်းစွဲနေတာ"



www.burmeseclassic.com

www.burmeseclassic.com



''မဖြစ်နိုင်ပါဘူး''

''ဟင် မင်းက ဘာသိလို့ အတိအကျ အာမခံတာလဲ''

''ချိုချိုဆိုတဲ့တစ်ယောက်နဲ့တွဲနေတယ်''

''ဟိုအခြောက်နဲ့လေ''

''ရင်ဖွင့်ရင်း နှစ်သိမ့်ရင်းနဲ့ငြိသွားတာထင်တယ်၊ အခြောက်တွေက သနားတတ်တယ်လေ၊ အပြုစုလည်းကောင်းတယ်၊ ဟိုလူကြီးကြွေသွားပြီဖြစ်မှာပေါ့၊ နေ့လယ်က ကုန်တိုက်မှာ ချိုချိုအတွက် ပစ္စည်းတွေ ဝယ်ပေးနေတာ ငါတွေ့ခဲ့တယ်၊ နှစ်ယောက်လုံး မျက်နှာပြုံးဖြီးနေတာပဲ''

''အဲဒါဆိုရင်တော့ ကောင်းတာပေါ့ကွာ၊ နှစ်ယောက်လုံးရဲ့ရန်အေးသွားတာပေါ့၊ ဒါပေမဲ့ ငါနဲ့မြကျေး အဆင်ပြေဖို့ဆိုတာတော့''

''အတွေးနဲ့နေတဲ့လူက ဖြစ်အောင်လုပ်ဖို့ အရည်အချင်းမရှိကြဘူးတဲ့၊ မြကျေးက မင်းကိုချစ်ပါတယ်၊ မင်းမာမီ ပြဿနာက မင်းကိုမုန်းလောက်တဲ့အပြစ်မဟုတ်ပါဘူးကွာ၊ မင်းမာမီကို နာကြည်းရင်ပဲ နာကြည်းမှာပါ''

ဇော်တူးရဲ့ဖျောင်းဖျမှုများက သူ့ကိုအားဖြစ်စေတာတော့ အမှန်ပင်။ သူ ဘာလုပ်သင့်သလဲဆိုတာကတော့ သူ အခုချိန်ထိတွေဝေနေဆဲပါ။ မြကျေးရေ ခက်ခဲလာလေ ပိုမြတ်နိုးမိလေပါပဲ။

လွယ်လွယ်ချစ်ခဲ့မိတာမှမဟုတ်ဘဲ မြကျေးရယ်။ မာမီကို မင်းမုန်းနေသလား။ မင်းအာမေကရော မာမီကိုခွင့်လွှတ်လိုက်ပြီလား။ သိချင်စိတ်များက အခုမှပြင်းထန်လာကာ . . . ။

■ ■ ■



## အခန်း (၃၃)

''သားကို မြကျေးညီနဲ့လက်ထပ်ပေးလိုက်ပါ''

''ဘာ ကျော့ ကျော့ မင်းဘာပြောတယ်''

''မြကျေးညီကြောင့် သားအရူမ်းခံစားနေရတယ်လေ၊ သားအပေအတေလိုဖြစ်နေပြီ၊ သားပျက်စီးသွားမှာ ရှင်မစိုးရိမ်ဘူးလား''

''အဲဒါ မင်းတို့မျိုးရိုးရဲ့ဗီဇစိတ်လေ၊ မင်းအမျိုးထဲမှာ အဆင့်အတန်းရှိတဲ့သူ ဘယ်သူရှိလဲ၊ ငါ ဒီလိုဂုဏ်ဒြပ်နဲ့ထားတာတောင် သောက်ကျင့်တွေက ကောင်းကိုမကောင်းဘူး''

''ကိုဂုဏ်ရောင်''

ဒေါ်ကျော့နန္ဒာ ဆတ်ဆတ်ခါသွားသည်။ သူ့အသိုက်အဝန်းနှင့်လိုက်ဖက်အောင် ခင်ဝင်းသူဆိုသည့်နာမည်ကို ကျော့နန္ဒာလို့ ဦးနေဂုဏ်ရောင် ပြောင်းပစ်ခဲ့တာပါ။ နာမည်တင်မက မိမိဘဝကိုပါ ပုံသွင်းခြယ်



www.burmeseclassic.com

www.burmeseclassic.com



လှယ်ချင်သည့်ယောက်ျားကို ဒီတစ်ခါတော့ အရှုံးမပေးချင်တော့ပေ။

"ရှင် ဘယ်အချိန်ထိ ကျွန်မကို နှိမ်ချဆက်ဆံနေဦးမှာလဲ၊ ကျွန်မ ဘယ်အချိန်ထိ ဒီလိုမျိုး ခေါင်းငုံ့သည်းခံနေရဦးမှာလဲ ကိုဂုဏ်ရောင်၊ ကျွန်မဆင်းရဲတဲ့အတန်းအစားက မွေးဖွားလာတာ မှန်တယ်၊ ကျေးဇူးရှိတဲ့သူ့အပေါ် ကျေးဇူးကန်းခဲ့မိတာမှန်တယ်၊ ဒါပေမဲ့ ဒါကို ရှင်ကတစ်သက်လုံးအပြစ်လုပ်ပြီး နှိမ့်ချနေလို့တော့ မဖြစ်ဘူးလေ၊ ကျွန်မ ရှင့်အပေါ်ဖောက်လွှဲဖောက်ပြန်လုပ်ဖူးလား၊ အိမ်ထောင်ရေးအပေါ် သစ္စာမဲ့ဖူးလား၊ မိသားစုအရှက်သိက္ခာမဲ့အောင် ကိုယ်ကျင့်တရားပျက်ဖူးသလား။ ငယ်ရွယ်စဉ်မှာ စိတ်မထိန်းချုပ်နိုင်လို့ မနာလိုပြီးမှားတဲ့အမှားကို တစ်သက်လုံး ပေးဆပ်နေရမှာလား"

"မင်းက ဘယ်လောက်တောင် ကောင်းတဲ့မိန်းမမို့ အသံကျယ်ကျယ် ပြောနေရတာလဲ ကျော့၊ ကျေးဇူးရှင်ကို ကျေးဇူးကန်းရဲတဲ့မိန်းမက မိသားစုအပေါ်ရော အဲလိုမလုပ်ဘူးလို့ ပြောနိုင်သလား။ ဆင်းရဲတာက ရှာစားလို့ရတယ်၊ ဗီဇစိတ်ဓာတ်မကောင်းတာက ပြုပြင်လို့မရဘူးကွ၊ မင့်သားကိုကြည့်လေ၊ ထစ်ခနဲရှိ စိတ်မထိန်းနိုင်ဘဲ သောက်စားမူးယစ်ပြီး အပေအတေလိုနေချင်တယ်၊ အဲဒါ မင်းတို့ရဲ့အသိုက်အဝန်း ဗီဇသွေးပဲ၊ ငါဘယ်လောက် မြှင့်တင်မြှင့်တင် မြင့်မားမလာဘူး"

"အဲလိုနေတာကိုယ်ကျင့်တရားပျက်တာလား၊ စိတ်ဓာတ်ပျက်စီးနေတာ မဟုတ်ဘူး၊ စိတ်ထွက်ပေါက်ရှာနေတာ နားလည်လား၊ ရှင် အဲလိုဖိအားတွေပေး နှိမ့်ချနေလို့ သားက ထွက်ပေါက်ရှာတာ၊ ကျွန်မကလည်း ကျွန်မလိုမွန်းကြပ်နေမှာစိုးလို့ လွှတ်ပေးထားတာ"

"အေး သိပ်ကိုရည်မှန်းချက်ကြီးတဲ့သားအမိပဲ၊ မင့်သားအဲလို





နေတာကို ဟုတ်လှပြီထင်နေလား၊ ကိုယ်က အဆင့်အတန်းရှိအောင် ဘယ်လိုနေရမယ်၊ ဘဝတိုးတက်မြင့်မားအောင် ဘယ်လိုကြိုးစားရမယ် ဆိုတာ မသိတော့ သားသမီးကိုဘယ်လိုလုပ် ဆုံးမသွန်သင်တတ်မှာလဲ၊ ငါဆုံးမတော့လည်း ကာဆီးကာဆီးနဲ့ဖြောက်ပင့်ပေးဖို့ပဲတတ်တယ်"

"ရှင်က ဆုံးမတာမှမဟုတ်တာ၊ ဖိအားပေးနေတာ နှိမ့်ချနေတာ၊ အမိန့်အာဏာတွေသုံးပြီး စိတ်တိုင်းမကျတိုင်း ပြဿနာရှာဆိုးကြိတ်နေတာမဟုတ်ဘူးလား။ သားသမီးဆိုတာ ချော့သင့်ရင်ချော့ရတယ်၊ ခြောက်သင့်ရင်ခြောက်ရတယ်"

"ဟား မင်းက အရမ်းကိုတော်တဲ့မိန်းမပဲ၊ မင်းလုပ်ခဲ့တာမျိုး သားကိုပါ သင်ပေးလိုက်ပါလား ကျော့"

ဦးနေဂုဏ်ရောင်ရဲ့ ခနဲ့ခနဲ့အရွဲ့တိုက်စကားများကြောင့် ဒေါ်ကျော့နန္ဒာ မခံချိမခံသာ ဒေါသဖြစ်သွားလေသည်။ ဒီယောက်ျားနှင့်စကားနိုင်လုနေလို့လည်း ဘာမှအကြောင်းထူးလာမည် မဟုတ်ပေ။

ဒီအတိုင်း ပဋိပက္ခတွေအခြေအတင်ပြောရင်းနှင့် ပြီးဆုံးသွားမှာ။ မိမိကလည်း ဆုံးဖြတ်ချက်ချပြီးပြီမို့ အလျှော့မပေးချင်တော့ပါ။

"ရှင်နဲ့ကျွန်မ ဒီအကြောင်းတွေ အခြေအတင်ပြောမနေချင်တော့ဘူး ကိုဂုဏ်ရောင်၊ သားကို မြကျေးညိုနဲ့သဘောတူမှာလား ဒါပဲပြော"

"ဟ ငါက ဉမ္မာခင်နဲ့စေ့စပ်လက်ထပ်ပေးဖို့ စီစဉ်နေတာ ဘာလို့ မြကျေးညိုနဲ့လက်ထပ်ပေးရမှာလဲ"

"ကျွန်မကတော့ မြကျေးညိုနဲ့ပဲ သဘောတူတယ်၊ သူက ကျွန်မ ကျေးဇူးကန်းခဲ့မိတဲ့ ညိုညိုရင်ရဲ့သမီးဖြစ်နေလို့ ပြေအေးကျေအေးဖို့ သူ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်မှုရဖို့ သူ့သမီးနဲ့ပဲ လက်ထပ်ပေးမယ်၊ သူတို့ချင်းကလည်း မေတ္တာ မျှနေပြီးသား''

''ငါက မင်းဆန္ဒကိုလိုက်လျောပေးရမှာလား ကျော့၊ ဝေးသေးတယ်၊ နေဂုဏ်ရောင်ဆိုတဲ့ငါက သူများခိုင်းတာ စီမံတာကို လိုက်လုပ်တတ်တဲ့ကောင်မဟုတ်ဘူး''

''ဒါဆိုလည်း ကျွန်မသဘောနဲ့ကျွန်မသားကို မြကျေးညိုနဲ့ ပေးစားရုံပဲ''

''ဘာ''

ဒီမိန်းမ စကားပြောတာ အတင့်ရဲ အထွန့်တက်ရဲနေတာမို့ ဦးနေဂုဏ်ရောင် အံ့သြနေသည်။ အရင်က အပြစ်ရှိသူတစ်ယောက်လို အမြဲအတင် ဘာမှသိပ်ပြန်မပြောရဲပါ။ အခု ဘယ်လိုအင်အားတွေနှင့် ကိုယ့်ကို ပြန်တိုက်ခိုက်ရဲနေသည်မသိ။

ဒေါသကြောင့် လက်ကမြှောက်တက်သွားတော့

''ရှင်က ရိုက်ချင်လို့လား ရိုက်လေ၊ ကျွန်မကို စကားလုံးတွေနဲ့ပဲ နှိပ်စက်မနေနဲ့၊ ရှင့်လက်နဲ့သတ်ချင်သတ်ပစ်လိုက်၊ ဒါပေမဲ့ အရင်လို ငြိမ်ပြီး သည်းခံနေမှာတော့ မဟုတ်ဘူး၊ ရှင့်လိုလူမျိုးရဲ့အရိပ်မှာ ကျွန်မတို့သားအမိနှစ်ယောက် မနေတော့ဘူး''

''ဘာ မင်းဘာပြောတယ်''

''သား သောက်စားလေလွင့်ပြီး ပျက်စီးမခံနိုင်ဘူး၊ ရှင့်ဆီမှာနေရတာ သားလည်း သူ့ကိုယ်သူ နိမ့်ကျတယ်လို့ထင်နေမှာပဲ၊ ရှင်က သားကိုပြုပြင်ပြောင်းလဲချိန် ကြိုးစားဖို့အချိန်မှ အခွင့်အရေးမပေးချင်တာ၊ အခု ဒါဖြစ်ရမယ်ဆိုဖြစ်ရမယ်၊ ဒါလုပ်ဆို ဒါလုပ် အမိန့်အာဏာပဲ သုံး





ချင်နေတော့ ရှင့်အရိပ်အာဝါသအောက်မှာ မနေနိုင်တော့ဘူး၊ သား မနက်ကပြန်ရောက်နေတယ်၊ သားကိုခေါ်ပြီး ကျွန်မ ဒီအိမ်က ဆင်းသွားမယ် ဒါပဲ''

မင်းဂုဏ်ရောင်အခန်းအကွယ်ကနေ မာမီတို့ဖြစ်သမျှ ပြဿနာတွေ အားလုံးကြားနေရသည်။ မာမီ ဒီလိုဆုံးဖြတ်တာ မှားမည်မထင်။ ဒယ်ဒီစကားတွေက အရမ်းကိုတစ်ဖက်စွန်းရောက် နှိမ့်ချနေခဲ့သည့်အတွက် မာမီလည်း ထွက်ပေါက်ရှာသင့်သည်။

ပြီးတော့ သူ့ကိုမြကျေးညိုနှင့်လက်ထပ်ပေးချင်သည့်ဆန္ဒရှိနေသည့်အတွက် မာမီနှင့်မလိုက်သွားရဲစရာမရှိပါ။

''မာမီ''

''ဟင် သား''

သူ ရောက်သွားတော့ မာမီရော ဒယ်ဒီရော အားလုံးကြားသွားပြီဆိုတာ သဘောပေါက်ဟန်တူသည်။ မာမီက သူ့လက်ကိုဆွဲပြီး

''သား မာမီတို့အိမ်ပေါ်ကဆင်းမယ်၊ သူပိုင်ဆိုင်တဲ့ဘာအဆောင်အယောင်မှ မမက်မောဘူး၊ အားလုံးထားခဲ့မယ် သားလိုက်ရဲလား''

''လိုက်ရဲပါတယ် မာမီ၊ မာမီကိုမငတ်အောင် သား ရှာကျွေးနိုင်ပါတယ်၊ ဒယ်ဒီလိုမဟုတ်တောင် တင့်တင့်တယ်တယ် လူတန်းစေ့နေနိုင်အောင် သားကြိုးစားပါ့မယ်''

''ရပါတယ် သား၊ မာမီက ဆင်းရဲတဲ့ဘဝကလာတာပါ၊ လူမချမ်းသာရင်နေပါစေ စိတ်ချမ်းသာအောင်နေရမယ်ဆိုရင် နေနိုင်ပါတယ်၊ လာ သား အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ မာမီတို့ဆင်းသွားကြမယ်''

သားလက်ကိုဆွဲ၍ ဒေါ်ကျော့နန္ဒာ ရင်ကော့ကာ ထွက်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဘာလို့ဆင်းရဲမှာကြောက်နေရမှာလဲ၊ ဒီပိုင်ဆိုင်ခွင့်တွေ ဘာလို့ မက်မောနေရမှာလဲ၊ ညိုညိုရင်လို သူဌေးသမီးတောင်မှ ဒီလောက်ဆင်းရဲတဲ့ဘဝကို ကြံ့ကြံ့ခံရင်ဆိုင်နေသေးတာ။

မိမိက ညိုညိုရင်ထက်ဆိုးတဲ့ဘဝမှာနေခဲ့ရသူမို့ . . . ။

■ ■ ■

## အခန်း (၃၄)

"ဟယ် ဘယ် ဘယ်လိုဖြစ်လာကြတာလဲ"

ဆိုင်သိမ်းနေဆဲမှာ မင်းဂုဏ်ရောင်နှင့်ဒေါ်ခင်ဝင်းသူ သားအမိနှစ်ယောက်လုံး ရောက်ချလာတာမို့ ဒေါ်ညိုရင်တို့ အံ့သြနေကြသည်။ မင်းဂုဏ်ရောင်က သူ့အမေနောက်မှာ မျက်နှာငယ်လေးနှင့်ပါ။

"ငါတို့သားအမိ အိမ်ပေါ်က ဆင်းလာခဲ့တာ"

"ဘာ အိမ်ပေါ်ကဆင်းလာတယ်၊ နှင့်ယောကျ်ားက နှင်ချလိုက်တာလား"

"နင်က နင့်သမီးနဲ့ ငါ့သားကိုပေးစားချင်တာမဟုတ်လား၊ ငါပြောတော့ သူက လက်မခံဘူး၊ သူစီစဉ်တဲ့မိန်းကလေးနဲ့ပဲ ပေးစားမှာတဲ့၊ အဲဒါကြောင့် သားကိုခေါ်ပြီးဆင်းလာခဲ့တာ"

"ဟဲ့ ဆင်းလာတယ်ဆိုလည်း တခြားနေရာသွားလေ၊ ငါ့အိမ်ဘာလို့လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင့်အိမ်မှာ နင်နဲ့အတူ ဒိုးတူပေါင်ဖက် လုပ်ကိုင်စားဖို့လာခဲ့တာပါ ညိုညိုရင်"

"ဘာ့ နင်လိုသူဌေးကတော်က"

"သူဌေးကတော်ဆိုတာ အခုမှပါ၊ အရင်က နင့်ထက်ဆိုးတဲ့ဘဝမှာနေခဲ့ရတာပဲ၊ ငါဆင်းရဲမှာမကြောက်ပါဘူး။ နင် ခွင့်လွှတ်မယ်ဆိုရင် ငါ ဘာမဆိုလုပ်မယ်လို့ပြောပြီးပြီပဲ၊ နင် မုန့်ဟင်းခါးရောင်းရင် ငါ အကြော်ကြော်မယ်၊ သားက သူတို့လက်ထပ်ဖို့ ဘယ်အလုပ်မဆို လုပ်ပြီးငွေစုလိမ့်မယ်၊ ငါတို့ကို လက်ခံပါဟယ် နော် ညိုညိုရင်၊ ငါတို့သားအမိ နိုကိုးရာမဲ့ပြီးရောက်လာတာပါ"

ဒေါ်ညိုရင် အခုမှခက်ရလေပြီ၊ ကိုယ့်ဒုက္ခကိုယ်ရှာမိလိုက်သလိုပါပဲလား။ သူဌေးကတော်ဘဝမှာ စိမ်နှင့်နေရပါလျက် အပြစ်ကြေဖို့ ဒီဘဝထဲ ခုန်ဆင်းလာသည်ဆိုတော့ ခွင့်မလွှတ်လို့လည်း မရတော့ဘူး ထင်သည်။

မင်းဂုဏ်ရောင်မှာလည်း အပြစ်မရှိပါ။ ဘယ်လိုလုပ်မလဲ။

သူတို့တောင် စွန့်စားရဲမှတော့

"ဒါနဲ့ နင်တို့က အဝတ်အစားမပါ ဘာမပါနဲ့"

"ငါက နင်နဲ့တူအောင် နင့်အဝတ်အစား အနွမ်းတွေပဲဝတ်မှာပေါ့ ညိုညိုရင်၊ ငါ့ကြောင့် နင် ဒီဘဝရောက်ရတာမဟုတ်လား။ သားကတော့ နင့်သားအလတ်ကောင်အဝတ်တွေ ပေးဝတ်လိုက်ပေါ့"

"ဟဲ့ ငါ့သားအဝတ်နဲ့ ဘယ်တော်မှာလဲ"

"အဖေ့အဝတ်အစားတွေ သိမ်းထားတာရှိသေးတာပဲ အမေအဲဒါပေးဝတ်လိုက်ပေါ့"





မြကျေးညို ဝင်ပြောတော့ သမီးလည်း လက်ခံချင်သည်ဆိုတာ ဒေါ်ညိုရင် သဘောပေါက်လိုက်သည်။ ဒီအခြေအနေတစ်ခုကို မိမိဖန်တီးလိုက်သလိုပဲမို့ ဘာတတ်နိုင်တော့မှာလဲ၊ အခုလည်း သားအမိနှစ်ယောက် သိမ်းစရာရှိတာတွေ ဝိုင်းကူသိမ်းဆည်းနေကြသည်။ မျက်နှာလိုမျက်နှာရ ရှာယာခတ်အောင် လုပ်နေကြ၏။

ရင်တွေမောလိုက်တာ။ ဘာမှကို ပြောချင်စိတ်မရှိတော့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

မနက်မိုးမလင်းခင် ဒေါ်ညိုရင် မုန့်ဟင်းခါးချက်တော့လည်း ဒေါ်ခင်ဝင်းသူ ကမူးရူးထိုး အိပ်ရာကထရသည်။ သူလုပ်တတ်သလောက် ကူညီလုပ်ကိုင်ပေး၏။ ဒေါ်ညိုရင်အဝတ်အစားတွေ ဝတ်ထားတာမို့ တကယ်ကို ဘဝတူတွေလို ဖြစ်သွားပြီး မင်းဂုဏ်ရောင်လည်း နွမ်းပါးမှုများနှင့် သူ့ခြေသားပုံစံမပေါက်တော့။

တွေသမျှအလုပ်သိမ်းကျုံးလုပ်ပြီး အငြိုငြင်ခံရမှာစိုးရိမ်နေရသည်။ အိုးခွက်ပန်းကန်ဆေး စားပွဲထိုး မညည်းညူပင် လုပ်ရာ၏။

"ကဲ ငါဈေးသွားမယ်၊ ဆိုင်မှာသေချာလုပ်ထားကြ"

"ဈေးကို ငါလိုက်ခဲ့မယ်လေ၊ ဆိုင်မှာသားနဲ့သမီးရှိတာ ဖြစ်မှာပါ၊ နင့်ဈေးခြင်းကို ငါကူဆွဲမှနင်သက်သာမှာပေါ့"

"ရပါတယ် အရင်လည်း ငါတစ်ယောက်တည်း သွားနေကြပါ"

"အခု ငါရှိနေတာပဲ၊ ငါ့ကူလုပ်ပါရစေ နင့်ကိုဒီလိုပုံစံမျိုးမြင်ရတာ တကယ်စိတ်မကောင်းလို့ပါ၊ ငါဆင်းရဲတဲ့အချိန်က နင်အများကြီး





ကူညီခဲ့တာပဲဟာယ်၊ ငါဒီလောက်လေး ကူညီခွင့်ရတာ ဘာမှမဟုတ်သေးပါဘူး။ တကယ်ဆို နင့်ကိုအရင်လိုဘဝမျိုးနဲ့ ပြန်မြင်ချင်တာပါ၊ အဲလိုဖြစ်အောင်ထိ ငါပြန်ကူညီချင်တာပါ ညိုညိုရင်၊ အဲဒါကြောင့် သားကို အလုပ်မြန်မြန်ရအောင် ရှာခိုင်းထားတာ၊ အမေတို့သားအမိပြန်ပေးဆပ်ရမယ်လို့ သားကိုသေချာပြောထားတယ်"

"နင့်ယောကျ်ားဆီ ပြန်မသွားတော့ဘူးလား"

"ဟင့်အင်း ငါ သူ့ကိုအောက်ကျခံမပေါင်းတော့ဘူး။ သူတစ်သက်လုံး လာမခေါ်ရင် တစ်သက်လုံး နင့်ဆီမှာ အလုပ်အကျွေးပြန်ပြုမယ်၊ သူလာခေါ်ရင်လည်း မြကျေးညိုကို သားနဲ့လက်ထပ်ပေးပြီး နင်တို့မိသားစုဘဝအဆင်ပြေအောင် စီစဉ်ပေးပါမယ်၊ ငါလေ နင် ဒီလိုခွင့်လွှတ်ပေးတာကိုပဲ ကျေးဇူးတင်နေတာပါ"

"အသက်ကြီးပြီလေ၊ အာဃာတတွေနဲ့ပူလောင်ပြီး မရှင်သန်ချင်တော့ဘူး။ သားသမီးတွေကို အဲဒီလောင်ကျွမ်းမှုတွေ မကူးစက်စေချင်ဘူး။ ငါလည်းငါချစ်တဲ့သူကိုယူခဲ့တာ၊ သမီးကိုလည်း သူချစ်တဲ့သူနဲ့ပဲ ရစေချင်ပါတယ်၊ ဆင်းရဲရဲ ချမ်းသာသာ ချစ်တဲ့သူနဲ့နေရတော့ တော်သေးတာပေါ့"

"အေးပါဟာယ် နင်နားလည်ပေးတာ ကျေးဇူးတင်ပါတယ်၊ ငါ့သားကို တစ်သက်လုံး အလုပ်အကျွေးပြုခိုင်းမှာပါ၊ ကဲ ငါတို့ဈေးသွားကြမယ်လေ၊ ငါဈေးခြင်းကိုင်ခဲ့မယ်၊ အရင်ကလို ငါ့ကိုနင့်ရဲ့ဝန်ထမ်းအလုပ်သမားလိုပဲ သဘောထားပါ"

ကျိုးနွံမှုတွေနှင့်ဆိုတော့ ခင်ဝင်းသူကို အားနာလာမိသည်။ ဒါပေမဲ့ ခွင့်လွှတ်နားလည်ပေးလိုက်ရသည့်အတွက် စိတ်ထဲမှာ ဘာအာဃာတအငြိုးအတေးမှမရှိတော့ဘဲ ပေါ့ပါးသန့်ရှင်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရေ အမေတို့ဈေးသွားလိုက်ဦးမယ်၊ ကောင်းကောင်းရောင်းထားနော်၊ အရင်းပြုတ်လို့မဖြစ်ဘူး၊ မိသားစုက တိုးနေပြီ"

"ဟုတ်ကဲ့ပါ အမေ"

အမေပြောသွားသည့်စကားကြောင့် မင်းဂုဏ်ရောင်နှင့်မြကျေးညိုတစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပြုံးလိုက်မိကြသည်။ မင်းဂုဏ်ရောင်က မြကျေးညိုပခုံးလေးကို လာဖက်ကာ

"အမေနှစ်ယောက် အဆင်ပြေသွားကြတော့ ဘယ်လိုဝမ်းသာကြည်နူးမိမှန်းမသိဘူးမြကျေးရယ်၊ မြကျေးနဲ့ဒီလိုနီးနီးကပ်ကပ် နေခွင့်ရပါ့မလားလို့ စိုးရိမ်နေခဲ့တာ"

"မပြည့်စုံမှုတွေကို အတူရင်ဆိုင်ဖို့ ရောက်လာခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ် မင်းဂုဏ်"

"ကိုယ်ကလည်း ကိုယ့်ကိုလက်ခံပေးတဲ့အတွက် တစ်သက်လုံးအလုပ်အကျွေးပြုပြီး သစ္စာရှိရှိ စောင့်ရှောက်ပါမယ်လို့ ကတိပေးပါတယ် မြကျေး၊ ကိုယ့်ကိုနှင်တော့မထုတ်ပါနဲ့နော်"

မြကျေးညို ချစ်မျက်စောင်းလေး ထိုးလိုက်မိသည်။ သူ့ရင်အုပ်ကျယ်ကျယ်ကို အနမ်းတစ်ချက်ပေးပြီး လုပ်စရာအလုပ်တွေ လုပ်နေလိုက်၏။ မင်းဂုဏ်ရောင်ကလည်း သူမမျက်နှာလေးကို အမြတ်တနိုးလိုက်ကြည့်နေပေမယ့် မနိုမကပ်ဘဲ အလုပ်တွေလုပ်နေသည်။

ခဏအကြာမှာတော့ ဆိုင်ရှေ့ကိုကားတစ်စီး ထိုးဆိုက်လာသည်။ ကားပေါ်ကဆင်းလာသူက ဦးနေဂုဏ်ရောင် ဖြစ်နေ၍ နှစ်ယောက်သားတုန်လှုပ်ချောက်ချားအံ့သြသွားကြ၏။

"ဟင် ဒယ်ဒီ"





"ဟိတ်ကောင် မင်းမာမီရော မင်းမာမီ"

"မ မရှိဘူး"

"ဘာ မင်းနဲ့အတူတူ အိမ်ပေါ်ကဆင်းသွားတာလေ၊ မရှိလို့ သူက ဘယ်သွားတာလဲ၊ မင်းက ဒီမှာလာနေပြီး မင်းမာမီက ဘယ်သူနဲ့ သွားနေတာလဲဟင် ဟိတ်ကောင်"

"မာမီ့ကိုတွေ့ပြီး ဘာလုပ်မလို့လဲ ဒယ်ဒီ"

"ဟ မင်းတို့ကိုက်ခဲလည်းပါမသွားဘူး၊ အဝတ်အစားတွေလည်း ပါမသွားဘူး၊ ဒုက္ခရောက်မှာကြောက်လို့ ငါ ငွေလာပေးတာ"

"ရပါတယ် ဒယ်ဒီ သားတို့အဆင်ပြေပါတယ်၊ သားတို့ငွေကြေး မပြည့်စုံပေမယ့် စိတ်ချမ်းသာရပါတယ်၊ ငွေလာပေးရုံဆိုရင်ပြန်ပါတော့ ဒယ်ဒီ"

"ဘာ ငါ့ကိုနှင်နေတယ်၊ ဟိတ်ကောင် ငါ မင်းမာမီနဲ့တွေ့ချင်တယ်"

"ရှင်က ကျွန်မကိုတွေ့ပြီး ဘာလုပ်မလို့လဲ"

"ဟင် ကျော့"

ဈေးခြင်းကြီး မနိုင်မနင်း ဆွဲလျက် အဝတ်အစားနွမ်းနွမ်းဖတ်ဖတ်နှင့် နောက်ကရောက်လာသော ကျော့နန္ဒာကိုကြည့်၍ ဦးနေဂုဏ်ရောင် ရင်ထဲနင့်ခနဲဖြစ်သွားသည်။ ကျော့နန္ဒာရဲ့မျက်နှာကတော့ အချစ်တွေ သံယောဇဉ်အငွေ့အသက်တွေ ပျောက်ဆုံးလျက် ခပ်တင်းတင်းပါ။

"ဒေါသတွေ မောဟတွေ အတ္တတွေနဲ့ ရောက်လာတာဆိုရင် ရှင်ပြန်ပါ ကိုဂုဏ်ရောင်၊ ကျွန်မတို့ငွေကြေးချို့တဲ့တဲ့ဘဝမှာ စိတ်ချမ်းချမ်းသာသာပဲ နေပါတော့မယ်"

"ကျော့ ကျော့ မင်းဘယ်လိုတွေဆုံးဖြတ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မအမှားအတွက် အပြစ်ကင်းအောင် ပြန်ပေးဆပ်နေတာ ကျွန်မအခုမှ စိတ်ချမ်းသာရတာပါ၊ အမှားတစ်ခု အပြစ်တစ်ခုကျူးလွန်မိတဲ့အတွက် လင်ယောကျ်ားရဲ့အထင်သေးလည်း ခံရတယ်၊ စိတ်မချမ်းမသာလည်း နေခဲ့ရတယ်၊ သားသိမှာစိုးလို့သိမ်ငယ်မှုတွေနဲ့လည်း နေခဲ့ရတယ်၊ အခုမှ ကျွန်မကိုယ်ကျွန်မ အပြစ်ကင်းသွားတယ်လို့ထင်ပြီး လူပီသသွားတာပါ။ ရှင်ကတော့ ရှင်ဘာတွေမှားနေတယ်ဆိုတာ မသိဘဲ အတ္တကြီးနေတုန်းဆိုရင် ကျွန်မတို့နဲ့ဝေးရပြီလို့သာ အောက်မေ့ပါ"

ဦးနေဂုဏ်ရောင် ငိုင်ကျသွားသည်။ ခဏအကြာမှာ သက်ပြင်းမောကြီးချလျက်

"ကိုယ်မှားပါတယ်ကျော့၊ ကိုယ်မင်းတို့သားအမိကို လာခေါ်တာပါ၊ မိသားစုနဲ့ကိုယ်ခွဲမနေနိုင်ပါဘူး"

"ကျွန်မတို့ဒီအတိုင်းပြန်မလိုက်နိုင်ပါဘူး ကိုဂုဏ်ရောင်၊ ဒီမှာ ကျွန်မတို့အတွက် မိသားစုတွေရှိနေပါပြီ၊ ရှင်က သူတို့ကို အသိအမှတ်မပြုနိုင်ရင် ကျွန်မတို့သားအမိ သူတို့နဲ့ပဲနေမှာပါ"

"အေးပေါ့လေ မင်းရဲ့မိသားစုဆိုတော့လည်း ကိုယ် လက်ခံရတော့မှာပေါ့။ မင်းအမှားအတွက်တောင် သူတို့ကိုပေးဆပ်နေတာပဲ ကိုယ်မင်းကိုအထင်လည်းမသေးတော့ပါဘူး၊ နိမ့်လည်းမနှိမ်ချတော့ပါဘူးကျော့၊ သားနဲ့မြကျေးညိုကိုလည်း လက်ထပ်ပေးပါမယ်၊ မင်းတို့သားအမိ အိမ်ပြန်လိုက်ခဲ့ပါ၊ ကိုယ် ဘယ်လိုမှမနေတတ်လို့ပါကွာ"

မင်းဂုဏ်ရောင်နှင့်ဒေါ်ကျော့နန္ဒာ အကြည့်ချင်းဆုံသွားပြီး မျက်ခုံးပင့်ကာ လိုက်သင့်သလား မေးခွန်းထုတ်နေကြ၏။

"သား သားကတော့ မလိုက်သေးဘူး ဒယ်ဒီ၊ မာမီ့ကိုပဲ ခေါ်သွားပါ"





"ဘာဖြစ်လို့လဲကွ"

"ဒယ်ဒီ့ကိုမယုံလို့ပါ"

"ဘာကွ"

"ဒယ်ဒီ အိမ်ရောက်လို့ ဒယ်ဒီစိတ်ပြောင်းသွားရင် မြကျေးနဲ့ ကျွန်တော် ဝေးရမှာ"

"အောင်မာ မင်းက ငါ့ကိုမယုံတာလား"

"ယုံစေချင်ရင် အမြန်ဆုံးလက်ထပ်ပေးလိုက်ပေါ့ ဒယ်ဒီ"

မင်းဂုဏ်ရောင် အကျပ်ကိုင်ကာ ပြောတော့ မြကျေးညိုမျက်နှာလေး ပန်းသွေးရောင်ကြွသွားသည်။ မိဘတွေရှေ့မှာ ရှက်လို့ပါ။

ဦးနေဂုဏ်ရောင်က မြကျေးညိုဘက်ကို အပြုံးမျက်နှာဖြင့် လှည့်ကြည့်ပြီး

"မြကျေးညိုက ဒီလောက်ချောနေတော့ မင်းက ဖွတ်ကိုလက်ထပ်ချင်ပြီပေါ့၊ အေးပေါ့လေ ငါက ငါ့မိသားစုကိုမစွန့်လွှတ်နိုင်တော့ နောက်မိသားစုတိုးတာလည်း လက်ခံရမှာပေါ့၊ ဩော် ဒေါ်ညိုရင်ကို ကျွန်တော့်ဇနီးရဲ့အပြစ်တွေအတွက် ကျွန်တော်ကလည်း တောင်းပန်ပါတယ်၊ ခင်ဗျားအပေါ်လုပ်ခဲ့တဲ့အပြစ်တွေအတွက် အထင်သေးပြီး သူ့ကို နှိမ်ချဆက်ဆံခဲ့မိတယ်၊ သူက အဲဒီအမှားလုပ်ပြီး သူ့ကိုယ်သူမှားမှန်းသိလို့ နောင်တတွေရနေခဲ့ပါတယ်၊ ဒီလောက်ကြီးထိ ဖြစ်မယ်လို့ မထင်ခဲ့တာကြောင့်ပါ"

"ကျွန်မ နားလည်ပါပြီ၊ ကျွန်မတို့သင်ခန်းစာရသွားတာပေါ့၊ သက်ကြောင့်က ကြေရုံပဲကြေတတ်ပြီး နှုတ်ကြောင့်သေတတ်တယ်ဆိုတာလေ၊ ဆင်ခြင်ရမှာပေါ့၊ ကလေးတွေကိုလည်း သင်ပြရမှာပေါ့ ကိုဂုဏ်ရောင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲဗျာ ဒီလိုနားလည်ပေးတဲ့အတွက် ကျေးဇူးပါပဲ၊ သူ့ ဒီလိုမျိုး သူ့အပြစ်ကြွေးကိုလာဆပ်တဲ့အတွက်လည်း ကျွန်တော် ကြည်နူးမိပါတယ်၊ သူတို့သားအမိထွက်သွားကတည်းက ကျွန်တော် စုံစမ်းနေခဲ့တာပါ၊ ကိုယ်ဘာလုပ်သင့်တယ်ဆိုတာလည်း ဆင်ခြင်မိတယ်လေ၊ ကျွန်တော့်မိသားစုဘဝလေး သာယာဖို့ ကျွန်တော်ကြိုးစားမှာပါ"

အားလုံးအဆင်ပြေသွားသည့်အတွက် အားလုံးရဲ့မျက်နှာတွေမှာ အပြုံးတွေပွင့်လန်းလာခဲ့သည်။

မင်းဂုဏ်ရောင်နှင့်မြကျေးညို့လည်း အခုမှ သက်ပြင်းချနိုင်ကာ အနာဂတ်အတွက် စိတ်ချသွားနိုင်တော့သည်။

လူ့ဘဝကြီးလူဖြစ်ရကျိုးနပ်ဖို့အတွက် စည်းစိမ်ဥစ္စာတွေ ဂုဏ်ဒြပ်တွေက အဓိကမကျ။ အတ္တကင်းကာ တစ်ယောက်နှင့်တစ်ယောက် နားလည်ပေးနိုင်ပါမှ စိတ်ချမ်းသာနိုင်မည်။

အတ္တကင်းစွာနားလည်မှုတွေနှင့်နေထိုင်ကြည့်ပါ။

လူဖြစ်ရကျိုးနပ်သည်ဆိုတာ ခံစားလာရပါလိမ့်မည်။ ချမ်းသာခြင်း ဆင်းရဲခြင်း၊ ပြည့်စုံခြင်း၊ ချို့တဲ့ခြင်းတွေထက် အရေးကြီးသောအရာက ချစ်ခြင်းမေတ္တာတွေနှင့် နားလည်မှုပဲဖြစ်သည်။

ဘြော် အခုတော့လည်း နွေဦးကာလ မြူထနေသလို မြင်တွေ့နေရသမျှ အရာရာသည် ကြည်နူးချမ်းမြေ့စရာအတိ။

ပရိသတ်အတွက်
အမြဲတမ်း
ဗျူး



www.burmeseclassic.com